တက္ကသိုလ်နေလင်းအောင်

# မားတစ်ချက် သွေးတစ်စက် အသက်တစ်သက်

စာစဉ် – ၁၀ (ဇာတ်သိမ်း)

အခန်း(၁)

# အတိတ်ဇာတ်ကြောင်း

ပရိသတ်အခြေအနေမှာ ကြွက်စီကြွက်စီ ဖြစ်နေ၏။ မင်ဝါလေးသည် ထုန်မင်ဆုဘက်သို့ ပြန်လှည့်လိုက်သည်။

ထုန်ကျင်ဆုတို့လူသိုက်ကလည်း သူ့အားအကဲခတ်ကြည့်ရှုနေသည်။

မင်ဝါလေးသည် ထုန်ကျင်ဆုအား ဦးညွှတ်ပြီး မေးလိုက်၏။

"ဂိုဏ်းချုပ်ကြီးခင်ဗျား၊ ဂိုဏ်းချုပ်ကြီးအနေနဲ့ ကျွန်တော်ဟာ ကျန်ရှန်ဂိုဏ်းချုပ်ရဲ့ ကိုယ်စားလှယ်ဖြစ်ကြောင်း လက်သင့်ခံပါပြီ"

ထုန်ကျင်ဆုက ခေါင်းညိတ်ပြလိုက်၏။

"မင်းဟာ ကျန်ရှန်ဂိုဏ်းချုပ်ရဲ့ကိုယ်စားလှယ်ဖြစ်တယ်ဆိုတာ ကျုပ်အစောကြီးတည်းက ယုံကြည်ခဲ့ပြီးသားပါကွာ၊ ခုတော့ တခြားလူတွေကပါ မင်းအပေါ် ယုံကြည်ဖို့သက်သေပြလိုက်သလို ဖြစ်သွားတာပေါ့၊ ကဲ...ကဲ...မင်း ခဏနားဦး။ ငါတို့အမှုဆက်စစ်ရဦးမယ်"

ထုန်ကျင်ဆုက လိမ္မာပါးနပ်စွာ မင်ဝါလေးအား အမှုစစ်ဆေးရာ တရားခွင်မှ နှင်ထုတ်လိုက်၏။

မင်ဝါလေးသည် ထုန်ကျင်ဆု၏စကားကို မည်သို့မျှပြန်လည်စောဒက မတက်ပါ၊ အသာ နောက်သို့ဆုတ်၍သာရပ်နေလိုက်၏။

ထိုစဉ်…

ကျင်းစိလူသည် ပရိသတ်ကြားမှ ထွက်လာသည်။

သူသည် ညီလာခံကွက်လပ်တွင် ရပ်တန့်ကာ ထုန်ကျင်ဆုအား ဦးကျူးစကား ပြောကြားလိုက်၏။

"ခုံတုန်ဂိုဏ်းချုပ် ထုန်ကျင်ဆုခင်ဗျား၊ ခင်ဗျားတို့ရဲ့အဖွဲ့က မင်ဝါလေးဟာ အဆင့်မြင့်သိုင်းပညာရှင်ဖြစ်ပါတယ်၊ ဒီလိုတပည့်ကောင်းမျိုး မွေးထုတ်ပေးလိုက်တဲ့အတွက် ခုံတုန်ဂိုဏ်းချုပ်နဲ့တကွ ခုံတုန်ဂိုဏ်းအဖွဲ့တစ်ဖွဲ့လုံးကို လေးစားစွာ ဂုဏ်ပြုပါတယ်"

ကျင်းစိလူ၏ စကားမှာ တန်ချူစိန်းသည် ခုံတုန်ဂိုဏ်းသားတစ်ဦး ဖြစ်သည်။

တန်ချူစိန်း၏တပည့်ဖြစ်သူ မင်ဝါလေးသည် တန်ချူစိန်းထံမှ ခုံတုန်ဂိုဏ်းပညာကို ရရှိထားသူဖြစ်၏။

ထို့ကြောင့်…

သိုင်းလောက၏ စည်းမျဉ်းအရ မင်ဝါလေးအား ခုံတုန်ဂိုဏ်းဝင်တပည့်အနေဖြင့် သတ်မှတ်နိုင်သည်။

သို့ဖြင့် မင်ဝါလေးကဲ့သို့ အဆင့်မြင့်သိုင်းပညာရှင်တစ်ဦးအား မွေးထုတ်ပေးသည့် ခုံတုန်ဂိုဏ်းကို ဂုဏ်ပြုပါကြောင်း၊ ခုံတုန်ဂိုဏ်းအတွက် ဂုဏ်ယူစရာဖြစ်ကြောင်း ပြောဆိုလိုက်သည်။

ထိုအချက်ကို ရိပ်မိသော ထုန်မင်ဆုသည် သူ့ခေါင်းကို လျင်မြန်စွာ ယမ်းခါလိုက်၏။

"အမှန်တော့ တန်ချူစိန်းဟာ ကျွန်တော်တို့အဖွဲ့က ထုတ်ပယ်ခြင်းခံထားရတဲ့ အပြစ်ရှိသူတစ်ဦးဖြစ်ပါတယ်၊ တန်ချူစိန်းကိုတောင် အဖွဲ့သားအဖြစ် သတ်မှတ် သင့်မသင့် သံသယဖြစ်နေတုန်းရှိသေး



တာ၊ သူ့ရဲ့တပည့် မင်ဝါလေးလိုကောင်လေးကိုတော့ အဖွဲ့ဝင်အဖြစ် ဘယ်လက်ခံလို့ ဖြစ်မှာလဲဗျာ"

ထုန်ကျင်ဆု၏စကားကလည်း ရှင်းလင်းပြတ်သားလှသည်။

ကျင်းစိလူသည် ထုန်ကျင်ဆု၏စကားကြောင့် ရင်ထဲတွင် မကျေမနပ်ဖြစ်သွားသည်။

အမှန်စင်စစ်…

မင်ဝါလေးလို လူစားကသာ ဝင်ရောက်လိုသည်ဆိုပါလျှင် မည်သည့်ဂိုဏ်းကမဆို သပြေပန်းနှင့် ရေချမ်းနှင့် လက်ကမ်းကြိုဆိုရန် အသင့်ဖြစ်နေသည် မဟုတ်ပါလား။

ယခု ခုံတုန်ဂိုဏ်းက ဘာကြောင့် ကြီးကြီးကျယ်ကျယ်ငြင်းဆန်နေရပါသနည်း။

ကျင်းစိလူက မကျေနပ်နိုင်ပါ။

ထို့ကြောင့်…

"တကယ်တော့ မင်ဝါလေးကသာ ဝင်ချင်တယ်ဆိုရင် ဘယ်ဂိုဏ်းကမဆို သူ့ကို လက်ခံချင်ကြမှာ အမှန်ပဲဗျ၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ဂိုဏ်းအသီးသီးရဲ့ သိုင်းပညာအသီးသီးကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားလို့ပဲ၊ တန်ချူစိန်းနဲ့ဆက်စပ်ပြီး ခုံတုန်ဂိုဏ်းသားအဖြစ် သူ့ကိုကျုပ်က သတ်မှတ်မိတယ်၊ အမှန်တော့ ဒါဟာလည်း သိုင်းလောကရဲ့ စည်းကမ်းချက်နဲ့ညီညွတ်တဲ့ သတ်မှတ်ချက်ပါ၊ ဒီသတ်မှတ်ချက်ကို ခင်ဗျားဘာကြောင့် ငြင်းပယ်သလဲဆိုတော့ ကျုပ်လည်း စဉ်းစားလို့မရဘူး"

သို့ဖြင့် ထုန်ကျင်ဆုသည် ကျင်းစိလူ၏စကားကို မကျေနပ်သော်လည်း မျက်နှာကိုလည်း ပြုံးရွှင်ချိုသာစေလိုက်သည်။

ပြီးတော့ ကျင်းစိလူအား ဦးညွတ်၍...

"စိတ်ဆွေကြီးရဲ့အကြံပေးချက်ကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် တန်ချူစိန်းရဲ့အမှုကိစ္စကို စစ်ဆေးမပြီးဘဲ ဒီကိစ္စကိုဆုံးဖြတ်နိုင်မှာ ဖြစ်ပါတယ်"

ကျင်းစိလူ ဘာမျှမတတ်နိုင်တော့ဘဲ ခေါင်းတညိတ်ညိတ်ဖြင့် နောက်သို့ အသာဆုတ်နေလိုက်ရတော့၏။

ထုန်ကျင်ဆုသည် တန်ချူစိန်း၏အမှုကို ဆက်လက်စစ်ဆေးရန် ပြင်ဆင်လေတော့သည်။

ညီလာခံစတင်ခဲ့စဉ်က ထုန်မင်ဆုသည် တန်ချူစိန်းအပေါ် စွဲချက် သုံးချက်တင်ထားခဲ့သည်။

ထုန်မင်ဆုတင်ခဲ့သော စွဲချက်သုံးချက်ကား...

တစ်...တန်ချူစိန်းသည် တစ်ပွဲသား ဟိုလိုကို သတ်ပြီး ဟိုလို၏ ဖိနပ်လောင်းနှင့် ပစ္စည်းများကိုယူကာ တိမ်းရှောင်ခဲ့သည်။

နှစ်...တန်ချူစိန်းသည် ကျောက်တောင်ဒေသတိုက်ပွဲတွင် လက်ထောက်ဂိုဏ်းချုပ်တစ်ဦးဖြစ်သူ ထုန်ရှန်ဆုကို သတ်ဖြတ်ခဲ့သည်။

သုံး...တန်ချူစိန်းသည် ကျောက်တောင်ဒေသ ဒုတိယတိုက်ပွဲတွင် ဂိုဏ်းအကြီးအကဲတစ်ဦးဖြစ်သူ ထုန်မင်ဆုကို ဒဏ်ရာ အနာတရရအောင် တိုက်ခဲ့သည်။

ယခုဆိုလျှင်...

စွဲထားသောပြစ်ချက်သုံးချက်အနက် နံပါတ်တစ်အချက်ကိုသာ တန်ချူစိန်းအနေနှင့် ဖြေရှင်းရန် ကျန်တော့သည်။

ညီလာခံအတွင်းရှိ ဂိုဏ်းသားများနှင့် ပရိသတ်အများစုသည် တန်ချူစိန်းအား အမှုမှကွင်းလုံးကျွတ် လွတ်မြောက်စေချင်ကြသည်။

အထူးသဖြင့် ခုံတုန်ဂိုဏ်းသားများမှာ တန်ချူစိန် ၊အပေါ်



အကောင်းမြင်လာကြပြီဖြစ်သည်။ ဤသည်မှာ တန်ချူစိန်း အဖို့ အကောင်းဖြစ်ရန်အတွက်သာ လာခြင်းဖြစ်သည်။

ခုံတုန်ဂိုဏ်း၏ ထိပ်တန်းဓားသိုင်းကွက်ဖြစ်သော 'အသက်လုဓားစကြာသိုင်းကွက်' ကို တန်ချူစိန်း၏တပည့် မင်ဝါလေးက သူတို့မျက်စိရှေ့မှာပင် အကောင်းဆုံးကစားပြသွားနိုင်ခဲ့သည်။

ခုံတုန်ဂိုဏ်းသားများအနေဖြင့် မင်ဝါလေး၏ သိုင်းစွမ်းရည်အား ကြက်သီးတဖြန်းဖြန်း ထသည်အထိ ကြည့်ရှုသဘောကျနေခဲ့ကြသည်။

တပည့်ဖြစ်သူ၏သိုင်းကွက်ပင် ဤမျှကောင်းနေလျှင် ဆရာဖြစ်သူ တန်ချူစိန်းမှာမူ ဆိုဖွယ်ရာမရှိတော့ဟု ခုံတုန်ဂိုဏ်းသားများ ယူဆ ယုံကြည်လာကြသည်။

ယခုမှပင်...

မိမိတို့၏အကြီးအကဲဖြစ်သော ကွယ်လွန်သူ ပယ့ရှိဆုသည် တန်ချူစိန်းအား အဘယ်ကြောင့် ဂိုဏ်းချုပ်အသစ်အဖြစ် ရွေးချယ်စေလိုကြောင်း ခုံတုန်ဂိုဏ်းသားများ သဘောပေါက်လာကြတော့သည်။

ပြဿနာအားလုံး ပြေလည်သွားပြီး ဂိုဏ်းချုပ်သစ်ရွေးချယ်ပွဲ ဆက်လက်ကျင်းပလျှင် မိမိတို့သည် တန်ချူစိန်းကိုသာ တင်မြှောက်မည်ဖြစ်ကြောင်း ဂိုဏ်းသားများ ကျိတ်ပြီးဆုံးဖြတ်နေကြသည်။

အနာဂတ်သည် တန်ချူစိန်းအတွက်သာ ဖြစ်နေတော့သည်။

သို့ရာတွင်...

အခြားတစ်ဖက်တွင်မူ ထုန်ကျင်ဆု၊ ထုန်မင်ဆုတို့သည် တန်ချူစိန်းကိစ္စကို တစ်ယောက်တစ်မျိုး စဉ်းစားနေကြသည်။

ထုန်ကျင်ဆုအနေဖြင့် လတ်တလောဖြစ်ပွားခဲ့သော ကိစ္စများကို မှတည်စဉ်းစားသည်။

လက်တလောဖြစ်ပွားခဲ့သော အခြေအနေအရ ပရိသတ်သည် ထုန်မင်ဆုအား များစွာ အထင်သေးသွားကြပြီဖြစ်သည်။

ထိုအချက်ကို ထုန်ကျင်ဆု ကျိတ်ပြီး ဝမ်းသာနေ၏။

အမှန်စင်စစ် မိမိ၏ဂိုဏ်းတူ ညီဖြစ်သူ ထုန်မင်ဆုသည် မိမိအား အကျပ်ကိုင် ခြိမ်းခြောက်နေခဲ့သည်မှာ ကြာချေပြီ။

ခုံတုန်ညီလာခံကျင်းပပြီး သူ့အားဂိုဏ်းချုပ်သစ်အဖြစ်တင်မြှောက် လွှဲပြောင်းပေးရန်ပင်လျှင် ထုန်မင်ဆုသည် မိမိအား ကြိုးကိုင်တောင်းဆို ခဲ့သည်။

ထုန်ကျင်ဆုအနေဖြင့် ဂိုဏ်းတူညီဖြစ်သူ ထုန်မင်ဆု၏ မတရား တောင်းဆိုမှုများကို မလိုက်လျောချင်။

သို့ရာတွင်...

မလိုက်လျောမဖြစ်အောင်ပင် ထုန်မင်ဆုတို့လူစုသည် **အုပ်စုဖွဲ့ပြီး** ထုန်ကျင်ဆုအား ခြိမ်းခြောက်နိုင်ခဲ့ကြ၏။

ထုန်ကျင်ဆုအနေဖြင့် သူ့အသက်အန္တရာယ်ကို စိုးရိမ်၍သာ လိုက်လျောခဲ့ရခြင်းဖြစ်သည်။

ကျေနပ်လှ၍တော့ မဟုတ်ပါ။

ခုတော့ ထုန်မင်ဆုကို သူ့ရှုးသူပြန်ပတ်ချေပြီ။

မင်ဝါလေးနှင့် တန်ချူခေ့တို့၏ ထုတ်ဖော်ချက်များအရ ပရိသတ် သည် ထုန်မင်ဆု၏ ယုတ်မာမှုများကို တဖြည်းဖြည်း သိလာပြီဖြစ်၏။

တန်ချူစိန်းအမှုပြီး၍ ဂိုဏ်းချုပ်အသစ် ရွေးချယ်သည့်တိုင်အောင် ပင် ထုန်မင်ဆုသည် မျက်နှာပြောင်တိုက်ကာ ဝင်ရောက်ယှဉ်ပြိုင်ရဲ လိမ့်မည် မဟုတ်တော့။

ထိုအခါ လက်ရှိဂိုဏ်းချုပ်ဖြစ်သူ မိမိသာလျှင် ဂိုဏ်းချုပ်ရာထူး ဆက်ခံရပေလိမ့်မည်မှာ သေချာလှသည်။



အထက်ပါအတွေးနှင့်အတူ ထုန်ကျင်ဆု ကျိတ်ပြီးဝမ်းသာနေ၏။

သို့သော် ထုန်ကျင်ဆု ကြာရှည်ဝမ်းမသာနိုင်ပါ။ သူသည် တန်ချူစိန်းနှင့် မိမိ၏ခုံတုန်ဂိုဏ်းသားများအကြားမှ နားလည်သဘော ပေါက်မှုများ ရှိသွားသည်ကို တွေ့မြင်သွား၍ ဖြစ်ပါသည်။

အမှုမစစ်ဆေးမီက တန်ချူစိန်းအား ကြည့်နေသောအကြည့် သည် အထင်သေးသောအကြည့်၊ စူးစမ်းသောအကြည့်များ ဖြစ်သည်။

ယခု အမှုနှစ်မှုစစ်ဆေးပြီးနောက် ထိုလူများ တန်ချူစိန်းအား ကြည့်သောအကြည့်မှာ အထင်ကြီးသောအကြည့်၊ အားကိုးသော အကြည့်ဖြစ်သည်။

ထိုအချက်ကို ထုန်ကျင်ဆု ဘဝင်မကျလှပါ။

ခုံတုန်ဂိုဏ်းသားများ တန်ချူစိန်းအား အားကိုးကုန်ကြလေပြီ လား...။ ထုန်ကျင်ဆုစိတ်ထဲ မတည်မငြိမ် ဖြစ်လာမိသည်။

ကြံရာမရသဖြင့် ဂိုဏ်းတူညီဖြစ်သူ ထုန်မင်ဆုကို လှမ်းကြည့် လိုက်မိတော့၏။

ထုန်မင်ဆုမှာ တစ်နေရာတည်းကိုသာ စူးစိုက်စွာကြည့်နေသည် ကို တွေ့လိုက်ရသည်။

သူကြည့်နေသော နေရာမှာ မင်ဝါလေးနှင့် တန်ချူခေ့တို့ နှစ်ယောက် ရှိရာနေရာဖြစ်သည်။

ထိုနှစ်ယောက်၏ နှောင့်ယှက်မှုကြောင့် မိမိ၏မဟာအကြံအစည် ကြီး ပျက်စီးလုနီးပါး ဖြစ်သွားခဲ့ရသည်။

ထို့ကြောင့်...

တန်ချူစိန်းကို အပြစ်ဒဏ်ကျအောင် အရင်ချမှတ်စေပြီး တန်ချူ စိန်း အမှုပြီးသည်နှင့် ဟိုက်လန်တင်၏ အကူအညီဖြင့် မင်ဝါလေးနှင့် တန်ကျူခေ့တို့ကို အစဖျောက်ပစ်မည်။

အထက်ပါအစီရင်ခံစာကို တစ်ယောက်တည်း ကျိတ်၍ချမှတ်ပြီးနောက် ထုန်မင်းဆုသည် ထုန်ကျင်ဆုအား ခက်ထန်စွာလှမ်းမေးလိုက်၏။

"တန်ချူစိန်းက သူကိုယ်တိုင် မချေပပါတူးလို့ ခပ်စောစောကတည်းက ပြောခဲ့တယ်မဟုတ်လား။ ဒီအမှုနဲ့ပတ်သက်ပြီး သူ့ဘက်က ဖြေရှင်းမယ်သူလည်း ရှိမှာမဟုတ်တော့ဘူး။ အပြစ်ဒဏ်ချမှတ်ဖို့သင့်နေပြီ၊ ခင်ဗျား ဘာစောင့်နေတာလဲ"

ထုန်မင်းဆုသည် ဟန်ပင်မဆောင်နိုင်တော့ဘဲ ထုန်ကျင်ဆုအား ဟိန်းဟောက်လိုက်၏။

ထုန်ကျင်ဆုက မနေသာတော့ပါ။

သူသည် ဂိုဏ်းတူညီ၏ အလိုကျ တန်ချူစိန်းအား ပြစ်ဒဏ်ချမှတ်ရန် ဟန်ပြင်လိုက်သည်။

"အမှုနဲ့ပတ်သက်ပြီး တရားခံဟာ..."

"ခဏစောင့်ပါဦး"

ဟန့်တားလိုက်သူမှာ လူရွယ်တစ်ယောက်ဖြစ်သည်။

လူအားလုံးတို့သည် အသံကြားရာ လှည့်ကြည့်လိုက်ကြ၏။

ထုန်ကျင်ဆုကိုယ်တိုင်လည်း တို့လို့တန်းလန်း ရပ်တန့်ပစ်လိုက်ရသည်။

ထုန်မင်းဆုလည်း မကျေမနပ်ဖြင့် လှည့်ကြည့်လိုက်၏။

လူရွယ်တစ်ယောက်သည် စင်မြင့်ဆီသို့ ခုန်ဝင်ရောက်လာလေ၏။

သူ၏နောက်တွင် လူသုံးလေးယောက် လိုက်ပါလာကြသည်။

ရှေ့ဆုံးမှပြေးလာသူကိုကြည့်ကာ ကျင်းစီလူက ဝမ်းသာအားရ ကြိုဆိုလိုက်၏။



"ဟော...ကန်ရှန်ယွင်ပါလား။ မင်းရောက်လာတာ အဆင်သင့်ပဲ"

မှန်ပါသည်။

ရှေးဦးစွာ ဝင်ရောက်လာသူမှာ ကန်ရှန်ယွင်ဖြစ်ပါသည်။

ကန်ရှန်ယွင်သည် ကျင်းစီလူ၏မိတ်ဆွေ သိုင်းသမား ကန်ဟိုက်ကျန်၏ ဒုတိယသားဖြစ်သည်။

ထို့ပြင် ကန်ရှန်ယွင်သည် ကျင်းစီလူ၏ တပည့်ရင်းလည်း ဖြစ်သည်။

ကန်ရှန်ယွင်၏နောက်မှ ကပ်လိုက်ပါလာသူမှာ တခြားလူမဟုတ်ပါ။

လှပချောမောသော တင်မင်ကျူပင် ဖြစ်ပါသည်။

တင်မင်ကျူ၏နောက်မှ သူမ၏ဦးလေးဖြစ်သူ တင်ကျောင်မင် လိုက်ပါလာသည်။

တင်ကျောင်မင်သည် မျက်နှာ၌ ဒဏ်ရာနှင့်လူတစ်ယောက်ကို ဖမ်းဆီးခေါ်ဆောင်လာခဲ့သေးသည်။

တင်ကျောင်မင် ဖမ်းဆီးခေါ်ဆောင်လာသူမှာ တခြားသူမဟုတ်ပါ။

ရှောင်လင်ဂိုဏ်းအား သစ္စာဖောက်ကာ အောက်လမ်းသိုင်းသမားများနှင့် ပူးပေါင်းသွားသော ကျက်ဟုန်ပင် ဖြစ်သည်။

ညီလာခံထဲတွင် ရောက်ရှိနေကြသော ရှောင်လင်ဂိုဏ်းမှ သိုင်းဆရာများသည် သစ္စာဖောက် ကျက်ဟုန်အား တင်ကျောင်မင်က ဖမ်းဆီးလာခဲ့ခြင်းကိုကြည့်ကာ ဝမ်းသာသွားကြ၏။

မင်ဝါလေး၏ရင်ထဲမှလည်း ဝမ်းသာနေသည်။

ပြဿနာကို မိမိတို့ဘက်မှ ဝင်ရောက်ဖြေရှင်းပေးမည့်သူများ ရောက်ရှိလာကြပြီ မဟုတ်ပါလား။

ဝမ်းသာပျော်ရွှင်သော မျက်လုံးများဖြင့် တင်မင်ကျူကို သူလှမ်းကြည့်လိုက်သည်။

တင်မင်ကျူနှင့် ကန်ရှန်ယွင်။

သူတို့နှစ်ယောက်သည် အလွန်လိုက်ဖက်သော စုံတွဲတစ်တွဲ ဖြစ်သည်။

အခြေအနေကြည့်ရသည်မှာလည်း သူတို့အချင်းချင်း ပြေလည်ရင်းနှီးနေကြပုံရသည်။

တင်မင်ကျူတို့စုံတွဲကိုကြည့်ရင်းမှ မင်ဝါလေးသည် ကျင်းဖဲကြည်ကို သတိရလာမိသည်။

**လက်ရှိအခြေအနေတွင် ကျင်းဖဲကြည်မှာ** အဆိပ်ဒေဝီရှင်ချစ်၏ အနှောင်အဖွဲ့ထဲတွင် **အချုပ်ခံနေရရှာသည်။**

**ကျင်းဖဲကြည်** အခြေအနေ ကောင်းမှကောင်းပါလေမည့်လား။

မိန်းမယုတ်ကြီး၏ နှိပ်စက်မှုကိုများ ခံနေရရှာပြီလား။

ကျင်းဖဲကြည်အတွက် မင်ဝါလေး ရင်ထဲတွင် စိုးရိမ်ပူပန်နေမိသည်။

ထိုစဉ်…

ကျင်းစိလူ၏ ပြတ်သားသော သတိပေးသံကြီး ရုတ်တရက် ထွက်ပေါ်လာသည်။

"ဟေ့…လက်နက်ပုန်းကို သတိထားကြ"

ကျင်းစိလူ သတိပေးသံနှင့်အတူ မရှေးမနှောင်းမှာပင်…

"ထန်း"



မြည်သံနှင့်အတူ ကန်ရှန်ယွင်၏လက်ထဲမှဓားသည် လွင့်ပျံလာသော ကျောက်ခဲတစ်လုံးကို အရှိန်ပြင်းစွာ ခုတ်ထုတ်ပစ်လိုက်တော့၏။

အမှန်စင်စစ် ထိုကျောက်ခဲသည် ကျက်ဟုန်၏ နားထင်သွေးကြောသို့ ဦးတည်လာသော ကျောက်ခဲဖြစ်သည်။

ကန်ရှန်ယွင်က ရုတ်တရက် ခုန်ဆုတ်ရိုက်ထုတ်ပစ်လိုက်ခြင်းကြောင့်သာ ကျောက်ခဲနှင့် ကျက်ဟုန်၏နားထင်သွေးကြောလွဲသွားရခြင်း ဖြစ်၏။

ကန်ရှန်ယွင် ကျောက်ခဲကို ရိုက်ထုတ်ပစ်လိုက်သည့်အချိန်မှာပင် တင်ကျောင်မင်သည် လူအုပ်ကြားသို့ ပျံလွှား**ငှက်တစ်ကောင်လို** လွှားခနဲ ခုန်ဝင်သွားသည်။

သူပြန်ထွက်လာသောအခါ လူတစ်ယောက်ကို **တရွတ်ဆွဲပြီး** ဖမ်းဆီးလာတော့သည်။

ထိုသူသည် ယက်ကန်ယက်ကန်ဖြင့် တင်ကျောင်မင်ဆွဲခေါ်ရာသို့ လိုက်ပါလာနေရသည်။

နှုတ်ကလည်း အကြောက်အကန် ငြင်းဆန်နေ၏။

"ကျုပ် ဘာမှလုပ်ဘူး…ကျုပ်ဘာမှမလုပ်ဘူး။ လွှတ်…လွှတ်၊ ကျုပ်ကိုလွှတ်"

"မင်းပစ်လိုက်တာ ငါ့မျက်စိနဲ့ တိတိကျကျတွေ့တာကွ၊ မင်းက ဘာငြင်းနေရတာလဲ၊ လက်ဆုပ်လက်ကိုင်မိတာတောင် မင်းက မုန်လာဥလုပ်ချင်သေးသလား…"

တင်ကျောင်မင်က ထိုသူအား မာန်မဲလိုက်သည်။

ပရိသတ်အားလုံးသည် ထိုသူအား ကြည့်လိုက်ကြ၏။

"ဟေ့ကောင်…မင်းပစ်တာဟုတ်တယ်မဟုတ်လား။ ဘာကြောင့်ပစ်တာလဲ ပြောစမ်း"

ထိုသူသည် ပြုံးကျယ်သော မျက်ဝန်းများဖြင့် တင်ကျောင်မင်အား မော့ကြည့်လိုက်သည်။

"ကောင်းပြီ…ကျုပ်ပြောမယ်"

ပြောရန် ဟန်ပြင်စဉ်မှာပင်…

ဖြူဖပ်ဖြူရော်ဖြစ်နေသော မျက်နှာမှာလည်း အနီရောင်သို့ ပြောင်းလဲသွားသည်။

နီရာမှ တဖြည်းဖြည်း ညိုမည်းပြာနှမ်းလာသည်။

ထိုသူ၏ မျက်စိ၊ ပါးစပ်၊ နှာခေါင်းတို့မှလည်း သွေးများ ယိုစီးလာသည်။

နောက်ဆုံးတွင် ခန္ဓာကိုယ်မှာ ဆတ်ခနဲတစ်ချက်တွန့်ကာ တင်ကျောင်မင်၏လက်ထဲမှလျောကျပြီး ခွေလဲကာ အသက်ထွက်သွားတော့၏။

သေဆုံးသွားသူမှာ တခြားသူမဟုတ်ပါ။

ဟွမ်ဟိုမြစ်၏ 'သူရဲကောင်း' ဟူသော နာမည်ဆိုးဖြင့် ကျော်ကြားသည့် လူဆိုးငါးယောက်အနက်မှ တစ်ယောက်ဖြစ်သည်။

သူ၏နာမည်မှာ လုကျင်းဝူဟု ခေါ်တွင်၏။

သေဆုံးသွားသော လုကျင်းဝူကို ကန်ရှန်ယွင်ကကြည့်ကာ ခေါင်း ခါယမ်းနေ၏။

ထို့နောက်…

သူသည် တင်ကျောင်မင်အား လှမ်းကြည့်လိုက်သည်။

"တင်ကျောင်မင်…ဒီတစ်ခါတော့ ခင်ဗျားလူမှားပြီး ဖမ်းလိုက်မိပြီထင်တယ်၊ ဒီလူကိုကျုပ်သိတယ်၊ သူတို့သရဲငါးကောင်ဟာ လူကောင်းတွေတော့မဟုတ်ဘူး။ ဒါပေမယ့် လက်နက်ပုန်းပစ်တဲ့ပညာ သူတို့ မကျွမ်းကျင်ဘူး"



ကန်ရှန်ယွင်က တွေးတွေးဆဆ ပြောလိုက်၏။

အမှန်စင်စစ်…

လွင့်ပျံလာသော ကျောက်ခဲအား ဓားဖြင့်ပုတ်ထုတ်လိုက်ပြီးကတည်းကပင် သူသည် လက်နက်ပုန်းပစ်သူ၏ အတွင်းအားမြင့်မားသည်ကို ခန့်မှန်းမိခဲ့သည်။

အဘယ်ကြောင့်ဆိုသော် ကျောက်ခဲအား ဓားဖြင့် ပြန်ပက်ထုတ်ခဲ့စဉ်က သူ့လက်မောင်းတစ်လျှောက် ကျဉ်ခနဲဖြစ်သွားခဲ့ရသည် မဟုတ်ပါလား။

တင်ကျောင်မင်သည် ကန်ရှန်ယွင်၏ ပြောကြားချက်အား တွေပြီး စဉ်းစားနေ၏။

အတန်ကြာမှ ခေါင်းကို ဆတ်ခနဲညိတ်ကာ…

"ဟုတ်ပြီ…ဒါဆို ငါလူမှားဖမ်းတာဖြစ်ရမယ်၊ လက်နက်ပုန်းပစ်သူဟာ လုကျင်းဝူရဲ့အနောက်မှာ ရှိနေမှာ သေချာတယ်၊ ပစ်ပြီးတာနဲ့ သူက လုကျင်းဝူကို တွန်းလိုက်တာ ဖြစ်မယ်၊ တွန်းရင်းနဲ့လည်း အဆိပ်ခပ်လိုက်ပုံရတယ်၊ ငါလှမ်းကြည့်တော့ လုကျင်းဝူဟာ လက်မြှောက်ရက် တန်းလန်းကြီးဖြစ်နေတယ်၊ ဒါကြောင့်လည်း ငါသူ့ကို ခုန်ဖမ်းလိုက်မိတာပေါ့၊ အင်း…မင်းပြောမှ စဉ်းစားမိတယ်၊ လုကျင်းဝူတို့လူစုမှာ ဒီလောက်မြင့်မားတဲ့အတွင်းအား မရှိနိုင်ဘူး"

တင်ကျောင်မင်က တွေးတွေးဆဆ ပြန်ပြောလိုက်သည်။

ပရိသတ်များမှာ တီးတိုးတီးတိုးဖြစ်ကုန်ကြတော့၏။

လုကျင်းဝူအား မည်သူက အဆိပ်ခပ်လိုက်ပြန်သနည်း။

အမှုကား ရှုပ်ထွေးသည်ထက်ရှုပ်ထွေးလာပြန်ချေပြီ။

လှုပ်လှုပ်ရွရွဖြစ်နေသော ပရိသတ်အား ကျင်းစီလူက မေတ္တာရပ်ခံလိုက်သည်။

"အားလုံးပဲ ငြိမ်ငြိမ်သက်သက်နေကြပါခင်ဗျာ။ အခုရောက်ရှိလာသူများမှာ အရေးကြီးတဲ့စကားပြောစရာ ရှိကောင်းရှိပါလိမ့်မယ်"

အားလုံးသောလူတို့သည် ကန့်ကွက်ယွင်တို့လူစုအား စိတ်ဝင်စားစွာ လှမ်းကြည့်လိုက်ကြ၏။

ဤတွင် တင်ကျောင်မင်သည် သူတို့လူစုဖမ်းဆီးခေါ်ဆောင်လာသော ကျက်ဟုန်အား ရှောင်လင်ဂိုဏ်းမှ အကြီးအကဲနှစ်ယောက်ရှေ့သို့ ဦးစွာတွန်းပို့လိုက်၏။

"ဒီလူဟာ လူကြီးမင်းတို့အဖွဲ့က သစ္စာဖောက်ပြီး ထွက်ပြေးနေတဲ့ လူဆိုးတစ်ယောက်ဖြစ်ပါတယ်၊ အခု သူ့ကို လိုအပ်သလိုဆက်လက်အရေးယူဖို့ ကျွန်တော် အပ်ပါတယ်၊ ဒါပေမယ့် သူ့ကိုသေတဲ့အထိ အရေးယူခြင်းမပြုဖို့ ကျွန်တော် တောင်းပန်ပါတယ်"

တင်ကျောင်မင် တွန်းပို့လိုက်သော ကျက်ဟုန်အား ဖမ်းဆီးထားရင်းမှ ရှောင်လင်ဂိုဏ်းချုပ်ကြီး ခွန်မင်း~ တအံ့တဩဖြင့်...

"ဟေ့...မင်းအစ်ကိုရဲ့ အာမခံဌာနကို ပျက်စီးအောင်လုပ်တာသူပဲ၊ မင်းက ဘာလို့ သူ့အတွက် တောင်းပန်နေရတာလဲ"

ရှောင်လင်ဂိုဏ်းချုပ်ကြီး ခွန်မင်းက တင်ကျောင်မင်အား တအံ့တဩ လှမ်းမေးလိုက်၏။

တင်ကျောင်မင်က ခေါင်းတစ်ချက်ညိတ်၍...

"ဟုတ်ကဲ့...သူဟာ ကျွန်တော့်အစ်ကိုရဲ့ ရန်သူဆိုတာ သိပါတယ်၊ ဒါပေမယ့် သူ့ကို မသတ်စေချင်တာက အံ့ဩစရာကိစ္စလေးတချို့ ကျွန်တော်တို့ တွေ့ရှိလာရလို့ပါပဲ"

တင်ကျောင်မင်၏စကားက ထူးဆန်းနေသဖြင့် ရှောင်လင်ဂိုဏ်းချုပ်ကြီးက သဘောမပေါက်ပါ။

ထို့ကြောင့်...



ပို၍ရှင်းလင်းသွားစေရန် ပြန်မေးလိုက်၏။

"ဘယ်လိုအံ့ဩစရာ ကိစ္စလဲ"

တင်ကျောင်မင်က ဖြေဆိုရန် ပါးစပ်ပြင်လိုက်သည်။

ထိုစဉ်မှာပင်...

"တင်ကျောင်မင်နဲ့ ရှောင်လင်ဂိုဏ်းချုပ်ကြီးတို့ ခင်ဗျား။ ကျွန်တော်တစ်ခုမေးပါရစေ၊ အခု ဖမ်းဆီးထားတဲ့ ကျက်ဟုန်ကို ဘယ်နေရာမှာ အရေးယူကြမှာပါလဲ၊ ရှောင်လင်ဂိုဏ်းရဲ့ဌာနချုပ်မှာလား၊ ခုံတုန်ဌာနချုပ်ရဲ့ ညီလာခံမှာလား"

ထုန်မင်ဆုက လှမ်းမေးလိုက်ခြင်းဖြစ်သည်။

စင်စစ် ထုန်ကျင်ဆုက 'ခုံတုန်ညီလာခံမှာ ရှောင်လင်ဂိုဏ်းရဲ့ ပြဿနာ ဝင်မရှုပ်ပါနဲ့' ဟူ၍ သွယ်ဝိုက်ပြောလိုက်ခြင်းဖြစ်၏။

တင်ကျောင်မင်သည် ထုန်မင်ဆုအား တစ်ချက်စိုက်ကြည့်လိုက်၏။

ထို့နောက် ခေါင်းညိတ်၍...

"ခုံတုန်ညီလာခံမှာ တခြားကိစ္စ ဝင်မရှုပ်သင့်ဘူးဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် အခု ကျွန်တော်တင်ပြတဲ့ကိစ္စဟာ တန်ချူစိန်းရဲ့ အမှုနဲ့လည်း သက်ဆိုင်နေတဲ့ ကိစ္စဖြစ်ပါတယ်"

သူသည် စကားဖြတ်ကာ ကျက်ဟုန်အား လက်ညှိုးတည့်တည့်ထိုး၍...

"သူဟာ တန်ချူစိန်းအမှုနဲ့ပတ်သက်တဲ့ ပြဿနာတွေမှာပါဝင်ခဲ့ပါတယ်၊ သူဘယ်နေရာမှာ ဘယ်လိုပါဝင်ခဲ့သလဲဆိုတာကိုလည်း ကျွန်တော်ပြောပြချင်ပါတယ်၊ ပြောပြခွင့်ရှိပါသလား"

နောက်ဆုံးစကားကို တင်ကျောင်မင်သည် တမင်မေးလိုက်ခြင်းဖြစ်၏။

ထုန်မင်ဆု မကျေမနပ်ဖြစ်သွားသည်။

ထိုစဉ် ထုန်ကျင်ဆုလည်း လူကြီးပီပီ ဝင်ပြောဆိုလိုက်သည်

"ပြောနိုင်ပါတယ်ခင်ဗျာ၊ တင်ကျောင်မင်အနေနဲ့ အမှုနဲ့ပ
သက်တဲ့ကိစ္စကို သိထားသမျှမချွင်းမချန် ပြောဆိုနိုင်ပါတယ်"

ထုန်ကျင်ဆုထံမှ ပြောခွင့်ရသည်နှင့် တင်ကျောင်မင်က...

"ကျွန်တော်တို့ သူ့ကို ဟောဒီ ခုံတုန်တောင်ရိုးရဲ့ ချောက်
ကမ်းပါးအောက်ခြေမှာ လွှနိခဲ့တဲ့သုံးရက်လောက်က ဖမ်းမိတာပါ
ကျွန်တော်က သူတစ်ယောက်တည်းကိုသာ ဖမ်းမိခဲ့ပေမယ့် သူဟ
တောင်ရိုးကို တစ်ယောက်တည်း ရောက်လာတာ မဟုတ်ပါဘူး။ သူ
အတူ လက်ထောက်စစ်ကဲချုပ်တစ်ဦး၊ အောင်ရန်ရွှေ ပါလာတယ်
သူတို့ကိုလာပြီး ကြိုဆိုတဲ့သူကတော့ ထုန်မင်ဆုရဲ့လူယုံတော် တ
ပါပဲ"

ကန်ရှန်ယွင်၏စကားအဆုံးတွင် ညီလာခံတစ်ခုလုံးမှာ ချော
ချားဖွယ်ရာ တိတ်ဆိတ်သွားတော့သည်။ ပူတို့သည် တာရှိကို လှ
ကြည့်ကြလေ၏။ ထို့နောက် လက်ထောက် ဂိုဏ်းချုပ် ထုန်မင်ဆုအာ
စူးစိုက်ကြည့်နေကြသည်။

မျက်လုံးပေါင်းများစွာတို့၏ စူးစမ်းကြည့်၊ မသင်္ကာကြည့်၊ အ
ရှော်လင့်သော အကြည့်များစွာကို ထုန်မင်ဆု ခံယူနေရသည်။

အောင်ရန်ရွှေတို့အဖွဲ့အား ထုန်မင်ဆု၏တပည့်က သွားရော
ကြိုဆိုခဲ့သည် ဆိုပါကလား။ တပည့်လုပ်သူ၏ ထိုအပြစ်သည် ထုန်မင်
အပေါ် လုံးလုံးတာဝန်ရှိနေသည်။

ထိုအမှုကို ထုန်မင်ဆု မည်သို့ဖြေရှင်းမည်နည်း။

ညီလာခံတစ်ခုလုံး ချောက်ချားဖွယ်ရာ ငြိမ်သက်တိတ်ဆိတ်
နေသည်။



လူအားလုံးသည် ထုန်မင်ဆုကိုသာ စိုက်ကြည့်နေကြ၏။
အခြေအနေမှာ မုန်တိုင်းမကျခင် ငြိမ်သက်နေပုံမျိုးဖြစ်သည်။
ထုန်ကျင်ဆုသည် ထိုအခြေအနေကို မနှစ်သက်ပါ။
ထို့ကြောင့်...

သူသည် ထုန်မင်ဆုအား လှမ်းမေးလိုက်တော့၏။

"ညီတော် အောင်ရန်ရွှေကို မင်းဖိတ်ခေါ်ထားခဲ့တာ မဟုတ်
လား၊ ဘာကြောင့်ဖိတ်ခေါ်ထားရသလဲဆိုတာ ရှင်းပြလိုက်လေကွာ"

ထုန်ကျင်ဆုက လူပါးတစ်ယောက်ဖြစ်သည်။

အောင်ရန်ရွှေနှင့် မိမိမပတ်သက်ကြောင်း၊ ပတ်သက်သူမှာ
ထုန်မင်ဆုသာဖြစ်ကြောင်း အများသိအောင် ထုတ်ဖော်ကြေညာလိုက်
ခြင်း ဖြစ်သည်။

ထုန်မင်ဆုသည် ထုန်ကျင်ဆုအား ပြန်ကြည့်နေမိ၏။

တကယ်တကယ် အခက်အခဲနှင့် ဆုံတွေ့လာရသောအခါတွင်
မိမိ၏ ဂိုဏ်းတူအစ်ကိုသည် မိမိအား အကာအကွယ်မပေးပါတကား။

ထုန်ကျင်ဆု၏ သဘောသဘာဝကို ထုန်မင်ဆုက နားလည်
လိုက်ချေပြီ။ သူသည်လည်း မိမိအား မနှစ်သက်ဘဲ တန်ပြန်ဆောင်
ရွက်နေလေသည်တကား။

မည်သို့ဆိုစေ... မရှင်း၍မဖြစ်တော့။

ထုန်မင်ဆုသည် ပျက်နေသောမျက်နှာကို ပြင်လိုက်သည်။

လှုပ်ရှားနေသောစိတ်များကို တည်ငြိမ်သွားအောင် ထိန်းချုပ်
လိုက်သည်။

ငုံ့နေသောမျက်နှာကို မော့ကာ တည်ငြိမ်သောလေသံဖြင့်...

"တက်ရောက်လာကြတဲ့ မိတ်ဆွေများခင်ဗျား၊ ကျွန်တော်တို့
ညီလာခံကျင်းပမယ်ဆိုတော့ ဂိုဏ်းအသီးသီးက ဂိုဏ်းချုပ်များနဲ့ ပြင်ပက

နာမည်ကျော် သိုင်းပညာရှင်များကို ဖိတ်ခဲ့ပါတယ်၊ ကောင်းသည
ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ အောင်ရန်ရွှေဟာလည်း ကျော်ကြား
သိုင်းသမားကောင်းတစ်ယောက်ဖြစ်ပါတယ်၊ ဒါကြောင့် သူ့
ကျွန်တော်ဖိတ်ခဲ့တာဖြစ်ပါတယ်၊ ဒီလိုခေါ်တုန်းက ဂိုဏ်းချုပ်ကြီး
သဘောတူညီချက်ကို ကျွန်တော်ယူခဲ့ပါတယ်"

ထုန်မင်ဆုကား စကားပြောလိမ္မာလှသည်။

အောင်ရန်ရွှေအား မိမိသဘောတစ်ခုတည်းနှင့် ဖိတ်ခေါ်ခဲ့
မဟုတ်ကြောင်း၊ ဂိုဏ်းချုပ်၏ဆန္ဒကိုပါ ရယူပြီးမှ ဖိတ်ခေါ်ခဲ့
ဖြစ်ကြောင်း၊ အပြစ်တင်စရာရှိလျှင် မိမိတစ်ဦးတည်း တင်မနေ
ဂိုဏ်းချုပ်ကိုပါ အပြစ်တင်သင့်ကြောင်း လိမ္မာပါးနပ်စွာ လှည့်ပ
ပြောဆိုသွားတော့သည်။

ညီလာခံသို့ တက်ရောက်လာကြသော ဧည့်သည်တော်များ
မျက်လုံးအကြည့်များသည် ထုန်ကျင်ဆုထံသို့ စုပြုံကျရောက်သွား
သည်။

ထုန်ကျင်ဆုက မနေသာတော့ပါ။

ထုန်မင်ဆုကို မျက်စောင်းတစ်ချက်ထိုးပြီး ကြည့်လိုက်
ထိုင်ရာမှ ထလိုက်ရသည်။

"ဟုတ်ပါတယ်၊ အောင်ရန်ရွှေကို ဖိတ်ခေါ်ဖို့ ကျွန်တော်သဘော
တူခဲ့ပါတယ်၊ ဒါဟာလည်း တခြားအချက်ကြောင့်မဟုတ်ဘူး၊ နာမ
ကျော် သိုင်းသမားမှန်ရင် ဖိတ်ခေါ်သင့်တယ်ဆိုတဲ့ ကျွန်တော်
ဂိုဏ်းရဲ့မူအရ သဘောတူခဲ့မိတာပါ"

ထုန်ကျင်ဆုက ရှင်းပြလိုက်သည်။

ဧည့်သည်တော်များ ဘဝင်မကျလှသော်လည်း ထိုအချက်
ဝေဖန်ရန်မှာမူ မဖြစ်နိုင်ပါ။



အဘယ့်ကြောင့်ဆိုသော် သိုင်းလောကရှိ ဂိုဏ်းအသီးသီးသည်
မိမိတို့စည်းမျဉ်း မိမိတို့မူနှင့်သာ လှုပ်ရှားတတ်ကြသည် မဟုတ်ပါလား။

သို့ရာတွင် ...

"အောင်ရန်ရွှေကတော့ နာမည်ကျော်လို့ ထားပါတော့၊
ကျက်ဟုန်ကို ဖိတ်ခဲ့တာကျတော့ကော ဘာသဘောလဲ"

မကျေမနပ်ဖြင့် မေးလိုက်သံတစ်ချက် ထွက်ပေါ်လာသည်။

"ကျက်ဟုန်ဟာ ကျွန်တော်တို့ဖိတ်တဲ့ဧည့်သည်မဟုတ်ပါဘူး၊
အောင်ရန်ရွှေနဲ့ အတူတူလာတယ် မလာဘူးဆိုတာလည်း ကျွန်တော်
တို့ မသိလို့ မပြောနိုင်ပါဘူးခင်ဗျား"

ထုန်မင်ဆုသည် ကျက်ဟုန်ကိစ္စအား ဖြောင့်ဖြောင့်ပင် ဘူးကွယ်
ပြောဆိုလိုက်၏။

တာရှိကလည်း ဆရာ့လေသံကိုလိုက်ရင်း နေရာမှထပြီး
ဝင်ပြော၏။

"ဒီကိစ္စကို ကျွန်တော်ရှင်းပြပါ့မယ်၊ အဲဒီနေ့ကတော့ အောင်ရန်
ရွှေကိုယ်တိုင်က ကျက်ဟုန်ဟာ သူ့မိတ်ဆွေလို့ ပြောခဲ့တယ်၊ ဒါကြောင့်
ကျွန်တော် သူ့ကို ဖော်ဖော်ရွေရွေဆက်ဆံမိခဲ့တာပါ၊ ဒီအချိန်မှာတင်ပဲ
တင်ကျောင်မင်နဲ့ ကန်ရှန်ယွင်တို့နှစ်ယောက် ရောက်လာပြီး ကျက်ဟုန်
ကို ဖမ်းမယ်လို့ပြောပါတယ်၊ ဒီကိစ္စဟာ ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စမို့
ကျွန်တော် ဘာမှ ဝင်မပြောခဲ့ပါဘူး၊ ဝင်မပြောတဲ့အပြင် ကျက်ဟုန်
ဟာ ကျက်ဟုန်ဟာ ကျွန်တော်တို့ဖိတ်တဲ့ ဧည့်သည်မဟုတ်ကြောင်း
ကိုတောင် ရှင်းပြခဲ့ပါသေးတယ်"

ဤတွင် ကန်ရှန်ယွင်က ခေါင်းတစ်ချက်ဆတ်၍...

"ဒီမှာ တာရှိ...အဲဒီအချိန်တုန်းက ခင်ဗျားပြောခဲ့တာတွေက

မရှင်းလင်းဘူး။ ဒီတော့ ကျုပ်တို့အနေနဲ့ ဒီကိစ္စကို ရှင်းလင်းသွားအော
လူတစ်ယောက်ကို တွေ့ချင်တယ်၊ ခင်ဗျားတို့ ခေါ်ပေးနိုင်မလား"

ထုန်မင်ဆုရင်ထဲ၌ ထိတ်ခနဲဖြစ်သွားမိသည်။

"ခင်ဗျားတွေ့ချင်တဲ့လူက ဘယ်သူလဲ"

ကန်ရှန်ယွင်က တည်ငြိမ်စွာဖြင့် တစ်လုံးချင်း ပြန်ပြောလိုက
သည်။

"မန်ချူးဘုရင်ရဲ့ ဒုတိယစစ်ကဲချုပ် အောင်ရန်ရွှေ"

ထုန်မင်ဆုကိုယ်တိုင်မှာမူ ရင်ထဲတွင် အနည်းငယ် ပေါ့ပါးသွာ
သည်။

စင်စစ်...

ကန်ရှန်ယွင်သည် ဟိုက်လန်တင်ကို တွေ့ဆုံပြေရှင်းလိုကြောင်း
တောင်းခံမည်ကို သူစိုးရိမ်နေသည်။

အခြေအနေကြည့်ရသည်မှာ ဟိုက်လန်တင်နှင့် မိမိအဆက
အသွယ်ရှိကြောင်း၊ ညီလာခံသို့ ဟိုက်လန်တင် တက်ရောက်နေကြောင်း
မည်သူမှ သိပုံမပေါ်သေးပါ။

ထို့ကြောင့်...

ထုန်မင်ဆု ပေါ့ပါးစွာ သက်ပြင်းချလိုက်မိသည်။

တကယ်ဆိုတော့ အောင်ရန်ရွှေ ဘယ်ဆီရောက်နေမှန်း ထုန်မ
ဆုလည်း မသိပါ။

ကျက်ဟုန်အား ကန်ရှန်ယွင်တို့သည် ဖမ်းဆီးသွားသည့်အချိ
ကပင် အောင်ရန်ရွှေပျောက်ဆုံးနေသည် မဟုတ်ပါလား။

ထုန်မင်ဆုသည် ကန်ရှန်ယွင်အားကြည့်ကာ ခေါင်းတစ်ချ
ယမ်းခါလိုက်၏။

"အောင်ရန်ရွှေကို ခေါ်ထုတ်ဖို့ မဖြစ်နိုင်တော့ပါဘူး"



ကန်ရှန်ယွင် မျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲ"

"ဘာလို့လဲဆိုတော့ ကျုပ်တို့ကိုယ်တိုင် အောင်ရန်ရွှေ ဘယ်မှာ
ရှိတယ်ဆိုတာ မသိလို့ပါဘဲ၊ ကျုပ်ကလည်း အောင်ရန်ရွှေ ဘယ်မှာ
ရှိတယ်ဆိုတာ ပြောပြနိုင်မယ့်လူကို အလိုရှိနေလို့ပါပဲ"

"ဘာ...ဘာပြောတယ်၊ အောင်ရန်ရွှေ ပျောက်နေတယ်
ဟုတ်လား"

တင်ကျောင်မင်က မျက်လုံးပြူး မျက်ဆန်ပြူးပင် မေးလိုက်
မိ၏။

တာရှိက ခေါင်းညိတ်ပြလိုက်သည်။

"ခင်ဗျားတို့ ကျက်ဟုန်ကို ဖမ်းသွားပြီးတဲ့နောက်မှာ ကျွန်တော်
သူ့ကိုခေါ်ခဲ့ပါတယ်၊ သူက ကျွန်တော်နဲ့ ဝါးငါးရိုက်လောက်အကွာက
လျှောက်လာကြရင်း အော်သံလိုလိုတစ်ချက် ကျွန်တော်ကြားလိုက်
တယ်၊ နောက်ပြန်လှည့်ကြည့်တော့လည်း ဘယ်သူ့ကိုမှမတွေ့ရဘူး၊
ခင်း...အောင်ရန်ရွှေလည်း အဲဒီအချိန်ကစပြီး ပျောက်သွားတာပါ"

တာရှိ၏စကားက ပိုပြီး အံ့သြစရာကောင်းနေသည်။

ကန်ရှန်ယွင်က ထုန်မင်ဆုအား စေ့စေ့ကြည့်၍...

"ခင်ဗျားတို့ ခုံတုန်တောင်မှာ ဒီလိုပဲ ထူးထူးဆန်းဆန်းတွေ
ဖြစ်တတ်သလား"

သူ၏လေသံမှာ ထုန်မင်ဆုတို့လူစုကို မယုံသင်္ကာဖြစ်ဟန်
အထင်းသား ပေါ်လွင်နေသည်။

ထုန်မင်ဆုကလည်း သူ့အားပြန်ကြည့်ကာ...

"အောင်ရန်ရွှေဟာ တို့ဖိတ်ခေါ်ထားတဲ့ဧည့်သည်ကွ၊ တို့က
လည်း ဧည့်သည်တစ်ယောက် ပျောက်ဆုံးနေတာကို မလိုလားဘူး၊

သူပျောက်နေတာတော့ အမှန်ပဲ၊ မင်းမယုံဘူးဆိုရင်တော့ ဧည့်သည်တွေကိုမေးကြည့်၊ သူ့ကိုတွေ့မိသလားလို့"

ထုန်မင်ဆုက ခပ်တည်တည် ပြန်ရှင်းပြလိုက်၏။

ထုန်မင်ဆု၏လေသံ၊ ထုန်မင်ဆု၏ ဟန်ပန်အရ ဤစကားကို သူလိမ်ပြောနေခြင်းမဟုတ်မှန်း တင်ကျော်မင် အကဲခတ်မိ၏။

ထို့ကြောင့် ခေါင်းတစ်ချက်ဆတ်၍...

"ကောင်းပြီလေ၊ ခင်ဗျားပြောတာကို ကျုပ်ယုံကြည်တယ်"

"ဟေ့...နေကြစမ်းပါဦး၊ ကျက်ဟုန်ကို ခုံတုန်တောင်ရိုးပေါ်မှာ မတွေ့တာနဲ့ တန်ချူစိန်းရဲ့အမှုက ဘယ်လိုပတ်သက်နေလို့လဲ"

ထိုစကားကို မေးလိုက်သူမှာ လီကျင်ဆုဖြစ်သည်။

တင်ကျော်မင်က လီကျင်ဆုကို ပြန်ဖြေမနေတော့ပါ။

ကျက်ဟုန်ကိုသာ အမျှားမြင်အောင် မြေကွက်လပ်ရှေ့သို့ လက်ဖြင့် တွန်းလိုက်သည်။

တင်ကျော်မင်၏တွန်းပို့မှုကြောင့် ကျက်ဟုန်သည် ဒိုက်စိုက် ဒိုက်စိုက်ဖြင့် မြေကွက်လပ်ရှေ့သို့ ရောက်လာသည်။

သူသည် ညီလာခံပရိသတ်အား မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်၏။

ထို့နောက်...

ကျင်းစိလူအား သူသည် အားကိုးတကြီးဖြင့် လှမ်းကြည့်ပြီးနောက် စကား စလိုက်သည်။

"ကျွန်တော်ဟာ တန်ချူစိန်းရဲ့အမှုမှာ ပါဝင်ပတ်သက်နေတဲ့သူ တစ်ဦးဖြစ်ပါတယ်၊ ဒါပေမယ့် ဒီအကြောင်းကို ကျွန်တော်ထုတ်ပြောလိုက်ရင် ကျွန်တော့်အသက်အန္တရာယ်ဟာ စိုးရိမ်စရာ ဖြစ်လာတော့မှာပါ"



မကောင်းတာမှန်သမျှ အကုန်လုပ်ခဲ့သော်လည်း သေမှာတော့ အကြီးအကျယ် ကြောက်ရွံ့တတ်သည့် လူစားများ ဤလောကတွင် ရှိနေတတ်ပါသည်။

ကျက်ဟုန်မှာ အထက်ပါလူစားမျိုးထဲတွင် ပါဝင်သူတစ်ဦး ဖြစ်သည်။

ကျင်းစိလူသည် ကျက်ဟုန်ဟာ သူ့အတွက် စိတ်ပူနေသည်ကို သိ-ိုက်သည်။

ထို့ကြောင့်...

ခေါင်းကို တစ်ချက်ခါယမ်းရင်း ပြောလိုက်သည်။

"ပြောစရာရှိတာ ရဲရဲသာပြောပါ၊ မင်းဘာမှ မဖြစ်စေရဘူး၊ ငါတာဝန်ယူတယ်"

ကျင်းစိလူက အားပေးတိုက်တွန်းလိုက်၏။

ထိုစဉ် ကန်ရှန်ယွင်သည် လူအုပ်ကြားထဲတွင်ရပ်နေသော မင်ဝါလေးကို တွေ့လိုက်သဖြင့် သူသည် မင်ဝါလေးထံသို့ ဝမ်းသာအားရ လျှောက်သွားလေ၏။

"မင်ဝါ...ခင်ဗျား ကျန်ရှန်တောင်က ပြန်လာပြီဟုတ်လား၊ ကျင်းဖဲရှန် ခင်ဗျားကို တွေ့ခဲ့သလား"

မင်ဝါလေးကပြုံး၍ ခေါင်းညိတ်ပြလိုက်၏။

"အင်း...တွေ့ခဲ့တယ် ဆိုပါတော့ဗျာ၊ ဒါနဲ့ ကျင်းဖဲကြည် သတင်း ခင်ဗျား ကြားပြီးပြီလား"

ကန်ရှန်ယွင်က အနားတိုးကပ်လာမှ နှစ်ကိုယ်ကြား မေးလိုက်၏။

မင်ဝါလေး၏အမေးကြောင့် ကန်ရှန်ယွင် တစ်ချက်တွေသွားသည်။

"အင်း…သူနဲ့ကျွန်တော် နောက်ဆုံး တွေ့ခဲ့တဲ့ ကျောင်ဂှာ ဒေသမှာ လမ်းခွဲပြီးကတည်းက နောက်ထပ် မတွေ့ရသေးဘူး။ ကျင်းဖဲကြည်က ဘာဖြစ်နေလို့လဲ"

ကန်ရှန်ယွင်က အဓမ္မတကော မေးလိုက်မိ၏။

ထိုအချိန်တွင် ကျက်ဟုန်မှာ စကားပြောရန် စင်မြင့်ပေါ်သို့ တက်ရောက်နေပြီဖြစ်သည်။

မင်ဝါလေးသည် ကျက်ဟုန်အားကြည့်ရင်းမှ ကန်ရှန်ယွင်ကို ပြန်ပြောလိုက်၏။

"လောလောဆယ် ကျက်ဟုန်ပြောတာ ကျုပ်တို့အရင်ဆုံး နားထောင်ကြရအောင်၊ ပြီးမှ ကျင်းဖဲကြည်ကိစ္စဆွေးနွေးကြတာပေါ့၊ ခင်ဗျားလည်း စင်မြင့်ပေါ် သွားပါ၊ အရေးကြီးနေတယ်"

"ကောင်းပြီ"

ထိုစဉ် ကျက်ဟုန်က ပြောပြလာသည်။

"ကျွန်တော် လွန်ခဲ့တဲ့ **ဘယ်နှစ်**လောက်တုန်းက ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကို ပြောပြပါ့မယ်၊ ဒီတုန်းကဆိုရင် ကျွန်တော်ဟာ ရှောင်လင်ဂိုဏ်းကို သစ္စာဖောက်ပြီး ထွက်ပြေးနေတဲ့အချိန်ဖြစ်ပါတယ်"

ကျက်ဟုန်က သက်ပြင်းတစ်ချက်ချပြီး စကားဆက်လိုက်သည်။

"အင်း…အဲဒီအချိန်တုန်းက သိုင်းလောကတစ်ခုလုံးကို ဂယက်ရိုက်သွားစေတဲ့သတင်းတစ်ခု ထွက်လာပါတယ်၊ အဲဒီ သတင်းကတော့ ကွယ်လွန်သူ သူဌေးကြီး မော်အိဟန်ရဲ့သမီးနဲ့ ခုံတုန်ဂိုဏ်းက နာမည်ကြီးသိုင်းသမားတစ်ယောက်နဲ့ လက်ထပ်မယ်ဆိုတဲ့ သတင်းဖြစ်ပါတယ်၊ ပစ္စည်းဥစ္စာချမ်းသာပြီး ရုပ်ရည်လည်း ချောမောလှပတဲ့ မိန်းကလေးကိုရမယ့် သတို့သားလောင်းဟာ ကံကောင်းတယ်လို့ ကျွန်တော်လည်း တွေးခဲ့မိပါတယ်၊ ဒီမိန်းကလေးနဲ့ လက်ထပ်မယ်လို့ သတင်းကြီးနေတဲ့



သူကတော့ ခုံတုန်ဂိုဏ်းက နာမည်ကြီး သိုင်းသမား 'ဟိုလို' ပဲဖြစ်ပါတယ်"

ပရိသတ်မှာမူ စိတ်ဝင်စားလွန်း၍ ငြိမ်သက်စွာ နားထောင်နေ၏။

ကျက်ဟုန်က ဇာတ်လမ်းကို ဆက်ပြောသည်။

"ဒီမိန်းကလေးကို ခေါ်ဆောင်ဖို့ ဟိုလိုဟာ တန်ချူစိန်းကို အဖော်ခေါ်ပြီး မိန်းကလေးရှိတဲ့မြို့ကို ရောက်လာမယ်ဆိုတဲ့သတင်း ထွက်လာပြန်တယ်၊ အမှန်တော့ မိုင်ပေါင်း တစ်ထောင်ကျော်ဝေးတဲ့ ခရီးရှည်ကြီးကို သိုင်းသမားနှစ်ယောက်တည်း လာရောက်ပြီး ရွှေငွေရတနာတွေနဲ့ မိန်းမပျိုလေးတစ်ယောက်ကို လာခေါ်တယ်ဆိုတဲ့သတင်းဟာ အဲဒီအချိန်တုန်းကတော့ ကျွန်တော်တို့လို ဒုစရိုက်လောကသားတွေအတွက် စိတ်ဝင်စားစရာ အကောင်းဆုံးသတင်းပါပဲ"

"ဒါပေမယ့်ဗျာ…ဒီပစ္စည်းတွေနဲ့ ဒီမိန်းကလေးကို လမ်းက ဖြတ်လုဖို့ဆိုတာကျတော့ ဘယ်သူမှ စိတ်မကူးရဲကြပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ တန်ချူစိန်းနဲ့ ဟိုလိုတို့ရဲ့ သိုင်းပညာကို ကြောက်ရွံ့ကြလို့ပါပဲ"

ကျက်ဟုန်၏စကားအား ပရိသတ်သည် ခေါင်းတညိတ်ညိတ် ဖြင့် ထောက်ခံနေကြ၏။

အမှန်တော့ ခုံတုန်ဂိုဏ်း၏ အသက်လုစကြာဓားသိုင်းကွက်ကို အဆင့်မြင့်စွာ တတ်ထားသော တန်ချူစိန်းနှင့် ဟိုလိုတို့အား အဘယ်သူနိုးစားပြသည် ဝင်ရောက်တိုက်ခိုက်ရဲပေမည်နည်း။

ကျက်ဟုန်က စကားဆက်လိုက်ပြန်သည်။

"ကျွန်တော်လည်း မိန်းမချောလေးနဲ့ပစ္စည်းတွေကို စိတ်ဝင်စားမိပေမယ့် တန်ချူစိန်းတို့နှစ်ယောက်ရဲ့ ထက်မြက်တဲ့ဓားကွက်တွေကို ကြောက်ရွံ့ပြီး ဒီကိစ္စကို ဂရုမပြုမိအောင် ကြိုးစားခဲ့မိပါတယ်၊ ဒါပေမယ့်"

ထိုနေရာသို့ ရောက်သောအခါ ကျက်ဟုန်သည် စကားကို ဖြတ်ကာ မျက်နှာပေါ်မှ သေရာပါအမာရွတ်ကြီးအား လက်ဖြင့်ပွတ်သပ်ရင်း...

"အင်း...ဒါပေမယ့် အဲဒီပစ္စည်းတွေနဲ့ အဲဒီကောင်မလေးကို ဂရုမပြုတဲ့ မနေသာအောင် အကြောင်းဖန်လာတော့တာပဲ"

"ဆက်ပြောပါဦး...ဘယ်လိုအကြောင်းများ ဖန်လာတာလဲ"

လီကျန်ဆုက စိတ်ဝင်စားစွာ မေးလိုက်သည်။

ကျက်ဟုန်က ခေါင်းတစ်ချက်ညိတ်၍...

"ဖြစ်ပုံက ဒီလိုပါ၊ ညဟာစ်ညမှာဆိုပါတော့ဗျာ ကျွန်တော်ဟာ သူဌေးတစ်ယောက်ဆီက ပစ္စည်းအချို့ လုယက်တိုက်ခိုက်ပြီး ကျွန်တော့်အိမ်ကိုပြန်ခဲ့ပါတယ်၊ ဒီတစ်ခါ ဓားပြတိုက်ခိုက်ခဲ့တာ မြက်မြက်ကလေး ရခဲ့လို့ တော်တော်လေးလည်း ဝမ်းသာနေပါတယ်၊ အဲ...အိမ်လည်း ရောက်ရော အိမ်ထဲမှာ မမျှော်လင့်ဘဲ လူစိမ်းတစ်ယောက် ရောက်နေတာကို တွေ့လိုက်ရတော့တာပါပဲ"

"ဟေ့...ဘယ်သူလဲကွ၊ ငါ့အိမ်ထဲ ငါ့ခွင့်ပြုချက်မရဘဲ ရောက်နေတာလို့ ခပ်တည်တည် လှမ်းမေးလိုက်မိတယ်၊ ဒီလူက တဟားဟားတောင် အော်ဟစ်ရယ်မောလိုက်ပါသေးတယ်၊ ရယ်ရင်းက မင်းကို ငါမသိဘူးလား၊ ခုံတုန်ဂိုဏ်းက သိုင်းသမား ဟိုလိုဆိုတာ ငါပေါ့ကွ လို့ပြောရင်း သူ့လက်ထဲကဓားနဲ့နံရံကို တစ်ချက်လှမ်းထွက်လိုက်တယ်၊ သူ့ဓားထုတ်ပုံ၊ ထိုးခုတ်ပုံတို့ဟာ သိပ်မြန်တယ်၊ ကျွန်တော့်စိတ်ထဲမှာ တစ်ချက်တည်း လှုပ်ရှားလိုက်တာလို့ ထင်ရပေမယ့် နံရံမှာတော့ အပေါက် ကိုးပေါက်ဖြစ်သွားတာ တွေ့ရတယ်"

နားထောင်နေကြသော ပရိသတ်ထဲရှိ သိုင်းသမားများမှာ



ကျက်ဟုန်ပြောသည့် ဓားကွက်မှာ ခုံတုန်ဂိုဏ်းမှ 'အသက်လုဓားစကြာ' သိုင်းကွက်ပင်ဖြစ်ကြောင်း သဘောပေါက်မိကြသည်။

ကျက်ဟုန်က ဆက်၍...

"အမှန်တော့ ဟိုလိုကို ကျွန်တော် မမြင်ဖူးပါဘူး၊ ဒါပေမယ့် သူငယ်ချင်းတချို့ရဲ့ပြောပြချက်အရ သူ့ရဲ့ပုံပန်းသဏ္ဌာန်ကို သိထားပါတယ်၊ ဒါနဲ့ ကျွန်တော်လည်း သူ့ကိုသေသေချာချာအကဲခတ်ကြည့်မိတယ်၊ ကျွန်တော့်သူငယ်ချင်းတွေပြောတဲ့ ပုံသဏ္ဌာန်နဲ့အတူတူပါပဲ၊ ပြီးတော့လည်း သူခုနကသုံးလိုက်တဲ့ ဓားသိုင်းကွက်ဟာ ခုံတုန်ဂိုဏ်းရဲ့ အသက်လုဓားစကြာ သိုင်းကွက်ဖြစ်တယ်ဆိုတာလည်း ကျွန်တော် သိနေပါတယ်"

"အဲဒီအချိန်တုန်းက ခုံတုန်ဂိုဏ်းမှာ အသက်လုစကြာသိုင်းကွက်ကို အကျွမ်းကျင်ဆုံး တတ်မြောက်ထားတာက ထုန်မင်ဆု၊ ဟိုလိုနဲ့ တန်ချူစိန်းဆိုတာ ကျွန်တော်သိပါတယ်၊ သူတို့သုံးယောက်ထဲမှာ ထုန်မင်ဆုဟာ အသက်အကြီးဆုံးဖြစ်ပြီး တန်ချူစိန်းကတော့ အသက်အငယ်ဆုံးဖြစ်ပါတယ်၊ အခု ကျွန်တော့်ရှေ့မှာရောက်နေတဲ့ လူဟာ အသက်မကြီးသေးဘူး၊ သိပ်လည်းမငယ်တော့ဆိုတော့ ထုန်မင်ဆုနဲ့ တန်ချူစိန်း မဖြစ်နိုင်ဘူး၊ ဒီလူဟာ ဟိုလိုပဲဆိုတာ ကျွန်တော့်အနေနဲ့ သေသေချာချာ ယုံကြည်ခဲ့မိပါတယ်"

"ဟိုလိုရဲ့သိုင်းကွက်ကိုမြင်တော့ ကျွန်တော့်စိတ်ထဲ ထိတ်ခနဲဖြစ်သွားတယ်၊ သူ့ကိုရင်ဆိုင်မယ်ဆိုရင် သိုင်းကွက် သုံးဆယ်မပြည့်ခင် သူ့ကိုအရေးနိမ့်မှာ "အမှန်ပဲ"

ဟိုလို ကျက်ဟုန်ဆီ ဘာကိစ္စလာသနည်း။

လမ်းမှန်ဂိုဏ်းသားဟိုလိုသည် ကျက်ဟုန်အား မည်သည့်အကြောင်းကြောင့် လာရောက်တွေ့ဆုံလေသနည်း။

အားလုံးက သိချင်ကြသည်။

ကျက်ဟုန်သည် သူ့စကားကို ခေတ္တရပ်ကာ ပရိသတ်အား အကဲခတ်ကြည့်လိုက်သည်။

ပြီးမှ ချောင်းတစ်ချက်ဟန့်ကာ ကျက်ဟုန်စကား ဆက်လိုက်ပြန်၏။

"ကျွန်တော် အံ့ဩနေတုန်းမှာပဲ သူက ဘာမှ မစိုးရိမ်ပါနဲ့ဗျာ၊ မင်းဆီကို ငါလာတာ ရန်ပြုဖို့မဟုတ်ပါဘူး။ တိုင်ပင်ရအောင် လာတာပါတဲ့၊ သူ့စကားက ကျွန်တော့်ကိုပိုပြီးအံ့အားသင့်သွားစေပါတယ်၊ တကယ်ဆိုရင် သူဟာ အထက်လမ်းသိုင်းသမားတစ်ယောက်ပါ၊ ကျွန်တော်ကတော့ လူဆိုးဓားပြဆိုတော့ ကျွန်တော်နဲ့သူ ဘာမှတိုင်ပင်စရာ မရှိနိုင်ပါဘူး။ ဒီအချိန်မှာ သူကလည်း မင်းကြည့်ရတာ ပွပေါက်တိုးလာပြီး ပြန်လာတာ ထင်တယ်၊ ကဲ...ဘယ်လောက်ရခဲ့သလဲလို့ မေးပါတယ်"

"ကျွန်တော်က နည်းနည်းပါးပါးပါကွာ၊ ခင်ဗျားလိုချင်ရင်လည်း ယူသွားပါလို့ပြောရင်း သူ့လက်ထဲကပစ္စည်းတွေ ထိုးအပ်နေမိပါတယ်၊ ကျွန်တော့်စိတ်ထဲမှာ သူဟာပစ္စည်းရှင်ရဲ့ မိတ်ဆွေဖြစ်ရမယ်၊ သတင်းကြားလို့ ချက်ချင်းလိုက်လာပြီး ပြန်ယူတာဖြစ်ရမယ်လို့ထင်တာနဲ့ပဲ သူ့ကိုပြန်ပေးနေမိတယ်၊ သိုင်းပညာအရလည်း သူ့ကိုကျွန်တော် မယှဉ်နိုင်ဘူးမဟုတ်လား။ ဒါပေမယ့် ဟိုလိုက ခေါင်းခါယမ်းပြီး မင်းဟာတွေ မင်းပြန်သိမ်းထားစမ်းပါကွာ၊ ဒါနဲ့ မင်းအခုရလာတဲ့ပစ္စည်းတွေက ဘယ်လောက်တန်ဖိုးရှိလို့တုန်းလို့မေးပါတယ်၊ ကျွန်တော်က လေး၊ ငါးသောင်းဖိုးလောက်ရှိမှာပေါ့ဗျာလို့..."

"ဒီမှာတင် ဟိုလိုက မျက်နှာရှုံ့မဲ့ပြီး လေး၊ ငါးသောင်းဖိုးလောက်လေးနဲ့ဗျာ အသက်နဲ့ရင်းပြီး စွန့်စားချင်နေသေးတယ်၊ လေး၊ ငါးသိန်းဖိုးလောက်တန်တဲ့ပစ္စည်းတွေ လွယ်လွယ်နဲ့ ရမယ်ဆိုရင် မင်းမလိုချင်ဘူးလားလို့ ကျွန်တော့်ကို မေးပါတယ်၊ သူ့စကားကြောင့် ကျွန်တော်လည်း အံ့အားသင့်သွားတယ်၊ စိတ်လည်း ဝင်စားသွားမိတယ်၊ လေး၊ ငါးသိန်းဖိုးလောက် လွယ်လွယ်ရမယ်ဆိုရင် မလိုချင်တဲ့လူ ဘယ်ရှိမှာလဲဗျာလို့ သူ့ကိုပြန်ပြောလိုက်မိတယ်"

ကျက်ဟုန်၏ စကားများမှာ စိတ်ဝင်စားစရာ အချက်အလက်များဖြင့် ပြည့်နှက်လေတော့သည်။

လူအများမှာ မျက်လုံးပြူးလိုက်၊ ခေါင်းညိတ်လိုက်၊ ခေါင်းခါလိုက်နှင့် ကျက်ဟုန်ပြောသမျှကိုသာ စိတ်ပါလက်ပါ နားထောင်နေကြတော့၏။

ထုန်မင်ဆုအနေဖြင့်မူ ကျက်ဟုန် ရှေ့ဆက်ပြောလာမည့် စကားများကို ဆက်၍ နားမထောင်ချင်တော့ပါ။

ထို့ကြောင့် နီရဲသောမျက်နှာဖြင့် ကျက်ဟုန်အား ဒေါသတကြီး လှမ်းဟောက်လိုက်တော့၏။

"ဟေ့ကောင်...ပေါက်ကရတွေ လျှောက်ပြောမနေနဲ့၊ မင်းလိုဓားပြတစ်ယောက်ဆီကို ငါတို့ရဲ့လူက ဘာကြောင့်လာရမှာလဲ"

သို့သော် လီကျင်ဆုက နေရာမှ ထရပ်ကာ...

"ထုန်မင်ဆု၊ ခင်ဗျား သူ့စကားဆုံးအောင် နားထောင်ပြီးမှပဲ ကျုပ်တို့အနေနဲ့ မှန်မမှန်ဆိုတာကို ဝေဖန်နိုင်မှာဖြစ်ပါတယ်"

ထုန်ကျင်ဆုကလည်း ခေါင်းတစ်ချက်ဆတ်၍...

"ကျက်ဟုန်...မင်းပြောစရာရှိတာ ဆက်ပြောစမ်း"

ဟု အမိန့်ပေးနိုင်းစေလိုက်၏။

ဤတွင် ကျက်ဟုန်က...

"မှန်တဲ့အတိုင်းပြောရမယ်ဆိုရင် ဟိုလိုရဲ့စကားကို ကျွန်တော်

မယုံကြည်ပါဘူး။ ဒါကြောင့်လည်း ဒီပစ္စည်းတွေကို ခင်ဗျားရော မယူရ
ဘူးလားလို့ သူ့ကိုပြန်မေးခဲ့ပါတယ်"

"ကျွန်တော်က အဲလိုမေးတော့ သူက ပြုံးပြီး အမှန်တေ
ဒီပစ္စည်းတွေဟာ ငါ့ရဲ့ပစ္စည်းတွေပါ၊ မင်းကိုအလကားပေးချင်သ
ပေးချင်လို့ လာညှိနိုင်းတာပါတဲ့၊ ကျွန်တော်ပိုပြီး ခေါင်းရှုပ်သွားတယ်
ဒီလူရူးများ ရူးနေပြီလားဆိုတဲ့ သံသယဖြစ်လာတယ်"

"အမှန်တော့ သူဟာ မရူးပါဘူး။ လျို့ဝှက်ရှုပ်ထွေးတဲ့ သူ့
အကြံအစည်ထဲ ကျွန်တော့်ကို ဆွဲသွင်းခဲ့တာပါ၊ သူက ဘာဆက်ပြေ
သလဲဆိုတော့ ဒီပစ္စည်းတွေမပေးခင်မှာ မင်းငါ့အတွက် နည်းနည်းပါး
စွန့်စားပေးရမယ်တဲ့၊ ဒါပေမယ့် တန်ဖိုးမနည်းတဲ့ပစ္စည်းအတွက် စွန့်စ
ရမယ့်အရင်းအနှီးဟာလည်း မသေးဘူးဆိုတာ ကျွန်တော် တွက်
ပါတယ်၊ ကျွန်တော်တွက်တဲ့အတိုင်းပါပဲ၊ သူဟာ တန်ချူစိန်းကို မ
လုပ်ကြံပေးရမယ်၊ ဘယ်နယ်လဲ လုပ်ရဲမလားတဲ့"

လူအားလုံးသည် ကျက်ဟုန်၏စကား ကြောင့် တုန်လှုပ်သွား
ကြသည်။

ညီလာခံတစ်ခုလုံး ချောက်ချားဖွယ်ရာ တိတ်ဆိတ်သွားပြန်တေ
သည်။

ထုန်မင်ဆုသည် ဒေါသဖြစ်လွန်းစွာဖြင့် ကျက်ဟုန်အား လှ
အော်တော့၏။

"ပေါကောင် လူယုတ်မာ၊ မင်းဘာစကားတွေပြောနေတာလဲ
အခုတိတ်စမ်း။ မတိတ်ရင် မင်းကို ငါသတ်ပစ်လိမ့်မယ်"

သွားချင်းဝေ့ပြီး ထိတ်လန့်ဖွယ်မျက်နှာထားဆိုးကြီးဖြင့် ပြော
သော ထုန်မင်ဆုအား ကျက်ဟုန်က တုန်လှုပ်စွာကြည့်နေသည်၊

လီကျင်ဆုက ...



"သူပြောစရာရှိတာပြောပါစေ၊ ခင်ဗျား မပိတ်ပင်ပါနဲ့"

"သူမဟုတ်တန်းတရားတွေပြောနေတိုင်း ကျုပ်တို့က ငြိမ်ပြီး
းထောင်နေရမှာလား။"

ထုန်မင်ဆုသည် လီကျင်ဆုကိုလှည့်ပြီး အော်ဟစ်ပစ်လိုက်
တော့၏။

ဤတွင် ကျင်းစိလူက ...

"သူပြောစရာရှိတာ အရင်ပြောပါစေ၊ ကျုပ်တို့မသိသေးတဲ့အမှုရဲ့
လျို့ဝှက်ချက်ကို သူသိသွားဟန်တူပါတယ်၊ မှန်မမှန်ဆိုတာတော့ သူ့
စကားအသွားအလာကို ဆင်ခြင်ပြီး ကျုပ်တို့ဆုံးဖြတ်ကြတာပေါ့"

ကျင်းစိလူ၏ စကားမှာ သမာသမတ်ကျသည်။

ထုန်ကျင်ဆုက မနေသာတော့ပါ။

သူသည် အကြီးအကဲတစ်ယောက်အနေဖြင့် ကျက်ဟုန်အား
ဘစ်ဖက်မှ ပြောခွင့်ပေးလိုက်ရသည်။

"ကျင်းစိလူပြောတာ မှန်တယ်၊ ဒီတော့ ထုန်မင်ဆု မင်းသူ့ကို
ပိတ်ပင်မနေနဲ့၊ သူပြောစရာရှိတာ ပြောပါစေ"

ထုန်မင်ဆု ငြိမ်သက်သွားရတော့သည်။

◆ ◆ ◆

## အခန်း(၂)

# တရားခံအစစ်

ကျက်ဟုန်သည် ထုန်မင်ဆုအား ကြောက်ရွံ့စွာကြည့်နေရာ ပရိသတ်ဘက်သို့ မျက်လုံးပြန်ဝေ့ကြည့်လိုက်၏။

ပရိသတ်ကတော့ သူ့ကိုအားပေးနေကြ၏။

"ကျက်ဟုန် ပြောပါ"

"ကျက်ဟုန် ဆက်ပြောပါ၊ မင်းပြောတာကို **တို့စိတ်ဝင်စ** တယ်"

"မင်းပြောတာတွေ အမှန်ဖြစ်မယ်လို့ တို့ယုံတယ်"

ကျက်ဟုန် ခေါင်းပြန်မော့လိုက်သည်။

အမှန်စင်စစ် သူ့ဘဝတစ်လျှောက်လုံး ဒုစရိုက်လောကတွ ကျင်လည်ခဲ့ရသည်။ ထိုအချက်ကို သူနောင်တရချေပြီ။ မိုက်မဲမှားယွ ခဲ့မှုမှန်သမျှအား ပရိသတ်ရှေ့မှောက်တွင် ပြန်ဝန်ခံရန် သူဆုံးဖြတ်ချ ချပြီးဖြစ်သည်။

ကျက်ဟုန်သည် ပရိသတ်ဘက်လှည့်၍ ဦးညွတ်ကာ...

"ကျွန်တော်ပြောခဲ့တာတွေဟာ အမှန်တွေချည်းပါပဲ"

ကျက်ဟုန်ကပြီး၍...

"အင်း...ပစ္စည်းတွေကို ကျွန်တော်မက်မောပေမယ့် တန်ချူ



ကို ကျွန်တော် မယှဉ်နိုင်ဘူးဆိုတာ သိပါတယ်၊ ဒါကြောင့် တန်ချူစိန်း ကို နိုင်အောင်တိုက်ဖို့ဆိုတာ မလွယ်ဘူးလို့ ပြန်ပြောလိုက်မိတယ်"

"ဒီတော့ ဟိုလိုက တန်ချူစိန်းကို မင်းတစ်ယောက်တည်း တိုက်ရမှာ မဟုတ်ပါဘူးကွ၊ မင်းနဲ့အတူတွဲတိုက်ဖို့ အဆင့်မြင့်သိုင်း သမားနှစ်ယောက်တောင် ငါရှာထားတယ်၊ လိုအပ်ရင် ငါပါဝင်တိုက် မယ်ကွာ၊ ကဲ...ဒါဆို တန်ချူစိန်းကို မနိုင်စရာ ဘာရှိတော့လဲလို့ ပြောပါတယ်"

"ခင်ဗျား ဘာလို့ တန်ချူစိန်းကို သတ်ချင်ရတာလဲလို့ ကျွန်တော် က ပြန်မေးမိပါတယ်၊ ကျွန်တော့်ရဲ့**အမေး**ကြောင့် ဟိုလိုက ပြုံးလိုက်ပါ တယ်၊ ခုတုန်ဂိုဏ်းချုပ်အသစ်**ရွေးချယ်ပွဲမှာ** သူဟာ ငါ့အတွက် ပြိုင်ဘက် ဖြစ်လာမှာပဲ၊ ပြိုင်ဘက်နဲ့ယှဉ်ပြီး **ရွေးနေရ**တဲ့အလုပ်ကို ငါမုန်းတယ်လို့ ဟိုလိုကပြောပါတယ်၊ အမှန်တော့ ခုလိုခရီးရှည်ထွက်လာတာလည်း တန်ချူစိန်းကို မှားခေါ်လာခဲ့တာဖြစ်ကြောင်း ဟိုလိုက ပြောပြခဲ့ပါတယ်"

**ကျက်ဟုန်က** တည်တည်ငြိမ်ငြိမ်ဖြင့်ပြန်လည်ပြောပြနေသည်။

**သို့ရာတွင်** နားထောင်နေကြသောသူများမှာမူ မတည်မငြိမ် **ဖြစ်ကုန်ကျတော့၏**။ လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြတော့သည်။

**တန်ချူစိန်းကို** ဟိုလိုက မှားခေါ်ကာ သတ်ဖြတ်ရန်ကြံစည် **ကြံဖန်ခဲ့**သည်ဆိုသောအချက်မှာ ဖြစ်နိုင်ပါမည်လား။

"တန်ချူစိန်းကို ဘယ်နေရာမှာ လုပ်ကြံကြမှာလဲလို့မေးတော့ **ဟိုလိုက** မနက်ဖြန်မှာ တန်ချူစိန်းကို သတို့သမီးလောင်းနဲ့ ကျုပ်တို့ **မိကြည့်ပြီ** နဲ့ ခုတုန်တောင်ရိုးကိုသွားတဲ့ လမ်းခရီးက တောနက်ထဲမှာ ရှိတဲ့ ကျောင်းပျက်ထဲမှာ စခန်းချကြမှာဖြစ်တယ်၊ မင်း...အဲဒီနေရာ ကို ရောက်အောင် လာခဲ့ပေါ့"

"ဒါဆို ကျွန်တော်နဲ့အတူ လက်တွဲမယ်ဆိုတဲ့ လူနှစ်ယော
ကရောလို့ ကျွန်တော်က မေးလိုက်မိပါတယ်"

"ဒီတော့ သူက ဒီလူတွေလည်း ဒီနေရာကို မင်းနဲ့တစ်ပြ
တည်း ရောက်လာကြမှာပါ"

"ဒါနဲ့ ခင်ဗျား အဲဒီလူနှစ်ယောက်ဟာ ဘယ်သူတွေလဲ
ကျွန်တော်က ပြန်မေးလိုက်ပါတယ်"

ယုတ်မာပက်စက်သော အကြံအစည်အား ဟိုလိုလို ကျက်ဟ
တို့နှင့်အတူ ပူးပေါင်းကြံစည်ခဲ့သူနှစ်ယောက်ကား မည်သူများနည်
ပရိသတ်ကလည်း သိချင်လာမိသည်။ ဗိုပြီးအာရုံရှုးစိုက်စွာဖြ
ကျက်ဟုန်ဆက်ပြောလာမည့်စကားသံကို နားစွင့်နေကြသည်။

ကျက်ဟုန်က ဆက်လက်၍...

"ကျွန်တော်ရဲ့အမေးကြောင့် ဟိုလိုရဲ့မျက်နှာဟာ အေး
တင်းမာသွားပါတယ်၊ ပြီးတော့ သူတို့အကြောင်း မင်းမသိချင်ပါနဲ့
အချိန်တန်တော့ သိရမှာပေါ့၊ တစ်ခု မင်းသိထားဖို့က ဒီလူတွေဟ
မင်းရဲ့ဝေစုထဲက ငွေကိုခွဲဝေမယ့်လူတွေမဟုတ်ဘူး၊ ငါ့အတွက် သ
သက် ကူညီနေတဲ့လူတွေဖြစ်တယ်လို့ ပြောပါတယ်၊ ဒါနဲ့ ကျွန်တေ
လည်း နောက်ထပ် မမေးရဲတော့ပါဘူး"

ပရိသတ်မှာ ဗိုပြီး မချင့်မရဲဖြစ်သွားကြတော့သည်။

ထိုစဉ် ကျက်ဟုန်က စကားဆက်လိုက်ပြန်သည်။

"ဒါနဲ့ ကျွန်တော်ဟာ လောဘကြောင့် ဟိုလိုရဲ့ကမ်းလှမ်းချ
ကို လက်ခံသဘောတူခဲ့ပါတယ်၊ ဒီတော့ ဟိုလိုက ရော့...ပော
ဦးထုပ်ကို နောက်လှန်ဆောင်းပြီး မင်းကိုငါပြောခဲ့တဲ့ ကျောင်းမျက်
မနက်ဖြန်နေ့လယ်လာခဲ့လို့ ပြောပါတယ်၊ ဒါဖြင့် သတို့သမီးလော
အမြင်မှာ မင်းတို့ကို လမ်းဓားပြတွေအနေနဲ့ ထင်မှတ်စေရမ



ပစ္စည်းယူ၊ လူသတ်ပြီးရင် မင်းက အဲဒီကောင်မလေးကို လုပြေးသွား
ရမယ်၊ ခဏကြာရင် ငါကိုယ်တိုင်လိုက်ပြီး ဟန်ဆောင်တိုက်ခိုက်မယ်၊
ဒီတော့ မင်းက ကောင်မလေးကိုထားခဲ့ပြီး ကိုယ်လွတ်ရုန်းထွက်ပြေး
သွားပေါ့၊ ကဲ...ရှင်းပြီလား"

ဟိုလို၏ ယုတ်မာသောအကြံအစည်ကို တစ်ခုချင်း ဆက်စပ်
စဉ်းစားရင်းမှ မင်ဝါလေးက အံကြိတ်လိုက်မိသည်။

ဆက်လက်ပြောဆိုရန်သာ ဖိအားပေးပြီး တောင်းဆိုနေကြ
တော့၏။

ထုန်ကျင်ဆုသည် ကျက်ဟုန်၏ မျက်နှာအား စေ့စေ့ကြည့်
လိုက်သည်။

"ဟိုလိုဟာ တို့အဖွဲ့ရဲ့ လူချစ်လူခင် အများဆုံး လူငယ်သိုင်း
သမားတစ်ယောက်ဖြစ်တယ်၊ ပြီးတော့ သူဟာ ငါ့ရဲ့ဂိုဏ်းတူညီဖြစ်တဲ့
ကွယ်လွန်သူ ထုန်ရှန်ဆုရဲ့ သားအရင်းလည်းဖြစ်တယ်၊ မင်းပြောနေ
တာဟာ မှန်မှန်ကန်ကန်ပြောနေတာဟာ မမှန်မှန်ကန်ကန် ပြောဆို
နေတာဆိုရင်တော့ ကိစ္စမရှိဘူး၊ မမှန်မကန်ပြောတာဆိုရင်တော့ မင်း
ဟာ ဒီပြစ်မှုအတွက် သေဒဏ်ကျရတော့မယ်၊ မင်းနားလည်သလား"

ကျက်ဟုန်က ခေါင်းကို အေးဆေးစွာ ညိတ်ပြလိုက်သည်။

"ကျွန်တော်ပြောနေတဲ့စကားထဲမှာ မဟုတ်မမှန်တာ တစ်ခွန်း
မှ မပါပါဘူး၊ လိမ်ပြောတယ်လို့ အထောက်ထားတွေ့ရင် ကျွန်တော့်
ကို သတ်နိုင်ပါတယ်"

ကျက်ဟုန်က ရဲရဲတောက် ပြန်လည်ပြောဆိုလိုက်၏။

ပရိသတ်မှာ ကျက်ဟုန်အား သဘောကျသွားကြတော့သည်။

အုတ်အုတ်ကျက်ကျက် တောင်းဆိုကြလေ၏။

"ဆက်ပြောပါ ကျက်ဟုန်၊ မင်းပြောတာ အမှန်တွေလို့ ယုံကြည်တယ်"

"အမှုရဲ့လျှို့ဝှက်ချက်ကို ကျက်ဟုန်က ထုတ်ဖော်ပြောနေတာ ဖြစ်ပါတယ်၊ ထုန်ကျင်ဆုနဲ့ ထုန်မင်ဆုခင်ဗျား သူတို့ကို မပိတ်ပါနဲ့"

ညီလာခံ ပရိသတ်ကြီးက ကျက်ဟုန်အား လှမ်းပြောလိုက်၏။

"ကဲ... ကျက်ဟုန် မင်းပြောစရာရှိတာ ဆက်ပြောပါ"

"နောက်နေ့မှာ ကျွန်တော်ဟာ ဟိုလိုနဲ့ချိန်းထားတဲ့ ကျောင်းပျက်ကြီးဆီကို သွားခဲ့ပါတယ်"

"ကျောင်းပျက်ကြီးနား မရောက်ခင်မှာ ကျောင်းပျက်ကြီးထဲက ကြားလိုက်ရတဲ့ ညည်းညူသံကြောင့် ကျွန်တော့်ခြေလှမ်းတွေ တုံ့သွားရတယ်"

ကျက်ဟုန်၏စကားမှာ ပိုပြီးစိတ်ဝင်စားစရာ ကောင်းလာတော့၏။

"ကျောင်းပျက်ကြီးထဲမှာ ဘယ်သူက ဘာကြောင့် ဒဏ်ရာရရှိနေပါသနည်း။ သီချင်စိတ်ကို မမျိုသိပ်နိုင်ဆုံးမှာ လီကျင်ဆုဖြစ်နေသည်။

သူသည် မျက်လုံးပြူးကြီးဖြင့် ကျက်ဟုန်အားကြည့်ကာ လှမ်းမေးလိုက်လေသည်။

"ဟော့... ကျက်ဟုန်၊ ဒဏ်ရာရနေတဲ့သူက ဘယ်သူလဲကွ ဟိုကို လား၊ တန်ချူစိန်းလား"

ကျက်ဟုန်က ခေါင်းခါယမ်းပြလိုက်၏။

"အမှန်တော့ ဒဏ်ရာအနာတရ ရရှိထားပြီး ညည်းညူနေတဲ့ လူတွေဟာ ပစ္စည်းထမ်းတဲ့ အလုပ်သမားတွေသာ ဖြစ်ပါတယ်၊ သူတို့ထဲကတချို့ဟာ သေဆုံးနေပြီး တချို့ကတော့ မသေမရှင်နဲ့ ဒဏ်ရာရပြီး



ညည်းညူနေကြပါတယ်၊ သူတို့နားမှာ သေတ္တာ လေး၊ငါးလုံးဟာ ခြေရာလက်ရာမပျက်ဘဲ ရှိနေတာကို တွေ့ရတယ်"

"ကျွန်တော် သူတို့နားတိုးကပ်သွားမိတော့ သူတို့က အော်ကြတယ်၊ လူဆိုးဒေးပြတွေ ပြန်လာပြီတဲ့၊ ဒါပေမယ့် သူတို့ဟာ အော်ရုံသာအော်နိုင်ပြီး ထတောင်မပြေးနိုင်ကြပါဘူး။ ကျွန်တော် အခန်းထဲကို လှည့်ပတ်ကြည့်လိုက်တယ်၊ တန်ချူစိန်း၊ ဟိုလိုနဲ့ သတို့သမီးလောင်း၊ သူတို့သုံးယောက်စလုံးရဲ့အရိပ်အယောင်တောင်မတွေ့ရဘူး၊ သုံးယောက်စလုံး ပျောက်ချင်းမလှပျောက်ဆုံးနေကြတယ်"

"ဒါနဲ့ ကျွန်တော် သေတ္တာတွေနား ကပ်သွားပြီး သေတ္တာတစ်လုံးကို အရင်ဆုံးဖွင့်ကြည့်တယ်၊ ရွှေ ငွေ ရတနာနဲ့လုပ်ထားတဲ့ လက်ဝတ်လက်စားတွေကို တွေ့ရတယ်၊ ကျွန်တော်ဟာ သိမ်ဝမ်းသာသွားမိတယ်၊ မြင်းလှည်းပေါ်ကို ရှိသမျှအားလုံး ရတနာသေတ္တာတွေကို သိမ်းကြုံးတင်လိုက်တယ်၊ အမှန်တော့ မြင်းလှည်းဟာလည်း တန်ချူစိန်းတို့ လူစုကျန်ရစ်ခဲ့တဲ့ မြင်းလှည်းပါ၊ ကျွန်တော့်အတွက်တော့ အားလုံး အဆင်ပြေနေတာပေါ့၊ အဲ... ဒါပေမယ့်..."

သူသည် စကားဖြတ်ကာ ပရိသတ်အား အကဲခတ်သလို မျက်လုံးပင့်ပြီး တစ်ချက်လှမ်းကြည့်လိုက်၏။

"ဒါပေမယ့် ရတနာသေတ္တာတွေ လှည်းပေါ်တင်ပြီး ထွက်ဖို့ ဟန်ပြင်နေတုန်းမှာပဲ တန်ချူစိန်းဟာ လှည်းရှေ့ကို ရုတ်တရက် ရောက်လာပါတော့တယ်"

လီကျင်ဆုသည် ပြင်းထန်လွန်းသော သီချင်စိတ်ဖြင့် ကျက်ဟုန်အား လှမ်းမေးလိုက်ပြန်၏။

"မင်း... တန်ချူစိန်း တစ်ယောက်တည်းပဲတွေ့တာလား၊ ဟိုလို ပါသေးသလား"

ကျက်ဟုန်က ခေါင်းခါယမ်းပြလိုက်သည်။

"ဟင့်အင်း... ဟိုလို မဟုတ်ဘူး တန်ချူစိန်း တစ်ယောက်တည်းပါ၊ မှန်တဲ့အတိုင်းပြောရရင် သူ့ကိုမြင်တော့ လိပ်ပြာလွင့်မတတ် ကျွန်တော် လန့်သွားမိပါတယ်၊ ဒါပေမယ့် လက်ထဲရောက်လုလု ရတနာတွေကို လက်လွှတ်မခံချင်တဲ့လောဘစိတ်ကလည်း ကျွန်တော့်ရင်ထဲမှာ အပြင်းအထန် ဖြစ်ပေါ်နေတယ်၊ ဒီတော့ ကျွန်တော် မြင်းလှည်းပေါ်က ခုန်ဆင်းပြီး သူ့ကိုအရဲစွန့်တိုက်ခိုက်မိတော့တာပေါ့"

ထိုစကားကြောင့် ပရိသတ်များပြုံးကြသည်။

ကျက်ဟုန်လိုလူမျိုးသည် တန်ချူစိန်းအား မည့်ကဲ့သို့ယှဉ်ပြိုင်နိုင်ပါမည်နည်း။

ပရိသတ်များ၏ရင်ထဲမှာ တွေးမိကြသည်။

လောဘဇော ဖိစီးလွန်းလို့သာ ကျက်ဟုန်သည် တန်ချူစိန်းအား ဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်ပေမည်။

ကျက်ဟုန်၏စကားဆက်လိုက်ပြန်၏။

"သိုင်းကွက်သုံးကွက်အတွင်းမှာပဲ သူဟာ ကျွန်တော့်ကို ဒဏ်ရာအနာတရဖြစ်အောင် တိုက်ခိုက်နိုင်ခဲ့ပါတယ်၊ ပဟောဒီမျက်နှာပေါ်က အမာရွတ်ဟာ တန်ချူစိန်းနဲ့ တိုက်ခိုက်ခဲ့စဉ်က ရရှိခဲ့တဲ့ အမာရွတ်ဖြစ်ပါတယ်"

ကျက်ဟုန်ပြောသမျှအား ထုန်မင်ဆုသည် တချိန်လုံး မျက်မှောင်ကြုတ်ကာ နားထောင်နေခဲ့သည်။

ကျက်ဟုန်က သူ့အား တန်ချူစိန်းအနေဖြင့် ဒဏ်ရာရရုံလောက်တင် တိုက်ခိုက်လွှတ်လိုက်ပုံပြောပြသောအခါ ထုန်မင်ဆုသည် အကွက်ဆိုက်ပြီဟုသဘောပိုက်ကာ ခပ်ပိုင်ပိုင်ဝင်မေးလိုက်လေသည်။

"ရတနာသေတ္တာ အချောင်ဝင်နိုးတဲ့ မင်းလိုလူမျိုးကို တန်ချူစိန်း



က ဘာကြောင့် ဒဏ်ရာရရုံပဲ တိုက်ခိုက်လွှတ်လိုက်တာလဲ၊ ဘာကြောင့် မဖမ်းဆီးတာလဲ"

ထုန်မင်ဆု၏အမေးအား ကျက်ဟုန်သည် ခေါင်းခါယမ်းရင်း ဖြေဆိုလိုက်၏။

"ဒါက ဒီလိုပါ၊ ဒဏ်ရာအပြင်းအထန် ရသွားပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော်ဟာ သေမှာကို အကြီးအကျယ်ကြောက်လန့်လာမိပါတယ်၊ ဒီတော့ ကျွန်တော် သူ့ကိုတောင်းပန်မိတယ်၊ ကျွန်တော့်အနေနဲ့ သူ့ကိုခုလိုတိုက်ခိုက်ခဲ့မိတာ ဟိုလိုရဲ့ခိုင်းစေချက်အရသာဖြစ်ကြောင်း အဖြစ်အပျက် အစအဆုံး ဖွင့်ပြောတောင်းပန်ခဲ့ပါတယ်"

"ဒီတော့...တန်ချူစိန်းက ဘာပြောလဲ"

လီကျင်ဆုက အားတက်သရော ဝင်မေးလိုက်၏။

ကျက်ဟုန်သည် ထုန်မင်ဆုအား တည့်တည့်ကြည့်ကာ စကားဆက်ပြန်လေ၏။

"ကျွန်တော့်စကားကြောင့်တန်ချူစိန်းဟာ တွေခနဲတစ်ချက်ဖြစ်သွားပါတယ်၊ အဲဒီအချိန်မှာပဲ အမျိုးသမီးတစ်ယောက်ရဲ့ ထိတ်လန့်တကြား အော်ဟစ်သံဟာ မနီးမဝေးအရပ်က ထွက်ပေါ်လာတယ်၊ ဒီအမျိုးသမီးရဲ့ အော်သံဟာ မနီးမဝေးအရပ်က ထွက်ပေါ်လာတယ်၊ ဒီအမျိုးသမီးရဲ့ အော်သံကိုကြားတော့ တန်ချူစိန်းဟာ မျက်နှာပျက်သွားပါတယ်၊ ချက်ချင်းပဲ သူ့ရဲ့ဓားကို သိမ်းလိုက်ပါတယ်၊ ကျွန်တော့်ကိုလည်း သွားခွင့်ပေးတာနဲ့ ကျွန်တော်လည်း ရတနာတွေကို တစ်စက်ကလေးတောင် လှည့်မကြည့်ဘဲ ကိုယ်လွတ်ရုန်းပြီး တချိုးတည်း ထွက်ပြေးလာခဲ့မိပါတယ်၊ ဒီလိုထွက်ပြေးလာတဲ့ ကျွန်တော်ဟာ တောင်ကုန်းကလေးတစ်ခုအပေါ်ကို ရောက်တဲ့အခါမှာ ခပ်သဲ့သဲ့ ကြားလာမိပါတယ်"

ဤတွင် ထုန်ကျင်ဆုက ရုတ်တရက် ကောက်ကာငင်ကာ ဝင်မေးလိုက်၏။

"တောင်ကြားထဲမှာ တိုက်ခိုက်နေကြတာ ဘယ်သူတွေလဲ"

အမှန်တော့ ထုန်ကျင်ဆုသည် ကျက်ဟုန်အား လျှပ်တစ်ပြက် မေးခွန်းဖြင့် အမိဖမ်းလိုက်ခြင်းဖြစ်သည်။

တိုက်ခိုက်နေကြတာ မည်သူတွေဖြစ်သည်ဟု ကျက်ဟုန်က ပြောလိုက်လျှင် ကျက်ဟုန်လိမ်ပြောနေခြင်းဖြစ်ရမည်၊ မုသားသုံးကာ လုပ်ဇာတ်ခင်းနေခြင်းသာ ဖြစ်ရမည်။

အဘယ်ကြောင့်ဆိုသော် အသက်အန္တရာယ်မှဝေးရန် သုတ်ခြေတင်ပြီး ကိုယ်လွတ်ရုန်းပြေးနေရသူသည် တိုက်ခိုက်နေကြသူများကို သွား၍ ကြည့်နိုင်ပါမည်နည်း။

ဘယ်သူတွေတိုက်ခိုက်နေကြောင်း ဘယ်သို့ပြောနိုင်ပါမည်နည်း။

ပြောနိုင်သည်ဆိုလျှင်တော့ ကျက်ဟုန် လိမ်လည်ရာကျပေတော့မည်။

ထုန်ကျင်ဆုသည် အထက်ပါအတိုင်း တွက်ဆကာ ကျက်ဟုန် လိမ်မလိမ် အမိဖမ်းနိုင်ရန်အတွက် မေးမြန်းလိုက်ခြင်းဖြစ်လေသည်။

ကျက်ဟုန်သည် ခေါင်းကိုဖြည်းလေးစွာ ယမ်းခါကာ...

"အဲဒီအချိန်တုန်းကဆိုရင် ကျွန်တော်ဟာ အသက်အန္တရာယ်က လွတ်အောင် ရတနာပစ္စည်းတောင်မယူဘဲ ပြေးလာခဲ့ရတာ ဘယ်သွားကြည့်ခဲ့ပါ့မလဲ၊ ဒါကြောင့် ဘယ်သူတွေတိုက်ခိုက်နေကြသလဲ မတွေ့ခဲ့မမြင်ခဲ့ပါဘူး"

သူက အေးဆေးစွာပင် ပြန်လည်ဖြေဆိုလိုက်သည်။

ကျက်ဟုန် မလိမ်။

ကျက်ဟုန် အမှန်တွေပြောနေခဲ့ခြင်းသာဖြစ်သည်။



ထို့ကြောင့်လည်း ထုန်ကျင်ဆု၏ အဒိုက်ဖမ်းသောမေးခွန်းမှာ မအောင်မမြင်ဖြစ်သွားရတော့၏။

အမှန့်ပတ်သက်၍ ကျက်ဟုန်၏အစစ်ခံထွက်ဆိုချက်မှာ ပြီးစီးသွားခဲ့ချေပြီ။

ညီလာခံမှာ ငြိမ်သက်တိတ်ဆိတ်နေ၏။

စင်စစ် အမှုကလည်း ရှုပ်ထွေးသည်ထက် ရှုပ်ထွေးကာချေပြီ မဟုတ်ပါလား။

လူပုံအလယ်မှာ ထုန်မင်ဆုတို့လူစုသည် တန်ချူစိန်းအား တရားခံ အဖြစ် စွဲချက်အမျိုးမျိုးတွဲ တင်ခဲ့ကြသည်။

သို့သော် ရှင်းရှင်း ရှင်းရှင်းဖြင့် တန်ချူစိန်းမှာ တရားခံမဟုတ်သည်ကို ပရိသတ်အားလုံး သိလာကြသည်။

လီကျင်ဆုသည် နေရာမှ ရုတ်တရက်ထရပ်ကာ...

"ဖြစ်ပွားခဲ့တဲ့အမှုမှာ တရားခံဟာ တန်ချူစိန်းမဟုတ်ဘူး၊ ဟိုလိုသာ ဖြစ်တယ်ဆိုတာ ထင်ရှားနေပါတယ်"

ထုန်ကျင်ဆု နေရာမှ ထရပ်လိုက်သည်။

"လီကျင်ဆုခင်ဗျား၊ ခင်ဗျားပြောတာ မှားနေပါတယ်၊ တန်ချူစိန်းကသာ ဟိုလိုကို လုပ်ကြံခဲ့တာဖြစ်ပါတယ်၊ မျက်မြင်သက်သေဖြစ်တဲ့ အလုပ်သမားနှစ်ယောက်ဟာ တန်ချူစိန်းကသာ ဟိုလိုကိုလုပ်ကြံခဲ့ကြောင်း ထွက်ဆိုသွားခဲ့ဖူးပါတယ်"

"ဟုတ်ပြီ...အဲဒီမျက်မြင်သက်သေတွေက ဘယ်သူ့ဆီမှာ ထွက်ဆိုသွားတာလဲ၊ အခုသူတို့ ဘယ်မလဲ"

"မျက်မြင်သက်သေ အလုပ်သမားနှစ်ယောက်ကတော့ သေဆုံးသွားပါပြီ၊ သူတို့ထွက်ဆိုသွားတာကတော့ ကျွန်တော်ရဲ့ကိုယ်လွန်သွားတဲ့ ဂိုဏ်းတူအစ်ကို ထုန်ရှန်ဆုဆီမှာ ဖြစ်ပါတယ်"

ဤတွင် ကျင်းစိလူက ဇနရာမှ ထရပ်လိုက်သည်။

"ချက်ဟုန်ရဲ့ ထွက်ဆိုချက်ထဲမှာကျတော့ ပြင်းထန်တဲ့ ဒဏ်ရာနဲ့ ညည်းညူနေတဲ့ အလုပ်သမားတွေကိုသာ တွေ့ခဲ့တယ်၊ ဟိုလိုကို ဒဏ်ရာနဲ့ဖြစ်စေ၊ သေဆုံးလျက်ဖြစ်စေ တွေ့ခဲ့ရတယ်ဆိုတဲ့ အကြောင်း မပါပါဘူး"

ထုန်ကျင်ဆု ကျင်းစိလူကို လှမ်းကြည့်လိုက်မိပြန်သည်။

သူ့နှုတ်မှမူ မည်သည့်စကားသံမျှ ထွက်မလာပါ။

စင်စစ် ဘာပြောရမည်မှန်းမသိတော့၍လည်း ဖြစ်နိုင်သည်။

ထုန်ကျင်ဆု တွေတွေဝေဝေဖြစ်နေစဉ် ကျင်းစိလူက သူ၏ သုံးသပ်ချက်ကို ထပ်မံပြောဆိုလိုက်ပြန်၏။

"နောက်တစ်ချက်ကလည်း ဟိုလိုနဲ့အလုပ်သမားတွေကို တန်ချူစိန်းက တိုက်ခိုက်ခဲ့တယ်ဆိုရင် ညည်းညူနေတဲ့အလုပ်သမားတွေဟာ ကျက်ဟုန်အနားကို ရောက်သွားတဲ့အခါမှာ တန်ချူစိန်းနာမည်ကို ရေရွတ် ဆဲဆိုနေကြတော့မှာပေါ့၊ ခုတော့ ကျက်ဟုန်အနားသို့ ကပ်သွားရုံနဲ့ သူခိုးဓားပြတွေ ပြန်လာပါပြီလို့သာ ထိတ်လန့်တကြား အော်ဟစ်ခဲ့ ကြတယ်၊ ဒါက ဘာပြနေသလဲ၊ သူတို့ကို တန်ချူစိန်း မတိုက်ခိုက် ခဲ့ဘူး၊ ဟိုလိုကို တန်ချူစိန်း သတ်တယ်ဆိုတာ သူတို့မျက်မြင်မဟုတ် ပါဘူးလို့ ဖော်ပြနေတာပဲမဟုတ်လား"

ကျင်းစိလူ၏ နည်းလမ်းကျနမှန်ကန်သော ထောက်ပြချက်ကြောင့် ထုန်ကျင်ဆုမျက်နှာ ကွက်ခနဲပျက်သွားရလေတော့သည်။

သို့သော် သူသည် ချက်ချင်းပင် ပျက်သွားသောမျက်နှာကို ပြင်လိုက်သည်။

ပြန်လှန်ချေရမည့်နည်းကိုလည်း စဉ်းစားလိုက်သည်။



အကြိတ်ခုခု ရလိုက်သည်နှင့် သူ့မျက်နှာမှာ ဝင်းထိန်သွားတော့သည်။

"ခင်ဗျားက ကျက်ဟုန်ရဲ့ထွက်ဆိုချက်နဲ့ထောက်ပြတဲ့အတွက် ကျွန်တော်ကလည်း သူ့ရဲ့ထွက်ဆိုချက်ကိုပဲ မှုတည်ပြီး မေးခွန်းတစ်ခု မေးလိုပါတယ်၊ ကျက်ဟုန်ကထွက်ဆိုသွားခဲ့တယ်၊ ပြေးရင်းလွှားရင်းနဲ့ တောင်အောက်မှာ တိုက်ခိုက်နေကြတဲ့အသံတွေကို သူကြားမိတယ်တဲ့၊ ဒါဆို တန်ချူစိန်းဟာ သူ့ကိုအရင်ဆုံးနှင်ထုတ်၊ ပြီးတော့မှ ဟိုလိုကို သွားရောက်တိုက်ခိုက်၊ ဒါမျိုးကော မဖြစ်နိုင်ဘူးလားခင်ဗျား"

ထုန်ကျင်ဆုကတော့ ပိုင်ပြီအထင်နှင့် မေးလိုက်ခြင်းဖြစ်၏။

ကျင်းစိလူက ပြုံး၍ ခေါင်းခါယမ်းနေ၏။

"ခင်ဗျားပြောသလို ဖြစ်နိုင်တယ်ပဲထားဦး၊ ကျက်ဟုန်ရဲ့ ဖွင့်ပြောချက်အရ ဟိုလိုက သူ့ကို ယုတ်ယုတ်မာမာ ကြံစည်နေပြီဆိုတာ တန်ချူစိန်း သိသွားပြီလေ၊ ဒီတော့ သူ့ကိုယ်သူ ကာကွယ်တဲ့အနေနဲ့ ဟိုလိုကို သူတိုက်ခိုက်ရတော့မှာပေါ့၊ သိုင်းလောကရဲ့ စည်းမျဉ်းကို ဂိုဏ်းချုပ်ကြီး မေ့နေပြီထင်တယ်၊ ဘယ်သူမဆို ကိုယ့်ကို ခုခံကာကွယ် ပိုင်ခွင့်ရှိတယ်လေဗျာ၊ ဒီလိုကာကွယ်ရင်းနဲ့ ဒဏ်ရာရပြီးသေသွားအောင် ပြုလုပ်မိခဲ့တာကိုလည်း ကျွန်တော်တို့က အပြစ်ဆိုလို့မရဘူး"

ထုန်ကျင်ဆု မည်သို့မျှ ပြန်မပြောသာတော့ပါ။

ထုန်မင်ဆုသည် ကျက်ဟုန်အားကြည့်ကာ စဉ်းစားနေ၏။

ကျက်ဟုန်၏ ထွက်ဆိုချက် ပျက်အောင် မည်လိုချေဖျက်ရလျှင် ကောင်းလေမည်နည်း။

ထုန်မင်ဆု အကြံထုတ်နေပြီ။

ထုန်မင်ဆုသည် ရုတ်တရက်အကြံတစ်ခုရပြီး သူ့အတွေးနှင့်သူ ကျေနပ်စွာရယ်မောလိုက်မိ၏။

"ဟား...ဟား...ဟား"

ရုတ်တရက် ဟားတိုက်ရယ်ချလိုက်သော ထုန်မင်ဆုအား အားလုံးက ကြောင်စီစီငိုင်းကြည့်လိုက်မိကြ၏။

လီချင်ဆုက မျက်မှောင်ကြုတ်၍...

"နေစမ်းပါဦး။ ခင်ဗျားက ဘာရယ်တာလဲ"

ထုန်မင်ဆုက မျက်နှာပိုးသတ်ကာ...

"ရယ်စရာကောင်းလို့ ရယ်တာပေါ့၊ ကျုပ်တို့စစ်ဆေးနေပုံက ရယ်စရာဖြစ်နေပြီ"

ထုန်မင်ဆုသည် မျက်နှာတည်တည်ဖြင့် ခေါင်းကို လေးပင့်စွာ ညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ ရယ်စရာပဲ၊ ဘာလို့လဲဆိုတော့ ကျုပ်တို့ဟာ ကျက်ဟုန်ရဲ့ထွက်ဆိုချက်တစ်ခုတည်းကိုသာ အရေးထားနေကြလို့ပဲ၊ အမှန်တော့ ကျက်ဟုန်ဟာ ဒီလိုမြင်ခဲ့ကြားခဲ့ပါတယ်ဆိုတိုင်း ကျုပ်တို့က လိုက်ယုံနေတာ တရားနည်းလမ်းမကျဘူး။ ကျက်ဟုန်မြင်ခဲ့သမျှ ကြားခဲ့သမျှ အမှန်ပါပဲလို့ ဝင်ပြောနိုင်တဲ့ မျက်မြင်သက်သေမရှိဘူး မဟုတ်ဘူးလား"

ထုန်မင်ဆုသည် သူ့စကားကို ပိုပြီးလေးနက်စေရန် ကျင်းစိလူ၏ မျက်နှာအား တည့်တည့်ကြည့်ကာ...

"ကျင်းစိလူ ခင်ဗျား၊ ကျက်ဟုန်ဟာ ဘယ်လိုလူစားမျိုးလဲဆိုတာ ခင်ဗျား သိပါတယ်၊ ကျက်ဟုန်လိုလူစားမျိုးရဲ့စကားကို ခင်ဗျားယုံကြည်နိုင်ပါသလား"

ကျင်းစိလူက ခေါင်းတစ်ချက် ဆတ်ခနဲညိတ်လိုက်၏။

"မှန်ပါတယ်၊ တစ်ဖက်သတ် ထွက်ဆိုချက်ကို ကြည့်လို့မရဘူး၊ ဒါပေမယ့် တစ်ဖက်ထွက်ဆိုချက်ဆိုပြီး အလေးမမူလို့လည်း မဖြစ်ဘူး၊ အမှုမှန်ကို တကယ်တမ်း ဖော်ထုတ်ချင်တယ်ဆိုရင် ဘယ်လိုထွက်ချက်မျိုးမဆို နားထောင်ပြီး မှန်မမှန်လည်း ပိုင်းဖြတ်တတ်ရမယ်"

အမှန်စင်စစ် ကျင်းစိလူ၏စကားမှာ ထုန်မင်ဆု လိုချင်သော အဖြေမဟုတ်ပါ။

ထို့ကြောင့်လည်း ထုန်မင်ဆုသည် သူလိုရာကိုသာ ဇွတ်ရွဲပြောဆိုလေတော့၏။

"တကယ်တမ်းကျတော့ ကျက်ဟုန်ဟာ သစ္စာဖောက် သိုင်းသမားတစ်ယောက်ပါဗျာ၊ ကျွန်တော့်ရဲ့ဂိုဏ်းတူ အစ်ကိုလတ် ထုန်ရှန်ဆုက ခုံတုန်ဂိုဏ်းရဲ့ အကြီးအကဲတစ်ယောက်ဖြစ်တယ်၊ ဒီနှစ်ယောက်ရဲ့ ထွက်ဆိုချက်နှစ်ခုဟာ ဆန့်ကျင်ဘက်ဖြစ်နေတယ်၊ ကဲ...ဒီတော့ ကျက်ဟုန်လို သစ္စာဖောက်ဓားပြတစ်ဦးရဲ့ထွက်ဆိုချက်ကို ယုံကြည်မလား၊ ဂိုဏ်းကြီးတစ်ဂိုဏ်းရဲ့ အကြီးအကဲတစ်ယောက် ပြောခဲ့တဲ့စကားကို ယုံကြည်မလား"

ညီလာခံသို့ တက်ရောက်လာကြသော ပရိသတ်မှာ ထုန်မင်ဆု၏ အမေးကြောင့် ဇဝေဇဝါ ဖြစ်သွားကြသည်။

ထုန်မင်ဆု၏ အမေးမှာ နည်းလမ်းကျနသော မေးခွန်းဟုတ် မဟုတ် ဝေခွဲမရ ဖြစ်သွားကြသည်။

ထိုစဉ်...

ကျက်ဟုန်က နေရာမှ ထရပ်လိုက်ပြန်သည်။

"အမှန်တော့ ကျွန်တော့်ရဲ့အတိတ်သမိုင်းကြောင်းဟာ မကောင်းခဲ့ပါဘူး၊ ဒါကို ကျွန်တော်ဝန်ခံပါတယ်၊ ဒါပေမယ့် ကျွန်တော်ဟာ ခုချိန်မှာ နောင်တရနေတဲ့ လူတစ်ယောက်ဖြစ်နေပါပြီ၊ ဒါကြောင့်လည်း တန်ချူစိန်းဘက်ကရပ်ပြီး ထွက်ဆိုတာပေါ့၊ တကယ်ဆို တန်ချူစိန်းဟာ ကျွန်တော့်ရဲ့ မျက်နှာပေါ်မှာ သေရာပါ အမာရွတ်ကြီး ထင်အောင်

တိုက်ခိုက်ခဲ့တဲ့လူတစ်ယောက်ဖြစ်တယ်၊ ခုချိန်မှာဆို သူဟာ ထုန်မင်း
တို့ရဲ့ တွန်းပို့မှုကြောင့် ချောက်ထဲကျလုတည်းတည်းဖြစ်နေပြီ ကျွန်တော်
သာ မကောင်းမှုကို မက်မောနေသေးတဲ့ လူတစ်ယောက်ဆိုရင်
သူ့ဘက်က ဘာဖြစ်လို့ လိုက်ပြီးပွက်ဆိုနေရတော့မှာလဲ၊ ကျွန်တော်
ကို ဖော်ရာရအောင် တိုက်ခိုက်တဲ့သူ့ကို ဒုက္ခရောက်အောင် ချော
ထဲတွန်းချတော့မှာပေါ့၊ ဒါပေမယ့် ကျွန်တော် မတရားမလုပ်ချင်ဘူ
အဖြစ်မှန်ကို ပြောပြခဲ့ပါတယ်၊ ယုံမယုံတော့ ခင်ဗျားတို့ရဲ့ သဘော
ပေါ့ဗျာ"

ကျက်ဟုန်ပြောတော့လည်း ဟုတ်နေပြန်သည်။

ပရိသတ်မှာ ကျက်ဟုန်၏စကားအား ခေါင်းတညိတ်ညိတ်ဖြ
ထောက်ခံကြပြန်လေသည်။

ထုန်မင်ဆု မကျေမနပ်ဖြစ်သွားမိပြန်သည်။

"အင်း...မှန်တာပြောရမယ်ဆိုရင်တော့ ကျက်ဟုန်ရဲ့ထွက်ဆ
ချက်ကို အလေးအနက်မပြုချင်ဘူးဗျာ၊ သိုင်းလောကမှာ နာမည်ဆိုး
ကျော်ကြားနေတဲ့ လူယုတ်မာရဲ့စကားကို ကျုပ်တို့ မယုံကြည်နိုင်ဘူး

အမှန်တော့ ထုန်ကျင်ဆုတို့လူစုသည် စကားကို ဟိုကွေ့ ဒီယ
ဖြင့် အမျိုးမျိုး ပြောနေကြသော်လည်း ကျက်ဟုန်၏ ထွက်ဆိုချ
ကို သူတို့လက်မခံ။

သူတို့ မယုံကြည်နိုင်။

ထို့ကြောင့်...

တန်ချူစိန်း အမှုအား စစ်ဆေးရာတွင် ကျက်ဟုန်၏ထွက်ဆ
ချက်ဆိုသည်ကို လစ်လျူရှုပြီး စစ်ဆေးမည် ဒါပဲဖြစ်သည်။

လိုတဲ့...

တင်ကျောင်မင်က နေရာမှ ထရပ်လိုက်ပြန်၏။



"ကျက်ဟုန်ရဲ့ ထွက်ဆိုချက်နဲ့ပတ်သက်ပြီး တခြားသက်သေပြ
စရာ အချက်အလက်တစ်ခု ကျွန်တော့်မှာ ရှိပါတယ်"

"ဘာ...သက်သေပြစရာလဲ၊ ပြောစမ်းပါဦး"

ထုန်ကျင်ဆုက စိတ်ဝင်စားစွာ လှမ်းမေးလိုက်၏။

ထုန်ကျင်ဆုသာမက အခြားလူများပါ စိတ်ဝင်စားစွာ နားစွင့်
နေကြ၏။

"ကျက်ဟုန်ကို လုပ်ကြံနှုတ်ပိတ်ချင်တဲ့လူရှိပါတယ်၊ ကျွန်တော်
တို့တောင် ကံသီလို့ လွတ်လာတာပါ"

တင်ကျောင်မင်၏အပြောကြောင့် ထုန်ကျင်ဆုက မျက်လုံး
ပြူးကျယ်စွာဖြင့်...

"ဘယ်သူလဲ၊ ဘယ်သူက ကျက်ဟုန်ကို နှုတ်ပိတ်ဖို့ကြိုးစား
ဘာလဲ"

"ကျက်ဟုန်နဲ့တကွ ကျုပ်တို့အားလုံးကို နှုတ်ပိတ်ဖို့ကြိုးစားတဲ့
သူက အဆိပ်ဒေဝီ ရှင်ချစ်ပဲဖြစ်ပါတယ်"

လီကျင်ဆုက...

"ကဲ...တင်ကျောင်မင်၊ ဒီပြဿနာကို အကြောင်းစုံအောင်
င်းပြစမ်းပါဦး"

တင်ကျောင်မင်က မတ်တတ်ရပ်လိုက်ပြန်သည်။

"ဒီလိုပါ၊ ကျွန်တော်တို့ ခုံတုန်တောင်ကိုရောက်တဲ့ ဒုတိယနေ့
က အဆိပ်ဒေဝီနဲ့ ကျွန်တော် ဆုံတွေ့ခဲ့ကြရပါတယ်၊ တွေ့တွေ့ချင်းပဲ
မှာ ကျက်ဟုန်နဲ့ ကျွန်တော့်ကို စတင်တိုက်ခိုက်တော့တာပါပဲ၊
အဆိပ်အပ်ကို ကျွန်တော်က လိမ့်ထွက်ရှောင်တိမ်းလိုက်သလို၊
န်ရှန်ယွင်ရဲ့ဓားချက်ဟာ အဆိပ်ဒေဝီရဲ့ဦးခေါင်းကို ရှပ်ထိသွားခဲ့

ပါတယ်၊ အဆိပ်ဒေဗီလည်း ကန်ရှန်ယွင်ကို သူဘယ်လိုမှ မယုံ
မှန်းသိပြီး ထွက်ပြေးသွားပါတယ်"

ဤတွင် ထုန်ကျင်ဆုက မျက်မှောင်ကြုတ်၍...

"အဆိပ်ဒေဗီကို မင်းတို့ဘာလို့ မဖမ်းတာလဲ"

ကန်ရှန်ယွင်က ဒေါသတကြီးဖြင့်...

"ဒိုင်နန်မကြီးရဲ့ အဆိပ်အပ်က ကျက်ဟုန်ကိုမထိပေမယ့် ကျူ
ထိသွားတယ်၊ သူ့ကိုလိုက်ဖမ်းဖို့ နေနေသာသာ ကျုပ်တော
တင်ကျောင်မင် ကုသပေးလို့ ခုထိအသက်ရှင်နေရတာဗျ သိလာ

ပြောရင်းဆိုရင်းမှလည်း မည်းမှောင်သည့် အဆိပ်အပ် သုံးချော
ကို အများမြင်သာအောင် ထုတ်ပြလိုက်သည်။

ကန်ရှန်ယွင်သည် လက်ကိုင်ပဝါဖြင့် ဖြန့်ပြအပ်သော အဆ
အပ်သုံးချောင်းလကို လီကျင်ဆုထံသို့ ယူဆောင်သွားသည်။

"ဆရာကြီး လီကျင်ဆုခင်ဗျာ၊ ဆရာကြီးဟာ သိုင်းလောက
ဗဟုသုတကြွယ်ဝတဲ့ပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်၊ ဒီအဆိပ်အပ်သုံးချောင်း
အဆိပ်ဒေဗီအသုံးပြုတဲ့အပ်တွေ ဟုတ်မဟုတ် ဆရာကြီးကပဲ ဆုံးဖြ
ချက်ပေးပါခင်ဗျာ"

လီကျင်ဆုက အပ်သုံးချောင်းကို စစ်ဆေးကြည့်ရှုလိုက်၏
ထို့နောက် ခေါင်းတစ်ချက်ညိတ်၍...

"မှန်ပါတယ်၊ ဒါတွေဟာ အဆိပ်ဒေဗီ ရှင်ချစ်ရဲ့ အဆိ
ဒေရှုပ်အပ်တွေပဲ၊ အဆိပ်ဒေဗီရဲ့ အဆိပ်အပ်ထိရင် (၆) နာရီအ
မှာ ဟက်ကိုယ်လုံးမည်းနက်ပြီး သေသွားနိုင်တယ်၊ ဒါကို မယုံတဲ့
မယုံကြည်တဲ့လူ စမ်းသပ်ကြည့်နိုင်ပါတယ်"

လီကျင်ဆုသည် နောက်ဆုံးစကားလုံးများအား သူ့ကိုမယုံ



သလိုကြည့်နေကြသည့် ထုန်ကျင်ဆုတို့လူသိုက်၏ မျက်လုံးများထဲသို့
တည့်တည့်စိုက်ကြည့်ကာ ပြောလိုက်ခြင်းဖြစ်၏။

ထုန်ကျင်ဆုက ခေါင်းကို ဖျာဖျာသလဲညိတ်ကာ...

"ယုံပါတယ်ဗျာ...ယုံပါတယ်၊ ဆရာကြီးလီကျင်ဆုရဲ့စကားကို
ကျုပ်တို့မယုံကြည်ဘဲ မနေဝံ့ပါဘူး"

အမှန်စင်စစ်...

ပရိသတ်က သူ့အား အာရုံစိုက်ကြည့်နေကြခြင်းကို မခံရဲဘဲ
ပြောဆိုလိုက်ခြင်းမျှသာဖြစ်လေသည်။

တင်ကျောင်မင်ကလည်း ထရပ်ကာ...

"ကျွန်တော်တို့ကိုချစ်ရှစ် ဝင်တိုက်တုန်းက အဲဒီနားမှာ စား
သောက်ဆိုင်လေးတစ်ခုရှိပါတယ်၊ စားသောက်ဆိုင်ပိုင်ရှင်ဟာ အဖြစ်
အပျက်အားလုံး မျက်မြင်တွေ့ကြုံတဲ့လူပါပဲ၊ ဒီတော့ ကျွန်တော်တို့ရဲ့
ထွက်ဆိုချက်ဟာ မျက်မြင်သက်သေရော သက်သေခံပစ္စည်းပါ ပြည့်စုံ
သွားပါပြီလို့ ထင်ပါတယ်"

ထိုစကားကိုတော့ ထုန်မင်ဆုကိုရည်ရွယ်ပြီး ပြောဆိုလိုက်ခြင်း
ဖြစ်၏။

ထုန်မင်ဆုကလည်း လှုပ်ပါးတစ်ယောက်ပါပင်။

တင်ကျောင်မင် ထိုသို့ပြောဆိုလိုက်ပြီးသည်နှင့် အထက်ပါ
စကား သည် သူ့ကိုရည်ရွယ်မှန်း သူသဘောပေါက်မိပါ၏။

သူသည် နေရာမှ ဣန္ဒြေမပျက် ထရပ်လိုက်သည်။

"ခင်များတို့ပြောတဲ့စကားကို ကျုပ်မယုံဘူးလို့ မငြင်းပယ်လို
ပါဘူး၊ ဒါ...ဒါပေမယ့် ကျက်ဟုန်ကို နှုတ်ပိတ်ဖို့ကြိုးစားခဲ့တယ်ဆိုတဲ့
ကိစ္စကတော့ စဉ်းစားစရာဖြစ်နေပါတယ်"

ကျက်ဟုန်က သူ၏စကားကြောင့် ဒေါပွသွားသည်။

"အဆိပ်ဒေဝီနဲ့ ကျွန်တော် အဆက်အသွယ်ရှိတယ်ဆိုတာတော့ အမှန်ပါပဲ၊ ဒါပေမယ့် ဒါဟာ မကောင်းသူချင်းပေါင်းသင်းမှုနဲ့လျော့ ခဲ့မှုသာဖြစ်ပါတယ်ခင်ဗျာ။ ရန်ငြိုးရန်စရယ်လို့တော့ မရှိခဲ့ကြဖူးပါဘူး"

ထုန်မင်ဆုက ကျက်ဟုန်အား စိုက်ကြည့်လိုက်သည်။

"သိုင်းလောကမှာ မင်းရဲ့တခြားရန်သူတွေရော မရှိဘူးလား၊ ဒီလူတွေက ငွေကြေးပေးပြီး ရှင်ချစ်ကို နှုတ်ပိတ်လုပ်ကြံခိုင်းတာရော မဖြစ်နိုင်ဘူးလား"

"ရန်သူဟုတ်လား၊ အင်း...သိုင်းလောကမှာ ကျွန်တော်နဲ့ ရန်ငြိုး တိုက်ခိုက်ခဲ့တဲ့လူတွေတော့ ရှိတာပေါ့ဗျာ၊ ဒါပေမယ့် ဒီလူတွေဟာ အထက်လမ်း သိုင်းသမားတွေပါ၊ သူတို့တစ်တွေက အဆိပ်ဒေဝီရှင်ချစ် လို မိန်းမဆိုးကြီးဆီက အကူအညီတောင်းပြီး ကျွန်ုပ်ကိုလုပ်ကြံခိုင်းတယ် ဆိုတာတော့ မဖြစ်နိုင်ပါဘူး ခင်ဗျား"

ထုန်မင်ဆုနှင့် ကျက်ဟုန်တို့ အချေအတင်ပြောဆိုနေကြ၏။

ထိုစဉ် ကန်ရှန်ယွင်က ခပ်မဲ့မဲ့ပြုံး၍...

"ဒါဟာ လူသတ်ပြီး နှုတ်ပိတ်ဖို့ကြိုးစားတာဖြစ်ပါတယ်ဗျာ၊ လယ်ပြင်မှာ ဆင်သွားသလို ရှင်းရှင်းကြီး ပေါ်လွင်နေတဲ့ကိစ္စပါ"

ထုန်မင်ဆုက ကန်ရှန်ယွင်အား လှမ်းကြည့်လိုက်ပြန်သည်။

"လူသတ်နှုတ်ပိတ်ဖို့ ကြိုးစားတဲ့ကိစ္စဟုတ်လား၊ ဒါဆို ဘယ်သူ က သတ်ခိုင်းတာလဲ၊ အဆိပ်ဒေဝီက မင်းကိုပြောပြမသွားဘူးလား"

ထုန်မင်ဆုက ကန်ရှန်ယွင်အား ဘုဆတ်ဆတ် လှမ်းမေးလိုက် သည်။

ကန်ရှန်ယွင်သည် ထုန်မင်ဆုအား မကျေမနပ်ကြည့်ကာ...

"သူကတော့ ဘယ်သူက ခိုင်းတယ်လို့ ပြောပုံမလဲ၊ သူ့အသက် တောင် သူလုပြီး ထွက်ပြေးသွားရတာ"



ကန်ရှန်ယွင်က ဒေါသတကြီး ပြန်အော်ပြောလိုက်၏။

"ကဲ...ဒါဆို အဆိပ်ဒေဝီ လူသတ်နှုတ်ပိတ်ဖို့ကြိုးစားတာ ဒီအမှုနဲ့ပတ်သက်နေပါတယ်လို့ ဘယ်သူက အခိုင်အမာပြောနိုင်မှာလဲ"

ထုန်မင်ဆုသည် ဟိုလှည့်ဒီပတ်ဖြင့် သူလိုရာကို ဆွဲယူမေးမြန်း နေချေပြီ မဟုတ်ပါလား။

ကန်ရှန်ယွင်က ပြန်လည်ပြောဆိုရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင်...

အသက်ဆယ့်ရှစ်နှစ်ခန့် မိန်းကလေးတစ်ယောက်သည် ညီလာခံ အတွင်းသို့ ပြေးလွှားဝင်ရောက်လာသည်ကို တွေ့လိုက်ရသည်။

ထိုမိန်းကလေးကို အားလုံးက ဝိုင်းကြည့်လိုက်ကြသည်။

ထိုမိန်းကလေးက ပြေးလွှားလာရင်းမှ...

"ဖေဖေရေ...ဖေဖေရေ"

ဟု အမောတကော ရေရွတ်အော်မြည်လာသည်။

ပရိသတ်များမှာ မိန်းကလေးအားကြည့်ကာ မှင်တက်မိနေကြ သည်။

ကျင်းစီလူမှာမူ မမျှော်လင့်ဘဲ မြင်လိုက်ရသော သမီးဖြစ်သူကို ကြည့်ကာ အံ့အားသင့်နေသည်။

ကျင်းစီလူနည်းတူပင် မင်ဝါလေးမှာလည်း မထင်မှတ်ဘဲ တွေ့မြင်လိုက်ရသော ချစ်သူကိုကြည့်ကာ အံ့ဩဝမ်းသာနေမိသည်။

ထိုမိန်းကလေးကိုကြည့်ကာ မျက်နှာအကြီးအကျယ်ပျက်သွားသူ တစ်ယောက်ရှိသည်။

ထိုသူမှာ ထုန်မင်ဆုပင် ဖြစ်၏။

ထုန်မင်ဆုသည် မျက်နှာပျက်သွားရာမှ အထိတ်တလန့် ရွတ်ဆို လိုက်၏။

"ကျင်း...ကျင်းဖဲကြည်"

မှန်ပါသည်။

ပြေးလွှားဝင်ရောက်လာသော မိန်းမပျိုလေးမှာ ကျင်းဖဲကြည်ပင် ဖြစ်ပါသည်။

ကျင်းဖဲကြည်သည် သူမ၏ဖခင်အား ပြေးဖက်လိုက်သည်။

သူမ၏နှုတ်မှလည်း မကျေမနပ်ဖြင့်...

"ဖေဖေ...သမီး...သမီးအတွက် လက်စားချေပေးပါ ဖေဖေ"

ကျင်းဖဲကြည်က ငိုမဲ့မဲ့မျက်နှာပေးဖြင့် ပြောဆို တိုင်တည်လိုက်သည်။

ကျင်းစီလူ၏ရင်ထဲ ထိတ်ခနဲတစ်ချက် ဖြစ်သွားမိ၏။

သူသည် သမီးဖြစ်သူအား ပြန်လည်ဖက်တွယ်ရင်း ပျာပျာသလဲဖြင့်...

"သမီး...ဘာဖြစ်လာလဲပြောစမ်း၊ ဖေဖေက ဘာကို လက်စားချေပေးရမှာလဲ"

ကျင်းဖဲကြည်သည် ဖခင်ဖြစ်သူ၏ အမေးအား ချက်ချင်းအဖြေမပေးပါ။

သူမသည် ထုန်မင်ဆု၊ ထုန်ကျင်ဆုတို့အား ဖခင်၏ရင်ခွင်ထဲမှနေ၍ ကက်ကက်လန် ရန်တွေ့လိုက်သည်။

"ဟင်း...ဒီမှာ...ရှင်တို့မိတ်ဆွေ မိန်းမယုတ်ကြီးကို ခုချက်ချင်းထုတ်ပေးပါ"

ကျင်းဖဲကြည်၏ ထက်မြက်သော မျက်လုံး။

စူးရှသော လေသံနှင့် ပြင်းထန်သော ဟန်ပန်တို့ကိုကြည့်ကာ ထုန်ကျင်ဆု တုန်လှုပ်ချောက်ချားသွားသည်။

သို့သော် သူသည် လူကြီးပီပီ ဣန္ဒြေဆည်လိုက်သည်။



"မင်းဘာတွေ လာပြောနေတာလဲ၊ တို့က ဘယ်မိန်းမယုတ်ကို ထုတ်ပေးရမှာလဲ"

ထုန်ကျင်ဆုက မှင်သေသေ ပြန်မေးလိုက်၏။

"ရှင်တို့နဲ့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း အဆိပ်ဒေဝီရှင်ချစ်ဆိုတဲ့ မိန်းမယုတ်ကြီးပေါ့ရှင့်၊ ခုချက်ချင်း အဲဒီမိန်းမကြီးကို ထုတ်ပေးပါ"

ကျင်းဖဲကြည်က ခြေဆောင့်ရင်း မီးဝင်းဝင်းတောက်တော့မတတ် မျက်လုံးများဖြင့် ကျယ်လောင်စွာ ပြောဆိုနေ၏။

ထုန်ကျင်ဆုက သူမအား မျက်မှောင်ကြုတ်၍ကြည့်လိုက်သည်။

"ဒီမှာမိန်းကလေး...မင်းပြောတာ ဘာဘာတို့တာမှနားမလည်ဘူးကွ၊ အဆိပ်ဒေဝီကို မင်းလိုပဲ ဘာဘာတို့လည်း အလိုရှိနေကြတာပဲ"

ထုန်ကျင်ဆု၏စကားတွင် ရယ်စရာတစ်ခွန်းတစ်ပါဒမျှ မပါပါ။

သို့သော်...

ကျင်းဖဲကြည်က ခပ်ဟက်ဟက်တစ်ချက်ရယ်လိုက်သည်။

လှောင်ပြောင်ရယ်မောလိုက်ခြင်းပင် ဖြစ်ပါ၏။

"အဟင်း...ဟင်း...အဆိပ်ဒေဝီကို လှုပ်ရှားဖို့ ညွှန်ကြားနေကြတဲ့ သူတွေက အဆိပ်ဒေဝီကို အလိုရှိနေတယ်ဆိုပါကလား။ ဟား...ဟား... ဂိုဏ်းချုပ်ကြီး ရှင်ရှူးနေသလား"

ကျင်းဖဲကြည်က ခါးလေးထောက်ကာ ဟန်ပါပါ ပြောဆိုလိုက်၏။

ထုန်ကျင်ဆု ရင်ပူမိလေ၏။

သူသည် ကြားလိုက်ရသောစကားကို မယုံကြည်နိုင်စွာဖြင့်...

"မင်း...မင်း ဘာပြောလိုက်တယ်"

"ရှင်ချစ်ထိုတဲ့ မိန်းမဆိုးကြီး 'ချင်ရှိကွမ်' ကျောင်းဆောင်ထဲမှာ ပုန်းနေတယ်ဆိုတာကို ပြောတာရှင့်၊ ဘာခုမှ မသိချင်ယောင်ဆောင်နေတာလဲ"

ထုန်ကျင်ဆုက နီရဲသောမျက်နှာထားဖြင့် သူ့အားတိုက်ရိုက်စွပ်စွဲနေသော ကျင်းဖဲကြည်ကို စိုက်ကြည့်လိုက်သည်။

"ဟော့... မိန်းမယုတ် အဆိပ်ဒေဝီကို ငါတစ်ခါမှ မမြင်ဖူးဘူးကွ၊ ကျောင်းတိုက်ထဲမှာ ရှိမရှိဆိုတာလည်း ငါမသိဘူး။ ဒါကို ငါကျိန်တွယ်ပြီး ပြောရဲတယ် သိလား"

ထုန်ကျင်ဆုက ဒေါ်ပွပွဖြင့် ပြန်လည်အော်ဟစ်ပြောဆိုလိုက်၏။

အမှန်မှာ အဆိပ်ဒေဝီက ကျင်းဖဲကြည်အား ဖမ်းဆီးထားခြင်းနှင့် သူမကိုယ်တိုင် စောင့်ကြပ်နေခြင်းတို့မှာ ထုန်ကျင်ဆု မဟုတ်ပါ။ ထုန်မင်ဆုသာလျှင် ဖြစ်သည်။

ထုန်ကျင်ဆုအနေဖြင့် အဆိပ်ဒေဝီသည် ကျောင်းတိုက်၏ မည်သည့်နေရာမှာ ရှိနေမှန်းကိုပင် မသိပါ။

ထို့ကြောင့်...

သူသည် ဒေါသတကြီးဖြင့် ပြန်လည်ပြောဆိုလိုက်ခြင်းဖြစ်၏။

ကျင်းဖဲကြည်ကလည်း ဖွတ်ပင်...

"ခုတုန်ကိုက်ချုပ်ကြီးက ခွင့်မပြုဘဲ ဒီမိန်းမယုတ်ကြီးဟာ ကျောင်းနားကို သီရဲမှာ မဟုတ်ဘူး။ အခု သူဒီကျောင်းတိုက်ထဲ ဝင်ပုန်းနိုင်နေတာ၊ ကျွန်မကို မတရားဖမ်းဆီးထားနိုင်တာတွေဟာ ရှင်ခွင့်ပြုလို့၊ ရှင်အမိန့်ပေးလို့ပဲဖြစ်ရမယ်၊ ဒါ ရှင် ငြင်းချင်သေးလား"

သူမသည် ထုန်ကျင်ဆုအား လက်ညှိုးငေါက်ငေါက်ထိုးကာ လက်လက်လန် ရန်တွေ့လိုက်၏။

သူသည် ကျင်းစိလူဘက်သို့ လှည့်လိုက်သည်။



"ကျင်းစိလူ... ခင်များဟာ ဖြောင့်မတ်တဲ့ သိုင်းသမားဖြစ်ပါတယ်၊ ကျုပ်ဟာ ဘယ်တုန်းကမှ လိမ်လည်ပြောဆိုတတ်တဲ့ လူစားမျိုး မဟုတ်ခဲ့ပါဘူး။ ကျုပ် မှန်တာကိုသာ ပြောတတ်ကြောင်း ခင်များ ယုံကြည်လိမ့်မယ် ထင်ပါတယ်"

ထုန်ကျင်ဆုက တုန်ယင်သောလေသံဖြင့် ကျင်းစိလူကို တိုင်တည်ပြောဆိုလိုက်သည်။

ကျင်းစိလူက ခေါင်းကို ဆတ်ခနဲညိတ်လိုက်သည်။

ထို့နောက်...

ကျင်းဖဲကြည်အား ဟန့်တားဖျောင်းဖျပြောဆိုလိုက်၏။

"သမီး... လူကြီးသူမကို ဒီလို ရိုင်းရိုင်းစိုင်းစိုင်း မပြောနဲ့လေ ထုန်ကျင်ဆုဟာ သိုင်းအဖွဲ့ရဲ့ဂိုဏ်းချုပ်တစ်ဦးဖြစ်တယ်၊ သူကမသိဘူးဆိုရင် တကယ်မသိဘူးလို့သာ ပြောတာဖြစ်ရမယ်၊ အဆိပ်ဒေဝီရှင်ချစ် သူ့ကျောင်းတိုက်ထဲ ရောက်နေတာဟာ သူမသိတဲ့ တခြားအကြောင်းတစ်ခုခုကြောင့်လည်း ဖြစ်နိုင်တယ်"

နားထောင်နေကြသော လူအပေါင်းတို့၏ မျက်လုံးအကြည့်ပေါင်းများစွာသည် ထုန်မင်ဆုရှိရာကိုသာ ဖုပ်ကျရောက်သွားကြလေတော့၏။

ထုန်မင်ဆုသည် ပရိသတ်များကို ခပ်တည်တည်ရင်ဆိုင်လိုက်သည်။

"အဆိပ်ဒေဝီရှင်ချစ် ကျုပ်တို့ကျောင်းတိုက်ထဲမှာ ပုန်းနေတယ် ဟုတ်လား။ အင်း... အံ့ဩစရာပဲဗျာ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ်လည်း ဘာမှ မသိရပါလား"

ထုန်မင်ဆုက ခပ်တည်တည်ပြောင်လိမ်လိုက်သည်။

"ကဲ... တူမကြီး ကျင်းဖဲကြည်၊ တူမကြီးသိရှိခဲ့သမျှ ပြောပြလိုက်ပါလား"

လီကျင်ဆုသည် အမှန်တရားကို ဖော်ထုတ်ပြောဆိုနိုင်ရန် ကျင်းပဲ ကြည်အား လမ်းပေါက်ဖွင့်ပေးလိုက်၏။

ကျင်းဖဲကြည်က…

"ကျွန်မအဖြစ်အပျက်ကတော့ ဒီလိုပါရှင်၊ လွန်ခဲ့တဲ့သုံးရက် လောက်က ကျွန်မဟာ ဖေဖေနဲ့တွေ့ဖို့ဆိုပြီး ဒီခံတုန်တောင်ကို ရောက် လာခဲ့ပါတယ်၊ လမ်းမှာမမျှော်လင့်ဘဲ အဆိပ်ဒေဝီရှင်ချစ်နဲ့ ကြုံတွေ့ တိုက်ခိုက်ရပါတယ်၊ ဒီမိန်းမယုတ်ကြီးရဲ့ ကောက်ကျစ်တဲ့တိုက်ကွက် ကိုမရှောင်နိုင်ဘဲ ကျွန်မဟာ သူ့ရဲ့အဖမ်းအဆီးကို ခံခဲ့ရပါတယ်"

ကျင်းဖဲကြည်၏စကားမဆုံးမီ ထုန်ကျင်ဆုက မျက်မှောင်ကြုတ်၍ ကြားဖြတ်ဝင်မေးလိုက်သည်။

"နေစမ်းပါဦး…မင်းကို သူက ဘာအကြောင်းနဲ့ ဖမ်းရတာလဲ"

"သူပြောပြချက်အရ အစ်ကို ကန်ရှန်ယွင်ကို သူလုပ်ကြံတဲ့ကိစ္စ မအောင်မြင်မှုန်း ကျွန်မသိရပါတယ်၊ ဒါကို ဖေဖေ့ဆီရောက်တဲ့အခါ ကျွန်မပြန်ပြောမှာ သူစိုးရိမ်တယ်တဲ့၊ ဒီတော့ ကျွန်မအဖေကို ခြိမ်းခြောက် ဖမ်းဆီးဖို့ ကျွန်မကိုဖမ်းပြီး ခံတုန်တောင်ကိုခေါ်ဖို့ သူဆုံးဖြတ်ကြောင်း ပြောပြီး ဖမ်းတာပါပဲ"

"မင်း စောစောတုန်းက အဆိပ်ဒေဝီရှင်ချစ်ဟာ မင်းကို 'ချင်ရှိ ကွမ်' ကျောင်းတိုက်ထဲမှာ ဖမ်းဆီးပိတ်လှောင်ထားခဲ့တယ်လို့ ပြောခဲ့ တယ်၊ မင်း ချင်ရှိကွမ် ကျောင်းတိုက်ထဲမှာ အဖမ်းခံနေရတုန်းက အဲဒီမှာ လူရှိလား"

ထုန်ကျင်ဆုက ကျင်းဖဲကြည် လိပ်မလိပ်သိနိုင်ရန် ထောက် မေးလိုက်၏။

ကျင်းဖဲကြည်က ခေါင်းကလေးမော့၍ ပြောလေ၏။

"ဒီမေးခွန်းကိုမဖြေခင် ကျွန်မ ဘယ်လိုအဖမ်းခံတာလဲဆိုတာ



အရင်ရှင်းပြပါမယ်၊ အမှန်တော့ ကျွန်မဟာ ချင်ရှိကွမ်ကျောင်းတိုက် တံခါးဝကိုရောက်တဲ့အခါမှာလည်း သူဟာ ကျွန်မရဲ့ မေ့ကြောကို ပိတ်သေးတယ်၊ သတိပြန်ရလာတဲ့အခါမှာ အခန်းကျဉ်းထဲကို ရောက် နေတာ သိရတယ်၊ တခြားဘယ်သူ့ကိုမှလည်း မတွေ့ခဲ့ရပါဘူး"

"အဆိပ်ဒေဝီရဲ့ အရိုးပျော့အဆိပ်ကို မိနေတဲ့သူက ဒီထိအောင် ဘယ်လိုလုပ်ပြီး ထွက်ပြေးလွတ်မြောက်လာနိုင်မှာလဲ"

ထုန်ကျင်ဆုက လျှပ်တစ်ပြက် မေးခွန်းထုတ်လိုက်ပြန်၏။

ကျင်းဖဲကြည်က ဦးခေါင်းမော့ကာ မထိတ်ရှိပြုံးလိုက်သည်။

"ကျွန်မဒုက္ခရောက်နေတုန်း ကယ်တင်မယ့်သူပေါ်လာခဲ့တယ်၊ ကယ်တင်ရှင်ရဲ့ ကျေးဇူးကြောင့် ကျွန်မ ခုလိုလွတ်မြောက်လာရတာ လို့ပဲ အတိုချုပ်ပြောပါရစေတော့"

"မင်းကိုလာကယ်တာ ဘယ်သူလဲ၊ သူက ဘယ်လိုကယ်ခဲ့ တာလဲ"

ထုန်ကျင်ဆုက မေးလိုက်၏။

"ပြောသင့်တဲ့အချိန်ကျတော့ ကျွန်မပြောပါ့မယ်၊ လိုအပ်ရင် သူကိုယ်တိုင် မျက်နှာထုတ်ပြရမှာ ဖြစ်ပါတယ်"

ပရိသတ်များမှာ မချင့်မရဲဖြစ်သွားကြသည်။ ထုန်မင်ဆု၊ ထုန်ကျင်ဆုတို့ထံမှ သက်ပြင်းချသံသဲ့သဲ့ထွက်ပေါ်လာသည်။

ကျင်းဖဲကြည်အား ဝင်ရောက်ကယ်ဆယ်သူမှာ မည်သူမည်ဝါ ဖြစ်ကြောင်း တပ်အပ်သေချာပြောဆိုနိုင်သည့်သူ တစ်ယောက်ရှိသည်။

ထိုသူမှာ မင်ဝါလေးပင်ဖြစ်ပါသည်။

"အင်း…သူ့ခိုးဘုရင်ဆိုတဲ့သဘောကတော့ အဆိပ်ဒေဝီကိုသာ မက ငါ့ကိုပါ တစ်ပတ်ရိုက်ပြီး ကျင်းဖဲကြည်ကို ကယ်တင်ခဲ့တာ ပါပဲလား။

မင်ဝါလေး စိတ်ထဲ အထက်ပါအတိုင်း တွေးမိလိုက်သည်။

ထိုညက မင်ဝါလေးနှင့်တွေ့ဆုံစဉ် သူဒိုးဘုရင်သည် ထုန်မင်ဆု သဏ္ဍာန်ရုပ်ဖျက်ပြီး စကားပြောချိန်မှာပင် အဆိပ်ဒေဝီမသိအောင် ဖြေဆေးအစစ်နှင့်အတု လဲလှယ်ခဲ့ပြီး ဖြစ်သည်။

မင်ဝါလေးရောက်လာ၍ အခြေအနေရှုပ်ထွေးသွားသောအခါ အဆိပ်ဒေဝီ၏စိတ်ထဲတွင် သူမ၏ အဆိပ်ဖြေဆေးကို သူမသာပြန်ရခဲ့သည်ဟု ထင်မှတ်မှားခဲ့သည်။

အဆိပ်ဒေဝီသာမက မင်ဝါလေးကိုယ်တိုင်လည်း သူဒိုးဘုရင်မှာ အကြံအစည်မအောင်မြင်ဘဲ ကျင်းဖဲအတွက်မည်သို့မျှ မစီစဉ်နိုင်ဘဲ ထိုခဏတွင် ကိုယ်လွတ်ရုန်းထွက်ပြေးသွားသည်ဟု ထင်မှတ်မှားနေခဲ့မိသည်။

ယခုတော့ အဆိပ်ဖြေဆေးအတုနှင့်အစစ်ကို ရအောင်လဲယူပြီး ကျင်းဖဲကြည်ကို ကယ်တင်ခဲ့သည့် ဆိုပါလား။

မင်ဝါလေး၏စိတ်ထဲ၌ သူဒိုးဘုရင်အား အထင်ကြီးလေးစားသွားမိတော့သည်။

ထိုစဉ်... လီကျင်ဆုက အံ့ကြိတ်၍...

"အခု ဒီမိန်းမယုတ် ဘယ်မလဲသူ့ကိုဖမ်းပြီးစစ်ဆေးရမယ်"

ကျင်းဖဲကြည်အား လှမ်းမေးလိုက်သည်။

သို့သော်... ကျင်းဖဲကြည်က ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါပြလိုက်သည်။

"အဆိပ်ဒေဝီ ဘယ်ရောက်နေသလဲဆိုတာ ကျွန်မ မသိဘူး။ ကျွန်မ 'ချင်ရှိကွမ်း' ကျောင်းဆောင်ထဲက ထွက်လာခဲ့တုန်းက ကျွန်မကို တားဆီးမယ့်သူတစ်ယောက်မှ မဆုံခဲ့ရဘူး။ သူ့ကိုလည်း အစအနတောင် မမြင်ခဲ့ရပါဘူး"



ကျင်းဖဲကြည်ထံမှ အထက်ပါစကားကိုကြားလိုက်ရသောအခါမှ ထုန်မင်ဆုမှာ စိတ်အေးသွားပြီး ဟင်းခနဲသက်ပြင်းချမိလိုက်မိတော့၏။

"ရှင်ချစ် လက်လွတ်ထွက်ပြေးသွားနိုင်တာ ဖြစ်ရမယ်၊ ရှင်ချစ်လွတ်သွားတာ ငါတို့အတွက် ပစ်ပန်းသာတယ်၊ တို့ပြောချင်သကို ပြောလို့ရတာပေါ့"

ထုန်မင်ဆု၏ရင်ထဲက ပေါ့ပါးစွာတွေးလိုက်မိသည်။ နှုတ်ကမူ ခပ်တည်တည် ပြောဆိုလိုက်လေ၏။

"အစ်ကိုတော် ထုန်ကျင်ဆု၊ ကျုပ်တို့အဖွဲ့ထဲမှာ မသမာသူနဲ့ ပူးပေါင်းနေတဲ့သူတွေတော့ ရှိနေပြီဗျ"

ဟု ခပ်တည်တည် ပြောလိုက်၏။

ထုန်ကျင်ဆုက စိတ်မကောင်းဟန်ဖြင့် ကျင်းဖဲကြည်အား လှမ်းပြောလိုက်၏။

"ကျင်းဖဲကြည်တို့ကျောင်းတိုက်ထဲမှာ မင်းကြုံတွေ့ခံစားရတဲ့ ဒုက္ခအတွက် ဘဘတို့ စိတ်မကောင်းပါဘူး"

ထုန်မင်ဆုက ချောင်းတစ်ချက်ဟန့်လိုက်၏။

"အမှန်တော့ ဒါဟာကျုပ်ရဲ့အစ်ကိုတော် ပြောသလိုပါပဲ ကျုပ်တို့အဖွဲ့ထဲမှာရှိတဲ့ မသမာသူ တစ်ယောက်နှစ်ယောက်ကြောင့် ခုလိုဖြစ်သွားရတာပါ၊ ကျုပ်နဲ့ ကျုပ်နောင်တော်လိုလူတွေတောင် မသိအောင် သူတို့ဟာ အဆိပ်ဒေဝီရဲ့ အချိတ်အဆက်လုပ်သွားနိုင်ခဲ့ကြတယ်"

တကယ်ဆိုတော့ ထုန်ကျင်ဆုနှင့် ထုန်မင်ဆုတို့သည် ဖုံးဖိပြောဆိုနေကြခြင်းမျှသာ ဖြစ်သည်။

တစ်ဖက်တွင် အုပ်ချုပ်ရေးညံ့ဖျင်းမှုလောက်ကိုသာ ဝန်ခံရင်း အခြားတစ်ဖက်ကမူ သူတို့အပေါ် ဝိကျလာမည့် ကြီးလေးသောအပြစ်ကို လွှဲရှောင်နေကြခြင်းမျှသာ ဖြစ်သည်။

ထိုအချိန်မှာပင် တိုးညင်းသော်လည်း ကြည်လင်ပြတ်သား လှသည့် အသံတစ်သံ ထွက်ပေါ်လာပြန်လေသည်။

"ဟား…ဟား…ထုန်မင်ဆုတို့ကတော့ ထမင်းရည်ပူလျှာလွှဲ နေတာကိုး"

ထိုအသံကို အားလုံး ပြတ်သားစွာ ကြားလိုက်ကြပါသည်။

ညီလာခံတွင်းရှိ ပရိသတ်များသာမက ထုန်ကျင်ဆုတို့ လူစု အသံရှင်၏ဆိုလိုချက်ကို သဘောပေါက်လိုက်၏။

သို့သော် လူကိုယ်တိုင်ထွက်မလာဘဲ အသံနှင့်သာတိုက်ခိုက် နေရုံလောက်ကိုတော့ အရေးစိုက်စရာမလိုဟု ထုန်ကျင်ဆုက သဘော ပိုက်လိုက်သည်။

ထို့ကြောင့်…

စကားသံအား ခွန်းတုံ့ပြန်မနေတော့ဘဲ ကျင်းဖဲကြည်ကိုသာ လှမ်းကြည့်လိုက်သည်။

"ကျင်းဖဲကြည် ဒီကိစ္စနဲ့ပတ်သက်ပြီး မိန်းကလေး ဘာဆက် ပြောချင်သေးလဲ ပြောပါ"

ထုန်ကျင်ဆုက ကျင်းဖဲကြည်အားမေးလိုက်သည်။

ကျင်းဖဲကြည်က ခပ်ပြုံးပြုံးဖြင့်…

"ကျွန်မပြောချင်တဲ့စကားကို **ကျွန်မကိုယ်စား** ဘေဘေကပဲ ပြောသွားပါပြီ၊ ရှင်တို့လည်း **ကြားမှာပါ"**

အသံရှင်ကို ရည်ညွှန်းပြောဆိုလိုက်၏။

ထုန်ကျင်ဆုမျက်နှာမှာ ရဲခနဲဖြစ်သွားပြန်၏။

"ကျုပ်တို့ဟာ ထမင်းရည်ပူ လျှာလွှဲလုပ်တတ်တဲ့ လူစားတွေ မဟုတ်ဘူး။ အခု မင်းကိစ္စမှာလည်း တာဝန်ရှိတဲ့အတိုင်း စစ်ဆေး ပါမယ်"



ထိုသို့ပြောပြီးသည်နှင့် ထုန်ကျင်ဆုသည် သူ့လူများဘက်သို့ သတကြီး လှည့်လိုက်သည်။

"ဟေ့…တာရှိ မင်းလူဆယ်ယောက်နဲ့ ချင်ရှိုကွမ်ကျောင်းဆောင် တိုက်ကို စစ်ဆေးမယ်၊ ဟိုမိန်းယုတ်ကိုလည်း ဒီနားတစ်ဝိုက် လိုက် ဦး ဖမ်းခဲ့"

ထုန်ကျင်ဆုက သူ့လူများအား ဟန်ပါပါ အမိန့်ပေးလိုက်သည်။

ကြည့်ရှုနေကြသော ပရိသတ်များမှာ ယူနီဆုလုပ်ကြသတ်ဖြတ် ဥက္ကဋ္ဌတည်းက အထက်ပါအတိုင်း ဟန်ပါပါ အမိန့်ပေးကာ နောက် တွင် ဘာမှ မဟုတ်ဘဲဇာတ်သိမ်းသွားရသော ထုန်ကျင်ဆုတို့၏ ဇာတ်ကို သဘောပေါက်နေကြလေသည်။

"အင်း…ဒီပြဿနာလည်း ဒီလိုပဲပြီးသွားပါမှာ"

"လိုက်ရှာပြီး ကျွန်တော်တို့ ဘာမှ မတွေ့ပါဘူးလို့ပဲ နောက်ဆုံး ကြမှာပဲ"

ဟူ၍သာ မှတ်ချက်ချလိုက်ကြလေတော့၏။

ထိုစဉ်…

"အဗိုတွေ လုပ်မနေပါနဲ့၊ တကယ်တမ်းတီတီကျကျ စုံစမ်း ဆေးချင်တယ်ဆိုရင် ထုန်မင်ဆုကို ပထမဆုံး မေးမြန်းပါ"

တိုးညင်းသော်လည်း ကြည်လင်ပြတ်သားလှသည့် အသံ ရှသံက အားလုံးကြားလောက်အောင် တောင်းဆိုလိုက်ပြန်သည်။

ယခုအခါ ထွက်ပေါ်လာသောအသံကိုမူ ထုန်ကျင်ဆု မကြား ယောင်ဆောင်၍မရတော့။

ထို့ကြောင့်…

**နီရဲသောမျက်နှာဖြင့်** အသံထွက်ပေါ်လာနိုင်သည့်နေရာအရပ် သများကို လှည့်ပတ်ရှာဖွေလိုက်သည်။

"ဟေ့... ဘယ်သူလဲကွ နိုးကြောင်နိုးဝှက်ပြောနေတာ၊ သ
ရှိရင် ပြောင်ပြောင်တင်းတင်း ထွက်ပြောပါလား"

ထုန်ကျင်ဆုက ဒေါသတကြီးဖြင့် ပြောဆိုလိုက်၏။

"အေး... ပြောရမယ်ဆိုရင် မိန်းမယုတ် ရှင်ချစ်နဲ့ဆက်သွယ်
လူဟာ ခုံတုန်ဂိုဏ်းချုပ် ရာထူးကို ဆက်ခံမယ့် ထုန်မင်ဆုပဲ"

အသံရှင်၏ လေသံက ကြည်လင်ပြတ်သားစွာထွက်ပေါ်လာ

ထုန်မင်ဆုက ဒေါသတကြီးဖြင့် ဝုန်းခနဲ ထရပ်လိုက်သ

"ဟေ့... ချောင်ထဲကနေ ပေါက်ကရတွေ လျှောက်မပြော
သတ္တိရှိရင် ရင်ဆိုင်ပြောဆိုပါ"

"မရဲသော်လည်း ပြေးခဲ့စေ" ဟူသောစကားအတိုင်း ထုန်မ
က သူရှုပ်ခဲ့သော ဇာတ်လမ်း ပေါ်လာမှာကို သူထိတ်လန့်စိုးရွံ့
လည်း၊ သူသည်အသံရှင်အား လူကိုယ်တိုင်ထွက်ပြီး ရင်ဆိုင်ရန် မိန်
လိုက်၏။

လူအားလုံးကလည်း ထွက်ပေါ်လာမည့် အသံရှင်ကိုသိချင်
ပြင်းပြစွာဖြင့် မျှော်လင့်စောင့်စားနေကြသည်။

ထိုအချိန်မှာပင် တာရှိနှင့် လိုက်သွားသော လူနှစ်ယောက်
ညီလာခံအတွင်းသို့ နွားရှူးဆူးတိုး ပြေးဝင်ရောက်လာကြပြန်လေ
သည်။

မောကြီးပန်းကြီးနှင့် ပြေးလွှားလာသူနှစ်ယောက်သည် ထုန်
ဆုရှေ့တွင် ကိုယ်ရှိန်သတ် ရပ်လိုက်၏။

တစ်ယောက်က အလန့်တကြားပြောသည်။

"ဂိုဏ်း... ဂိုဏ်းချုပ်ကြီး"

ထုန်ကျင်ဆုက မျက်မှောင်ကြုတ်သွားသည်။

ငယ်သားနှစ်ယောက်ကို ရှုးစိုက်စွာကြည့်လိုက်၏။



"ဘာဖြစ်လာတာလဲ မြန်မြန်ပြောစမ်း"

ဤတွင် တစ်ယောက်က ကိုယ်ကိုညွတ်ကာ...

"ဝင်းခြံအနောက်ဘက် တောင်ကုန်းလေးနားမှာ တာယေ
သွေးကြောအပိတ်ခံရပြီး မေ့လဲနေတာ တွေ့ရပါတယ်... သူ"

"တိတ်စမ်း"

တုန်တုန်ယင်ယင် အစီရင်ခံနေသော ငယ်သားအား ထုန်ကျင်
ဆုက အော်ဟစ်တားဆီးလိုက်၏။

"သူ့ကို ဘယ်သူက သွေးကြောပိတ်သွားတာလဲ"

"မသိ... မသိဘူးရှင့်ဗျာ"

ထုန်ကျင်ဆုက ခုန်မင်ဆုဘက်သို့လှည့်လိုက်သည်။

"အင်း... တို့ဂိုဏ်းထဲကို မသမာသူရောက်နေပြီ"

ထုန်ကျင်ဆု၏ မှတ်ချက်ကို ထုန်မင်ဆုက ခေါင်းညိတ်ထောက်ခံ
နေသည်။

ထိုစဉ် ကြည်လင်ပြတ်သားသောအသံ ထွက်ပေါ်လာပြန်သည်။

"ဟား... ဟား... ဟား မသမာသူမဟုတ်ဘူး၊ မသမာသူတွေကို
ရှင်းပစ်နေတဲ့သူ"

ကြည်လင်ပြတ်သားသော အသံရှင်။

ထိုအသံရှင်သည် လူအုပ်ကြားမှ ပြောပြောဆိုဆိုဖြင့် ဘွားခနဲ
ပေါ်ထွက်လာလေပြီ။

အသံရှင်၏မျက်နှာကို ပဝါဖြင့်စည်းထားပြီး ကိုယ်ဟန်မှာ
နွဲ့နှောင်းပါးလျလှသည်။

ကြည့်ရသည်မှာ မိန်းကလေးတစ်ဦးနှင့် တူ၏။

ထွက်ပေါ်လာသောအသံရှင်ကိုကြည့်ကာ ပရိသတ်များမှာ
လှုပ်လှုပ်ရွရွ ဖြစ်သွားတော့၏။

လျှပ်တစ်ပြက်မျှသောအချိန်အတွင်းမှာပင် ခံ့တုန်သိုင်းသမား ငါးယောက်သည် ရှေ့သို့ လွှားခနဲခုန်ထွက်ကာ အသံရှင်ကို ဝင်ဖမ်းလိုက်ကြ၏။

"ဝုန်း...ဝုန်း...ဝုန်း"

အသံနှင့်အတူ ခံ့တုန်ဂိုဏ်းသမားငါးယောက်စလုံး ပက်လက်လန်လွင့်ပျံပြီး ပြိုလဲကုန်သည်။

◆ ◆ ◆

# အခန်း(၃)

## ကံ့ကြံမှာ၏ရိုက်ချက်

ပရိသတ်ကြီးသည် လျှပ်တစ်ပြက်လှုပ်ရှားလိုက်သော ကန္တကယ အသံရှင်၏ သိုင်းကွက်ကို မျက်လုံးပြူးသွားကြသည်။

"အကျီခါသိုင်းကွက်ပဲ"

လီကျင်ဆုက မှတ်ချက်ချလိုက်၏။

အကျီသိုင်းကွက် အဆင့်မြင့် သိုင်းပညာရှင် တော်တော်များများ ကြားဖူးရုံသာ ကြားဖူးပြီး ကိုယ်တိုင်မတတ်ကျွမ်းကြပါ။

ခံ့တုန်ဂိုဏ်းသားများလည်း ထိုလူအားဖမ်းရန် မကြိုးစားကြတော့ချေ။

ထုန်မင်ဆုသည်မားအိမ်မှ ဓားကိုလည်း ရှမ်းကနဲဆွဲထုတ်လိုက်သည်။ အဖွဲ့သားများ မဖမ်းဆီးဝံ့သော အသံရှင်ကို သူကိုယ်တိုင် ဖမ်းဆီးရပေတော့မည်။

သို့သော် တကယ်တမ်းကျတော့ သူ့ရင်ထဲမှာလည်း ထိတ်လန့်နေမိ၏။ ထိုသူ၏ထက်မြက်သော သိုင်းကွက်တွင် သူကိုယ်တိုင် အလူးအလဲခံလိုက်ရလျှင်မခက်ပါလား။ ထုန်မင်ဆု ချီတုံချတုံ ဖြစ်နေသည်။

ထိုစဉ်...

"ထုန်မင်ဆု၊ ခင်များတို့ သူ့ကိုဘာကိစ္စနဲ့ ဖမ်းမှာလဲ"

လီကျင်ဆုက ဝင်ရောက်မေးမြန်းလိုက်ခြင်းဖြစ်သည်။

"သူဟာ ကျုပ်တို့ခုံတုန်ဂိုဏ်းသားဝတ်စုံကို ဝတ်ဆင်ထားတ ခင်ဗျားတွေ့တယ်မဟုတ်လား။ ကျုပ်တို့ဂိုဏ်းသားဟန်ဆောင်ပြီး'တာဝေ ကို သွေးကြောပိတ်တာလည်း သူပဲဖြစ်ရမယ်။

ထုန်မင်ဆိုဆုသည် လီကျင်ဆုအား ရှင်းပြရင်း တစ်ဖက်မှလည်း စွပ်စွဲလိုက်၏။

အသံရှင်က စကားမဆိုပါ။ မလှုပ်မယှက်သာ ရပ်တန့်နေ၏။

လီကျင်ဆုကသာ ကြားဝင်ပြောဆိုသည်။

"ဒီလိုဟန်ဆောင်တာတော့ မကောင်းဘူးပေါ့ဗျာ၊ အင်း... ဒါပေမယ့် ခုလိုလုပ်ရတာလည်း သူ့မှာအကြောင်းရှိလို့ဖြစ်ပါလိမ့်မယ်၊ ဒီတော့ သူဘာလို့ အယောင်ဆောင်လာတယ်ဆိုတာကို အရင်ဆုံး မေးကြည့်ရအောင်ဗျာ"

လီကျင်ဆု၏စကားကို ထုန်မင်ဆုက ခပ်တွေတွေရပ်ရင်း စဉ်းစားနေ၏။

တကယ်တမ်းကျတော့ သူ့အနေဖြင့် ထိုလူကို နိုင်ရန်ဆိုသည် မှာ မသေချာလှပါ။

လောလောဆယ် လီကျင်ဆု၏စကားကို လက်ခံသည့်အနေ ဖြင့် ဆက်လက်စုံစမ်းတာကမှ တော်ပေဦးမည်။

အထက်ပါ အတွေးနှင့်အတူ ထုန်မင်ဆုသည်သူ၏ဓားကိုမာန် ပါပါ ပြန်သိမ်းလိုက်သည်။

"ကောင်းပြီလေ"

လီကျင်ဆုက...

"ကဲ မိတ်ဆွေခင်ဗျားဘာပြောချင်တာလဲ၊ အရေးကြီးတဲ့အမှန် ပတ်သက်တာကိုသာ ပြောပါ"



အသံရှင်က ခေါင်းကိုဆတ်ခနဲညိတ်လိုက်သည်။

"ကောင်းပြီ၊ ဒါဆို ကျုပ်ပထမဆုံးပြောချင်တာက ထုန်ကျင်ဆု ကျင်စုအနေနဲ့ ကျုပ်ကို အကူအညီပေးပါ"

ထုန်ကျင်ဆုမှာမူ မျက်းလုံးပြူးကျယ်သွားလေသည်။

"ဟေး... မင်းနဲ့ငါနဲ့ ဘယ်တုန်းကများ ပတ်သက်ခဲ့ဖူးလို့ အကူ အညီ တောင်းနေရတာလည်း ပြောစမ်းပါဦး"

ထုန်ကျင်ဆုက ဆတ်လန့်တကြား မေးလိုက်၏။

အသံရှင်ကမူ အေးဆေးစွာ ပြုံးလိုက်သည်။

"ဒီလိုပါ ဂိုဏ်းချုပ်ကြီး၊ မိန်းမယုတ် အဆိပ်ဒေဝီ ရှင်ချစ်ကို ဂိုဏ်းချုပ်ကြီးကလည်း အလိုရှိနေတာပဲမဟုတ်လား"

ထုန်ကျင်ဆုက ခေါင်းတစ်ချက်ညိတ်လိုက်၏။

"ဟုတ်တယ်လေ... အဲဒါဘာဖြစ်လဲ"

"မှန်တာပြောရရင် ဒီမိန်းမယုတ်ဟာ ကျုပ်ရဲ့ရန်သူပဲ၊ ကျုပ် အပေါ်မှာ မတရားဆိုးဆိုးဝါး ရက်စက်ခဲ့ဖူးတယ်၊ ဒါကြောင့် ကျုပ် သူ့ကို အခွင့်သင့်တုန်းဝင်ပြီး တိုက်ခိုက်ခဲ့တယ်၊ သူက ချင်ရှိကွပ် ကျောင်းတိုက်ကနေ ကျောင်းဝင်းအပြင်ဘက် ချောက်ကမ်းပါးနားအထိ ထွက်ပြေးသွားလို့ ကျုပ်လိုက်ပြီး တိုက်ခိုက်ခဲ့တယ်"

အသံရှင်သည် စကားဖြတ်ကာ ပရိသတ်အား မျက်လုံးတစ်ချက် ဝေ့ပြီး အကဲခတ်လိုက်၏။ တခဏမျှကြာမှ အသံရှင်က စကားဆက် လိုက်ပြန်၏။

"အချိန်ကလည်း အရုဏ်တက်ကာနီးအချိန်ဖြစ်နေပြီ၊ နေရာ ကလည်း ချောက်ကမ်းပါးစွန်းမှာ၊ သူဟာ ကျုပ်နဲ့တိုက်ခိုက်ရင်း ချောက် ကမ်းပါးထဲ ထိုးကျသွားတယ်၊ ကျုပ်အနေနဲ့ ဟောဒီခုံတုန်ညီလာခံမှာ ဖြေရှင်းစရာရှိလို့ သူ့ကိုရှာဖို့အချိန်မရခဲ့ဘူး"

အသံရှင်က စကားခေတ္တဖြတ်ကာ ထုန်ကျင်ဆုမျက်နှာ လှမ်းကြည့်လိုက်ပြန်၏။

"ဂိုဏ်းချုပ်ကြီးကို အကူအညီတောင်းချင်တာက အဆိပ် ရှင်ချစ်ကို ရှာပေးဖို့ပါပဲ"

အသံရှင်က သူ့စကားကို အဆုံးသတ်လိုက်၏။

နားထောင်နေကြသူအပေါင်းတို့မှာ တစ်ယောက်မျက်နှာ တစ် ယောက် ထိတ်လန့် အံ့ဩစွာ ကြည့်မိကြတော့သည်။

အမှန်စင်စစ် အဆိပ်ဒေဝီ ရှင်ချစ်ဆိုသည်မှာ နှယ်နှယ် သိုင်းသမားတစ်ဦး မဟုတ်ပါချေ။

သိုင်းလောကတွင် အဆိပ်အသုံးပြုရာ၌ ပြိုင်ဘက်ကင်းသူ ကြောင်း အားလုံးက အသိအမှတ်ပြုထားကြရသည်။

ခုတော့ အဆိပ်ဒေဝီရှင်ချစ်အား အပြတ်အသတ်တိုက်နို နှိမ်နင်းနိုင်သူ ပေါ်ပေါက်လာခဲ့ချေပြီ။

အတန်ကြာ ငြိမ်သက်ပြီးမှ...

ပထမဆုံး လှုပ်ရှားလာသူမှာ ထုန်ကျင်ဆုဖြစ်၏။ သူသည် အသံရှင်ကို မယုံကြည်စွာ ကြည့်နေ၏။

ထို့နောက် မျက်မှောင်ကြုတ်၍...

"ဟော့...မင်းပြောတာ အမှန်ပဲလား"

ထုန်ကျင်ဆုက လွတ်ခနဲအော်မေးလိုက်သည်။

"ချောက်ကမ်းပါးထဲကို အခုချက်ချင်း သွားရှာကြပါ၊ ဒါဆို ကျုပ်ပြောတာ မှန်မမှန် သိနိုင်ကြမှာပါ"

အသံရှင်က မတုန်မလှုပ် ရပ်တန့်နေရာမှ တည်ကြည်စွာ ပြန် ပြောလိုက်၏။

ချောင်အီဝူက...



"ဟောဒီမိတ်ဆွေက ဘယ်သူဘယ်ဝါဆိုတာ ကျုပ်မသိပါဘူး။ ဒါပေမယ့် မိတ်ဆွေမှန်တာကို ပြောနေတယ်လို့ ကျုပ်အကြွင်းမဲ့ယုံကြည် တယ်၊ ကျုပ်အဆိပ်ဒေဝီကို သွားရှာမယ်"

ဤတွင် တင်ကျောင်မင်းကလည်း ရပ်တန့်ကာ...

"ချောင်အီဝူရဲ့စကားကို ကျုပ်ထောက်ခံတယ်၊ ကျုပ်လည်း ခင်ဗျားအဖော်အဖြစ် လိုက်မယ်"

တင်ကျောင်မင်၏ စကားအဆုံးတွင် အခြားသော သိုင်းသမား ငါးယောက်ကလည်း တဝုန်းဝုန်း ထရပ်လိုက်ကြသည်။

"ကျုပ်တို့လည်း ခင်ဗျားတို့နဲ့ လိုက်မယ်"

ထို့နောက်တွင်မူ...

ချောင်အီဝူ၊ တင်ကျောင်မင်နှင့် အခြားသောသိုင်းသမား ငါးယောက်တို့သည် ထိုနေရာမှ ထွက်ခွာသွားကြလေတော့၏။

တင်ကျောင်မင်တို့လူသိုက် ထွက်ခွာသွားကြသောအခါ ထုန်ကျင် ဆုသည် အသံရှင်ဘက်သို့ လှည့်လိုက်၏။

"မင်းမှာ ဘာပြောစရာရှိသေးသလဲ"

အသံရှင်က တည်ငြိမ်စွာဖြင့် ပြောသည်။

"ဖြစ်ပွားနေတဲ့အမှုနဲ့ပတ်သက်ပြီး ပြောစရာရှိတယ်"

ထုန်ကျင်ဆု မျက်နှာမှာ ကွက်ခနဲပျက်သွားသည်။

သို့သော် သူသည် လူကြီးပီပီ ချက်ချင်းဣန္ဒြေဆည်လိုက်၏။

"မင်း ဘယ်သူလဲ"

အသံရှင်သည် ဦးခေါင်း၌ ရစ်ပတ်ထားသော အဝတ်စန္ဒမ်းကြီး ကို အရင်ဆွဲချွတ်လိုက်သည်။

ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော ပွယောင်းယောင်းဖြစ်နေသည့် ခံတုန်သိုင်းသမား ဝတ်စုံကို ခွာချလိုက်ပြန်သည်။

နောက်ဆုံးတွင် သူ့မျက်နှာတစ်ဖက်၌ သုတ်လိမ်းထားသည့် ဆေးရောင်စုံများကို သန့်စင်ပစ်လိုက်လေတော့၏။

ထိုအခါ အသံရှင်၏ပင်ကိုရုပ်မှာ ပေါ်ထွက်လာတော့၏။

ထိုအရုပ်အဆင်းသဏ္ဌာန်ကိုကြည့်ပြီး မြင်ရသူအပေါင်းမှာ ပါးစပ်အဟောင်းသား ဖြစ်ကုန်ကြလေတော့သည်။

အကြောင်းမှာ အသံရှင်သည် အသက် ၃၀ ကျော်ခန့်ရှိပြီ ဖြစ်သော်လည်း အလွန်လှပသော အမျိုးသမီးတစ်ဦး ဖြစ်ပါသည်။

တကယ်ဆိုတော့ သူမအား လှပသည်ဟုဖော်ပြရုံနှင့် ပြီးပြည့်စုံမည်မဟုတ်ပါ။ လှပခြင်းတွင် ကျက်သရေရှိခြင်းကပါ ရောစွက်ပေါင်းစပ်နေခြင်းကြောင့် ဖြစ်ပါသည်။

လှပသော မိန်းကလေးတစ်ယောက်ကို မြင်ရုံနှင့် အကြီးအကျယ် ထိတ်လန့်ကြောက်ရွံ့သွားသော ယောကျ်ားမျိုး ဤကမ္ဘာလောကကြီးတွင် ရှိမည်မဟုတ်ပါ။

ယောကျ်ားများသည် မိန်းမလှလေးကို မြင်လျှင် တစ်ခါမက အကြိမ်ကြိမ်အခါခါ ထပ်ခါတလဲလဲ ကြည့်မိကြသည်မှာ နိယာမသဘောတရားပင် ဖြစ်သည်။

သို့သော် ... ယခု လှပသော ဤမိန်းကလေးကို မြင်သည်နှင့် တစ်ခွေသရဲကို တွေ့လိုက်ရသူပမာ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားသော ယောကျ်ားတစ်ဦး ပေါ်ပေါက်နေချေပြီ။

ထိုသူမှာ အခြားမဟုတ်ပါ။ ခံတုန်ကိုထီး၏ လက်ထောက် ဂိုဏ်းချုပ်ကြီး ထုန်မင်ဆုပင် ဖြစ်၏။

ထုန်မင်ဆုသည် သူ့ရှေ့တွင် မြင်နေရသော မိန်းကလေးကို ကြည့်ရင်း ကြည့်ရင်း ကြောက်ရွံ့တုန်လှုပ်လာလေတော့၏။ ခြေမကိုင်မိ လက်မကိုင်မိနှင့် အလွန်ပင် ချောက်ချားနေလေတော့သည်။



မိန်းကလေးကမူ သူမအား အထိတ်တလန့် ငေးမောနေသော ထုန်မင်ဆုကို ခပ်ပြုံးပြုံး မျက်နှာပေးဖြင့် အေးဆေးတည်ကြည်စွာ စိုက်ကြည့်နေ၏။

"သူဟာ မော်အိဟန်ရဲ့ သမီး မော်လီဟန် မဟုတ်လား"

"မော်လီဟန် ... ဟုတ်လား။ ဒါဆို ဒီမိန်းကလေးဟာ ပျောက်ဆုံးနေတဲ့ သတို့သမီးလောင်းပဲကွ၊ ခံတုန်ကိုထီးကပြောတော့ သူ သေဆုံးခဲ့တာ ကြာပြီဆို"

ပရိသတ်ကြားမှ တီးတိုးရေရွတ်သံများ ထွက်ပေါ်လာလေ၏။

မှန်ပါသည်။

ထိုမိန်းကလေးမှာ တန်ချူစိန်းနှင့်အတူ ပျောက်ဆုံးသွားခဲ့သော မော်လီဟန်ပင် ဖြစ်သည်။

အဖြစ်အပျက်မှာ ဆယ့်ရှစ်နှစ်ခန့် ကြာမြင့်ခဲ့ပေပြီ။

ယခုတော့ မော်လီဟန်သည် မည်သို့မျှ မျှော်လင့်မထားပါဘဲ ပရိသတ်ကြားမှ ဘွားခနဲ ပေါ်ထွက်လာလေတော့၏။

ထုန်မင်ဆုမှ ချောက်ချားထိတ်လန့်နေမိ၏။

အကြောင်းကို မော်လီဟန်က ဖွင့်ချပြလိုက်မှာကို ထုန်မင်ဆု အကြီးအကျယ် ကြောက်ရွံ့နေသည်။

မော်လီဟန်သည် စင်မြင့်အောက်တွင်ရှိသော ပရိသတ်များဘက်သို့ လှည့်လိုက်သည်။

ကိုယ်ကို ကိုင်းညွတ်၍လည်း ...

"မှန်ပါတယ်ရှင်၊ ကျွန်မဟာ လွန်ခဲ့တဲ့ ဆယ့်ရှစ်နှစ်လောက်ကတည်းက လူအားလုံးက ဆုံးသွားပြီလို့ ထင်နေတဲ့ မော်လီဟန်ပါ"

မော်လီဟန်သည် ပရိသတ်အား ဖြည်းညင်းစွာ ရှင်းပြပြီးနောက် ထုန်မင်ဆုဘက်သို့ ခပ်မဲ့မဲ့ပြုံးရင်း ပြန်လှည့်လိုက်သည်။

"ကျွန်မကို ခုလို ကျန်းကျန်းမာမာ ပြန်တွေ့လိုက်ရတော့ မွှ ဝမ်းနည်းသွားမှာပေါ့နော်"

ထုန်မင်ဆုက ပျာပျာသလဲဖြင့် ...

"ဒီ ... ဒီလို မပြောပါနဲ့ မော်လီဟန်၊ မင်း ... မင်းကို ခုလို မမျှော်လင့်ဘဲ ပြန်တွေ့ရလို့ ငါ သိပ်ဝမ်းသာပါတယ်၊ ဝမ်းနည်းစရာ မရှိပါဘူး"

အခြေအနေကို ထိတ်လန့်တကြား ထိန်းသိမ်းလိုက်သည်။

သူ့စိတ်ထဲတွင်မူ လွန်ခဲ့သည့် ဆယ့်ရှစ်နှစ်ခန့်က ယုတ်မာစွာ ကြံစည်လုပ်ဆောင်ခဲ့သော အမှု ပေါ်ပေါက်လာမည်ကို စိုးရိမ်နေသည်။

"အင်း ... ဒီတုန်းက ငါဟာ စီစဉ်ညွှန်ကြားရုံသာ ဖြစ်တယ်၊ ငါကိုယ်တိုင် လုပ်ခဲ့တာတော့ မဟုတ်ဘူး။ ဒါပေမယ့် ဒီကောင်မလေး ဒီကိစ္စတွေ ဘယ်လောက်သိထားလည်းတော့ မသိခဲ့ဘူး"

ထုန်မင်ဆုမှာ မလုံမလဲ တွေးနေမိသည်။

ပရိသတ်အများစုကမူ ရှုပ်ထွေးသည်ထက် ရှုပ်ထွေးကာ နက်နဲ ပြောင်းလဲသည်ထက် ပြောင်းလဲလာသော အမှုအခြေအနေကိုသာ စိတ်ဝင်တစား အကဲခတ်နေကြသည်။

ထုန်ကျင်ဆုက ညီလာခံဖွင့်လှစ်ကြောင်း ကြေညာပြီး နေ့ဝက်ခန့် မပြည့်မီမှာပင် တုန်လှုပ်ချောက်ချားစရာကောင်းသည့် ကိစ္စများ တစ်ခု ပြီးတစ်ခု ဖြစ်ပေါ်ခဲ့သည်။

ဂိုဏ်း၏ အကြီးအကဲတစ်ဦးဖြစ်သူ ယူရှီဆု လုပ်ကြံခံခဲ့ရခြင်း၊ မင်ဝါလေး ထွက်ပေါ်လာခြင်း။

ကန်ရှန်ယွင်၊ တင်ကျောက်မင်တို့က ကျက်ဟုန်အား ဖမ်းဆီး ခေါ်ဆောင်လာခြင်း။

ကျက်ဟုန်က တန်ချူစိန်းဘက်မှ သက်သေခံခြင်း။



ကျင်းဖဲကြည် ထွက်ပေါ်လာခြင်း။

အဖြစ်အပျက်များ တစ်ခုပြီးတစ်ခု ပြောင်းလဲ ဖြစ်ပျက်လာခဲ့၏။

ခုနောက်ဆုံး အဖြစ်အပျက်ကတော့ စိတ်ဝင်စားစရာ အကောင်းဆုံး ဖြစ်ချေပြီ။

လွန်ခဲ့သည့် ဆယ့်ရှစ်နှစ်ခန့်က ပျောက်ချင်းမလှ ပျောက်ဆုံးခဲ့သော သတို့သမီးလောင်းသည် ညီလာခံ၏ လူပုံအလယ်တွင် ရောက်လာကာ အဖြစ်အပျက်များကို ပြောပြတော့မည် မဟုတ်ပါလား။

ဆယ့်ရှစ်နှစ်ပတ်လုံး သူမသည် အမှန်တရားကို မထုတ်ဖော်ဘဲ တိတ်မြုပ်နေခဲ့သည်။

သူမ ဘယ်နေရာမှာ သွားပြီး ပုန်းအောင်းနေခဲ့သလဲ။

သူမ ပုန်းအောင်းခဲ့သော နေရာကို တန်ချူစိန်း သိလား။

တန်ချူစိန်းနှင့် သူမ အဆက်အသွယ် ရှိခဲ့ကြသလား။

အမှန်တရားကို ဘာကြောင့် မထုတ်ဖော်ခဲ့သလဲ။

မည်သည့်အတွက် ယခုအချိန်ကျမှ သူမသည် ဘွားခနဲ ထွက်ပေါ်လာခဲ့ပါသလဲ။

အတွေးများစွာ၊ မေးခွန်းများစွာ၊ ပဟေဠိပေါင်း မြောက်မြားစွာဖြင့် ပရိသတ်အပေါင်းတို့၏ စိတ်ထဲတွင် ယောက်ယက်ခတ်နေလေတော့သည်။

ထိုစဉ် မော်လီဟန်သည် ထုန်မင်ဆုဘက်သို့ ခပ်မဲ့မဲ့ပြုံး၍ လှည့်ကာ ...

"ကျွန်မ အသိပ်သင့်ပြီးတော့ သေသွားကြပြီထင်လို့ တန်ချူစိန်းအပေါ် ရှင်တို့က ပစ္စည်းဥစ္စာရော၊ မိန်းမပျိုပါ လုယက်တဲ့ ဓားပြ မုဒိမ်းကောင် တစ်ယောက်အနေနဲ့ စွဲချက်တင်ထားတယ် မဟုတ်လား"

မော်လီဟန်က တစ်လုံးချင်း အေးစက်စွာ ပြောဆိုလိုက်၏။

ထုန်မင်ဆုထံ၏ မျက်နှာတစ်ခုလုံးမှာ ရှက်သွေးဖြန်းကာ နီရဲနေတော့သည်။

"ဒီ ... ဒီလို မဟုတ်ပါဘူး။ အခြေအနေ ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေတဲ့အချိန်မှာ မင်းကလည်း ပျောက်ဆုံးနေတယ်၊ တန်ချူစိန်းကလည်း မှန်တဲ့အတိုင်းလုံးဝမပြောဘူး။ ဒါကြောင့်သာ တို့ဟာ သူ့အပေါ် ဒီစွဲချက်တွေ တင်ခဲ့တာဖြစ်ပါတယ်၊ မင်းဟာ ငါတို့အရင်းခေါက်ခေါက်ရဲ့ ဇနီးလောင်း ဖြစ်ပါတယ်၊ ငါတို့ရဲ့မျက်နှာကို ထောက်ပြီး မင်းဟာ အမှန်တရား ပြောပြလိမ့်မယ်လို့ ငါတို့ ယုံကြည်ပါတယ်"

မော်လီဟန်က ခပ်မဲ့မဲ့ ပြုံးလိုက်၏။

"ဟုတ်ကဲ့ ... ဟောဒီ ညီလာခံကို ကြွရောက်လာကြတဲ့ အထက်သိုင်းသမားကြီးများကို သက်သေထူပြီး အမှုမှန်ကို ကျွန်မကလည်း ပြောပြမှာ ဖြစ်ပါတယ်"

မော်လီဟန်၏ စကားကို ပရိသတ်အားလုံးက စိတ်ဝင်စားစွာ နားစွင့်နေကြသည်။

ထိုစဉ်မှာပင် ...

မော်လီဟန်၏ တည်ငြိမ်အေးဆေးသော စကားသံသည် ဖြည်းဖြည်းမှန်မှန် ပေါ်ထွက်လာတော့သည်။

"ဒီကိစ္စကို ပြောရမယ်ဆိုရင် ကျွန်မအဖေ ကွယ်လွန်ခဲ့ရတဲ့အချိန်ကစပြီး ပြောပြရမှာ ဖြစ်ပါတယ်၊ ဖေဖေဟာ ကွယ်လွန်စဉ်က အသက် လေးဆယ့်ကိုးနှစ်အရွယ်ပဲ ရှိပါသေးတယ်၊ ဒီအရွယ်ဟာ သိုင်းသမားတစ်ဦးအတွက် အတွင်းအား အကောင်းဆုံးနဲ့ တည်ငြိမ်ရင့်ကျက်ဆုံး အရွယ်ပါ၊ အင်း ... အမှန်ကတော့ ..."

မော်လီဟန်က အံတစ်ချက်ကြိတ်လိုက်၏။

သူ၏မျက်နှာမှာ မခံချင်မှုဖြင့် တင်းမာခက်ထန်နေသည်။



လေသံမှာ မာကြောခက်ထန်နေသည်။

"အမှန်တော့ ဖေဖေဟာ အဆိပ်မိလို့ သေရတာပါ"

လီကျင်ဆုသည် အများထက်ပို၍ သိချင်စိတ် ပြင်းပြစွာဖြင့်

"လုပ်ကြံတဲ့သူကို မင်းသိလား"

"သိပါတယ်၊ ကျွန်မ ဖေဖေကို အဆိပ်ခတ်တဲ့သူဟာ ကျွန်မရဲ့ မိထွေးပဲ ဖြစ်ပါတယ်"

လီကျင်ဆု မျက်လုံးပြူးသွားသည်။

"မင်း မိထွေး ဟုတ်လား။ မင်းမိထွေးဟာ မိန်းမကောင်းတစ်ယောက်၊ အလွန်ရိုးသားတဲ့ ဇနီးတစ်ယောက်အဖြစ် အားလုံးက သိထားကြတာပဲကွ"

လီကျင်ဆုက အထိတ်တလန့် ပြောဆိုလိုက်၏။

ပြောမည်ဆိုလည်း ပြောစရာပင် ဖြစ်ပါ၏။

အများအမြင်တွင် မော်အိဟန်၏ ဒုတိယဇနီးသည် ရိုးသားမွန်မြတ်သူအဖြစ် ထင်ပေါ်ခဲ့သည် မဟုတ်ပါလား။

မော်အိဟန် သေဆုံးသွားခဲ့စဉ်က ကျန်ရစ်ခဲ့သော ပစ္စည်းများကို သူ့အတွက် တစ်ပြားတစ်ချပ်မျှ မယူဘဲ လင်ပါသမီး မော်လီဟန်ကိုသာ လွှဲပြောင်းပေးအပ်ခဲ့သည်။

သူမကိုယ်တိုင်ကတော့ မိခင်ဖြစ်သူရှိရာ အရပ်သို့ ထီးတည်းပြန်သွားခဲ့သည်။

သူမ၏ မွန်မြတ်သော ထိုလုပ်ဆောင်ချက်အား သိုင်းလောကသား အားလုံ့ အချီးမွမ်းခံခဲ့ရသည် မဟုတ်ပါလား။

ယခုတော့ မော်လီဟန်၏ စကားကြောင့် နားထောင်နေကြသူများမှာ မျက်လုံးများ ပြူးကျယ်ဝိုင်းစက်ကာ အံ့အားသင့်ကုန်ကြတော့၏။

မော်လီဟန်က မျက်နှာကို ရှုံ့မဲ့ပစ်လိုက်ရင်း ...

"ဒိမိန်းမကြီးက ဟန်ဆောင် သိပ်ကောင်းတာရှင့်၊ ရှင်တို့မပြော နဲ့၊ ကျွန်မရဲ့ အဖေတောင် သေခါနီးအချိန်ထိ သူ့ကို ဇနီးကောင်းလို့ ထင်ခဲ့မိရှာသေးတာပဲ၊ ဒါပေမယ့် ဖေဖေဟာ သူသေခါနီးမှာ ဘယ်လို အမျိုးအစားထဲကလည်းဆိုတာ သိသွားခဲ့တယ်"

ထုန်ကျင်ဆုမှ ...

"ဘာလဲ ... မင်းအဖေက သူသေကာနီးမှာ မင်းကို ဖွင့်ပြော ခဲ့လို့လား"

မျက်မှောင်ကြုတ်၍ မေးလိုက်သည်။

တကယ်ဆိုတော့ ထုန်ကျင်ဆုသာမက ထုန်မင်ဆုပါ ထိုမေးခွန်း ၏ အဖြေကို သိချင်နေမိသည်။

ထိုစဉ် မော်လီဟန်က ထုန်မင်ဆုဘက်သို့ လှည့်ကာ ...

"ဂိုဏ်းချုပ်ကြီးရဲ့ အမေးကို နောက်မှဖြေပါရစေ၊ လောလော ဆယ် ကျွန်မ မိထွေး ဘယ်လိုအမျိုးအစားထဲက ဖြစ်တယ်ဆိုတာ အရင်ဖြေပါ့မယ်"

မော်လီဟန်၏ အသံကသာ အေးဆေးတည်ငြိမ်စွာ ပြန်လည် ထွက်ပေါ်လာသည်။

"ကျွန်မရဲ့ မိထွေး ဟန်ကြည့်ရင်ဟာ မိန်းမကောင်း မဟုတ်ပါ ဘူး။ သူဟာ ဟန်ဆောင်ကောင်းသူပီပီ သူ့ကိုယ်သူ ဂုဏ်သရေရှိ မိန်းမယောင် ဟန်ဆောင်ခဲ့ပါတယ်။ သိုင်းပညာလည်း လုံးဝမတတ် ကျွမ်းဟန် ဆောင်ခဲ့ပါတယ်၊ တကယ်တန်းကျတော့ သူဟာ အဆိပ် သိုင်းပညာမှာ ပါရဂူခေါ်လောက်တဲ့ မိန်းမကြီး ဖြစ်ပါတယ်၊ အဆိပ်ဒေဝီ ရှင်ချစ်ဟာ သူနဲ့ ပညာသင်ဘက် ညီအစ်မဖြစ်ပါတယ်"

မော်လီဟန်က အေးဆေးတည်ကြည်စွာ ပြောပြနေ၏။



သူ့စကားကို နားထောင်နေသူ အပေါင်းမှာ အံ့အားသင့်လွန်း ... မယုံကြည်နိုင်လွန်းစွာဖြင့်လည်း သူမအား ဝိုင်းကြည့်နေမိကြ၏။

တကယ်ဆိုတော့ ...

အဆိပ်ဒေဝီရှင်ချစ်သည် အဆိပ်ခတ်ပညာတွင် တစ်ဖက်ကမ်း ...တ်မျှ တတ်ကျွမ်းသူဖြစ်၍လည်း အဆိပ်ဒေဝီဟူသော ဘွဲ့ထူးကို ...ူမအား ဝိုင်းဝန်းပေးထားခဲ့ရခြင်း ဖြစ်သည်။

ယခုတော့ မော်လီဟန်၏ မိထွေးသည် အဆိပ်ဒေဝီနှင့် တန်းတူ ...ဆင့်မှာရှိနေသူတစ်ဦးဟု ဆိုနေပါလား။

လီကျင်ဆုကိုယ်တိုင်ပင် ကြားရသော စကားအတွက် သူ့နား ...ှ မယုံနိုင်လောက်အောင် ဖြစ်သွားမိ၏။

အားလုံး အံ့အားသင့်နေကြလေ၏။ ထိုအချိန်မှာပင် ပို၍ အံ့အား ...င့်စရာ။

မယုံကြည်နိုင်စရာ။

အံ့သြထိတ်လန့်စရာကောင်းသော စကားတစ်ခွန်း မောလီဟန်၏ ...တ်များမှ ထွက်ပေါ်လာလေတော့၏။

"ဟန်ကြည့်ရင်မှာ ဆိုးဝါးတဲ့ သမိုင်းကြောင်းတစ်ခု ရှိပါသေး ...ယ်၊ ဘာလဲဆိုတော့ သူဟာ ထုန်ရှန်ဆုရဲ့ တရားမဝင်တဲ့ တိတ် ...တိတ်ပုန်း မယားတစ်ယောက် ဖြစ်တယ်ဆိုတာပါပဲ"

ပရိသတ်မှာ အုံးအုံးကြွက်ကြွက် ဖြစ်သွားတော့သည်။

တစ်ယောက်တစ်ပေါက်ဖြင့် ဆူဆူညံညံ ဖြစ်သွားတော့သည်။

အထူးသဖြင့် ခုံတန်ဂိုဏ်းသားများမှာ ပိုပြီး ဆူညံကုန်တော့ ...ည်။

ထုန်ကျင်ဆု မျက်စိမျက်နှာပျက်စွာဖြင့် ထိုင်ရာမှ ထရပ်လိုက် ...သည်။

ပြီးတော့ မော်လီဟာန်အား တင်းမာစွာ စိုက်ကြည့်လိုက်၏။

"ဒီမှာ မော်လီဟာန် စကားကို ဆင်ခြင်ပြောပါ၊ ကျုပ်ရဲ့ အစ်ကို ထုန်ရှန်ဆုဟာ သူ့ရဲ့ဇနီး ကွယ်လွန်သွားပြီးတဲ့နောက်ပိုင်း နောက် အိမ်ထောင်မပြုဘဲ ကွယ်လွန်တဲ့အထိ နေသွားခဲ့တဲ့လူဖြစ်တယ်၊ ဒါကို ကျုပ်တို့အဖွဲ့သားတွေက သက်သေခံနိုင်တယ်"

ထုန်ကျင်ဆုက ပြတ်သားခိုင်မာစွာ ပြောဆိုလိုက်၏။

မော်လီဟာန်ကမူ သူမ၏ လှပသော မျက်နှာကို မဲ့၍ပြုံးလိုက် ရင်း ...

"ဟင်း ... ထုန်ရှန်ဆုရဲ့ ဇနီး ဘာကြောင့် သေဆုံးသွားခဲ့ရသလဲ ဆိုတာ ရှင်တို့ သိရဲ့လား၊ အမှန်တော့ သူ့ဇနီးဟာ သူနဲ့ ဟန်ကြည့်ရှင် တို့ ပူးပေါင်းလုပ်ကြံသတ်ဖြတ်မှုကြောင့် သေသွားရတာပါ၊ ဒါပေမယ့် ဒီလျှို့ဝှက်ချက်ကို သူ့သား ဟိုလိုတောင် မသိခဲ့ပါဘူး။ ဒီတော့ ရှင်တို့အဖွဲ့သားတွေ ဒီလျှို့ဝှက်ချက်ကို မသိတာ ဘာဆန်းသလဲ၊ ဘာမှမဆန်းဘူး"

မော်လီဟာန်၏ တိကျသေချာလှသော စကားကို နားထောင်ရင်း မှ ထန်မင်ဆု၏မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်သွားရလေတော့သည်၊

သူသည် တုန်ယင်သော အသံဖြင့် ...

"ထုန်ရှင်ဆုရော သူ့သား ဟိုလိုပါ စုချိန်မှာ ကွယ်လွန်ကုန်ကြ ပါပြီ၊ ကွယ်လွန်ကုန်ဘဲ့ လူတွေက သေရာကထပြီး မချေပနိုင်တော့ ဘူးဆိုပြီး မင်းက ထင်သလို စွပ်စွဲနေတာပဲ၊ ဒါကို မင်း ချက်ချင်း ရုပ်သိမ်းပြီး မင်းပြောနေတာတွေဟာ ကွယ်လွန်သွားခဲ့တဲ့ မင်းရဲ့ ဖခင်ကိုပါ လူညံ့ကစ်ခယောက်လို့ စော်ကားရာ ရောက်နေတယ်"

ဆိုင်သည် မဆိုင်သည်မသိသော်လည်း ထုန်မင်ဆုသည် မော်



ဒီဟာန်၏ စွပ်စွဲချက်များ ရုပ်တန့်သွားစေရန် သူ၏ဖခင်နှင့် ကိုယ်ပေါက် ပြောဆိုလိုက်၏။

မော်လီဟာန်က ခေါင်းကို ဆတ်ခနဲ မော့ပစ်လိုက်သည်။

"ဟုတ်တယ် ... ခု ကျွန်မပြောနေတဲ့ စကားတွေဟာ ကျွန်မ ဖေ လူညံ့ကြီးလို့ ကင်ပွန်းတပ်ရာ ရောက်နေတယ်ဆိုတာ ကျွန်မ ဒိတယ်၊ ဒါကြောင့်လည်း ကျွန်မ ဒီအကြောင်းတွေကို ဘယ်သူ့မှ ထုတ်ဖော်ဘဲ နှုတ်ပိတ်နေခဲ့တာပေါ့၊ ဒါပေမယ့် အခြေအနေက ငဲ့ထုတ်ဖော်ပြမှ သင့်လျော်မယ့် အခြေအနေဖြစ်နေပြီ၊ ဒါကြောင့် ကျွန်မ ခုလို ပြောနေရတာ၊ မပြောရင် ကြားထဲက နှိုးသားတဲ့လူ ကွရောက်လိမ့်မယ်"

မော်လီဟာန်က တည်ကြည်စွာ ပြန်ပြောလိုက်သည်။

လီကျင်ဆုသည် မော်လီဟာန်၏ မျက်နှာအား တစ်ချက်မျှ ပှမ်းကြည့်ရာ ...

"မော်လီဟာန် ဒီလျှို့ဝှက်ချက်တွေကို မင်း ဘယ်လိုလုပ် သိသလဲ၊ အထောက်အထားနဲ့ ပြောပြနိုင်ပါ့မလား"

ထုန်ကျင်ဆုက သေချာသည်ထက် သေချာစေရန် မေးမြန်းလိုက် ၏။

မော်လီဟာန်သည် သူမ၏ ဦးခေါင်းကို သွက်လက်စွာ ညိတ်ပြ လိုက်သည်။

"ဟုတ်ကဲ့ ... သက်သေအထောက်အထားနဲ့ ပြောနိုင်တယ်၊ ဒီစာကို ဘာဘာကျင်းစီလူနဲ့ ဘာဘာလီကျင်ဆုတို့ ကိုယ်တိုင် ဖတ်ရှုပြီး အကဲဖြတ်ပေးကြပါရှင်"

လီကျင်ဆုနှင့် ကျင်းစီလူ၏ လက်ထဲသို့ စာလွှာလေးကို လှမ်း ထည့်ပေးလိုက်သည်။

ထိုစာလွှာကလေးကို ကြည့်ကာ ထုန်မင်ဆု၏ မျက်နှာ ဖြူ ဖြူရော် ဖြစ်နေလေပြီ။ သူနဲ့ပတ်သက်တာ ဘာမှ မပါပါစေနဲ့ ထုန်မင်ဆု ကျိတ်ပြီး ဘုရားတနေမိသည်။

ထိုစဉ် လီကျင်ဆုက စာကို သေချာစွာ ဖတ်ရှုနေ၏။

ဖတ်ရှုပြီးသောအခါ ကျင်းစီလူ၏ လက်ထဲသို့ စာကို ထိုးပေး လိုက်သည်။

"အင်း ... ဒီလက်ရေးဟာ ထုန်ရှန်ဆုရဲ့ လက်ရေးပဲဖြစ်တယ်

လီကျင်ဆုကမူ မည်သို့မျှ မပြောသေးပါ။

စာကိုသာ စေ့စေ့သေချာစွာ ဖတ်နေသည်။

စာဖတ်ပြီးသောအခါ မျက်နှာထား တည်ကြည်စွာဖြင့် ...

"ဂိုဏ်းချုပ်ကြီး ထန်ကျင်ဆု ခင်ဗျားပဲ အဆုံးအဖြတ် ပေးပါ"

ပြောပြောဆိုဆိုဖြင့် ကျင်းစီလူက စာလွှာကို ထုန်ကျင်ဆုအား လှမ်းပေးလိုက်၏။

ထုန်ကျင်ဆုက စာလွှာကလေးကို ငုံ့မှုံးယူလိုက်သည်။

ထို့နောက် စာကို သေချာစွာ ကြည့်လိုက်၏။

"လက်ရေးက ထုန်ရှန်ဆုရဲ့ လက်ရေးပဲ မဟုတ်လား"

လီကျင်ဆုက ထပ်ဆင့်မေးလိုက်ပြန်၏။

ထုန်ကျင်ဆုက ခေါင်းကို ဖြည်းလေးစွာ ညိတ်ပြလိုက်သည်

"ဟုတ်ပါတယ်"

မသက်မသာ ဝန်ခံလိုက်သည်။

ထုန်ကျင်ဆု အထက်ပါ စာလွှာကို ဖတ်နေစဉ်က ထုန်မင်ဆု သည် မလုံမလဲစိတ်နှင့် နောက်နားမှကပ်ကာ စာကို သွားရောက် သည်။



ထုန်မင်ဆု၏ မလုံမလဲ ဖြစ်နေပုံကိုကြည့်ကာ ပရိသတ်မှာ ခေါင်းတညိတ်ညိတ် ဖြစ်ကုန်ကြတော့၏။

"အင်း ... ဒီစာဟာ ငါ့အကြောင်း ရေးထားတာ မဟုတ်ဘူး။ ငါနဲ့ ပတ်သက်တာ တစ်လုံးမှမပါဘူး။ ကံကောင်းတယ်လို့ ဆိုရမယ်၊ တစ်ခုတော့ ရှိတယ်၊ လူတွေက ငါ့အပေါ် သံသယကင်းမှာတော့ မဟုတ်ဘူး"

ထုန်မင်ဆုမှာ ဆန့်ကျင်ဘက် အတွေးများစွာဖြင့် ယောက်ယက် ခတ်နေသည်။

ပရိသတ်ကား စကားတစ်ခွန်းမှမဆိုဘဲ အခြေအနေကိုသာ အကဲ ခတ် လေ့လာနေကြသည်။

အတန်ကြာသောအခါ ငြိမသက်မှုကို လီကျင်ဆုက စတင် ဖြိုခွင်းလိုက်၏။

"မော်လီဟန် ... မင်း ဒီစာကို ဘယ်လိုရလာသလဲ"

မော်လီဟန်က ...

"ဒီလိုပါရှင် ... ဖေဖေ အဆိပ်ခပ်ခံရတဲ့ ညက ကျွန်မလည်း တောင်တွေး မြောက်တွေးနဲ့ အိပ်ရာထဲ လှဲနေတုန်း ညသန်းခေါင်မှာ ဖေဖေ့အခန်းထဲက ညည်းသံလိုလို ကြားရပါတယ်၊ ဒါနဲ့ ကျွန်မလည်း ဖေဖေ့အိပ်ခန်းကို ပြေးသွားကြည့်မိတယ်၊ ကျွန်မ အခန်းကို ရောက်တဲ့ အခါ ဖေဖေဟာ အားပျော့တိုးညင်းတဲ့အသံနဲ့ ဟန်ကြည့်ရင်ကို ပြောသံ အရင်ဆုံးကြားရပါတယ်၊ 'မင်းစာက အရေးမကြီးပါဘူးကွာ၊ ငါ့ဆေးဆရာ တစ်ယောက်သာ မြန်မြန်သွားပင့်ပေးပါ၊ ကျွတ် ... ကျွတ် ဆရာမပင့်ဘဲ စာကို ဘာလို့ ဒီလောက် သဲကြီးမဲကြီး ရှာနေရတာလဲ' တဲ့၊ ဖေဖေ့ စကားမဆုံးခင်မှာပဲ ဟန်ကြည့်ရင်ရဲ့ လှောင်ပြောင်ရယ်မောတဲ့ အသံ ဟာ ထွက်ပေါ်လာပြန်တယ်"

မော်လီဟန်သည် ထိုစဉ်က အဖြစ်အပျက်ကို ပြန်ပြော
ရင်နင့်နေဟန်တူ၏။

သူမ၏ မျက်နှာ ညှိုးလျနေသည်။

သူမက စကားဆက်ပြောပြန်၏။

"ဟန်ကြည့်ရင်ဟာ ခါတိုင်း အချိန်တွေမှာဆိုရင် တက
မိန်းမမြတ်တစ်ယောက်လို နေထိုင်သူတစ်ဦး ဖြစ်ပါတယ်၊ စက
ကျယ်ကျယ် မပြောဘူး၊ အသံထွက်ရယ်လေ့ မရှိဘူး၊ ပြုံးတာတေ
သွားပေါ်အောင် ပြုံးလေ့မရှိဘူး၊ ခုတော့ လှောင်ပြောင်ရယ်မော
သူ့ရယ်သံကြားရတာ ကျွန်မဖြင့် ကြက်သီးမွေးညှင်းတောင် ထမိ
ဟိုတုန်းက ဟန်ကြည့်ရင်နဲ့ ဘယ်လိုမှ မဆိုင်တော့ပါဘူးရှင်"

"သူ့ရယ်မောသံကြောင့် ကျွန်မလည်း စိတ်ထဲက ထိတ်လ
သွားတယ်၊ ဘာစည်းကမ်းမှ စောင့်ထိန်းမနေနိုင်တော့ဘဲ အိပ်ခန်း
ကျွန်မ ပြေးဝင်သွားမိတယ်၊ အိပ်ခန်းရဲ့ တံခါးဝကို ကျွန်မ ကျော်
နေတုန်း ဟင်း မင်းအကြောင်း ငါ ခုမှသိရတယ်၊ မင်းဟာ မိန်းမယု
ပဲဆိုတဲ့ ဖေဖေရဲ့ အသံကို ကြားရတော့တာပဲ"

"ဒီအချိန်မှာပဲ ကျွန်မလည်း ဖေဖေတို့နားကို ရောက်သွားတ
ဖေဖေဟာ ဖခင်တစ်ယောက်ရဲ့ မေတ္တာစိတ်ကြောင့် သူခံစားနေရ
ကို ကျွန်မ မသိစေချင်ဘူး၊ ကျွန်မ ရောက်သွားတဲ့အခါမှာ ဘာ
မပြောဘဲ တိတ်ဆိတ်ငြိမ်သက်နေတယ်၊ ဒါပေမယ့် ဖေဖေရဲ့ မျက်
ရိပ် မျက်နှာကဲကို ကြည့်ရတာ ကျွန်မအတွက် စိုးရိမ်ပူပန်နေ
ပေါ်နေတယ်"

မော်လီဟန်က စကားကို ခဏ နားလိုက်သည်။

သူမသည် ပရိသတ်အား အကဲခတ်ကြည့်လိုက်၏။



လူအားလုံးမှာ သူမ၏ စကားကိုသာ အာရုံစူးစိုက်စွာ နားထောင်
နေကြ၏။

သူမက စကားဆက်ပြန်သည်။

"ဟန်ကြည့်ရင်ရဲ့ မျက်နှာကို ကျွန်မ အကဲခတ်လိုက်တယ်၊
အင်မတန် မာယာများတဲ့ မိန်းမကြီးပါပဲရှင်၊ သူဟာ ဖေဖေ့အတွက်
တကယ်ကို အပူမီးမွှားနေဟန် ပေါ်လွင်နေတယ်။ သူက ကျွန်မကို
စိုးရိမ်တကြီးပုံစံနဲ့ လှည့်ပြောလိုက်သေးတယ်၊ ညည်း ဖေဖေတော့
အများသိပ်ကြီးပြီး ကယောင်ကတမ်းတွေ လျှောက်ပြောနေပြီ ဘယ်လို
လုပ်ကြရင် ကောင်းမလဲတဲ့၊ သူက ဒီလိုပြောတော့ ကျွန်မ ဖေဖေ့ကို
လှမ်းကြည့်လိုက်မိတယ်"

"ဖေဖေက မသက်မသာဟန်နဲ့ သက်ပြင်းတစ်ချက် ချလိုက်ပါ
တယ်၊ ပြီးတော့ ကျွန်မလက်ကိုဆွဲပြီး သမီး စောစောတုန်းက ဖေဖေ
ဘာတွေပြောမိလဲလို့ ကျွန်မကို မေးပါတယ်၊ ကျွန်မကလည်း အခြေ
အနေကို လျှပ်တစ်ပြက် အကဲခတ်ပြီး အလိုက်သင့်ပဲ မေမေ့ကို
ဖေဖေ ဆဲဆိုနေတယ်လို့ ပြန်ပြောနေမိတယ်၊ ဒီတော့ ကျွန်မ မိထွေး
ဟန်ကြည့်ရင်ဟာ မျက်နှာငယ်လေးနဲ့ ဟုတ်တယ် သမီး ... ဖေဖေက
ဘာဖြစ်လို့လည်း မသိဘူး၊ မေမေ့ကိုပဲ အတိုင်းသား ဆဲဆိုနေတော့
တာပဲ၊ လို့ ဝင်ပြောပါတယ်၊ စာနဲ့ဖတ်သက်လို့တော့ သူတစ်ခွန်းမှ
မပြောဘူး။ကျွန်မ ဘာမှမကြားခဲ့ဘူးလို့ ယူဆတယ် ထင်ပါရဲ့၊ ကျွန်မ
လည်း အခြေအနေအရ ငြိမ်နေလိုက်တယ်"

"အဲဒီအချိန်မှာပဲ ဖေဖေဟာ ဒုတိယအကြိမ် သက်ပြင်းတစ်ချက်
ချလိုက်ပါတယ်၊ ပြီးတော့မှ ငါဟာ ကယောင်ကတမ်းတွေ ပြောမိတယ်
ထင်ပါရဲ့ကွာ၊ သမီးရေ ... မော်လီဟန် ဖေဖေတော့ လူပြည်မှာ
ကြာ ကြာ နေရမယ် မထင်တော့ပါဘူး သမီးရယ်၊ ဖေဖေ မရှိတဲ့အခါ

သမီး မေမေရဲ့ စကားကို နားထောင်ပါ သီလာ။ သမီး မေမေ မိန်းမကောင်း တစ်ယောက်ပါကွယ်၊ ဖေဖေဟာ မောလျှနွမ်းနယ်နေ အသံနဲ့ ကျွန်မလက်ကို ဆွဲရင်း မှာနေရှာတယ်။ ဖေဖေက စကား ပြောနေတုန်းမှာပဲ လက်က ကျွန်မရဲ့လက်မှာ မသိမသာနဲ့ အက္ခ စာလေး တစ်လုံး ရေးချခဲ့ပါတယ်"

"ဘာရေးတာလဲ ..."

လီကျင်ဆုက စိတ်ဝင်စားစွာ ဝင်ရောက်မေးမြန်းလိုက်သည်

မော်လီဟာန်က ခေါင်းကလေးညိတ်၍ ပြောသည်။

"ဟုတ်ကဲ့ရှင့်၊ အမှန်တော့ ဖေဖေရေးတဲ့ ဒီအက္ခရာဟာ ကျွန်မ တို့ သားအဖချင်းသာ သိတဲ့ လျှို့ဝှက်အမှတ်အသားပါ၊ မိထွေး အ အိမ်ပေါ်ရောက်ကတည်းက မိထွေး ဘယ်လောက်ကောင်းကောင်း မိထွေးဆိုတာ မယုံရဘူးဆိုပြီး ဖေဖေဟာ ကျွန်မကို လျှို့ဝှက် သင်္ကေတ တစ်ခု ပြောပြခဲ့ပါတယ်၊ ဘာလဲဆိုတော့ မိထွေးရှေ့မှာ သူပြောတဲ့ စကားတွေကို အဓိပ္ပာယ် ပြောင်းပြန်နားလည်ရမယ်လို့ ဆိုလိုတဲ့ အ တိုင်း အက္ခရာလေး တစ်လုံး ကျွန်မလက်မှာ မသိမသာ ရေးပေးမယ် ဆိုတဲ့ သင်္ကေတပါပဲ၊ အခု ကျွန်မ ဖေဖေဟာ ဒေါ်လေးလူကို မေ ဆိုတဲ့ စာလုံးလေးတွေကို ဆက်ရေးပါတယ်၊ တစ်ဖက်ကလည်း ကျွန်မ ကို ဂရုစိုက်ဖို့ ဟန်ကြည့်ရင်ကို မှာကြားခဲ့ပါသေးတယ်"

"အမှန်တော့ ဖေဖေဟာ သူ့ကိုယ်သူ သေဆုံးမယ်ဆိုတာ သေသေချာချာ သိနေပါပြီ၊ မိထွေးယုတ်မာတဲ့ အကြောင်း သူ့ရှေ့ မှာတင် ရှင်းရှင်းလင်းလင်း ဖွင့်ပြောလိုက်ရင် ကျွန်မ ဒုက္ခရောက်မှာ စိုးရိမ်တဲ့စိတ်နဲ့ ခုလို တိတ်တဆိတ် လျှို့ဝှက်မှာခဲ့ရှာတာပါ၊ အဲဒီ အချိန်တုန်းက ဖြစ်နေတဲ့ ဖေဖေရဲ့ အကျပ်အတည်းကိုလည်း ကျွန်မ လုံးဝ ရိပ်စားမိပါတယ်၊ သူသေပြီးတဲ့ နောက်ပိုင်း ဒီမိန်းမယုတ်ကို



ကျွန်မ ဘယ်လိုမှ ရင်ဆိုင်နိုင်မှာ မဟုတ်ဘူး။ ဒါကို ဖေဖေ သိတယ်၊ ဒါကြောင့်လည်း ကျွန်မရဲ့ အသက်အန္တရာယ်ကို ကာကွယ်ပေးတဲ့ အနေနဲ့ သူဟာ ရောဂါကြောင့် ဖောက်ပြန်နေတာပါလို့ ဖေဖေက ပြောသွားခဲ့တာပေါ့"

မော်လီဟာန်က စကား ခေတ္တရပ်လိုက်ပြန်သည်။

ပြီးတော့ ... ခပ်မဲ့မဲ့ပြုံး၍ ပြောလေ၏။

"ဟင်း ... ဖေဖေ ကျွန်မကို လျှို့ဝှက်သတင်းပေးသွားနိုင်ခဲ့တာ ကိုတော့ မိန်းမယုတ် ဟန်ကြည့်ရင်ဟာ လုံးဝ မရိပ်စားမိခဲ့ဘူးပေါ့ ရှင်"

"ဖေဖေရဲ့ အဲဒီလို ပါးနပ်လိမ္မာမှုကြောင့်လည်း ဟန်ကြည့်ရင် ဟာ ကြည်လင်လာတဲ့ မျက်နှာနဲ့အတူ ကျွန်မကိုလှည့်ပြီး သမီး မော်လီဟာန်၊ သမီး ဖေဖေအတွက် ဆေးဆရာ သွားပင့်ရအောင်လို့ ပြောခဲ့တာပေါ့၊ ဒါပေမယ့် ဖေဖေက သွင်းပင့်မနေကြနဲ့တော့ ဆိုတဲ့ စကားပြောပြီး ခေါင်းငိုက်စိုက်ကျ သေဆုံးသွားရရှာတော့တာပါပဲ"

"ဖေဖေ သေသွားတဲ့အခါမှာ ဆွေမျိုးတွေအလယ်မှာ သူဟာ သန့်စင်မှန်မြတ်တဲ့ မိန်းမကောင်းတစ်ဦးဖြစ်ကြောင်း ပြသလိုတဲ့ ဟန်ကြည့်ရင်ဟာ နာမည်အကြီးဆုံးဆိုတဲ့ ဆေးဆရာတွေကို ပင့်ပြီး ဖေဖေ့အလောင်းကို စစ်ဆေးခိုင်းပါတယ်၊ အင်း ... ဒီမိန်းမယုတ်ကြီးဟာ ဖေဖေ့ကို သတ်တုန်းက ဘယ်လိုအစွမ်းထက်တဲ့ အဆိပ်မျိုး သုံးတယ် မသိဘူး။ သမားတော်ကြီးတွေ ဝိုင်းစစ်ဆေးလို့ မရဘူး ဖြစ်နေတယ်၊ နောက်ဆုံးမှာ ဖေဖေ သေဆုံးရတာ အတွင်းအားကျင့်လွန်လို့သာ ဖြစ်တယ်လို့ပဲ မှတ်ချက်ချခဲ့ကြရပါတယ်"

မော်လီဟာန်က မဲ့ပြုံး ပြုံးလိုက်၏။

ထို့နောက် လွန်စွာ ခံပြင်းစွာဖြင့် ပြောသည်။

"အင်း ... ဒီမိန်းမကြီးဟာ ဖေဖေ့ကို ခမ်းခမ်းနားနား သဂြိုဟ်ပေးခဲ့တယ်၊ နောက်ပြီး ဖေဖေပိုင်တဲ့ ပစ္စည်းဥစ္စာတွေ ရောင်းချပြီး ရတဲ့ငွေအားလုံးကို အများရှေ့မှာပဲ ကျွန်မကို လွှဲအပ်ပေးပါတယ်၊ အဟင်း ... ဟင်း ... သူက ဒီလိုလုပ်ပြတော့ အကြောင်းမသိတဲ့ လူတွေဟာ သူ့ကို ချီးမွမ်းလို့ မဆုံးဘူး ဖြစ်နေကြတာရှင့်၊ ကျွန်မကလည်း သူ့ကို ဟန်ဆောင်ပြီး ကျေးဇူးတင်လိုက်တာပေါ့၊ ကျွန်မအပေါ် သံသယ မဝင်အောင် သူ့လုပ်ရပ်တွေ ကျွန်မ ဘာမှ မသိဘူးဆိုတဲ့ဟန်မျိုးနဲ့ အလိုက်သင့် နေပြလိုက်တာပေါ့"

ဖေဖေ သေပြီး တတိယနေ့မှာတော့ ကျွန်မ တစ်ယောက်တည်း ဒေါ်လေးလှဆီ တိတ်တဆိတ် ထွက်ခဲ့ပြီး အကြောင်းစုံ မေးမြန်းပါတယ်၊ ဒေါ်လေးလှဟာ ကျွန်မအမေရဲ့ အထိန်းတော် ဖြစ်ပါတယ်၊ သူက ကျွန်မတို့ သားအမိနှစ်ယောက်စလုံးအပေါ် သစ္စာရှိတဲ့ အမျိုးသမီးကြီးပါ၊ ကျွန်မ မေမေ ကွယ်လွန်ပြီးတဲ့နောက်ပိုင်း သူဟာ ကျွန်မကို သမီးလေး တစ်ယောက်လို စောင့်ရှောက်ခဲ့ပါတယ်"

"ဟန်ကြည့်ရှင်ဟာ မင်းသမီးခေါင်းစွပ်ထားတဲ့ ဘီလူးမဆိုတာကို အစောဆုံး ရိပ်မိတဲ့သူကတော့ ဒေါ်လေးလှပါပဲ၊ ဒီမိန်းမယုတ်ကြီး မယုံစားဖို့ကို အမြဲတမ်း သတိပေးခဲ့တာလည်း ဒေါ်လေးလှပဲ ဖြစ်ပါတယ်ရှင်"

မော်လီဟာန်သည် သူမ၏ ဦးခေါင်းကို ဆတ်ခနဲမော့ကာ ဆက်ပြောပြန်သည်။ ပြောရသည်မှာ နာကြည်းစရာချည်း ဖြစ်နေသည်။

"ကျွန်မ အကျိုးအကြောင်း ပြောပြတဲ့အခါ ဒေါ်လေးလှဟာ ခေါင်းတဆတ်ဆတ် ညိတ်ပြီး နားထောင်နေပါတယ်၊ ကျွန်မ စကားဆုံးတော့ စာတစ်စောင် ထယူလာပါတယ်၊ ရော့ ... ဒီစာကို ဖတ်ကြည့်စမ်း၊ ဒါဟာ ထုန်ရှန်ဆုက ဟန်ကြည့်ရှင်ကို ပေးတဲ့စာဖြစ်တယ်၊



သူတို့အချင်းချင်း အချိတ်အဆက်လုပ်နေတုန်း ငါမသိအောင် နိုးယူထားတာ၊ စာကတော့ လွန်ခဲ့တဲ့ တစ်လလောက်က စာပဲ၊ သမီးဖေဖေကိုတောင် ဒေါ်လေး ပြောပြခဲ့ဖူးတယ်၊ သမီးဖေဖေက မတုန်မလှုပ်နဲ့ ရေခဲရုပ်ကြီးအတိုင်း နေနေတော့ သူခံသွားရရှာတာပေါ့၊ ဒေါ်လေးလှဟာ ကြိတ်မနိုင်ခဲမရပြောရင်း မျက်ရည်တွေ ကျနေရှာပါတယ်"

မော်လီဟာန် ပြောသမျှ ငြိမ်သက်စွာ နားထောင်နေရာမှ ပထမဆုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသူမှာ ထုန်မင်ဆု ဖြစ်သည်။ ထုန်မင်ဆုသည် ဖြူဖပ်ဖြူရော် မျက်နှာထားဖြင့် မော်လီဟာန်၏ စကားကို ကန့်ကွက်လိုက်သည်။

"ဟော့ ... မင်း ... မင်း စကားဆင်ခြင်ပြောပါ၊ နောင်တော် ထုန်ရှန်ဆုလိုလူစား ဟုတ်မယ်မထင်ဘူး"

မည်သို့ဆိုစေ မော်လီဟာန်ကတော့ ခပ်မဲ့မဲ့လေး ပြုံး၍သာ ခေါင်းကလေးတစချက် ယမ်းခါလိုက်ရင်း ...

"ထုန်မင်ဆု မိုးကြီးပစ်နေတာကို ထန်းလက်နဲ့ကာဖို့ မကြိုးစားချင်ပါနဲ့၊ ဟောဒီစာထဲက လက်ရေးဟာ ထုန်ရှန်ဆုရဲ့ လက်ရေးဆိုတာ ကိုတ်းချုပ်ကြီးကိုယ်တိုင် ဝန်ခံပြီးပြီ"

သို့ရာတွင် ထုန်မင်ဆုသည် လွယ်လွယ်နှင့် အလျှော့ပေးတတ်သူမျိုး မဟုတ်ပါ။ ထိုနက်ခွင့်ရသည်နှင့် အလွတ်မပေးတန်း ထိုးနက်တိုက်ခိုက်တတ်သော ဝံပုလွေလိုလူစားမျိုးသာ ဖြစ်သည်။

"ထို့ ... စာကလေး တစ်စောင်လောက်ကို သက်သေပြပြီး လူတစ်ယောက်ကို သူလို့လိုလို စွပ်စွဲလို့မှမလားကွ၊ ဒါဟာ တစ်ယောက်ယောက်က သူ့လက်ရေးမျိုးရေးတာကော မဖြစ်နိုင်ဘူးလား"

မော်လီဟာန်က မဲ့ပြုံးဖြင့် ...

"ထုန်ရှန်ဆုရဲ့ လက်ရေးကို တုရေးရအောင် ထုန်ရှန်ဆုကိုတော် ကျွန်မ မြင်ဖူးခဲ့တာ မဟုတ်ဘူး။ ဒီပြင်လူကို ရေးခိုင်းဖို့ဆိုတာကလည်း အဓိပ္ပာယ်ရှိတဲ့ အလုပ် မဟုတ်ဘူး။ ဒေါ်လေးလူကိုယ်တိုင် ဟန်ကြည့် ရင် မသိအောင် နိုးလာတာ၊ ရှင် ဖွတ်ငြင်းမနေနဲ့"

မော်လီဟန်က ပိတ်ပြီး ပြောလိုက်၏။

ထုန်မင်ဆု ပါးစပ်ပိတ်သွားသည်။

လီကျင်ဆုက ထိုင်ရာမှ ထရပ်လိုက်ပြန်၏။

"မော်လီဟန် စာထဲမှာတဲ့ အကြောင်းအရာတွေကို တော့ဒီက ညည့်ပရိသတ်တွေ အကုန်လုံး သိသွားအောင် ပြောပြလိုက်စမ်း"

မော်လီဟန်က ခေါင်းက ဆတ်ခနဲ ညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ရှင် ..."

ထို့နောက် အသံကို အနည်းငယ် မြှင့်လိုက်ကာ ...

"ထုန်ရှန်ဆုက စာထဲမှာ တစ် ဖေဖေ စုဆောင်း သိမ်းသွင်း ထားတဲ့ မျိုးချစ်သိုင်းသမား အသစ်တွေရဲ့ အမည်စာရင်းကို ပြုစုပြီး သူ့လက်ထဲကို လျှို့ဝှက်အပ်နှံရမယ်၊ နှစ် ကျွန်မကို သူ့ချွေးမအဖြစ် သိမ်းသွင်းတဲ့ နေရာမှာ ဟန်ကြည့်ရင်က ဖေဖေကို တိုက်တွန်းပေး ဖို့ ဒီအချက် နှစ်ချက်ကို အဓိကထားပြီး ညွှန်ကြားထားတယ်၊ ဟန် ကြည့်ရင်ရဲ့ လုပ်ဆောင်ချက်အချို့ အောင်မြင်တဲ့အတွက်လည်း စာထဲ မှာ မြှောက်ပင့်ချီးကျူးထားပါသေးတယ်၊ ဟန်ကြည့်ရင်ကို ခေါ်ပုံကို အချစ်ကလေး 'ဟန်' ရေတဲ့ရှင့်၊ ဒါမျိုးကိုမှ ဖောက်ပြန်တယ်လို့ မဆိုရင် ဘယ်လိုဟာ ဆိုရမှာလဲ"

နောက်ဆုံးစကားများကိုတော့ ထုန်မင်ဆုအား စိုက်ကြည့်ကာ မော်လီဟန်က မေးမြန်းလိုက်ခြင်းဖြစ်၏။



ထုန်မင်ဆုမှာ မော်လီဟန်၏ အမေးကို မည်သို့ဖြေရမှန်းမသိ ဘဲ မျက်လုံးကြီးအပြူးသားဖြင့်သာ ပြန်ကြည့်ရရှာလေတော့သည်။

မော်လီဟန်က မျက်နှာကို ခပ်မဲ့မဲ့ထားသော စကားဆက်ပြန် သည်။

"အမှန်တော့ ဟန်ကြည့်ရင်တို့ဟာ ကျွန်မ ဖေဖေကို စောစော စီးစီး သတ်ပစ်ကြဖို့ မဟုတ်ပါဘူး၊ ဒါပေမယ့် ဟောဒီစာကို ကျွန်မ ဖေဖေ ရထားတယ်လို့ ထင်ပြီး သူတို့က လက်ဦးအောင် လုပ်ကြလိုက် တာပါ"

"ထုန်ရှန်ဆုနေနဲ့ ကျွန်မနဲ့ သူ့သားကို လက်ဆက်ပေးဖို့ ဖေဖေ က သဘောတူလာအောင် တိုက်တွန်းခိုင်းတာဟာ အကြောင်းရှိပါတယ်၊ ကျွန်မ သူ့ချွေးမဖြစ်လာရင် ကျွန်မတို့ သားအဖနှစ်ယောက်စလုံးကို သူတို့ ချယ်လှယ်ချယ်သလို ချယ်လှယ်လို့ ရပြီလို့ ယူဆလို့ပါ"

ထိုစကားလုံးကို ပြောရင်းမှ မော်လီဟန်သည် တန်ချူစိန်းအား မသိမသာ မျက်လုံးဖွေကြည့်လိုက်၏။ သက်ပြင်းတစ်ချက်လည်း ကျိတ် ရှိုက်မိလိုက်ရသည်။

တကယ်ဆိုတော့ ဖခင်၏ စကားကို မလွန်ဆန်လိုသဖြင့် ဟိုလို အား လက်ခံရန် ခေါင်းညိတ်မိခဲ့သော်လည်း မော်လီဟန် တကယ်တန်း တိမ်းညွတ်မိခဲ့သူမှာ တန်ချူစိန်းသာ ဖြစ်သည်မဟုတ်ပါလော။

တန်ချူစိန်းကား မည်သည့်လှုပ်ရှားမှု မရှိပါ။ ခေါင်းကြီးကို အတွင်သာ ငုံလျက်ရှိနေသည်။

လူအားလုံး ငြိမ်သက်တိတ်ဆိတ်စွာဖြင့် မော်လီဟန်၏ ဆိုးရွား ခါးသီးသော အတွေ့အကြုံကို နားထောင်ရင်း သူမအတွက် စိတ် မကောင်းဖြစ်နေမိကြသည်။

ထိုစဉ် ကျင်းစိလူက ထိုင်ရာမှ ထလိုက်သည်။ မော်လီဟန်အား တစ်ချက်ကြည့်ကာ ...

"မော်လီဟန် ... ဘဘ မင်းကို ပြောစရာရှိတယ်"

"ဟုတ်ကဲ့ ဘဘ ... ပြောပါ"

"ဒီလိုကွယ် ... ဘဘတို့ အဖွဲ့ဝင်တွေအနေနဲ့ မင်း ဖေဖေရဲ့ အိမ်မှာ သူလျှိုရှိတယ်ဆိုတာ သတင်းရခဲ့တယ်၊ ဒါပေမယ့် သူလျှိုဟာ ဘယ်သူလဲဆိုတာ စုံစမ်းလို့မရဘူး။ ဒီတော့ ဘဘရယ်၊ ကျူးရှန်မူရယ်၊ ရွှေမူဂုရယ် သုံးယောက် တိုင်ပင်ပြီး ဘဘတို့ မင်းတို့အိမ်ကို တိတ်တဆိတ် လူလွှတ်စုံစမ်းမယ်လို့ ဆုံးဖြတ်ခဲ့တယ်၊ ဒီအကြံကို မင်းရဲ့ ဖေဖေကိုတောင် ကြိုတင်အသိမပေးဘဲ လုပ်ဆောင်ခဲ့ကြတယ်"

ကျင်းစိလူ၏ စကားများကို ငြိမ်သက်နားစွင့်နေမိကြသည်။

ကျင်းစိလူက ဆက်လက်ရှင်းပြန်၏။

"ဒီကိစ္စ စုံစမ်းဖို့ တာဝန်ပေးခံရတဲ့သူက သူခိုးဘုရင် လောလုံပဲ"

"သူခိုးဘုရင် လောလုံ ဟုတ်လား"

မော်လီဟန်က တအံ့တသြ မေးလိုက်၏။

ကျင်းစိလူက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ် ... သူခိုးဘုရင် လောလုံရဲ့ ကိုယ်ဖော့ပညာဟာ သိုင်းလောကမှာ အဆင့်မြင့်တယ် မဟုတ်လား။ သူဟာ ဘယ်သူမှ မသိအောင် ဟန်ကြည့်ရင် အိပ်ခန်းနားထိ သွားခဲ့တယ်၊ အဲဒီအချိန်တုန်း ဟန်ကြည့်ရင်ဟာ စာတစ်စောင်ကို ဖတ်နေတယ်၊ မသင်္ကာတာနဲ့ သူစောင့်ကြည့်နေတုန်း ဟန်ကြည့်ရင်ဟာ အခန်းထဲကနေ အပြင်ကို ရုတ်တရက် ထွက်သွားတယ်၊ ဟန်ကြည့်ရင် ထွက်သွားတဲ့အချိန်



မှာ အခန်းထဲကို တိတ်တဆိတ် ဝင်လာတဲ့သူကတော့ မင်းရဲ့ ဒေါ်လေးလူပဲ"

"သူဟာ ဟန်ကြည့်ရင် ဖတ်ထားတဲ့ စာတွေကို တွေ့အောင် ရှာပြီး ကမန်းကတန်း ပြန်ထွက်သွားတယ်၊ ကြည့်နေရင်း လောလုံ ခေါင်းရှုပ်သွားတယ်၊ ဟန်ကြည့်ရင် စာကို ဘာလို့ဖတ်ရတာလဲ၊ ဒေါ်လေးလူက ဒီစာကို ဘာဖြစ်လို့ တိတ်တဆိတ် ခိုးသွားတာလဲ"

"ဒီအချိန်မှာပဲ ဟန်ကြည့်ရင်ဟာ အခန်းထဲ ပြန်ရောက်လာပြန်တယ်၊ စာကိုလိုက်ရှာတာ မတွေ့တော့ ဟန်ကြည့်ရင် သိပ်ဒေါပွသွားတယ်၊ လန့်လည်း လန့်သွားပုံရတယ်၊ အံကြိတ်ပြီး ကြိမ်းတယ်၊ ဟင်း ... သိမယ်၊ သူလက်မဦးခင် တို့ကလက်ဦးစေရမယ်တဲ့၊ ခိုးပြီး နားထောင်နေတဲ့ လောလုံဟာ သူမြင်သမျှ ကြားသမျှကို သေသေချာချာ မှတ်ထားခဲ့တယ်"

ကျင်းစိလူက တောက်လျှောက် ဆက်တိုက်ပြောရာမှ ရပ်နားလိုက်၏။

"ကျင်းစိလူ ဆက်ပြောပါဦးဗျ၊ နောက်ဘာဖြစ်သေးလဲ"

ပရိသတ်များက သိချင်စိတ် ပြင်းပြစွာဖြင့် တောင်းဆိုလိုက်ကြသည်။

ကျင်းစိလူက ပြုံး၍ ခေါင်းညိတ်လိုက်၏။

"ဆက်ပြောပါမယ်၊ လောလုံဟာ သူမြင်ရတဲ့ သဲလွန်စတွေအပေါ် သံသယဝင်လာမိတယ်၊ ဒါပေမယ့် မော်လီဟန်ရဲ့ မိထွေးကို သူလျှိုဖြစ်တယ်လို့လည်း တစ်ထစ်ချ ကောက်ချက်ဆွဲ မယူဝံ့ဘူး။ သူမြင်သမျှတွေကို တင်ပြဖို့အတွက် နောက်တစ်နေ့မှာ မိကြည်ဒေသက ထွက်ခွာပြီး ကျိုလျှံရှန်ကို လာခဲ့တယ်၊ သူ့ တင်ပြသမျှကို ကျုပ်တို့

တစ်တွေ နားထောင်ပြီး လုပ်ငန်းစဉ်ကို စိုင်ပင်ကြတယ်၊ အင်း … ဒါပေမယ့် … "

ကျင်းစိလူက စကားကို ခေတ္တရပ်နားလိုက်ပြန်သည်။

ပြီးတော့ သက်ပြင်းတစ်ချက် လေးတွဲ့စွာ ချကာ …

"ဒါပေမယ့် ကျုပ်အစီအစဉ် ဆွဲနေတဲ့ ရက်ပိုင်းအတွင်းမှာပဲ မော်လီဟန် ကွယ်လွန်သွားပြီဆိုတဲ့ သတင်းဟာ ရင်နင့်စရာ ရောက်လာတယ်၊ ဒီသတင်းရဲ့ နောက်ဆက်တွဲအဖြစ် ဟိုလိုဟာ သတို့သမီးလောင်း မော်လီဟန်ကို သွားကြိုတယ်ဆိုတာရယ်၊ လမ်းခုလတ်မှာတင် ပြဿနာတွေဖြစ်ပြီး သတို့သမီးလောင်း ပျောက်ဆုံးပြီး သတို့သားလောင်း အသတ်ခံရတယ်ဆိုတဲ့ သတင်းတွေကို ဆက်တိုက်ကြားခဲ့ရတော့တာပါပဲ"

ကျင်းစိလူသည် စကားဖြတ်ကာ တန်ချူစိန်းအား ကြည့်လိုက်သည်။

ထို့နောက် ဆက်၍ ပြောသည်။

"ပြဿနာတွေဟာ ဆက်တိုက်ဖြစ်ပေါ်လာတော့ တို့လည်း ဘာကောက်ချက်ချရမှန်းမသိတော့အောင် ဖြစ်လာမိတယ်၊ ဒီအချိန်မှာ ခုံတုန်ဂိုဏ်းသား အကြီးအကဲတွေကတော့ တန်ချူစိန်းကို သစ္စာဖောက် တရားခံအဖြစ် သတ်မှတ် ကြေညာလိုက်ကြတယ်၊ ခက်နေတာက ဒီလို စွပ်စွဲကြေညာချက်ကို တန်ချူစိန်းကလည်း ဘာမှ ချေပပြောရှင်းခြင်း မပြုဘူး၊ ဒီကိစ္စတွေအားလုံးကို ကျုပ်တို့ရဲ့ သူခိုးဘုရင် လောလုံဟာ ဆယ့်ရှစ်နှစ်လုံးလုံး စုံစမ်းနေခဲ့တယ်၊ သူရလာတဲ့ သဲလွန်စတချို့ကတော့ ရှိနေတယ်၊ ဒီသဲလွန်စတွေကို ဆက်စပ်ကြည့်တဲ့အခါ တန်ချူစိန်းမှာ အပြစ်မရှိကြောင်း ဖော်ပြနေကြတယ်၊ ဒါကြောင့်လည်း တန်ချူစိန်းဘက်က ချေပပြောဆိုဖို့ ကျုပ် ဒီကို ရောက်လာတာဖြစ်တယ်"



ထုန်မင်ဆုမှာ သူ့အရှုပ်တော်ပုံ ဘူးပေါ်သလို ပေါ်လာမှာ …ရွံ့နေမိသည်။

ထုန်မင်ဆု တုန်တုန်ယင်ယင်ဖြင့် မှုပျက်နေချေပြီ။

ထိုစဉ် လီကျင်ဆုက မော်လီဟန်ဘက်လှည့်ကာ …

"မင်း ကြုံတွေ့ခဲ့ရတဲ့ ထိတ်လန့်စရာအဖြစ်အပျက်တွေကို …လုံး ကြားနိုင်အောင် ဆက်ပြောစမ်းပါဦးကွာ"

မော်လီဟန်က ခေါင်းကလေး ညိတ်ပြလိုက်၏။

"ပြောပါ့မယ်၊ ကျွန်မလည်း ဒေါ်လေးလူနဲ့ ဘာဆက်လုပ်သင့်လဲ …တာ တိုင်ပင်ခဲ့ပါတယ်၊ ဒေါ်လေးလူက စာမတတ် ပေမတတ်ပေမယ့် …ဆို့မထက် ဗဟုသုတရော အတွေ့အကြုံပါ ကြွယ်ဝလို့ပါ၊ ဒေါ်လေးလူ …သမီး မိန်းမယုတ် ဟန်ကြည့်ရင်ကို မုန်းတီးတဲ့ လက္ခဏာ လုံးဝမပြဘဲ …ကြားလား၊ သူက ညည်းကို လက်ထပ်ဖို့ တိုက်တွန်းလည်း ခေါင်း …ငြိမ်လိုက်၊ ဒါမှ သူယုတ်မာမှုကို ရေဆုံးရေဖျား အကဲခတ်လို့ရမှာလို့ …ကြံပေးခဲ့ပါတယ်"

"ပထမတော့ ဒီအကြံကို ကျွန်မ ဒေါသဖြစ်မိသေးပါတယ်၊ …ချစ်သူသားကို ကျွန်မ ဘယ်လိုလုပ်ပြီး လက်ထပ်ရမှာလဲလို့ ဒေါ်မွမွနဲ့ …ကိုမေးလိုက်မိတယ်၊ ဒီတော့ ဒေါ်လေးလူက အို … သမီးကလည်း …လိုက်တာ၊ ငါက ညည်းကို ရန်သူသားကို ကြည့်ဖြူပါလို့ ပြောပြ…တာမှ မဟုတ်တာ၊ ပထမဆုံး သမီးလုပ်သင့်တာက မိန်းမယုတ် …ဟန်ကြည့်ရင်ရဲ့ လက်ထဲက လွတ်မြောက်ဖို့ မဟုတ်လား။ အဲ ထွက် …ပြေးရင် မိန်းမယုတ်က သမီးကို မြေလှန်ရှာပြီး တွေ့တာနဲ့ သတ်ပစ်…ယ်၊ သမီး သူ့ကို ဘယ်လိုမှ ယှဉ်ပြိုင်နိုင်မှာ မဟုတ်ဘူး၊ ဒီတော့ …ဘာမှမသိတဲ့ဟန်နဲ့ လက်ထပ်ဖို့ အကြောင်းပြပြီး လက်ဝက်လက်စား …နေပ်ရိကွာ အပြည့်အစုံနဲ့ ခုံတုန်ဂိုဏ်းကိုသာ သွားပါ၊ ဟိုမှာ ဂိုဏ်းချုပ်

ထုန်မြောက်ကျင်တင်ဆိုတာ ရှိတယ်၊ သူဟာ ညည်းအဖေနဲ့ ရင်း
မိတ်ဆွေ၊ ဟိုရောက်ရင် သူ့ညီတော် ထုန်ရှုန်ဆုနဲ့ ဟန်ကြည့်ရ
မသမာတဲ့ ကြံစည်မှုလုပ်ရပ်ကို ထုန်မြောက်ကျင်တင်ကို ဖွင့်ပြေ
ပေါ့တဲ့၊ ဂိုဏ်းချုပ်ကိုယ်တိုင်က ကျွန်မ စကားကို မယုံရင်ကော
ကျွန်မက ပြန်မေးတယ်"

"ဒီတော့ ဒေါ်လေးက ဒီ ... ထန်မြောက်ကျင် တင်ဟာ တ
မှုတတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးပါအေ၊ သက်သေ အထောက် အ
အဖြစ် အဲဒီစာပါ သိမ်းယူသွားလို့ အကြံပေးပါတယ်၊ ဒေါ်လေ
ပေးတဲ့အကြံကို ကျွန်မ လက်ခံလိုက်မိတယ်၊ အခြေအနေအရ ဒီလို
သင့်တာဟာ အသင့်လျော်ဆုံးပဲလို့လည်း ကျွန်မ ဆုံးဖြတ် လိုက်
တယ်"

"ကျွန်မ ဒေါ်လေးလူဆီက ပြန်လာတဲ့အခါမှာ ဟန်ကြည့်
က ပြောတယ်၊ ထုန်မင်ဆုကိုယ်တိုင် စာလှမ်းရေးလိုက်တယ်
သတို့သားနဲ့ သူ့အဖော်တို့ ကျွန်မကိုခေါ်ဖို့ ထောက်လာကြပြီတဲ့၊ စာထဲ
ရေးထားတဲ့ အစီအစဉ်တွေက ကောင်းပါတယ်၊ ကျွန်မ မိတ္တေ
တော့ ကျွန်မအတွက် သူကယ်လောက်ကောင်းအောင် စီစဉ်နေကြေ
လူသိအောင် ပြောပြလေ့ရှိပါတယ်၊ အဖြစ်မှန်ကို မသိတဲ့ လူတွေ
တော့ သူ့ကို သိပ်ချီးမွမ်းကြတာပေါ့"

"ကျွန်မလည်း ကျွန်မရဲ့ ရည်ရွယ်ချက်ကို ခိုင်မာသည်ထ
ခိုင်မာအောင် ဟန်ဆောင်နေရတာပေါ့၊ ဒေါ်လေးလူ အကြံ ပေးလို
သလို ထုန်မြောက်ကျင်တင်ဆီ ရောက်တဲ့အထိ ကျွန်မ သည်းခံ
လိုက်မသွားချင်ဘူး၊ လမ်းမှာတင် ထွက်ပြေးဖို့ ကျွန်မရဲ့ ဆုံးဖြတ်ချက်
ခိုင်ခိုင်မာမာ ချထားမိတယ်"

"တိုတိုပဲ ပြောကြပါစို့ရှင်၊ ကျွန်မနဲ့ ကျွန်မ မိတ္တေးဟာ ကို



အကြံနဲ့ကိုယ် ဟန်မပျက် ဆက်ဆံနေကြရင်း တန်ချူစိန်းနဲ့ ပတ်သက်
တဲ့ ပြဿနာတစ်ခု ဖြစ်ပွားခဲ့ပါတယ်"

သူမ၏ စကားကြောင့် အားလုံးက အံ့အားသင့်သွားသည်။

"ဟိုလိုတို့ ကျွန်မကို လာခေါ်ဆောင်ဖို့ ချိန်းထားတဲ့ရက်မတိုင်
ဒီ သုံးရက်လောက်အလိုမှာ လူတစ်ယောက် အိမ်ကို ရောက်လာပါ
တယ်၊ ဒီလူရောက်လာတဲ့အချိန်မှာ ဟန်ကြည့်ရင်ဟာ အပြင်ကို ကိစ္စ
တစ်ခုနဲ့ ထွက်နေပါတယ်၊ သူ့ပုံပန်းသဏ္ဌာန်က မသက်စရာကောင်း
တာနဲ့ သူ့ကို ဒေါ်လေးလူက အိမ်ထဲ ပေးမဝင်ခဲ့ဘူး၊ အပြင်မှာပဲ
စကားတွေ အစ်အောက်မေးမြန်းခဲ့တယ်

"ဒေါ်လေးလူရဲ့ လိမ္မာပါးနပ်မှုကြောင့် ဒေါ်လေးလူကို ဟန်ကြည့်
ရင်ရဲ့ ဘက်တော်သားလို့ ထင်မှတ်သွားခဲ့ပါတယ်၊ ဒါကြောင့်လည်း
ထုန်ရှုန်ဆုတို့ သားအဖရဲ့ အကြံတွေနဲ့ ညွှန်ကြားချက်တွေကို ဟန်
ကြည့်ရင်ကို ပြန်ပြောပြခဲ့ဖို့ ဒေါ်လေးလူကို သူက ဖွင့်ပြောပြသွားခဲ့
ပါတယ်"

မော်လီဟန်က စကားကို ရှည်လျားစွာ ပြောလိုက်ပြီး မော
သွားသဖြင့် ခေတ္တနားလိုက်သည်။

"ထုန်ရှုန်ဆု မှာလိုက်တာက ကျွန်မကို ဟိုလိုနဲ့ တန်ချူစိန်းတို့
လာခေါ်တဲ့အခါ ဟန်ကြည့်ရင်က ကျွန်မရဲ့ အုပ်ထိန်းသူအနေနဲ့ လိုက်
ပါခဲ့ရမယ်၊ တန်ချူစိန်းကို လမ်းမှာ သူတို့ လုပ်ကြံတဲ့အခါ ဟန်ကြည့်
ရင်ကလည်း တစ်ဖက်တစ်လမ်းက အဆိပ်ပညာနဲ့ အကူအညီ ပေးရ
မယ်လို့ ပြောပါတယ်"

"ဒေါ်လေးလူက တအံ့တသြဟန်နဲ့ တန်ချူစိန်းကို သတ်မယ်
ဟုတ်လား၊ ဘာဖြစ်လို့ သတ်မှာလဲလို့ ပြန်မေးလိုက်တယ်၊ ဒေါ်လေး
လူရဲ့ စကားကြောင့် အဲဒီလူက ကြောင်တက်တက်ဖြစ်သွားတယ်၊

ပာင် ... ဟင်ကြည့်ရင်ရဲ့ လူယုံဆိုပြီး ခင်များ ဒါကို မသိဘူးလားလို့ ပြောတော့ ..."

"ဒေါ်လေးလူက မင်သေသေနဲ့ မောင်အိဟန်ကို သတ်တဲ့ အကြောင်းတော့ ကျွန်မ သိတယ်၊ တန်ချူစိန်းကို လုပ်ကြံမယ့် အကြောင်းတော့ သခင်မကြီးက ပြောမထားလို့ မသိရသေးဘူး၊ ပြော စမ်းပါဦး၊ သခင်ကြီး ထုန်ရှန်ဆုတို့က ဘာလို့ တန်ချူစိန်းကို သတ်ကြ မှာလဲလို့ မေးပါတယ်"

"ဒေါ်လေးလူက အဲဒီလိုလည်း ပြန်မေးလိုက်ရော အဲဒီလူက အို ... ခင်များကလဲဗျာ၊ စဉ်းစားကြည့်ရုံနဲ့ သိသာပါတယ်၊ သခင်ကြီး ထုန်ရှန်ဆုရဲ့ သား ဟိုလိုနဲ့ တန်ချူစိန်းတို့ နှစ်ယောက်ဟာ ခုတုန် ဂိုဏ်းအဖွဲ့ရဲ့ အတော်ဆုံး လူငယ်နှစ်ယောက် ဖြစ်တယ်၊ ထုန်မြောက် ကျင်တင် ကွယ်လွန်တဲ့အခါမှာ ဂိုဏ်းချုပ်ရာထူးအတွက် နှစ်ယောက် စလုံး အလားအလာ ကောင်းနေတယ်၊ ဒီတော့ တန်ချူစိန်းကို ရှင်းပစ် ရင် ဟိုလိုက ဂိုဏ်းချုပ်ဖြစ်ဖို့ သေချာသွားတာပေါ့"

"ဒီကိစ္စမှာ ခင်များတို့ သခင်မကြီး ဟန်ကြည့်ရင်ရဲ့ အကူအညီ လည်း လိုတယ်၊ ဒီအကြောင်းကို သခင်ကြီး ထုန်ရှန်ဆုက ဟန်ကြည့် ရင် သိအောင် ညွှန်ကြားခိုင်းလိုက်လို့ ကျုပ် လာပြောတာပဲ၊ ခင်များ ပြောဖြစ်အောင် ပြောလိုက်ပေတော့"

"ဒေါ်လေးလူကလည်း စိတ်ချပါ၊ ကျွန်မ သခင်မကြီးကို ဆက် ဆက် အသိပေးပါ့မယ်လို့ ပြောလိုက်တယ်"

ဒေါ်လေးလူဆီက ကတိစကားကို ကြားရတော့ အဲဒီလူ သိပ် ကျေနပ်သွားတယ်၊ ဒေါ်လေးလူက ဆက်ပြီး ...

"အကြီအစည်ကတော့ သိပ်ကောင်းတာပဲ၊ ဒါနဲ့ တန်ချူစိန်းကို



လုပ်ကြံဖို့ လူတွေ ဘာတွေ ငှားပြီးပြီလား၊ ဘယ်သူတွေကိုများ ငှား ထားလဲလို့ မေးလိုက်ပါတယ်"

"ဒီမေးခွန်းကို ကြားတဲ့အခါ အဲဒီလူကြီးက မျက်မှောင်ကြုတ်သွား ပြီး ခင်များက ဘာကြောင့် ဒီလို့ ဝှက်ချက်ကို သိချင်ရတာလဲလို့ ခပ်တည်တည်ကြီး ပြန်မေးပါတယ်"

"ဒီတော့ ဒေါ်လေးလူက အို ... တလွဲမထင်ပါနဲ့ရှင်၊ သခင်မကြီး ရဲ့ အပြည့်အဝ အစီရင်ခံဖို့ ပြန်မေးရတာပါ၊ သခင်မကြီးအနေနဲ့လည်း သူနဲ့ တွဲဖက်လုပ်ကြတဲ့ လူတွေဟာ စွမ်းရည်ထက်မထက် သိချင်မှာ အမှန်ပါပဲလို့ ပြန်ဖြေလိုက်ပါတယ်"

"ဒေါ်လေးလူရဲ့ စကားက သိပ်ပြီး အံဝင်ခွင်ကျ ဖြစ်သွား တယ်၊ ဒီတော့ အဲဒီလူက စိတ်ချ လက်ချနဲ့ သူသိသလောက် ပြန် ပြောရရင် ဓားပြ ကျက်ဟုန်ရှယ်၊ နောက်နှစ်ယောက်ကတော့ မန်ချူး ဘုရင့်တပ်ဖွဲ့က စွမ်းရည်ထက်တဲ့ လူနှစ်ယောက်ပဲဗျလို့ အသံတိုးတိုး လေးနဲ့ ပြောပြပါတယ်"

"မန်ချူးဘုရင့်တပ်ဖွဲ့က စွမ်းရည်ထက်မြက်တဲ့ လူနှစ်ယောက် က ဘယ်သူတွေလဲဆိုတာတော့ ပြောမပြခဲ့ဘူး"

"အဲဒီအချိန်မှာပဲ ဒေါ်လေးလူက အားရပါးရ ရယ်မောလိုက် တယ်၊ ဟား ... ဟား ... ငါသိချင်တာတွေ ပြည့်ပြည့်ဝဝ ပြောပြလို့ ကျေးဇူးတင်တယ်ဟေ့ ... လို့ ပြောချလိုက်ပါတယ်၊ ဒေါ်လေးလူရဲ့ စကားကြောင့် အဲဒီလူဟာ ထိတ်လန့်တုန်လှုပ်သွားတယ်၊ လက်စသတ် တော့ နင် ... နင်ဟာ သူလျှိုပါလား့လို့ အလန့်တကြား အော်ဟစ်ရင်း ဒေါ်လေးလူကို တိုက်ခိုက်ဖို့ ဓားဆွဲထုတ်လိုက်ပါတယ်"

"ဒီလူဟာ အသက်လုစကြာ ဓားသိုင်းကွက်ကို တော်တော် ကျွမ်းကျင်ပုံရပါတယ်၊ သူအသုံးပြုတဲ့ အသက်လုစကြာဓားသိုင်းကို

ကြည့်ရင်း သူဟာ ထုန်ရှန်ဆုရဲ့ တပည့်ရင်းထဲက ဖြစ်တယ်ဆိုတာ သိသာပါတယ်"

"သူဟာ ထုန်ရှန်ဆုရဲ့ တပည့်ရင်းဆိုပေမယ့် သိုင်းပညာအရာမှာတော့ နှစ်ပေါင်း လေးငါးဆယ်ကြာအောင် လေ့ကျင့်ထားတဲ့ ဒေါ်လေးလူကို မမီပါဘူး နောက်ဆုံးတော့ သူဟာ ဒေါ်လေးလူရဲ့ ဓားအောက်မှာ သေဆုံးခဲ့ပါတယ်"

မော်လီဟန်၏ စကားများကို နားထောင်ရင်း နားထောင်ရင်းမှ စင်မြင့်ပေါ်တွင် ရှိနေသည့် ထုန်ကျင်ဆု၊ ထုန်မင်ဆုတို့၏ မျက်နှာများမှာ ဖျက်သည်ထက် ပျက်လာကြလေတော့သည်။

ထုန်ကျင်ဆု၏ စိတ်ထဲတွင် မကျေမနပ် ဖြစ်နေလေ၏။

"အင်း ... ဒါကြောင့်မို့လည်း အဲဒီတုန်းက 'တာလျှန်' ပျောက်ချင်းမလှ ပျောက်ဆုံးခဲ့ရတာပဲ၊ တာလျှန် ပျောက်ဆုံးရတဲ့အကြောင်းကို ထုန်မင်ဆုက သိရက်နဲ့ ဖုံးကွယ်ခဲ့တာကိုး"

အမှန်မှာ ထုန်ရှန်ဆုက လျှို့ဝှက်သတင်းပို့ရန် စေလွှတ်ခဲ့သော ဟိုတာလျှန် မှာ မော်လီဟန်တို့ ထင်မှတ်နေသလို ထုန်ကျင်ဆု၏ တပည့်ရင်းတစ်ဦး မဟုတ်ပါ။

ထုန်မင်ဆု၏ တပည့်ရင်းတစ်ယောက်သာ ဖြစ်ပါသည်။

ထုန်မင်ဆုက ဟိုတာလျှန်ကို အတော်ကလေး အလေးထားအားကိုးသည်။

သူ၏ လက်ရှိတပည့်ကြီး တာရှိထက်ပင် အလေးထား အားကိုးသည်။

ထိုအချိန်က ဟိုတာလျှန်သည် ပညာစုံပြီး သိုင်းလောကထဲ ဝင်ရောက်နေပြီဖြစ်သည်။



သူသည် တစ်နှစ်လျှင် ကျောင်းသို့ နှစ်ခေါက် သုံးခေါက်မျှ ရောက်လာလေ့ရှိသည်။

သို့သော် ...

လွန်ခဲ့သော ဆယ့်ရှစ်နှစ်ကမူ သူသည် နောက်ဆုံး တစ်ကြိမ် တစ်ခေါက် ရောက်ရှိလာပြီး နောက်ထပ် ရောက်မလာခဲ့တော့ပါ။

သူ ပြန်မရောက်လာသည်ကို ထောက်ရှုခြင်းအားဖြင့် သူ့အသက် ဆုံးရှုံးပြီ (သို့မဟုတ်) ရန်သူလက်ထဲ ကျရောက်သွားပြီဟုသာ ထုန်မင်ဆု ယူဆထားသည်။

ရန်သူက သက်သေအဖြစ် ဖမ်းဆီးထားမည်ကို ထုန်မင်ဆု အပူပန်ဆုံး ဖြစ်သည်။

ရန်သူက ဖမ်းဆီးပြီး သက်သေအဖြစ် ပွဲထုတ်လာလျှက် သူ၏ ...ဟာအရှုပ်တော်ပုံ ပေါ်ပေါက်လာရတော့မည် မဟုတ်ပါလား။

ထိုသို့ ပေါ်ပေါက်လာမှာကို ထုန်မင်ဆု မလိုလားပါ။

ခုတော့ ဆယ့်ရှစ်နှစ်လုံးလုံး စိုးတထိတ်ထိတ် ဖြစ်နေရသော ...ကိစ္စတစ်ခုမှာ အလိုအလျောက် ပြေပျောက်သွားခြင်း ချေပြီ။

ဟိုတာလျှန်အား သတ်ပစ်လိုက်သည် ဆိုသဖြင့် ထုန်မင်ဆု ...ရင်ထဲ အလုံးကြီးတစ်လုံး ကျသွားလေသည်။

ထုန်ကျင်ဆု၊ ထုန်မင်ဆုတို့၏ ရင်ထဲတွင် အထက်ပါအတိုင်း ...မတူညီသော ခံစားချက်များဖြင့် အလုပ်ရှုပ်နေကြသည်။

မော်လီဟန်ကမူ သူမ ပြောစရာရှိသော စကားကို ဆက်ပြော လိုက်ပြန်လေသည်။

သူမသည် သက်ပြင်းရှည်ကြီး တစ်ချက်ချကာ ...

"ဒေါ်လေးလူရဲ့ ပါးနပ်လိမ္မာမှုကြောင့် တန်ချူစိန်းကို ပူးပေါင်း လုပ်ကြံဖို့ ကိစ္စကို ဟန်ကြည့်ရင် မသိခဲ့ပါဘူး။ ဒါကြောင့်လည်း

ကျွန်မနဲ့အတူ ပြန်ကြည့်ရင် ပါမလာခဲ့ဘူး။ ဒေါ်လေးလှကို
အိမ်မှာပဲ နေခဲ့ဖို့ ခေါ်ထားခဲ့တယ်"

"အားလုံး သိပြီးဖြစ်တဲ့အတိုင်းပါပဲ၊ လမ်းမှာ ကျွန်မတို့တ
ပြဿနာတွေဖြစ်ပြီး ,အတော်ကြာမှ ကျွန်မ အိမ်ကိုပြန်သွားတ
အိမ်မှာ မိန်းမယုတ်ရဲ့ အဆိပ်ကြောင့် ကျွန်မတို့ရဲ့ သစ္စာရှိတဲ့ ဒေါ်
လှ သေဆုံးနေတာကိုသာ ကျွန်မ တွေ့ကြုံလိုက်ရပါတယ်၊ ဒေါ်
မိန်းမယုတ်ကို ကျွန်မ လိုက်ရှာမိတယ်၊ ရှာလို့မတွေ့တော့ဘူး"

ဒေါ်လေးလှ၏ အကြောင်းကို မော်လီဟန်က မျက်ရည်စ
ဖြင့် ပြန်လည်ပြောပြလိုက်သည်။

နားထောင်နေကြသူများမှာ ဟင်းခနဲ သက်ပြင်းချလိုက်
ဒေါ်လေးလှအတွက် ကရုဏာသက်နေမိကြသည်။

ထိုစဉ် ...

လီကျင်ဆုက နေရာမှ ထရပ်လိုက်သည်။

"မော်လီဟန် လမ်းမှာ ဖြစ်ပျက်ခဲ့တာတွေကို ဆက်ပြောပါ

အရေးပါသော အဓိကအကြောင်းအရာကိုသာ လီကျင်ဆု
သိချင်စိတ် ပြင်းပြစွာဖြင့် မေးလိုက်၏။

မော်လီဟန် ခေါင်းညိတ်ပြလိုက်၏။

"သူတို့ရဲ့ ယုတ်မာတဲ့ အကြံအစည်ကို သိပြီးတဲ့နောက်ပိုင်း
ကျွန်မရဲ့ အစီအစဉ်ကို တစ်မျိုးပြောင်းလိုက်ပါတယ်၊ လမ်းခုလတ်
ကိုယ်လွတ်ရုန်းပြေးဖို့ မကြံတော့ဘဲ သူတို့ရဲ့ ယုတ်မာတဲ့ အကြံအစ
ကို တန်ချူစိန်းကို ပြောပြဖို့ အခွင့်အလမ်း ရှာကြံပါတယ်"

"ဒါပေမယ့် အခွင့်မသာခဲ့ပါဘူး၊ တစ်လမ်းလုံး ဟိုလို
တန်ချူစိန်းနားက မခွာဘူး"

"ဒီလိုနဲ့ နေ့တွေ ရက်တွေဟာ တစ်ရက်ပြီးတစ်ရက် ကုန်



သွားတယ်၊ သုံးရက်ပြည့်သည့်တိုင်အောင် ကျွန်မဟာ တန်ချူစိန်းနဲ့
စကားတစ်ခွန်းမှ မပြောရသေးဘူး။ ဟိုလိုတို့နဲ့ အချိတ်အဆက် ပြုလုပ်
ထားတဲ့ ဓားပြတွေဟာ အချိန်မရွေး ပေါ်လာနိုင်တယ်၊ အဲဒါကို
ဘယ်လိုတားဆီးရပါ့မလဲဆိုတာ အချိန်တိုင်း ကျွန်မ စဉ်းစားနေမိတယ်"

"စတုတ္ထနေ့မှာ ကျွန်မတို့ဟာ ရှေးဟောင်းဘုရားကျောင်း
တစ်ခုနားမှာ နားကြပါတယ်၊ ဒီလိုနားကြခြင်းဟာလည်း ဟိုလိုရဲ့
အစီအစဉ်အရ ဖြစ်ပါတယ်၊ အချိန်ကတော့ မိုးတောင်မချုပ်သေးဘူး"

"ဟိုလိုရဲ့ မျက်နှာကို ကြည့်ရတာ မသင်္ကာစရာပဲ၊ သူ့ကို
ကြည့်ရင်း ကျွန်မစိတ်ထဲ သံသယဝင်လာမိတယ်၊ ဒီနေ့ည လုပ်ကြံဖို့
လူဆိုးတွေနဲ့ သူအစီအစဉ် လုပ်ထားရောသလားလို့ တွေးမိတာနဲ့
ဘာပဲဖြစ်ဖြစ် ဒီကနေ့ညတော့ ဘယ်လိုပဲဖြစ်ဖြစ် တန်ချူစိန်းကို ခေါ်
ထုတ်မယ်လို့ စိတ်ပိုင်းဖြတ်လိုက်ပါတယ်"

"ဒီဆုံးဖြတ်ချက်နဲ့အတူ ညဉ့်သန်းခေါင်လောက်မှာ ကျွန်မ
တိတ်တိတ်ကလေး ထလိုက်ပါတယ်၊ မီးတိုင်နားမှာ ငိုင်နေတဲ့ တန်
ချူစိန်းကို တွေ့ရတယ်၊ ချောင်ကျနေတဲ့ သူ့မျက်နှာအနေအထားအရ
သူဟာ တစ်ညလုံး မအိပ်ဘဲ တစ်ခုခုကို တွေးနေပုံရတယ်၊ သူ့ဘေး
မှာတော့ ဟိုလိုဟာ ပိုးလိုးပက်လက် အိပ်နေတယ်၊ ကျွန်မစိတ်ထဲမှာ
ကျိတ်ပြီး ဝမ်းသာသွားမိတယ်၊ တန်ချူစိန်းနဲ့ တစ်ယောက်ချင်း တွေ့ပြီး
သတိပေးဖို့ ဒါဟာ အကောင်းဆုံး အခွင့်အရေးပဲ မဟုတ်လား။ ဒါနဲ့
ကျွန်မဟာ ပြတင်းပေါက်ကို အသာဖွင့်လိုက်ပါတယ်"

"ချပ်ခနဲ သံမြည်သွားတယ်၊ မြည်သံနဲ့အတူ မမျှော်လင့်ဘဲ
တန်ချူစိန်းရော ဟိုလိုပါ ဆတ်ခနဲ ခုန်ထလိုက်ကြပါတယ်၊ ဘယ်သူလဲ
လို့ နှစ်ယောက်စလုံးက လှမ်းပြီးမေးလိုက်ကြတယ်၊ အဲဒီအချိန်ကျမှပဲ
ကျွန်မ သဘောပေါက်မိတော့တယ်၊ အမှန်တော့ ဟိုလိုဟာ တကယ်

အိပ်ပျော်နေတာ မဟုတ်ဘူး။ အိပ်ချင်ယောင်ဆောင်နေခဲ့တာပဲ၊ သူဟာ လူသတ်သမားတွေနဲ့ ချိန်းဆိုထားတဲ့လူပဲ၊ တကယ် ဘယ်အိပ်ပါ့မလဲ"

"ကျွန်မအနေနဲ့ ကြိုတင်စဉ်းစားထားတဲ့ စိတ်ကူးရှိတာ တော်သေးတယ် ပြောရမယ်၊ လူသံကြားလို့ လာနိုးတာ၊ မြန်မြန် ထကြွစမ်းပါလို့ ကျွန်မက စိုးရိမ်တကြီး လေသံမျိုးနဲ့ ပြောလိုက်ပါတယ်"

"လူ ... ဟုတ်လား။ မပြေးစေနဲ့၊ ဖမ်းထားလို့ ဟိုလိုက အော်ပြောရင်း ပြေးထွက်လာတယ်"

"ကျွန်မလည်း သူတို့ရှေ့ကပြေးရင်း လူတစ်ယောက်ကို လိုက်ဖမ်းဟန် ဆောင်ရပါတယ်၊ ထောင့်ချိုးတစ်ခုရောက်တော့ အမေ ... ကျွန်မ ... ကျွန်မကို လျှို့ဝှက်လက်နက်နဲ့ ပစ်သွားပြီလို့ အော်ရင်း ကျွန်မ လှဲချလိုက်ပါတယ်"

"အမှန်တော့ အခုလို ကျွန်မ ဟန်ဆောင်လိုက်ရတာ အကြောင်း ရှိပါတယ်၊ တန်ချူစိန်းဟာ ကိုယ်ဖော့ပညာမှာ ဟိုလိုထက်သာတယ်၊ ကျွန်မဆီကို အရင်းဆုံး ရောက်လာရမယ့်သူဟာ တန်ချူစိန်းပဲ ဖြစ် တယ်ဆိုတာ ကျွန်မ တွက်မိပါတယ်၊ ကျွန်မ တွေးထင်တဲ့အတိုင်းပါပဲ၊ တန်ချူစိန်း အရင်ဆုံး ကျွန်မနားကို ရောက်လာပါတယ်"

တန်ချူစိန်း သူမ၏ အနားသို့ ရောက်လာပုံကို ပြန်ပြောရင်း မော်လီဟန်၏ မျက်နှာကလေးမှာ မသိမသာ ရဲတက်လာလေတော့သည်။

မော်လီဟန်၏ မျက်လုံးအိမ်ထဲတွင် ဟိုယခင် ဆယ့်ရှစ်နှစ်ခန့်က အဖြစ်အပျက်များကို ပြန်လည်မြင်ယောင်လာသည်။

◆ ◆ ◆



ထိုစဉ်က 'လမ်းထောင့်ချိုးကွေ့လေးတစ်ခုတွင် အသက် ဆယ့်ရှစ်နှစ် အရွယ်ခန့်သာရှိသေးသော မိန်းမပျိုလေး မော်လီဟန်သည် အလွန်နာကျင်ဟန်ဖြင့် မျက်နှာကလေး ရှုံ့မဲ့ကာ ကွေးကွေးကလေး လဲကျနေသည်။

သူမ လဲကျနေသော နေရာသို့ လေဏ်လျှင်မြန်ခြင်းမျိုးဖြင့် အပြေးအလွှား ရောက်ရှိလာသော ခံ့ညားချောမောသည့် လူရွယ်တစ်ယောက်။

ထိုလူရွယ်မှာ တန်ချူစိန်း ဖြစ်သည်။

တန်ချူစိန်း၏ ခံ့ညားသော မျက်နှာကို လျှပ်တစ်ပြက် လှမ်းကြည့်ရင်း မော်လီဟန်၏ ရင်ထဲ၌ နွေးခနဲ ဖြစ်သွားမိသည်မှာ အမှန်ပင် ဖြစ်သည်။

တန်ချူစိန်းသည် နက်မှောင်သော မျက်ခုံးမွေးများကို တွန့်လိုက်ရင်း ပျာပျာသလဲဖြင့် မော်လီဟန်ကို ဆွဲထူပေးလိုက်သည်။

တန်ချူစိန်းက သူမအား ကြင်နာစွာ မေးလိုက်၏။

"ညီမ ... ဘယ်နား နာသွားသလဲဟင်၊ ဘယ်ကို ထိသွားသေးသလဲ"

အရိုးခံစေတနာသက်သက်ဖြင့် မေးလိုက်သော တန်ချူစိန်း၏ မျက်နှာကိုကြည့်ရင်း မော်လီဟန် ပြုံးချင်မိသည်။

သူမက အေးဆေးစွာ ပြန်ဖြေလိုက်သည်။

"ကျွန်မမှာ ဒဏ်ရာမရပါဘူးရှင့်၊ ရှင့်ကို အရေးတကြီး ပြောစရာရှိတယ်"

မော်လီဟန်က အသံကလေး ခပ်အုပ်အုပ်ဖြင့် ပြန်ပြောလိုက်သည်။

တန်ချူစိန်း တွေခနဲ ဖြစ်သွားသည်။

မျက်လုံးပြူးကြီးဖြင့်လည်း မော်လီဟာန်ကို စိုက်ကြည့်နေမိသည် သူ့နားကို သူ မယုံနိုင်ဟန်ဖြင့် ...

"ညီမ ဘာပြောလိုက်တယ်"

"ကျွန်မကို ဘာမှမမေးနဲ့၊ ကျွန်မ နောက်ကိုသာ ပြေးလိုက်ခဲ့ပေတော့"

မော်လီဟာန်က အလောတကြီးပြောရင်း ခြေလှမ်းပြင်လိုက်ပြန်၏။

တန်ချူစိန်းက ဇဝေဇဝါဖြင့် ...

"ညီမက ဘယ်ကိုပြေးမှာလဲ၊ အစ်ကိုက ဘာလို့ လိုက်ရမှာလဲ ဟင် ..."

တန်ချူစိန်း အုကြောင်ကြောင် ဖြစ်နေပုံကိုကြည့်ရင်း မော်လီဟာန်မှာ အားမလိုအားမရဖြင့် ခြေကလေး ဆောင့်လိုက်မိ၏။

သူ၏ အင်္ကျီလက်ကိုလည်း ဆွဲလိုက်ရင်း ...

"ဟိုလိုနဲ့ ဝေးအောင် ပြေးဖို့ပြောနေတာရှင့်၊ လာပါ မြန်မြန် ပြေးကြရအောင်၊ ကျွန်မကိုယုံပါ၊ ရှင့်ကို ဒုက္ခမပေးဘူး၊ ဟိုလိုရဲ့ ယုတ်မာမှုတွေကို ကျွန်မ ပြောပြမယ်"

အတိုချုံးစကားများကိုသာပြောရင်း မော်လီဟာန်မှာ လျှင်မြန်စွာ ပြေးထွက်လာမိတော့၏။

တန်ချူစိန်းမှာ ဘုမသိ ဘမသိဖြင့် မော်လီဟာန် ဆွဲခေါ်ရာနောက်သို့သာ ပြေးလွှားလိုက်ပါလာမိတော့သည်။

ဟိုလိုမှာမူ သူတို့နှစ်ယောက်နားသို့ ရောက်မလာခင် လမ်းတစ်ဝက်မှာပင် သူနှင့်ဝေးရာသို့ လျှင်မြန်စွာ ပြေးလွှားသွားကြသော တန်ချူစိန်းတို့အား သတိထားလိုက်မိလေသည်။

သူတို့သည် တောင်ကြားတစ်ခုဆီသို့ ပြေးလွှားသွားကြသည်၊



လုံခြုံစိတ်ချစွာ ပုန်းအောင်းနိုင်သော နေရာသို့ ရောက်သောအခါကျမှ အပြေးရပ်လိုက်သည်။

မော်လီဟာန်က တန်ချူစိန်းအား တစ်ချက်ကြည့်ကာ ...

"ရှင့်ကို ဟိုလိုတို့လူစုက သတ်ဖို့ကြံစည်နေကြတယ်ရှင့်၊ အဲဒါ ရှင်သိလား"

မော်လီဟာန်၏ စကားကြောင့် တန်ချူစိန်း၏ ခန္ဓာကိုယ်မှာ ဆတ်ခနဲ တစ်ချက်တွန့်သွားမိသည်၊

"ဟိုလိုနဲ့ ကျုပ်ဟာ ညီအစ်ကိုလိုချစ်တဲ့ လူတွေပဲ၊ သူက ကျုပ်ကို ဘာလို့ သတ်ရမှာလဲ"

တန်ချူစိန်းက မျက်မှောင်တွန့်ရင်း ပြန်မေးလိုက်သည်။

မော်လီဟာန်က အံကြိတ်ရင်းမှ ...

"ဒီမှာ ဒီလူယုတ်မာတွေဟာ ကျွန်မရဲ့ ရန်သူ၊ ရှင့်ရဲ့ ရန်သူလည်း ဖြစ်တယ်၊ မျိုးချစ်သိုင်းသမားတွေရဲ့ ရန်သူလည်းဖြစ်တယ်"

တန်ချူစိန်းသည် မော်လီဟာန်၏ စကားအား အာရုံစိုက်၍ နား ထောင်နေမိ၏။

မော်လီဟာန်၏ စကားဆုံးသွားသောအခါ တန်ချူစိန်းက မျက်လုံးဖင့်ကြည့်လိုက်သည်။

"မော်လီဟာန် ... ခင်ဗျား ဘယ်လိုအဓိပ္ပာယ်နဲ့ ဒီစကားတွေ ပြောတာလဲဟင်"

တန်ချူစိန်းက မေးလိုက်၏။

သို့ဖြင့် ...

မော်လီဟာန်သည် တန်ချူစိန်းအား ဖြစ်ပျက်ခဲ့သမျှအကြောင်းစုံကို ပြန်လည်ပြောပြလိုက်တော့၏။

ထုန်ရှန်ဆုံ ဟန်ကြည့်ရင်နှင့် ဟိုလိုတို့ ယုတ်မာစွာ ကြံစည်ပုံ

သူမ၏ ဖခင်ကို သတ်ဖြတ်ခဲ့ပုံနှင့် တန်ချူစိန်းအား လုပ်ကြံရန် ကြံစည်ပုံများအပြင် မန်ချူးနယ်ချဲ့များနှင့် ထုန်ရှန်ဆုတို့ ဆက်သွယ်ပုံအထိ ပြန်လည်ပြောပြလိုက်၏။

မော်လီဟာန် ပြောပြသော စကားများကို နားထောင်နေရသော်လည်း တန်ချူစိန်းမှာ သူ၏နားကိုပင် သူ မယုံပါချေ။

သူ၏ မျက်လုံးများမှာလည်း ပြူးသည်ထက် ပြူးကျယ်လာသည်။

သူ့အနေဖြင့် မော်လီဟာန်အား မယုံကြည်ဘူးဟု ပြောရမှာ ခက်နေသည်။

ဟိုလိုတို့ သားအဖ ဤမျှ ယုတ်မာလိမ့်မည်ဟု ယူဆရန် မဝံမရဲဖြစ်နေသည်။

တန်ချူစိန်း တွေတွေဝေဝေဖြင့် ချီတုံချတုံ ဖြစ်နေသည်။

ထိုစဉ် ...

"ဒီမှာ တန်ချူစိန်း။ ရှင် မြန်မြန်ဆုံးဖြတ်ပါ၊ ဟိုလိုကို သတ်မလား။ သူ့ကို မသတ်ရက်ရင် အမြန်ဆုံး ထွက်ပြေးပါ၊ သူတို့ဟာ ရှင့်ကိုသတ်ဖို့ ထိပ်သီးသိုင်းသမားသုံးယောက်ကို ခေါ်ထားပြီးပြီ၊ ဒီကနေ့ညတောင် ရှင့်ကို လုပ်ကြံဖို့ အစီအစဉ် ရှိမလားမသိဘူး"

မော်လီဟာန်က တတွတ်တွတ် ပြောဆိုနေ၏။

တန်ချူစိန်းမှာမူ ဒီဝေသော မျက်လုံးများဖြင့် အဝေးသို့ ငေးနေလေသည်။

တန်ချူစိန်း တွေတွေဝေဝေ ဖြစ်နေပုံကိုကြည့်ကာ မော်လီဟာန်အားမလိုအားမရ ဖြစ်သွားဟန်တူလေသည်။

သူမသည် ခြေကလေး တစ်ချက်ဆောင့်ကာ ...

"ဒီမှာရှင် ... ရှင် မြန်မြန်ဆုံးဖြတ်ပါ"



မော်လီဟာန်က မကျေမနပ်ဖြင့် နှုတ်ခမ်းစူရင်း ပြောလိုက်ပြန်သည်။

"ဟုတ်တယ် မော်လီဟာန်၊ မင်းပြောတာ မှန်တယ်၊ တို့ထွက်လာတဲ့ ကျောင်းပျက်ကြီးထဲမှာ တိုက်ရိုက်သတ်ဖြတ်နေတဲ့အသံတွေ ငါကြားနေရတယ်"

တန်ချူစိန်းက ပြောလိုက်၏။

"ဒါ ... ဒါဆို သူတို့ငှားရမ်းထားတဲ့ လူဆိုးတွေ ရောက်လာပြီထင်တယ်၊ ကျွန် ... ကျွန်မရဲ့ အိမ်ဖော်တွေတော့ ဒုက္ခပါပဲရှင်"

မော်လီဟာန်က အထိတ်တလန့်ဖြင့် ဝမ်းပမ်းတနည်း ပြောဆိုလိုက်သည်။

တန်ချူစိန်းက မော်လီဟာန်၏ မျက်နှာကို စိုက်ကြည့်လိုက်၏။

"သူတို့ငှားထားတဲ့ လူဆိုးသုံးယောက်ဆိုတာက ဘယ်သူတွေလည်း မင်း သိလား"

"သုံးယောက်စလုံးတော့ ကျွန်မ မသိဘူး၊ သူတို့အထဲမှာ ကျက်ဟုန်ဆိုတဲ့ လူဆိုးတစ်ယောက်တော့ ပါလာတယ်၊ နောက်နှစ်ယောက်ကို နာမည်နဲ့ အတိအကျမသိရပေမယ့် နှစ်ယောက်စလုံး မန်ချူးဘုရင့်တပ်က ထိပ်တန်းသိုင်းသမား နှစ်ယောက် ဖြစ်တယ်ဆိုတာကိုတော့ ကျွန်မ သိထားတယ်"

"ကျက်ဟုန်ဆိုတဲ့ ကောင် ပါတယ် ... ဟုတ်လား"

"ဟုတ်တယ် ... ကျက်ဟုန်ကို ရှင် သိလား"

မော်လီဟာန်၏ အမေးအား တန်ချူစိန်းက ပြန်လည်ဖြေဆိုရန် ဟန်ပြင်လိုက်စဉ်မှာပင် ဟိုလိုက သူတို့နှစ်ယောက်ရှိရာသို့ ပြေးလွှားလာနေသည်ကို မြင်လိုက်ကြရတော့၏။

နှစ်ယောက်စလုံး စကားတစ်ခွန်းမှ မဆိုမိကြတော့ဘဲ ဟိုလိုကိုသာ တိတ်ဆိတ်စွာ အကဲခတ်ကြည့်ရှုနေကြသည်။

အနားသို့ ရောက်ရောက်ချင်းပင် ဟိုလိုက မော်လီဟန်အား အလွန်တရာ ယုယကြင်နာသည့် ဟန်ဖြင့် မေးလိုက်လေသည်။

"ညီမ ... ဒဏ်ရာ တော်တော်ရသွားသလား ဟင်"

မော်လီဟန်သည် တန်ချူစိန်းအား မသိမသာ အကဲခတ်လိုက်၏။

တန်ချူစိန်းက မည်သည့် လှုပ်ရှားမှုမှ မပြုပါ။

သို့ဖြစ်၍ မော်လီဟန်သည် စိတ်ကိုချုပ်တည်းကာ ဟိုလိုကို အလိုက်သင့် ပြန်ဖြေလိုက်ရသည်။

"နည်းနည်းပါးပါး ပွန်းရုံလောက်ပါပဲ"

ထိုအခါ ဟိုလိုက **စိတ်သက်သာရာ** ရသွားဟန်ဖြင့် ...

"ဟုတ်လား ... **ဒါဆို တော်သေးတာပေါ့**ကွာ၊ ကဲ ... လာ တို့တစ်တွေ **ကျောင်းပျက်ကြီးထဲ ပြန်သွား**ရအောင်၊ ဟိုမှာ တိုက်ခိုက်သံတွေ ကြားနေရတယ်၊ **ဘာဖြစ်**နေလဲ မသိဘူး"

ဟိုလိုက ကျောင်းပျက်ဆီကိုသာ ပြန်လည်ဖျားယောင်းခေါ်နေသည်။

မော်လီဟန်က မျက်နှာလေးရှုံ့မဲ့ကာ ခေါင်းယမ်းပြလိုက်သည်။

"ကြီးကြီးကျယ်ကျယ် ဘာဒဏ်ရာမှ မရပေမယ့် ကျွန်မ လမ်းမလျှောက်နိုင်ဘူးရှင့်"

"ဟုတ်လား ..."

ထိုနောက် တန်ချူစိန်းဘက်လှည့်ကာ ...

"ညီလေး ... မင်း ကျောင်းတိုက်ထဲမှာ ဒုက္ခရောက်နေတဲ့ သူ



တွေကို မြန်မြန်သွားကယ်ကွာ၊ မင်းက ငါ့ထက်အပြေးသန်တယ်၊ အစ်ကို သူ့ကိုတွဲပြီး ခေါ်လာခဲ့မယ်"

ဟိုလိုက ချက်ချင်းပင် အစ်အစဉ်ဆွဲကာ ပြောဆိုလိုက်၏။

ထို့ကြောင့်လည်း ...

"အင်း ... မော်လီဟန်ဟာ ဗိုးဒိုမ်တကြီးနဲ့ ငါ့ကိုပြောမိပြောရာ လျှောက်ပြောနေတာ ဖြစ်နိုင်တယ်၊ ဟိုလိုဟာ ဒီလောက် ယုတ်မာပုံ မရပါဘူး၊ အခုလည်း လူဆိုးတွေ မော်လီဟန်ရဲ့ ရတနာပစ္စည်းတွေကို လုယက်တာဖြစ်နိုင်တယ်၊ မော်လီဟန်ရဲ့အိမ်ဖော်တွေကို ငါသွားကယ်ရမယ်"

ဟု ဆုံးဖြတ်ပြီး သူသည် အခြားအကြောင်းအရာများကို စဉ်းစားမနေတော့ဘဲ ချက်ချင်းပင် ကျောင်းပျက်ကြီးဆီသို့ ပြန်လည် ပြေးသွားသွားလေတော့သည်။

◆ ◆ ◆

အခန်း (၄)

# ချစ်မျက်ဝန်းများ

ညီလာခံ တစ်ခုလုံးရှိ ပရိသတ်များမှာ ယခုချိန်ထိ မော်လီဟန်၏ ပြန်လည်ပြောပြသမျှကိုသာ စိတ်ဝင်စားစွာ နားစွင့်နေကြသည်။

မော်လီဟန်ကလည်း တည်ကြည်အေးဆေးသော လေသံဖြင့်ပင် စိတ်ရှည်စွာ ပြန်လည်ပြောပြနေ၏။

"အဲဒီလို တန်ချူစိန်းလည်း ကျောင်းပျက်ကြီးဆီ ထွက်သွားရော ဟိုလိုဟာ ရယ်သလို မောသလို မျက်နှာပေးနဲ့ ကျွန်မဘက်လှည့်လိုက်ပြီး ညီမ မင်းတို့ ဒီနေရာကို ရောက်လာတာ တော်တော်လေး ကြာပြီနော်၊ ဘာတွေများ ပြောနေခဲ့ကြလဲလို့ အမှတ်မထင် လှမ်းမေးလိုက်ပါတယ်"

"သူက ဒီလိုမေးတော့ ကျွန်မစိတ်ထဲ ထိတ်ခနဲ ဖြစ်သွားမိတယ် ဒါပေမယ့် မျက်နှာကို ဟန်မပျက်စေတဲ့ ရှင် ဘာတွေလာမေးနေတာလဲ ကျွန်မ ခြေနာလို့ အမောဖြေနေတာ၊ သူနဲ့ ကျွန်မကြားမှာ ဘာမှ ပြောစရာမရှိဘူး"

"ကျွန်မက ခပ်တည်တည်နဲ့ ပြန်ပြောလိုက်တယ်၊ ဒါပေမယ့် ဟိုလိုက မချိုမချဉ်နဲ့ ပြုံးပြီး ညီမက ပန်းကလေးလိုလှနေတဲ့ သူဆိုတော့



စိတ်မချနိုင်တာ အပြစ်မတင်ပါနဲ့ကွာ၊ စိတ်လည်း မဆိုးပါနဲ့ ဟုတ်ဘူးလို့ တောင်းပန်ပြောပါတယ်"

"ဒီတော့ ကျွန်မက ခပ်တည်တည်နဲ့ လူဆိုးတွေ ကျောင်းပျက်ကို ရောက်လာပြီး ပစ္စည်းတွေ ဝင်လုနေကြတာ ရှင်လည်း ကြားတယ် ဟုတ်လား၊ သွားပါ၊ တန်ချူစိန်းနောက် လိုက်သွားပြီး အကူအညီ ပေးပါလို့ သူ့ကို မောင်းလွှတ်ပါတယ်"

"ဒါပေမယ့် ဟိုလိုဟာ ထွက်မသွားဘဲ ကျွန်မကို ..."

ထိုအကြောင်းကို ပြန်ပြောသောအခါတွင် မော်လီဟန်၏ မျက်နှာ ရှက်သွေးဖြင့် မွှန်ထူနီရဲနေလေသည်။

သူမ၏ အသံမှာလည်း ဒေါသဖြင့် တုန်လှုပ်တင်းမာနေတော့

စပ်ဖြီဖြီ မျက်နှာထားဖြင့် အနားသို့ တိုးကပ်လာသော ဟိုလို သူမအား မတော်မတရား ကြံစည်ရန် ကြိုးပမ်းခဲ့သည် မဟုတ်လား။

ဟိုလို၏ အကြံကို ရိပ်မိသော မော်လီဟန်မှာ နောက်သို့ဆုတ် ...

"ရှေ့မတိုးနဲ့ ..."

ဟိုလိုက တဟဲဟဲ ရယ်မောလိုက်၏။

"မင်းနဲ့ငါ စေ့စပ်ကြောင်းလမ်းထားတဲ့ ဇနီးမောင်နှံလောင်းတွေ ပါကွာ"

စပ်ဖြီးဖြီး မျက်နှာပေးဖြင့် ပြောရင်း အနားသို့ တိုးကပ်ကာ ဟိုလိုသည် မော်လီဟန်၏ လက်ကို ဖမ်းဆွဲလိုက်၏။

ယခုတစ်ကြိမ်တွင်မူ သူမသည် ရုတ်တရက် ဖျတ်ခနဲ ခုန်ထ လိုက်ပြီး ကျားသစ်ပျိုမလေးလို တိုက်ခိုက်လိုက်လေတော့၏။

သူမ၏ ဘယ်ဘက်လက်ဝါးစောင်းသည် ဟိုလို၏ ကုတ်
လည်းကောင်း၊ ညာလက်ချောင်းတို့သည် ဟိုလို၏ ရင်ဘတ်ပေါ်
'ဝိကျင်း' သွေးကြောကွက်သို့ လည်းကောင်း လျှပ်တစ်ပြက် ဝင်ရော
သွားလေတော့သည်။

စင်စစ် သူမ ယခု တိုက်ခိုက်လိုက်သော သိုင်းကွက်မှာ မေ
မိသားစု၏ အထက်မြက်ဆုံး သိုင်းကွက်ဖြစ်သည်။

သို့သော် ...

ဟိုလိုသည် အေးစက်စွာ ရယ်မောရင်း သူမ၏ တိုက်ခိုက်
ကို ရှောင်ရှားနိုင်ခဲ့လေသည်။

"ဟား ... ဟား ... လက်စသတ်တော့ မင်းက တန်ချူးစိန်၊
တစ်ကျိတ်တည်း တစ်ဉာဏ်တည်းပါလား"

မော်လီဟန်သည် သူမ၏ လက်သိုင်းကွက်က ဟိုလိုအ
ထိရောက်စွာ တိုက်ခိုက်နိုင်မှုန်း မရှိသည်ကို မြင်သည်နှင့် တစ်ပြိုင်နက်
ဓားကို စွပ်ခနဲ ဆွဲထုတ်လိုက်လေတော့၏။

"လူယုတ်မာ ... မဟုတ်တာတွေ လျှောက်အော်မနေနဲ့၊ အ
တိုက်ပွဲဟာ ငါ့အဖေအတွက် ငါကိုယ်တိုင် ကလဲ့စားချေတာပဲ သိလား"

မော်လီဟန်သည် ဒေါသတကြီး အော်ပြောရင်းမှ ဟိုလိုအ
ဓားသိုင်းကွက်ဖြင့် တိုက်ခိုက်လိုက်ပြန်၏။

ဟိုလိုက မော်လီဟန်၏ တိုက်ကွက်ကို ကမန်းကတန်း တိမ်း
ရှောင်လိုက်သည်။

သူ၏ မျက်နှာမှာမူ သွေးရောင်ပျောက်ကာ ဖြူဖပ်ဖြူရော်
ဖြစ်သွား၏။

"ဟေ့ ... မင်း ဘာတွေပြောနေတာလဲ၊ မင်း အဖေ သေတာ
ငါနဲ့ ဘာဆိုင်လို့လဲကွ"



ဟိုလိုက အော်ပြောလိုက်၏။

မော်လီဟန်က အံကြိတ်၍ ...

"ခုမှ မသိချင်ယောင် ဆောင်မနေနဲ့ ..."

ပြောရင်းဆိုရင်းမှလည်း ဓားဖြင့် ထပ်မံတိုက်ခိုက်လိုက်ပြန်သည်။

ဟိုလိုသည် မော်လီဟန်၏ မျက်နှာ အရိပ်အကဲကို ကြည့်ရင်း
ထိတ်လန့်တကြား ဖြစ်သွားမိသည်။

သူ၏စိတ်ထဲ၌လည်း ...

"ငါတို့ သားအဖရဲ့ အကြံကို သိသွားပြီလားဟု ထိတ်လန့်စွာ
ကျိတ်တွေးလိုက်မိသည်။

အမှန်စင်စစ် ...

ဟိုလိုသည် ဓားပညာတွင် မော်လီဟန်ထက် သာသူဖြစ်သည်။

သို့သော် သူတို့နှစ်ယောက်တွင် တစ်ယောက်က ဖခင်အတွက်
ဒေါသထွက်ပြီး သူသေကိုယ်သေ တိုက်ချင်နေသူ။

တစ်ယောက်ကမူ ကိုယ့်မကောင်းမှုနှင့်ကိုယ် စိတ်မလုံမလဲဖြစ်
သူ ဖြစ်သည်။

ထို့ကြောင့်လည်း ...

မော်လီဟန်က တိုက်စစ်ဆင်နေနိုင်ပြီး ဟိုလိုမှာမူ ခုခံကာကွယ်
သည့် တိုက်ကွက်ကိုသာ အသုံးပြုနေရခြင်း ဖြစ်၏။

"မော်လီဟန် ... သူများတွေ ပြောတာ မယုံပါနဲ့၊ အစ်ကို
ရှင်းပြပါ့မယ်"

တိမ်းရင်းရှောင်ရင်းမှ ဟိုလိုက ပြောနေသည်။

ထိုသို့ ပြောနေသဖြင့် သူ၏ ဓားချက်မှာ အနည်းငယ် နှေးသွား
ရာ 'ဗြဲ' ခနဲ မြည်သံနှင့်အတူ ဟိုလို၏ အင်္ကျီမှာ ပြဲသွားရတော့၏။

မော်လီဟာန် ထိုးခုတ်လိုက်သော ဓားချက်သည် သူ၏ ရင်ဘတ်
ရှပ်ထိသွားသည်။

အခြေအနေ ဆိုးလှသည်ကို တွက်ဆမိသဖြင့် ဟိုလို
လေချွန်အချက်ပေးလိုက်လေတော့သည်။

သူ၏လူများကို လှမ်းခေါ်လိုက်သည့် အချက်ပေးသံမှန်း သိ
သဖြင့် မော်လီဟာန်သည် ပိုပြီး ပြင်းပြင်းထန်ထန် တိုက်ခိုက်
လေတော့၏။

သို့ရာတွင် သူမ၏ပညာမှာ အနည်းငယ် နိမ့်ကျသည့်ဖြစ်
ဟိုလိုအား မည်သို့မျှ ဒဏ်ရာရအောင် တိုက်ခိုက်၍ မရဘဲ ဖြစ်နေ
သည်။

ဟိုလိုကလည်း မော်လီဟာန် အင်အားများ ကုန်ခမ်းသည်ထိ
ကုန်ခမ်းလာအောင် အချိန်ဆွဲပြီး ပြန်လည်ခုခံနေလေသည်။

မကြာမီ သူတို့ တိုက်ပွဲ ဖြစ်သွားနေရာသို့ လူနှစ်ယော
ရောက်ရှိလာတော့သည်။

မော်လီဟာန်က စိတ်ထဲမှကျိတ်ကာ တွေးလိုက်၏။

"ဒီလူနှစ်ယောက်ဟာ ဟိုလို ဖိတ်ခေါ်ထားတဲ့ မန်ချူးနယ်
သမား နှစ်ယောက်ပဲ ဖြစ်ရမယ်",

ထိုလူနှစ်ယောက် ရောက်လာသော်လည်း သူမသည် ထွက်
ခြင်း မပြုပါချေ။

သူမသည် အံကြိတ်ကာ နှစ်ဦးနှစ်ဖက်စလုံး ထိခိုက်ဒဏ်ရာရ
မည့် ဓားသိုင်းကွက်ကို ထုတ်သုံးလိုက်လေတော့၏။

သူတို့ရှေ့မှောက်တွင် ရောက်လာကြသော လူနှစ်ယောက်
သူတို့နှစ်ဦး၏ တိုက်ပွဲကိုကြည့်ကာ အံ့အားသင့်နေကြသည်။



"ဟော့ ... သတို့သားလောင်းနဲ့ သတို့သမီးလောင်းက လူသူမမြင်
အောင် ဒီနေရာလာပြီး ဓားရေးလေ့ကျင့်နေကြတာလား"

ရောက်လာကြသော လူနှစ်ယောက်အနက် ရှေ့မှလူက လှမ်း
မေးလိုက်၏။

နောက်ကလူကမူ မျက်လုံးပြူးကာ ...

"မဟုတ်ဘူး ... သူတို့ ဓားရေးကျင့်နေကြတာ မဟုတ်ဘူး"

အထိတ်တလန့်ဖြင့် ပါးစပ်မှ လွှတ်ခနဲ ပြောဆိုလိုက်၏။

အမှန်တော့ ဟိုလိုတို့နှစ်ယောက် ဓားရေး လေ့ကျင့်နေကြခြင်း
မဟုတ်ကြောင်း ရှေ့မှလူကလည်း သိပါသည်။

သို့သော် မော်လီဟာန်၏ တိုက်ခိုက်မှု လျော့နည်းသွားစေရန်
အာရုံထွေပြားအောင် လှမ်းပြောလိုက်ခြင်းဖြစ်သည်။

ထိုစဉ် ...

"အား ... "

အော်သံတစ်ချက် စူးရှစွာ ထွက်ပေါ်လာသည်။

နှစ်ယောက်စလုံး အထိတ်တလန့် လှမ်းကြည့်လိုက်ကြသော
အခါ ဟိုလို၏ ပခုံးတွင် ဓားချက်တစ်ချက် ထိသွားပြီး သွေးများ
ယိုစီးကျလာသည်ကို တွေ့လိုက်ကြရတော့၏။

ချက်ချင်းပင် အရှေ့မှလူသည် ကြေးပြားတစ်ပြားကို ထုတ်ယူ
ပြီး တောက်လိုက်ရာ မော်လီဟာန်၏ ဓားကို ချွင်ခနဲ သွားရောက်ထိ
မှန်လေတော့သည်။

မော်လီဟာန်မှာ လက်မောင်းတစ်လျှောက် ကျင်ခနဲဖြစ်သွားပြီး
ဓားလည်း လွတ်ကျသွားရတော့၏။

ကြေးပြားဖြင့် ပစ်လိုက်သော လူက သဘောကျစွာ ပြုံးလိုက်
သည်။

"ကဲ ... ဟိုလို မင်းအမျိုးသမီးကို မင်းပဲ ကြည့်ပြီး ချော့
ပါကွာ"

ထိုလူက အေးဆေးစွာ ပြောဆိုလိုက်သည်။

သူ၏ စိတ်ထဲတွင် မော်လီဟန်တွင် မည်သည့်လက်နက်
မရှိတော့သည့်အတွက် ထပ်မံတိုက်ခိုက်ကြဖွယ် မရှိတော့ဟု ယူ
သွားပုံရသည်။

သို့သော် မမျှော်လင့်ဘဲ မော်လီဟန်သည် သူမ၏ အသက်
ပဓာနမထားဘဲ ဟိုလိုအား တိုက်ခိုက်လိုက်ပြန်၏။

"ဖြန်း ... "

မြည်သံတစ်ချက် ထွက်ပေါ်လာသည်။

ဟိုလိုမှာ ဒဏ်ရာရထားသော ပခုံးကို ရိုက်ချလိုက်သ
မော်လီဟန်၏ လက်ဝါးအရှိန်ကြောင့် ရှုံ့မဲ့သွားတော့သည်။

အသည်းခိုက်အောင် နာကျင်သွားသလို ဒေါသလည်း ဖြစ်သွာ
မိတော့သည်။

ပါးစပ်မှလည်း ယုတ်ရင်းကြမ်းတမ်းစွာ ဆဲဆိုရင်း လက်ကလည်
ဓားရိုးဖြင့် လှမ်းဆောင့်လိုက်၏။

တစ်ချိန်တည်းမှာပင် အခြားလက်တစ်ဖက်ကို လက်သီးအဖြ
အသုံးပြုကာ လှမ်းထိုးလိုက်သေး၏။

ဓားရိုးသည် မော်လီဟန်၏ ရင်ဘတ်သို့ အရှိန်ပြင်းစွာ သွာ
ဆောင့်သည်။ လက်သီးကလည်း ဝမ်းဗိုက်ကို ပြင်းထန်စွာ ထိုးချလိုက်
၏။

ဟိုလို၏ အတွင်းအားမှာ မော်လီဟန်ထက် အဆများစွာ သာ
လွန်သည်။



မော်လီဟန်မှာ ပါးစပ်မှ အင့်ခနဲ တစ်ချက်မျှသာ အော်နိုင်ပြီး
လဲကျသွားတော့၏။

"ဟေ့ ... ဟေ့ ... ဟိုလို သေသွားပါဦးမယ်ကွ"

စိုးရိမ်တကြီးဟန်ဖြင့် လှမ်းပြောလိုက်သော ကြေးပြားနှင့် ပစ်သူ
အသံ ... "

"ဟာဗျာ ... ဒီလိုကောင်မမျိုး သေသွားလဲ အေးတာပဲ"

ဂရုမစိုက်ဟန်ဖြင့် ပြောလိုက်သော ဟိုလို၏ အသံ ...

"ဟ ... ဒီလောက်ချောတဲ့ မိန်းကလေးကို မင်းက ဘာလို့
သေစေချင်ရတာလဲ"

ဟိုလိုက လေသံပြတ်ပြတ်ဖြင့် ...

"သူက ကျုပ်တို့ရဲ့ လျှို့ဝှက်ချက်ကို သိနေပြီဗျ၊ သူ့အဖေကို
သတ်တာ ကလဲ့စားချေတဲ့အနေနဲ့ ကျုပ်ကို တိုက်ခိုက်ခဲ့တာပဲ၊ သူက
အရေးမကြီးပါဘူး၊ တန်ချူစိန်းကို အရင်သွားပြီး ရှင်းပစ်ကြရအောင်"

ဤတွင် ကြေးပြားဖြင့် ပစ်လိုက်သူက ...

"ကောင်းပြီလေ၊ ဒါဆိုလည်း ကျုပ်တို့ တန်ချူစိန်းကို မှုးခေါ်
ကြတာပေါ့"

ထိုနောက် အသံများကို မော်လီဟန် မကြားရတော့ပါ။ ဒဏ်ရာ
အရှိန် ပြင်းထန်လှသည်ဖြစ်ရာ သူမမှာ တောင့်မခံနိုင်တော့ဘဲ တဖြည်း
ဖြည်း လျှောသွားလေတော့သည်။

◆ ◆ ◆

မော်လီဟန်ထံမှ စကား ရပ်သွားသောအခါ ကန်ရှန်ယွင်က
အားမလို အားမရဖြင့် မေးလိုက်မိသည်။

"ဆက်ပြောပါဦးဗျ၊ နောက် ဘာဖြစ်သေးလဲ"

မော်လီဟန်က တန်ချူစိန်းကို တစ်ချက်လှမ်းကြည့်လိုက်၏။

"နောက်ပိုင်း ဘာဆက်ဖြစ်သေးသလဲဆိုတာ ကျွန်မ မသိရတော့ပါဘူးရှင်၊ နောက်ပိုင်း အဖြစ်အပျက်ကိုတော့ တန်ချူစိန်းက ဆက်ပြီး ပြောပြသင့်တယ်လို့ ကျွန်မ ထင်ပါတယ်"

တန်ချူစိန်းက ခေါင်းငုံ့နေသည်။

ထိုစဉ် လီကျင်ဆုက ထရပ်လိုက်ပြန်၏။

"ဟုတ်တယ်ဟေ့ ... တန်ချူစိန်း၊ မင်းကလည်း မင်း ကြုံတွေ့ခဲ့ရတာတွေ ပြောပြသင့်တယ်"

လီကျင်ဆုက ထပ်ဆင့် တောင်းဆိုလိုက်ပြန်၏။

တန်ချူစိန်း ခပ်တွေတွေ ဖြစ်သွားသည်။

ပရိသတ်ထဲမှ အချို့က တောင်းဆိုလိုက်ပြန်သည်။

"ဟုတ်ပါတယ်၊ တန်ချူစိန်း ဒါမှလည်း အမှုမှန်ကို ဖော်ထုတ်နိုင်တော့မှာပေါ့"

ထိုစဉ် မော်လီဟန်က ...

"တန်ချူစိန်း ... ရှင်ဟာ ရှင့်ဆရာဆီမှာ ပေးထားခဲ့တဲ့ ကတိကို စောင့်ထိန်းမယ့် လူစားဖြစ်တယ်ဆိုတာ ကျွန်မ သိပါတယ်၊ အခုချိန်မှာ မန်ချူးနယ်ချဲ့နဲ့ အချိတ်အဆက်လုပ်တဲ့လူအတွက် ရှင်တို့ဂိုဏ်းရဲ့ ခေါင်းဆောင်ပိုင်းမှာ နေစရာမရှိဘူးဆိုတာ ရှင် သတိပြုမိရဲ့လား၊ ရှင့်ဆရာကို ရှင်ပေးထားတဲ့ ကတိထဲမှ တကယ်လို့ အမျိုးသားသစ္စာဖောက်နဲ့ မန်ချူးနယ်ချဲ့နောက်လိုက်များ ပေါ်ပေါက်ခဲ့ရင် ဂိုဏ်းအတွင်း ဝင်ရောက်ပြီး ပြန်လည်ထိန်းသိမ်းပါ့မယ်ဆိုတဲ့ ချွင်းချက်ထားရှိခဲ့တယ်လေ၊ ဒါကိုရော ရှင် မေ့နေပြီလား"

ထုန်ကျင်ဆုက မျက်နှာပျက်စွာဖြင့် ...



"မိန်းကလေး ... မင်းအနေနဲ့ စကားကို နည်းနည်းပါးပါး ဆင်ခြင်ပြောပါ၊ မင်း စွပ်စွဲသလိုတော့ မဟုတ်ပါဘူး။ အေး ... တစ်ခုတော့ ရှိတယ်၊ တို့ဟာ နေပြည်တော်က အောင်ရန့်ရှေ့ကို ဖိတ်ခေါ်မိတာ တစ်ခုပဲ၊ ငါကလည်း ညီ့သည်တော် တစ်ဦးအနေနဲ့ ဖိတ်ခေါ်ခဲ့တာပါ၊ ဒီလို ဖိတ်ခေါ်မိတာနဲ့ပဲ တို့ကို မန်ချူးနယ်ချဲ့နဲ့ အဆက်အသွယ်လုပ်နေတယ်လို့ မစွပ်စွဲသင့်ပါဘူး"

ဟု မကျေမနပ် ပြန်ပြောလိုက်သည်။

မော်လီဟန်က ထုန်ကျင်ဆုအား တည်ကြည်စွာ ပြန်ကြည့်လိုက်သည်။

"ဂိုဏ်းချုပ်ကြီး ထုန်ကျင်ဆု၊ ကျွန်မအနေနဲ့ ဂိုဏ်းချုပ်ကြီးကို သစ္စာဖောက်တယ်လို့ တိုက်ရိုက်စွပ်စွဲပြောဆိုနေတာ မဟုတ်ပါဘူး။ ကျွန်မ ဘယ်သူ့ကိုရည်ရွယ်ပြီး ပြောတယ်ဆိုတာ ရှင်သိဖို့ ကောင်းပါတယ်၊ ကဲ ... အမှုရဲ့ ကျန်တဲ့အပိုင်းကို တန်ချူစိန်း ဆက်ပြောစေချင်ပါတယ်"

မော်လီဟန်က တန်ချူစိန်းအား အမှုအကြောင်း ရှင်းလင်းပြောပြရန် တောင်းဆိုလိုက်၏။

ထုန်ကျင်ဆုကလည်း သူသည် အမှုမှန်ကို လိုလားသူတစ်ဦးအဖြစ် အားလုံးက ယုံကြည်စေချင်သူဖြစ်သည်။

ထို့ကြောင့် ခေါင်းကို ဆတ်ခနဲညိတ်ကာ ပြောပြရန် တိုက်တွန်းသည်။

"ကဲ ... တန်ချူစိန်း၊ အမှုနဲ့ ပတ်သက်ပြီး မင်း သိသမျှ ကြုံတွေ့ ဖြစ်ပျက်ခဲ့သမျှ မချွင်းမချန် ပြောပါ"

ထုန်ကျင်ဆုက တန်ချူစိန်းအား ဖိတ်ခေါ်လိုက်တော့၏။

ထုန်မင်ဆုမှာမူ အကြီးအကျယ် မျက်နှာပျက်ချေပြီ။

သူ့မျက်နှာမှာ သွေးမရှိတော့သလိုပင် ဖြူဖပ်ဖြူရော် ဖြစ်နေတော့၏။

တန်ချူစိန်းသာ အကယ်၍ အဖြစ်မှန်ကို အမှန်အတိုင်း မရှုံ့မချန် ဖွင့်ပြောလိုက်လျှင် သူ့အတွက် လွယ်ကူမည်မဟုတ်ပါချေ။

ထိုစဉ် မော်လီဟန်က ထုန်မင်ဆုအား စိုက်ကြည့်ကာ ...

"အခင်းဖြစ်ပွားတဲ့ညက တန်ချူစိန်းကို လုပ်ကြံသတ်ဖြတ်ဖို့ ရှင်တို့ ဖိတ်ခေါ်ခဲ့တဲ့ ဧည့်သည်ဟာ နှစ်ယောက်ပါ၊ သူတို့ဟာ အခု ဒီနေရာကို ရောက်နေပြီဆိုတာ ကျွန်မ သိပါတယ်"

**မော်လီဟန်ကတော့** ပြတ်သားစွာပင် အားလုံးကြားလောက်**အောင် ပြော**ဆိုနေလေသည်။

**နား**ထောင်နေသူအားလုံးမှာလည်း သူမ၏ စကားကြောင့် **လှုပ်လှုပ်ရွရွ** ဖြစ်သွားသည်။

လီကျင်ဆုက ...

"အဲဒီနှစ်ယောက်က ဘယ်သူတွေလဲ"

မော်လီဟန်က ခေါင်းတစ်ချက် ညိတ်ပြလိုက်၏။

"ဟိုအချိန်တုန်းကတော့ သူတို့ ဘယ်သူတွေလည်းလဆိုတာ ကျွန်မ မသိဘူးပေါ့ရှင်၊ ဒါပေမယ့် အချိန်ကြာညောင်းလာတဲ့အခါမှာတော့ ကျွန်မ သိလာပါတယ်၊ တစ်ယောက်က ခုံတုန်ဂိုဏ်းက ဖိတ်ထားတဲ့ အောင်ရန်ရွှေပါ"

မော်လီဟန်၏ စကားကြောင့် နားထောင်နေကြသူများ မျက်လုံးပိုင်းသွားကြသည်။

ဤသို့လာခဲ့သို့ပင် ထုန်မင်ဆုသည် အောင်ရန်ရွှေအား တက်ရောက်ရန် ဖိတ်ကြားခဲ့သည် မဟုတ်ပါလား။

"နောက်တစ်ယောက်ကရော ဘယ်သူလဲ"



"နောက်တစ်ယောက်က အောင်ရန်ရွှေထက် ပိုပြီး အဆင့်မြင့်ပါတယ်၊ သူ့အမည်က ဟိုက်လန်တင် ဖြစ်ပါတယ်"

မော်လီဟန်က ပြောပြလိုက်၏။

မော်လီဟန်၏ စကားကြောင့် **လီကျင်ဆု** အထိတ်တလန့်ဖြင့်

"ဟိုက်လန်တင် ဟုတ်လား။ ဒီ ... ဒီကောင်က မန်ချူးနယ်ချဲ့ရဲ့ **အဆင့်မြင့်ဆုံး** လက်ပါးစေပဲကွ"

မော်လီဟန်က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်"

"ဟယ် ... "

လီကျင်ဆုမှာ ပါးစပ်အဟောင်းသားဖြင့် ကြက်သေသေသွားတော့၏။

အတန်ကြာမှ အလန့်တကြားဖြင့် ...

"ဟိုက်လန်တင်နဲ့ အောင်ရန်ရွှေ အား ... ဒါဆို ဟုတ်ပြီ ... ဟုတ်ပြီ"

လီကျင်ဆုက အထိတ်တလန့်ဖြင့် ရေရွတ်လိုက်သည်။

ထုန်ကျင်ဆုသည် လီကျင်ဆုအား နားမလည်စွာကြည့်ကာ ...

"လီကျင်ဆု ... ခင်ဗျား ဘာတွေပြောနေတာလဲ"

လီကျင်ဆုက လေးနက်စွာဖြင့် ...

"ခင်ဗျားတို့ အကြီးအကဲ ယူရှီဆုကို လုပ်ကြံသတ်ဖြတ်တဲ့ ရားခံဟာ အဲဒီ ဟိုက်လန်တင်ပဲ ဖြစ်ရမယ်၊ မန်ချူးနယ်ချဲ့ရဲ့ လက်ပါး**စေထဲမှာ** ဒီလို အဝေးကနေ လှမ်းပြီး သွေးကြောပိတ်တဲ့ အဆင့်မြင့် **သိုင်းပညာ**ကို တတ်တဲ့သူဟာ သူတစ်ယောက်ပဲ ရှိတယ်"

လီကျင်ဆုက တွေးတွေးဆဆ ပြောဆိုလိုက်၏။

ထုန်ကျင်ဆုမှာ ပထမတွင် လှုပ်ရှားသွားသည်။

သို့သော် …

ချက်ချင်းပင် အမှုအရာကို ထိန်းချုပ်ကာ တည်တည်ငြိမ်ငြိမ် ဖြင့် …

"ခင်ဗျားရဲ့ ယူဆချက်ဟာ မမှားနိုင်ဘူးလို့ ကျွန်တော်ထင်ပါတယ်၊ ဒါပေမယ့် အဲဒီ သံသယ ဖြစ်စရာကောင်းတဲ့ တရားခံကို ခုထိ မတွေ့ရှိသေးပါဘူး။ ဒါနဲ့ မော်လီဟန် ပြောသွားတဲ့ အထဲမှာ ကျုပ်တို့ အဖွဲ့ထဲက သစ္စာဖောက်တွေ ရှိနေတယ်ဆိုတာ ပါပါတယ်၊ အဲဒါ ဘယ်သူတွေလဲ ကျုပ် သိချင်တယ်"

မော်လီဟန်က ခေါင်းတစ်ချက် ယမ်းလိုက်သည်။

"ရှင်တို့ဂိုဏ်းထဲမှာ သစ္စာဖောက် ရှိနေတာအမှန်ပါပဲ၊ ဒါပေမယ့် အချိန်မကျသေးလို့ မပြောပါရစေနဲ့၊ ဟိုက်လန်တင်နဲ့ အောင်ရန်ရွှေတို့ ထွက်လာတဲ့အချိန်ကျတော့ ပြဿနာ ရှင်းသွားမှာပါ"

မော်လီဟန်က တည်ကြည်စွာ ပြန်ပြောလိုက်၏။

သူမ၏ စကားများမှာ ထုန်မင်ဆုကိုသာ ရည်ညွှန်းနေကြောင်း အားလုံးက နားလည်ကြသည်။

ထုန်မင်ဆုကိုယ်တိုင်လည်း နားလည်သည်။

သို့ရာတွင် …

သူ၏စိတ်ထဲ၌ …

"ဟိုက်လန်တင်ရဲ့ သိုင်းစွမ်းရည်က အဆင့်သိပ်မြင့်တာ၊ ဘယ်လွယ်လွယ် ဖမ်းလို့ ဘယ်ရမှာလဲ၊ နောက်ပြီး ဒီညီလာခံထဲမှာ ရုပ်ဖျက်ရောက်နေကြတဲ့ ဟိုက်လန်တင်ရဲ့ ဘက်တော်သားတွေ သူတို့ထက် နည်းတာမှ မဟုတ်ဘဲ"

ဟု ကျိတ်ပြီး တွေးကာ သူ့စိတ်သူ အားပေးနေသည်။

ထို့နောက် …



မျက်နှာကို တတ်နိုင်သမျှ တည်ကြည်လေးနက်စေလိုက်ကာ ခပ်တည်တည်ဖြင့် ရပ်နေလေသည်။

ထိုစဉ် …

ကျင်းစိလူက ထုန်ကျင်ဆုအား လှမ်းကာ နှစ်သိမ့်လိုက်သည်။

"သစ်ပင်ကြီးလာရင် အကိုင်းဆွေး၊ အကိုင်းခြောက်ဆိုတာ ရှိစမြဲပဲဆိုတဲ့ စကားလိုပေါ့ဗျာ၊ ခံတုန်ဂိုဏ်းကြီး တစ်ဂိုဏ်းမှာလည်း ယုတ်မာတဲ့ သစ္စာဖောက်က ရှိနေမှာပဲ၊ ဒါပေမယ့် ဂိုဏ်းချုပ်ကြီး ထုန်ကျင်ဆု၊ ခင်ဗျားအနေနဲ့ ဒီလိုယုတ်မာတဲ့ အလုပ်ကို လုပ်လိမ့်မယ် မဟုတ်ဘူးဆိုတာ ကျုပ်တို့ ယုံကြည်ပြီးသားပါ"

အမှန်စင်စစ် …

ထုန်ကျင်ဆုနှင့် ထုန်မင်ဆုတို့ နှစ်ယောက် အခြေခံ စိတ်နေသဘောထားချင်း မတူညီကြောင်းကို ကျင်းစိလူက အစောကြီးကတည်းကပင် အကဲခပ် သိရှိပြီးသား ဖြစ်သည်။

ယခုကဲ့သို့ ရှုပ်ထွေးနေသော အမှုအခင်းအားလုံး၏ အဓိက တရားခံမှာ ထုန်မင်ဆုသာဖြစ်ကြောင်းကိုလည်း ကျင်းစိလူတို့က သိရှိထားပြီး ဖြစ်နေသည်။

ထို့ကြောင့်လည်း သူသည် ထုန်ကျင်ဆုအား လှမ်းပြီး နှစ်သိမ့်လိုက်ခြင်း ဖြစ်သည်။

ထုန်ကျင်ဆုမှာ ကျင်းစိလူ၏ စကားကြောင့် စိတ်ထဲ၌ အနည်းငယ် သက်သာရာ ရသွားမိ၏။

"အင်း … ကျင်းစိလူတို့က ခုလိုခွဲခြားမြင်လို့ တော်သေးတယ်၊ အမှန်တော့ ဒီလိုဖြစ်အောင် ထုန်မင်ဆု လုပ်ခဲ့တာပဲ၊ ဒီကောင်ဟာ သိပ်ယုတ်မာပါတယ်"

ထုန်ကျင်ဆု၏ စိတ်ထဲမှ ကျိတ်ပြီး မှတ်ချက်ချလိုက်မိသည်။

ထုန်ကျင်ဆုသည် သက်သာရာရသွားသော စိတ်များနှင့်အတူ တန်ချူစိန်းဘက်သို့ တည်ကြည်စွာ လှည့်လိုက်သည်။

"ကဲ … တန်ချူစိန်း အားလုံးက ဒီကိစ္စရဲ့ အဖြစ်မှန်ကို ပြောပြဖို့ မင်းကို တောင်းဆိုနေကြတယ် ဒီတော့ မင်း ပြောပါ"

တန်ချူစိန်းသည် ရှည်လျားသော သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်၏။

ထို့နောက် …

"ကျွန်တော်က ကျွန်တော့် ဆရာကို ပေးထားတဲ့ ကတိကို စောင့်ထိန်းခဲ့တာ ခုဆို တစ်ဆယ့်ရှစ်နှစ် ရှိသွားပါပြီ၊ ခုံတုန်ကိုဏ်းကြီး မပြိုကွဲအောင် ထိန်းသိမ်းခဲ့တဲ့အနေနဲ့ ကျွန်တော်ကိုယ်တိုင် မရှုမလှ ခံခဲ့ရတဲ့ ရုပ်ကြံမှုကို ပြန်မပြောဘဲ ရေငုံနေတာပါ၊ ဒါပေမယ့် ဂိုဏ်းသားတချို့ နယ်ချဲ့လက်ပါးစေတွေနဲ့ ပေါင်းပြီး သိုင်းလောကကြီးတစ်ခုလုံးကို ရှုပ်ထွေးပျက်စီးစေဖို့ ကြံစည်နေပြီဆိုတော့ ကျွန်တော့်အနေနဲ့ ဒီကိစ္စကို မဖော်ထုတ်ဘဲ နေလို့ မရတော့ပါဘူး။ ဒီက ညီမ ပြောသလို ကျွန်တော် ထုတ်ဖော်ပြောပါတော့မယ်"

တန်ချူစိန်းက အေးဆေးတည်ကြည်စွာဖြင့် တစ်လုံးချင်း ပြောဆိုလိုက်သည်။

လူအားလုံးမှာ ဆက်လက်ထွက်ပေါ်လာမည့် စကားသံကိုသာ စိတ်ဝင်စားစွာ နားစွင့်နေကြသည်။

ထုန်မင်ဆုတစ်ယောက်ကမူ မျက်နှာပြောင်တိုက်ကာ ခပ်မဲ့မဲ့ ပြုံး၍ ရပ်ရင်း နားထောင်နေ၏။

တန်ချူစိန်းက အားလုံးကို ဖြဲ၍ကြည့်ပြီး စကားဆက်လိုက်ပြန်သည်။



"အခင်းဖြစ်တဲ့ ညက တောတန်းထဲမှာ မော်လီဟန်က ဟိုလိုတို့ ယုတ်မာတဲ့ အကြံအစည်ကို ကျွန်တော့်ကို ပြန်ပြောပြနေတုန်းက ကျွန်တော်ဟာ အသိတ်တလန့် ဖြစ်သွားမိပေမယ့် ယုံရခက် မယုံရခက် ဖြစ်နေမိပါသေးတယ်၊ ဒါကြောင့် ဟိုလိုရောက်လာပြီး ကျွန်တော့်ကို ကျောင်းပျက်ထဲက လူတွေကို သွားကယ်ဖို့ ပြောပါတယ်၊ ကျွန်တော်ကလည်း သူ့စကားကို နားထောင်ပြီး ကျောင်းပျက်ထဲကို ပြန်လာခဲ့မိတယ်"

"ကျောင်းပျက်ဘက်ကို ပြန်သွားတုန်း လမ်းခုလတ်မှာ လူရိပ်နှစ်ခု ဟိုလို တို့ရှိတဲ့ တောတန်းဘက်ကို ပြေးသွားတာ တွေ့ရပါတယ်၊ သူတို့ဟာ ကျောင်းပျက်ထဲမှာ တိုက်ခိုက်လာတဲ့ ဓားပြတွေ ဖြစ်တယ်လို့ ကျွန်တော် တွေးမိခဲ့တယ်၊ ဒါပေမယ့် ကျောင်းပျက်မှာ ဘာတွေ ဖြစ်ပျက်နေသလဲဆိုတာ သိရအောင်လို့ ကျောင်းပျက်ရှိရာဘက်ကို သွားခဲ့ပါတယ်"

"ကျွန်တော် ကျောင်းပျက်နားကို ရောက်သွားတဲ့အခါမှာ မော်လီဟန်ရဲ့ အိမ်ဖော်နှစ်ယောက်ရဲ့ အော်ဟစ်ညည်းညူနေတဲ့ အသံကို အရင်ကြားရယ်၊ သူတို့ကို တိုက်ခိုက်ခဲ့သူတွေဟာ စောစောက ကျွန်တော်မြင်လိုက်တဲ့ လူနှစ်ယောက်ပဲ ဖြစ်ပါတယ်၊ သူတို့ဟာ ဟိုက်လန်တင်နဲ့ အောင်ရန်ရွှေ့တို့ပါ"

"ဟိုက်လန်တင်နဲ့ အောင်ရန်ရွှေ့ဟာ ကျောင်းထဲမှာ ကျွန်တော်နဲ့ မော်လီဟန်ကိုလည်း မတွေ့ဘူး၊ ပြီးတော့ ဟိုလိုကလည်း မရှိဘူးဆိုတော့ ကျောင်းပျက်ထဲမှာ ရတနာပစ္စည်းတွေ စောင့်ရင်း ကျန်ရစ်ခဲ့တဲ့ အိမ်ဖော်နှစ်ယောက်ကို တိုက်ခိုက်ပြီး တောတန်းဘက်ကို သွားကြတာ ဖြစ်ရမယ်လို့ ကျွန်တော် ယူဆပါတယ်"

"ကျောင်းထဲကို ကျွန်တော် အမြန်ဆုံး ဝင်ရောက်သွားခဲ့တယ်၊

အဲဒီအချိန်မှာ ပစ္စည်းဝင်လုနေတဲ့ လူဆိုးတစ်ယောက်နဲ့ ကျွန်တော် ပက်ပင်းတိုးတော့တာပါပဲ"

တန်ချူစိန်းသည် တောက်လျှောက်ပြောရာမှ စကားဖြတ်ကာ ကျက်ဟုန်အား တစ်ချက်လှမ်းကြည့်လိုက်၏။

ကျက်ဟုန်မှာ ခေါင်းငုံ့လျက်သာ တိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံနေ၏။

တန်ချူစိန်းက ပရိသတ်ဘက်သို့ လှည့်ကာ ...

"ကျွန်တော့် လက်ချက်နဲ့ ကျက်ဟုန် ဒဏ်ရာရသွားပြီးတဲ့နောက် သူဟာ ဖျာဖျာသလဲနဲ့ သူ့ကို မသတ်ဖို့ တောင်းပန်ရင်း ဟိုလိုက စေခိုင်းလို့သာ သူရောက်လာခဲ့ရတာဖြစ်ကြောင်း ပြောပြပါတယ်၊ ကျက်ဟုန်ဟာ ဟိုလိုရဲ့ အကြံအစည်တွေကို ထုတ်ဖော်ပြောပြခဲ့ပါတယ်"

"ကျက်ဟုန်ဆီက ဟိုလိုတို့ရဲ့ ယုတ်မာတဲ့ အကြံအစည်ကို ကြားသိရတဲ့အခါ မော်လီဟန် ပြောပြခဲ့တာတွေကို ကျွန်တော် ယုံကြည်လာမိပါတယ်၊ ကျက်ဟုန်က ကျွန်တော့်ကို တောင်းပန်တဲ့အချိန်မှာပဲ ခပ်လှမ်းလှမ်းဘက်က တိုက်ခိုက်တဲ့ အသံတွေ ကြားရပါတယ်၊ ဟိုလိုရဲ့ လေချွန်သံကိုလည်း ကြားရပါတယ်"

"တောတန်းထဲမှာ မော်လီဟန်ကို ဟိုလိုတို့ လူစု ဝိုင်းအနိုင်ကျင့် တိုက်ခိုက်ကုန်ပြီလို့ ကျွန်တော် တစ်ထစ်ချ ယူဆမိပါတယ်၊ ဒါကြောင့် ကျက်ဟုန်ကို ဂရုမစိုက်နိုင်တော့ဘဲ တောတန်းကိုသာ ကျွန်တော် အမြန်ဆုံး ပြေးသွားပါတယ်၊ အဲ ... ကျွန်တော် ရောက်သွားတော့ ဟိုက်လန်တင်၊ အောင်ရန်ရွှေနဲ့ ဟိုလိုတို့ ပူးပေါင်းပြီး လုပ်ဇာတ်ကင်းနေကြတာလက်ကို တွေ့ရပါတယ်၊ ဒါပေမယ့် အဲဒီ အချိန်တုန်းက သူတို့ လုပ်ဇာတ်ခင်းနေကြတာကို ကျွန်တော် မရိပ်မိခဲ့ပဘူး"



ဟိုက်လန်တင်၊ အောင်ရန်ရွှေနှင့် ဟိုလိုတို့ သုံးဦး ပူးပေါင်းကြံဆင်ခဲ့သော လှည့်စားမှု ထောင်ချောက်အကြောင်းကို ပြန်ပြောရင်း တန်ချူစိန်း၏ မျက်နှာမှာ ဒေါသဖြင့် ခက်ထန်လာတော့၏။

အမှန်တော့ ဒေါသဖြစ်မည် ဆိုလျှင်လည်း ဖြစ်စရာပင် မဟုတ်ပါလား။

တန်ချူစိန်းသည် ပြောရင်းမှ ထိုအချိန်က သူ တောတန်းထဲသို့ ပြန်ရောက်သွားသောအခါတွင် မန်ချူးအရာရှိနှစ်ယောက်နှင့် ဟိုလိုတို့သည် တစ်ဖက်နှင့်တစ်ဖက် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြသော မြင်ကွင်းကို ပြန်လည်မြင်ယောင်လာ၏။

ဟိုလိုအား နှစ်ယောက်သား ညှပ်၍တိုက်နေရင်းမှ ဟိုက်လန်တင်က အလွန်တရာ ဒေါသထွက်နေသော မျက်နှာဖြင့် ပြောနေသည်။

"ဟေ့ ... ဟိုလို၊ မင်းရဲ့ အဖွဲ့သားတွေကို အကာအကွယ်ပေးမှုနေစမ်းပါနဲ့ကွာ၊ အမှန်အတိုင်း မြန်မြန်ပြောပါ၊ အေး ... မပြောရင်တော့ မင်း သူ့ကိုယ်စား အသေခံသွားရမှာပဲ"

ဤတွင် ဟိုလိုကလည်း အော်ကြီးဟစ်ကျယ်ဖြင့် ...

"ဟေ့ ... ကျုပ် ဘယ်သူ့ကိုမှ ဝှက်မထားဘူးကွ၊ ဝှက်ထားရအောင် ကျုပ်တို့လူက ဘာတွေလုပ်ခဲ့လို့လဲ"

ဟိုက်လန်တင်ကလည်း မျက်လုံးပြူးကြီးကို အရုပ်ဆိုးလောက်အောင် ပို၍ ပြူးကျယ်စေရင်း ...

"ဟေ့ကောင် မင်းက ဘာအခုမှ မသိချင်ယောင် ဆောင်နေတာလဲ၊ တန်ချူစိန်းဟာ တို့ကို အန္တရာယ်ပြုမယ့် အဖွဲ့အစည်းရဲ့ အဖွဲ့ဝင်တစ်ယောက်ပဲ၊ ဒါကိုလည်း တို့ဘက်က နိုင်နိုင်လုံလုံ စုံစမ်းပြီးပြီ"

"ဟင်း ... မင်းဟာ တန်ချူစိန်းနဲ့ တစ်ကျိပ်တည်း တစ်ဉာဏ်တည်း ဖြစ်ရမယ်"

ထိုစကားကို အောင်ရန်ရွှေက အလွန်တရာ ခက်ထန်သော မျက်နှာပေးဖြင့် ပြောဆိုလိုက်ခြင်းဖြစ်၏။

ဟိုလို၏ မျက်နှာကလည်း တကယ် သရုပ်ပီသလှသည်။

မတရား စွပ်စွဲခံနေရ၍ တုန်လှုပ်ဟန်က ဒေါသဖြစ်နေဟန် တကယ် ပေါ်လွင်လှသည်၊

"ဒီမှာ တန်ချူစိန်း ဘာတွေလုပ်တယ်၊ အခု ဘယ်သွားတယ်ဆိုတာ ကျုပ် မသိဘူး၊ ခင်ဗျားတို့ အေးအေးဆေးဆေး ကိုယ့်လမ်းကိုယ်သွားကြရင် ကောင်းမယ်၊ ကျုပ် ဒါပဲပြောချင်တယ်"

ဟိုလိုက ဒေါသမျက်နှာဖြင့် အော်ပြောလိုက်၏။

ဟိုလို၊ ဟိုက်လန်တင်နှင့် အောင်ရန်ရွှေတို့သည် တစ်ယောက်နှင့် တစ်ယောက် လုပ်ဇာတ်ခင်းကာ အတိုင်ကဖောက်ညီညီ မာန်ပါပါ ပြောဆိုနေကြ၏။

စိတ်ကောင်းရှိပြီး နုံဖြော့သည့် တန်ချူစိန်းမှာ ယင်းသို့ သုံးဦး၏ လုပ်ကွက်ဆင်မှုကို အနည်းငယ်မျှ သံသယ မဖြစ်မိခဲ့ရှာပါချေ။

သူ့စိတ်ထဲတွင် အမှန်တကယ်ပင် ဟိုလိုအား ဟိုက်လန်တင်တို့ နှစ်ယောက်က ပိုင်းဝန်းခြိမ်းခြောက် တိုက်ခိုက်နေသည်ဟု ထင်လာသည်။

သူသည် စိတ်လှုပ်ရှားစွာဖြင့် ...

"အင်း ... မော်လီဟန်တို့က ပြောတော့လည်း ဟိုလိုတို့ သားအဖဟာ ဝါ့ကို လုပ်ကြံဖို့ နယ်ချဲ့နောက်လိုက် အရာရှိနှစ်ယောက်ကို ဆက်သွယ်ခေါ်ယူထားတယ်လို့ ဆိုတယ်၊ ဒါပေမယ့် အခု ငါတွေ့နေရတာကျတော့လည်း မော်လီဟန်တို့ ပြောတာနဲ့ တခြားစီပါပဲလား၊



ဝါ ဘယ်သူ့ကို ယုံကြည်ရမှာလဲ၊ ဒီကြားထဲ မော်လီဟန်ဆိုတဲ့ မိန်းကလေးကလည်း ဘယ်ရောက်နေလည်း မသိဘူး"

တန်ချူစိန်း၏ အတွေးများ ယောက်ယက်ခတ်နေသည်။

နောက်ဆုံးတွင်မှ သူသည် အကာအကွယ်ယူကာ တောင်ကုန်းပေါ်မှ တိတ်တဆိတ် ဆင်းသက်လာခဲ့သည်။

တန်ချူစိန်းမှာ တောင်ကုန်းကွယ်နေသောကြောင့် မြေကြီးပေါ်တွင် မေ့မြောလဲ့ကျနေသော မော်လီဟန်အား ယခုအချိန်ထိ မမြင်ရသေးပါ။

သူ ဆင်းသက်လာစဉ်မှာပင် ဟိုက်လန်တင်ထံမှ ရယ်မောသံ တစ်သံ ထွက်ပေါ်လာသည်။

"ဟား ... ဟား ... ဟော့ကောင် ဟိုလို့မင်းရဲ့ အရည်အချင်းနဲ့ ဝါ့ကို နိုင်အောင် တိုက်နိုင်လို့လား"

ဟိုလိုက မာန်ပါပါဖြင့် ပြန်ပြောလေ၏။ သူ့ သရုပ်ဆောင်မှုမှာ ဟန်ပါလှ၏။

"အေး ... နိုင်နိုင် မနိုင်နိုင် တိုက်ရမှာပဲ"

ထိုစဉ် ဟိုက်လန်တင်က မြေကြီးပေါ်၌ လဲကျနေသော မော်လီဟန်ကို မေးငေါ့ပြကာ ...

"ဒီမှာ ... မင်း သေသွားတာထက် ပိုပြီးဆိုတာက ဟောဒီကောင်မလေးဟာ တစ်နာရီအတွင်း ငါ့ဆီက အကြောဖြေဆေးမရရင် သေမှာပဲ၊ ဒီကောင်မလေး အသေမခံနိုင်ရင် မင်း အခုချက်ချင်း လက်နက်ချပါ"

ဟိုက်လန်တင်၏ စကားကို ကြားလိုက်ရသောအခါ တန်ချူစိန်းမှာ အောင့်အီးသည်းခံပြီး မနေနိုင်တော့ပါ။

"ဟင် ... မော်လီဟန်ကိုလည်း သူတို့ တိုက်ခိုက်ပြီးပြီ ဆိုပါ

လား၊ သူ့ကို ငါကယ်ရမယ်၊ ငါ့ဂိုဏ်းတူ အစ်ကို ဟိုလိုလည်း
အတွက်ကြောင့် ဒုက္ခရောက်တာ မခံနိုင်ဘူး"

ထို့နောက်တွင်မူ တန်ချူစိန်းသည် ပုန်းကွယ်နေရာမှ ထွက်
တိုက်ပွဲအတွင်းသို့ လျင်မြန်စွာ ပြေးဝင်လေတော့သည်။

တန်ချူစိန်းကို ခုမှ မြင်တွေ့သည့်ဟန်ဖြင့် ဟိုလိုက အထိ
တလန့် ပြောဆိုလိုက်၏။

"ညီလေး တန်ချူစိန်း၊ ဒီနှစ်ကောင်က မင်းကို တိုက်ခိုက်
လာတာပဲ၊ ပြေး ... ပြေး ... မင်း လွတ်အောင်အမြန်ပြေး၊ အစ်ကို
ငဲ့မနေနဲ့"

သို့သော် တန်ချူစိန်းက ဓားအိမ်မှ ဓားကို ဆွဲထုတ်ကာ

"ဒီမှာ ဟော့လူတွေ ... ခင်ဗျားတို့ အစွမ်းအစ ရှိတယ်ဆိုရင်
ကျုပ်နဲ့ ထိပ်တိုက် ရင်ဆိုင်လှည့်၊ အစ်ကို ဟိုလိုနဲ့ ဘာမှမဆိုင်ဘူး"

တန်ချူစိန်းက ပြောပြောဆိုဆိုဖြင့် တိုက်ပွဲအတွင်းသို့ ဝင်ရောက်
လာတော့၏။

ဟိုလိုကလည်း တိုက်ပွဲအတွင်းမှ ထွက်ခွာခြင်းရှိပါ။ ဂိုဏ်းတူ
ညီအစ်ကို နှစ်ယောက် ရန်သူကို လက်တွဲရင်ဆိုင်မည့် ဟန်မျိုး ဖြင့်
ဆင်လိုက်သည်။

သူတို့ တင်ကြိုစီစဉ်ထားသည့် အစီအစဉ်အရ ဟိုလိုသည်
ပထမတွင် ရန်သူနှင့် သက်စွန့်ကြိုးပမ်း တိုက်ခိုက်ဟန် ဆောင်မည်
ဖြစ်သည်။

ယင်းသို့ ပြုလုပ်ခြင်းဖြင့် တန်ချူစိန်းသည် ဟိုလိုအား ကျေးဇူး
တင်ကာ ဟိုလိုကို ထည့်မတွက်ဘဲ အမှုမဲ့ အမှတ်မဲ့ဖြင့် ဟိုက်လန်
တင်တို့ကိုသာ ဦးတည်ရင်ဆိုင်လေမည် မဟုတ်ပါလား။



သို့ဖြင့် ဟိုသည် သက်စွန့်ကြိုးပမ်း တိုက်ခိုက်နေသည့် ပုံသဏ္ဍာန်
မျိုးဖြင့် တိုက်ပွဲဝင်နေသည်။

အမှန်စင်စစ် တန်ချူစိန်းတစ်ယောက်တည်းနှင့် လက်စွမ်းရည်
ထက်မြက်သော ရန်သူနှစ်ယောက်အား အကြိတ်အနယ် ယှဉ်ပြိုင်နေ
ရခြင်းသာ ဖြစ်သည်။

ထိုစဉ်တုန်းက တန်ချူစိန်းမှာ ဟိုက်လန်တင် တစ်ယောက်တည်း
ကိုပင် မနည်းနိုင်အောင် တိုက်ယူရမည်ဖြစ်သည်။

အောင်ရန်ရွှေပါ တိုက်ပွဲတွင်းသို့ ဝင်လာသောအခါ ပြောဖွယ်ရာ
မရှိတော့ပါ။

သို့သော် တန်ချူစိန်းသည် လက်ရှိအခြေအနေတွင် သူ၏
သေရေးရှင်ရေးကို ဘေးချိတ်ထားသူဖြစ်သည်။

ထို့ကြောင့်လည်း သူ၏ အသက်လုဓားစကြာ ဓားသိုင်းကွက်
အောက်တွင် ဟိုက်လန်တင်မှာ ကြိတ်ပြီး ထိတ်လန့်နေခြင်း ဖြစ်လေ
၏။

တန်ချူစိန်းအနေဖြင့် တိုက်ပွဲကို အမြန်ဆုံး ပြီးဆုံးစေချင်နေ
သည်။

သို့မှသာလျှင် မော်လီဟန်အား ပြုစုကူညီနိုင်မှာ ဖြစ်သည်။

အတန်ကြာမျှ အဆင့်မြင့်တိုက်ကွက်များကို ထုတ်သုံးတိုက်
ခိုက်နေသည့်တိုင် ပွဲမှာ ပြီးရိပ်မမြင်ဘဲ ဖြစ်နေ၏။

အမှန်စင်စစ် အဆင့်မြင့် သိုင်းသမားချင်း အကြိတ်အနယ်
ယှဉ်ပြိုင်နေရသော ယခုလိုပွဲမျိုးတွင် အာရုံလွင့်ပျံ့၍ မဖြစ်ပါချေ။

ထို့ကြောင့်လည်း ဟိုက်လန်တင်တို့ နှစ်ယောက်ကိုသာ အာရုံ
စူးစိုက်စွာ ဖိပြီးတိုက်ခိုက်နေပါတော့၏။

တိုစဉ်မှာပင် ဟိုက်လန်တင်တို့အား တန်ချူစိန်းက အာရုံ... နေခြင်းကို အခွင့်ကောင်းယူကာ ဟိုလိုသည် နောက်ကျောဘက်... ရုတ်တရက် လုပ်ကြံလိုက်လေတော့၏။

◆ ◆ ◆

"အဖြစ်အပျက်ကတော့ ဒါပါပဲ ခင်ဗျာ"

နားထောင်နေကြသူများမှာ တန်ချူစိန်းအား ဟိုလိုက လုပ်ကြ... သည့် အကြောင်းကို နားစွင့်ရင်း အသည်းတအေးအေး ဖြစ်နေ... သည်။

ဟိုလိုက တန်ချူစိန်းအား မည်ကဲ့သို့ လုပ်ကြံခဲ့လေသနည်း။

ဟိုလို၏ လုပ်ကြံမှုကြောင့် တန်ချူစိန်းသည် မည်သို့ ဖြစ်သွား... ခဲ့သနည်း။

စသဖြင့် နားထောင်နေကြသူများမှာ တန်ချူစိန်းထံမှ ဆက်လက် ပြောဆိုလာမည့် စကားကို သိချင်စိတ် ပြင်းပြစွာ ငံ့လင့်နေကြ၏။

သို့ရာတွင် တန်ချူစိန်းက ငြိမ်သက်စွာ ရပ်တန့်နေပြီး ဆက် မပြောပါချေ။

မော်လီဟန်က မတ်တတ်ရပ်လိုက်ရင်း ...

"နောက်ပိုင်း ဆက်ပြောမယ့်ကိစ္စကိုတော့ ကျွန်မက ပြောဖို့ ရမှာ ဖြစ်ပါတယ်"

မော်လီဟန်က အေးဆေးစွာ ပြောဆိုလိုက်၏။

ပရိသတ်များ၏ မျက်လုံးအကြည့်များက သူမထံ ကျရောက် သွားကြပြန်သည်။

"ကျွန်မ မူးမေ့လဲကျသွားတာကို ကြည့်ပြီး ကျွန်မ သေချင်သေ...



...မသေရင်လည်း ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားတယ်လို့ ဟိုလိုအနေနဲ့ မှတ်ယူခဲ့ဟန်တူပါတယ်၊ သူတို့ဟာ တန်ချူစိန်း တစ်ယောက်တည်း ကိုသာ အာရုံစိုက်ပြီး ဝိုင်းဝန်းတိုက်ခိုက်ကြပါတော့တယ်၊ ကျွန်မကို လုံးဝ သတိမပြုခဲ့ပါဘူး"

မော်လီဟန်က သက်ပြင်းတစ်ချက်ချကာ ဆက်လက်ရှင်းပြ လေ၏။

"အင်း ... ဒဏ်ရာနဲ့ မေ့လဲကျနေတဲ့ ကျွန်မဟာ တန်ချူစိန်း ကို အန္တရာယ်ကောင် သုံးကောင်က ဝိုင်းဝန်း တိုက်ခိုက်နေကြတဲ့ အချိန်မှာပဲ ကံကောင်းထောက်မစွာ သတိရလာပါတော့တယ်"

"ကျွန်မ မိသားစုရဲ့ အတွင်းအား ကျင့်စဉ်ကို သုံးပြီး ကျွန်မ အင်အားပြန်လည် စုစည်းလိုက်တယ်၊ ကျွန်မရဲ့ အတွင်းအားတွေ စုစည်းမိတဲ့အချိန်မှာပဲ ဟိုလိုက တန်ချူစိန်းကို နောက်ကနေပြီး လုပ်ကြံ ဖို့ ကြိုးစားနေတာကို တွေ့ရပါတော့တယ်"

"အမှန်တော့ အဲဒီအချိန်တုန်းက ကျွန်မဟာ အတွင်းဒဏ်ရာ ပြင်းပြင်းထန်ထန် ရနေပေမယ့် စိတ်ကဆောင်နေလွန်းတော့ ကျွန်မဟာ ရုတ်တရက် လှုပ်ရှားနေနိုင်ခဲ့တယ်၊ ဒါနဲ့ ချက်ချင်းပဲ တန်ချူစိန်းကို လုပ်ကြံတော့မယ့် ဟိုလိုရဲ့ နောက်ကျောကို ဓားနဲ့ ထိုးသွင်းခဲ့ပါ တယ်"

မော်လီဟန်က တန်ချူစိန်းအား လုပ်ကြံရန် ကြံစည်သည့် ဟိုလိုအား ဓားဖြင့် ထိုးသတ်ခဲ့ပုံကို အေးဆေးစွာ ပြန်လည် ပြောပြ လိုက်၏။

နားထောင်နေကြသူများမှာမူ ကျောချမ်းကာ ကြက်သီးမွေးညင်း ထကုန်တော့သည်။

ရန်ငြိုးသည် လှပသော မိန်းမပျိုကိုပင် သရဲ သဘက်သဖွယ် ကြောက်လန့်စရာဖြစ်အောင် ပြောင်းလဲနိုင်စွမ်း ရှိခဲ့ ချေသည် တကား။

ထိုစဉ်ဒိုက်မှာပင် မော်လီဟန်က ဟက်ဟက်ပက်ပက် ရယ်ခဲ့ လိုက်၏။

သူမ၏ ရယ်သံမှာ ကျေနပ်အားရမှုနှင့် နာကြည်းကြေကွဲမှုများ ရောယှက်ပေါင်းစပ်နေသဖြင့် ကြားရသူတိုင်းမှ စိတ်မကောင်းဖြစ်မိကြ သည်။

ရယ်၍ အားရတော့မှ မော်လီဟန်က ...

"ကဲ ... အခုတော့ အဖြစ်မှန်ကို ရှင်တို့ ရှင်းရှင်းလင်းလင်း သိသွားကြပြီ ထင်ပါတယ်၊ ဟိုလိုကို သတ်တာ တန်ချူစိန်း မဟုတ်ဘူး ကျွန်မပဲ၊ ဟိုလိုအတွက် ကလဲ့စားချေချင်နေတဲ့ သူတွေရှိနေသေးတယ် ဆိုရင်လည်း ကျွန်မနဲ့ လာပြီး စာရင်းရှင်းနိုင်တယ်"

ကျင်းစိလူက တန်ချူစိန်းအားကြည့်ကာ ...

"မင်းက ဘာကြောင့် ပြဿနာဖြစ်ပြီး သုံးလကြာမှ ပြန်ထွက် လာရတာလဲဆိုတာ ပြောပါဦး"

ဟု မေးမြန်းလိုက်လေတော့၏။

အခင်းဖြစ်ပွားပြီးနောက် တန်ချူစိန်း ဤမျှ ကြာရှည်စွာ ပျောက် ဆုံးခဲ့ခြင်းကြောင့် လူအများက သူ့အား ဟိုလိုသတ်ပြီး ရတနာများကို ယူယက်သည်ဟု ထင်ကြေးပေးခဲ့ကြသည်။

ကျင်းစိလူ၏ မေးခွန်းအား တန်ချူစိန်းက မဖြေဆိုခင်မှာပင် မော်လီဟန်က ထကာ ဦးစွာ ဖြေဆိုလိုက်၏။

"ဒီလို သုံးလလုံးလုံး ပျောက်ကွယ်နေရတာ ကျွန်မအတွက် ကြောင့် ဖြစ်ရတာပါ၊ ကျွန်မမှာ ဒဏ်ရာရနေတော့ သူဟာ ကျွန်မကို



စောင့်ရှောက်နေရပါတယ်၊ နောက်ပြီး သူကိုယ်တိုင်လည်း ဒဏ်ရာ ရနေပါသေးတယ်၊ ကျွန်မလောက် ဒဏ်ရာမပြင်းထန်ပေမယ့် သူ့ ဒဏ်ရာကလည်း မသေးလှပါဘူး"

မော်လီဟန်သည် ထိုသို့ အစချီကာ ဟိုလိုအား သတ်ပြီး နောက်ပိုင်း ဖြစ်ပျက်ခဲ့သမျှကို ဤသို့ ဆက်ပြောပြလေသည်။

ထိုစဉ်ကဆိုလျှင် ...

မော်လီဟန်သည် ရုတ်တရက် ဟိုလိုအား လျှပ်တစ်ပြက် ဓားနှင့် ထိုးသတ်လိုက်ခြင်းကြောင့် ဟိုက်လန်တင်နှင့် အော်ရန်ရွှေ့တို့မှာ အံ့အားသင့်သွားကြတော့၏။

တဒင်္ဂအချိန်လေးတွင် သူတို့နှစ်ယောက်မှာ အမှတ်မထင် ထိတ် လန့်ကာ တွေဝေသွားကြတော့၏။

တန်ချူစိန်း ထိုအခွင့်အရေးကို လက်လွှတ်မခံပါ။

သူသည် လျှပ်တစ်ပြက် အချိန်အတွင်းမှာပင် ဓားကို ဝှေ့ယမ်း လိုက်ရာ အောင်ရန်ရွှေ့၏ ရင်ဝနှင့် ပခုံးတို့တွင် ဒဏ်ရာရများသွား တော့၏။

တန်ချူစိန်း ဆက်လက်တိုက်ခိုက်လိုက်ရာ ဓားသည် ဟိုက်လန် တင်၏ ဘယ်ဘက်ပခုံးကို ထိသွားပြန်လေသည်။

တစ်ချိန်တည်းမှာပင် ဟိုက်လန်တင်၏ လက်ဝါးကလည်း တန်ချူစိန်း၏ ရင်ဝသို့ ထိသွားသည်။

ဟိုက်လန်တင်ရော တန်ချူစိန်းပါ ဒယီးဒယိုင်ဖြင့် နောက်သို့ ဖြိုင်တူ ဆုတ်သွားကြသည်။

အောင်ရန်ရွှေ့မှာမူ မချိမဆန့် ညည်းညူနေ၏။

ဟိုလိုကတော့ သေဆုံးချေပြီ။

မော်လီဟာန်မှာမူ ဟိုလိုအား တိုက်ခိုက်ရသောကြောင့် အားအ
ကုန်ခန်းနေ၏။

သို့ရာတွင် ...

သူမသည် တန်ချူစိန်း ဒဏ်ရာရသွားခြင်းကိုလည်းကောင်း
ဟိုက်လန်တင်ရော အောင်ရန်ရွှေပါ ဒဏ်ရာအသီးသီး ရရှိနေခြင်းက
လည်းကောင်း မြင်တွေ့နေရသည်။

ထို့ကြောင့် ...

အားတင်းကာ ဟိုလို၏ နောက်ကျောတွင် စိုက်ဝင်နေသော
ဓားကို ဆွဲနှုတ်လိုက်၏။

ပြီးတော့, အံကြိတ်၍ ...

"ဒီနစ်ကောင်ကို မလွတ်စေနဲ့"

မော်လီဟာန်က အော်ဟစ်ပြောဆိုလိုက်၏။

အမှန်စင်စစ် ...

မော်လီဟာန်၏ အော်သံမှာ ဟန့်လုံး ခြောက်လုံးမျှသာ ဖြစ်
သည်။

သို့ရာတွင် ...

သူမ၏ အခြေအနေကို ဟိုက်လန်တင်က မသိပါ။

သူ့အနေနှင့် ဒဏ်ရာအပြင်းအထန်ရနေသော အောင်ရန်ရွှေ
မပါဘဲ တန်ချူစိန်းနှင့် မော်လီဟာန် နှစ်ယောက် ပေါင်းပြီး တိုက်ခိုက်
လာခြင်းကို ခုခံနိုင်မည်မဟုတ်ဟုသာ သိလိုက်သည်။

ထို့ကြောင့်လည်း သူသည် ဒဏ်ရာပြင်းထန်စွာ ရနေသော
အောင်ရန်ရွှေကိုဆွဲကာ တောထဲမှ အပြေးအလွှား ထွက်ခွာသွားကြ
တော့၏။



တကယ်ဆိုလျှင် တန်ချူစိန်းရော မော်လီဟာန်ပါ ကျုံ့ရစ်ခဲ့ကြ
သော်လည်း သက်သာသော အခြေအနေမှာ မရှိပါချေ။

ထွက်ပြေးသွားကြသော ဟိုက်လန်တင်တို့နှစ်ယောက်၏ ဝေး
သည်ထက် ဝေးသွားသော နောက်ကျောကို ကြည့်ရင်း ကြည့်ရင်းမှာ
ပင် မော်လီဟာန်မှာ မူးမေ့လဲကျသွားပြန်လေတော့၏။

မော်လီဟာန် သတိပြန်ရလာသော အချိန်တွင်မူ သူမသည်
ကျောက်ဂူ တစ်ခုထဲတွင် ရောက်ရှိနေလေပြီ။

သူမ၏ ရတနာပစ္စည်းများ ထည့်ထားသော သေတ္တာငါးလုံး
လည်း ဂူထဲ ရောက်နေသည်ကို တွေ့ရ၏။

အမှန်စင်စစ် ...

သူမသည် နှစ်ရက်လုံးလုံး သတိမေ့မြောသွားပြီးမှ သတိပြန်
ရလာခြင်း ဖြစ်သည်။

သူမ မေ့မြောနေသည့်အချိန်တွင် တန်ချူစိန်းသည် ကျောက်ဂူ
တစ်လုံးကို ရှာတွေ့ခဲ့သည်။

ထို့နောက်

သူမနှင့် သူမ၏ ရတနာပစ္စည်းများကို ကျောက်ဂူထဲသို့ သယ်
ယူလာခြင်း ဖြစ်သည်။

နောက်ဆုံးတွင် ...

သူသည် ဆေးမြစ်များဖြင့် မော်လီဟာန်ကို တိုက်ကျွေးကုသခဲ့
သည်။

မော်လီဟာန် သတိမေ့နေသော နှစ်ရက်လုံးလုံး တရေးမျှပင်
မအိပ်ဘဲ စောင့်ရှောက်ကုသပေးခဲ့သည်။

သူ၏ ကုသမှုဖြင့် မော်လီဟာန်သည် အသက် ပုံမှန်ရှူကာ
ပြန်လည် သတိရလာလေတော့သည်။

မော်လီဟန် ပြန်လည် သတိရလာသောနေ့မှာပင် တန်ချူစိန်းလည်း ဒဏ်ရာအရှိန်၊ ပင်ပန်းမှုအရှိန်များဖြင့် အပြင်းဖျားတော့သည်။

နှစ်ယောက်စလုံး ဂူထဲမှာ ဖျားနာနေသော ထိုရက်များအတွင်း ကံဆိုးထဲမှ ကံကောင်းစေသည့် အချက်တစ်ခု ဖြစ်ပေါ်လာသည်။

ယင်းမှာ ဟိုလိုအား လိုက်လံရှာဖွေနေကြသော သူများသည် ဟိုလို၏ အလောင်းကိုတွေ့သွားပြီးနောက် သူတို့နှစ်ယောက် အသေသို့ ထွက်သွားကြပြီ အထင်နှင့် တောထဲတွင် လိုက်လံရှာဖွေခြင်း မပြုတော့ဘဲ ပြန်လည်ထွက်ခွာသွားကြခြင်း ဖြစ်ပါသည်။

မော်လီဟန်နှင့် တန်ချူစိန်းမှာ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ဖေးမပြုစုရင်း ဂူထဲမှာ ရက်အတော်ကြာ ခိုအောင်းခဲ့ကြ၏။

တစ်ဦးနှင့်တစ်ဦး စေတနာဖြင့် စောင့်ရှောက်ခဲ့ကြသည်ကို ပြန်တွေးကြည့်သောအခါ မော်လီဟန်၏ မျက်နှာမှာ ပန်းနုရောင် ယှက်ဖြာသွားတော့သည်။

ထိုအချိန်လေးမှာ မော်လီဟန်၏ တစ်သက်တာတွင် အသာအယာဆုံးနှင့် ကြည်နူးစရာ အကောင်းဆုံး အချိန်ဖြစ်ပါသည်။

မော်လီဟန်သည် ထိုစဉ်က အကြောင်းကို ပြန်ပြောင်းပြောရင်း တန်ချူစိန်းအား တစ်ချက်လှမ်းကြည့်လိုက်သည်။

မော်လီဟန်၏ မျက်လုံးအိမ်မှ ရှန်းလဲ့သော အကြည့်ကို တန်ချူစိန်းခမျာ ရင်ဆိုင်ရဲဟန် မတူပါချေ။

ထို့ကြောင့် ...

သူသည် မျက်နှာ လွှဲလိုက်ရသည်။

ထိုစဉ် ... လီကျင်ဆုက ...



"နောက် ဘာတွေ ဆက်ဖြစ်သေးသလဲဆိုတာ ပြောပါဦး"

လီကျင်ဆု၏ တောင်းဆိုမှုကြောင့် မော်လီဟန်မှာ အိပ်မက်မှ လန့်နိုးသူလို ဖြစ်သွားရလေသည်။

မော်လီဟန်သည် ပရိသတ်များဘက်သို့ လှည့်ကာ ကြုံတွေ့ဖြစ်ပျက်ပုံကို ပြန်လည် ပြောပြလေသည်။

"သေကံမရောက် အသက်မပျောက်ဆိုတဲ့ စကားလိုပဲပေါ့ရှင်၊ ဂူထဲမှာနေရင်း နှစ်လလောက်ကြာတဲ့အခါမှာ တန်ချူစိန်းရော ကျွန်မပါ ဒဏ်ရာတွေ တဖြည်းဖြည်း ပျောက်ကင်းလာပါတယ်"

"ဒီတော့မှ ကျွန်မတို့ ဘာဆက်လုပ်ရမယ်ဆိုတာ ဆွေးနွေးကြပါတယ်၊ ပထမဆုံး ဆွေးနွေးတာက ကျွန်မနဲ့ အတူပါလာတဲ့ ရတနာတွေ ကိစ္စပါပဲ"

အမှန်တော့ ဒီရတနာတွေအားလုံးကို ကျွန်မတို့ မိသားစု ပိုင်ဆိုင်တာမဟုတ်ပါဘူး။ ဒါ့အပြင် ကျွန်မက ဒီပစ္စည်းတွေကို တစ်ပြားတစ်ချပ်မှ မလိုချင်တော့ပါဘူး။ နောက်ဆုံး ရတနာတွေကို မျိုးချစ်သိုင်းသမားတွေကို လှူမယ်လို့ ဆုံးဖြတ်လိုက်မိပါတယ်၊ ဒီတော့ ဒီရတနာတွေကို အမည်မဖော်စေတဲ့ လှူချင်တယ်၊ ဒါမှလည်း ရန်သူတွေအနေနဲ့ ကျွန်မတို့ကို လိုက်မရှာနိုင်မှာပေါ့ရှင်"

"နောက်ဆုံးမှာ ဒီကိစ္စအတွက် နည်းလမ်းတစ်ခု တန်ချူစိန်းဟာ စဉ်းစားနိုင်ခဲ့ပါတယ်၊ သူကမိကျိုမြို့ထဲဝင်ပြီး ကျွန်မ အဖေနဲ့ မျိုးချစ်အဖွဲ့ဝင်တွေကြားမှာ အစဉ်အမြဲ အဆက်အသွယ် လုပ်ပေးတဲ့ လူကို ဝှမ်းခဲ့ပါတယ်"

"ပြီးတော့ ညဉ့်သန်းခေါင်ယံကျော်မှာ အဲဒီလူရဲ့ အိမ်ထဲ တိတ်တဆိတ် ဝင်ပြီး စာတစ်စောင် ရေးထားရစ်ခဲ့ပါတယ်"

မော်လီဟန်၏ စကားအဆုံးတွင် နားထောင်နေသည့် ပရိသတ်ထဲမှ လူတစ်ယောက်က မတ်တတ်ထရပ်လိုက်တော့၏။

ထို့နောက် ထိုသူက ကျယ်လောင်သော အသံဖြင့် ...

"ကျွန်တော်ဟာ လွန်ခဲ့တဲ့ ဆယ့်ရှစ်နှစ်လောက်တုန်းက မျိုးချစ်သိုင်းသမားတွေနဲ့ မော်လီဟန်ရဲ့ကြားမှာ အဆက်အသွယ် လုပ်ပေးရတဲ့လူ ဖြစ်ပါတယ်၊ လွန်ခဲ့တဲ့ ဆယ့်ရှစ်နှစ်ရဲ့ ညတစ်ညမှာ ကျွန်တော့်အိမ်ထဲဝင်ပြီး ကျွန်တော့်အိပ်ရာထက်မှာ စာတစ်စောင် ချပေးသွားခြင်းကို ခံခဲ့ရပါတယ်၊ ဒီလူဟာ တန်ချူစိန်း ဖြစ်တယ်ဆိုတာ အခုမှပဲ ကျွန်တော် သိရပါတယ် ခင်ဗျား"

ထိုသူက စာထဲတွင်ပါရှိသည့် အကြောင်းအရာ အချက်အလက်တို့ကို နားထောင်နေသည့် ပရိသတ်အား ပြောလိုက်ပြန်၏။

"စာထဲမှာ ရေးထားတာက မော်မိသားစုအိမ်မှာ အပ်နှံထားတဲ့ **ရွှေငွေတွေဟာ** တောထဲက ဂူတစ်လုံးထဲမှာ ရောက်ရှိနေပါတယ်၊ **ဒါတွေကို** အမြန်ဆုံး လာယူပါလို့ ရေးထားတာ တွေ့ရပါတယ်၊ **အဲဒီဘာရဲ့** ကျောဘက်မှာလည်း မြေပုံတစ်ပုံ ရေးဆွဲပြထားပါတယ်၊ **အမှန်အတိုင်း** ပြောရရင် အဲဒီအချိန်တုန်းကတော့ ဒီဟာ ရန်သူရဲ့ ထောင်ချောက်များ ဖြစ်နေမလားလို့ ကျွန်တော် စိုးရိမ်ခဲ့မိတယ်၊ ဒါပေမယ့် နောက်ဆုံးမှာတော့ ကျွန်တော်ဟာ မျိုးချစ်သိုင်းသမားအဖွဲ့အစည်းအတွက် အရဲစွန့်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်"

"သွားကြည့်တဲ့အခါ ကျောက်ဂူထဲမှာ ရွှေငွေရတနာတွေနဲ့ အပြည့်ပါတဲ့ သေတ္တာငါးလုံးကို တွေ့ရတော့တာပါပဲ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော့်ကို အကြောင်းကြားတဲ့ မိတ်ဆွေကို ကျွန်တော်နဲ့ တကွ မျိုးချစ်သိုင်းသမားတို့ဟာ ကျေးဇူးတင်မဆုံး ဖြစ်နေမိခဲ့ကြပါတယ်



သူ့ကို ကျေးဇူးတင်တဲ့အကြောင်း ပြောချင်လွန်းလို့ ဒီလူ ဘယ်သူဖြစ်မလဲဆိုတာ ကျိတ်ပြီး စုံစမ်းနေမိခဲ့တယ်၊ ဒီကနေ့ကျမှပဲ သိခွင့်ရတော့တယ်"

ထိုသူသည် တန်ချူစိန်းနှင့် မော်လီဟန်တို့အား ကျေးဇူးတင်စကား ပြောကြားလိုက်လေ၏။

မော်လီဟန်က ...

"ရတနာသေတ္တာတွေကို သူယူလာတဲ့ ညက ကျွန်မနဲ့ တန်ချူစိန်းဟာ ကျောက်ဂူနားမှာ ပုန်းအောင်းနေခဲ့ပါတယ်၊ သူကိုယ်တိုင်သယ်ထုတ်သွားတာကို တွေ့ရတော့မှပဲ ကျွန်မတို့ဟာ အဲဒီနေရာက စိတ်ချလက်ချ ထွက်ခွာသွားနိုင်ကြပါတော့တယ်"

'မော်လီဟန်က စကားကို ခေတ္တဖြတ်ကာ ဦးခေါင်းကို မော့လိုက်မိသည်။

ဦးခေါင်းကိုမော့ကာ ကောင်းကင်ကြီးကို စိုက်ကြည့်ရင်းမှပင် ဖြည်းညင်းတုန်ယင်စွာဖြင့် ...

"နောက်တစ်နေ့မှာ ကျွန်မနဲ့ တန်ချူစိန်းဟာ နှုတ်ဆက်လမ်းခွဲခဲ့ကြပါတယ်ရှင်"

လီကျင်ဆုက သက်ပြင်းတစ်ချက်ချကာ ...

"အင်း ... မင်းတို့နှစ်ယောက်ဟာ တကယ့်ကို သစ္စာရှိတဲ့လူတွေ ဖြစ်ကြတယ်၊ အမှုနဲ့ ပတ်သက်တဲ့ ပြဿနာကတော့ ရှင်းလင်းသွားပါပြီလေ"

စင်မြင့်အောက်မှ လှောင်ပြောင်ရယ်မောလိုက်သော အသံတစ်သံ ထွက်ပေါ်လာသည်။

"ဟဲ ... ဟဲ ... ဒီအမှုကိစ္စမှာ ပဋ္ဋိပက္ခတ်တဲ့ ပြဿနာပဲ ရှင်းသွားတာပါဗျာ"

ထိုလူ၏ လျောင်ပြောင် ဝေဖန်သံအရဆိုလျှင် သတို့သမီးလေး
ကို သိမ်းပိုက်ယူငင်သည်ဟူသော ပြဿနာမှာ မရှင်းလင်းသေး
သော သဘောပေါ်လွင်နေ၏။

အမှန်တော့ ထိုသူမှာ ထုန်မင်းဆုရ၏ တပည့်တစ်ယောက်
ဖြစ်သည်။

ထုန်မင်စုရ၏ တပည့်များသည် သူတို့၏ ဆရာနှင့် ဘက်လို
လှ၏။

ထိုစကားကိုကြားလိုက်ရသူအပေါင်းမှာ ထောင်းခနဲ ဒေါ
ထွက်သွားမိကြသည်။

သို့ရာတွင် ...

ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက် ကျောက်ဂူတ
အတွင်းမှာ နှစ်လကျော် သုံးလနီးပါး အတူနေထိုင်ခဲ့ကြသည်ဖြစ်
ဒေါသဖြစ်သွားရင်းမှပင် ထိုလူ၏စကားမှာ စဉ်းစားစရာ ဖြစ်လာ
၏။

လှုပ်အလယ်တွင် မော်လီဟန်နှင့် တန်ချူစိန်းတို့၏ စောင့်ထိ
မှု ထူခြေနှင့် ဂုဏ်သိက္ခာကို စော်ကားပုတ်ခတ်လိုက်သလို ဖြစ်သွ
သော စကား။

မော်လီဟန် ထိုစကားကို ပြတ်သားစွာကြားလိုက်ရသဖြင့် သူ
က မျက်ခုံးတွန့်ကာ ...

"ဆရာကြီး လီကျင်ဆုနဲ့ ကျင်းစီလူတို့ရှင်၊ ရှင်တို့ကို ကျွန်
သက်သေတည်ပြောဆိုပါရစေရှင့်"

ပြောရင်း ဆိုရင်းမှလည်း မော်လီဟန်သည် သူ၏ ညာဘ
အင်္ကျီလက်ကို လိပ်တင်ပြလိုက်၏။



ထိုအခါမှ ဖြူဖွေးနေသည့် လက်မောင်းသားအပေါ်တွင် နီရဲရဲ
ည့် တံဆိပ်အမှတ်အသားတစ်ခုကို ထင်ရှားစွာ တွေ့မြင်ကြရတော့
၏။

ထိုအမှတ်အသားမှာ ထိုခေတ် တရုတ်ပြည်တွင် အပျိုစစ်စစ်
မိန်းကလေးများ၏ ညာလက်မောင်းတွင် ရှိတတ်သော အမှတ်အသား
ဖြစ်၏။

အိမ်ထောင်ကျပြီးလျှင် ထိုအမှတ်အသားမှာ ပျောက်သွားတတ်
၏။

"အမှန်တော့ မော်လီဟန်ဟာ သန့်ရှင်းတဲ့ အပျိုစင်တစ်ယောက်
သာ ဖြစ်ပါတယ်၊ ဒီတော့ မင်းအနေနဲ့ ခွေးဟောင်တိုင်း ထမကြည့်
ဖို့ စိတ်မလှုပ်ရှားဖို့ ဘဘပြောချင်ပါတယ်"

လီကျင်ဆု၏ အားပေးစကားကြောင့် မော်လီဟန်၏ မျက်နှာ
ကလေးမှာ ကြည်လင်လာသည်။

ထိုစဉ် ကျင်းစီလူက ...

"အေး ... တကယ်တန်းကျတော့ ဟိုလို ဆိုတဲ့ကောင်ကိုလည်း
မော်လီဟန်ရဲ့ ခင်ပွန်းအနေနဲ့ သတ်မှတ်လို့ မရသေးပါဘူး၊ သတို့
သမီးလောင်း အဆင့်မှာပဲရှိသေးတဲ့ မိန်းမပျိုတစ်ယောက်အနေနဲ့
သတို့သားလောင်း သေသွားပြီးတဲ့အခါမှာ သူက အိမ်ထောင်ပြုချင်တဲ့
လူနဲ့ ပြုနိုင်ပါတယ်၊ သူ့ကို ဘယ်သူမှ ချုပ်ချယ်တားဆီးလို့ မရပါဘူး၊
ဒီက ဝေဖန်လိုက်တဲ့ လူဟာ ဒီသဘာဝတရားကို နားမလည်လို့သာ
ဖြစ်ပါတယ်"

ကျင်းစီလူ၏ စကားကို နားထောင်နေရင်းမှ မော်လီဟန်၏
မျက်နှာလေးမှာ ပန်းနုရောင် ယှက်သန်းလာပြန်လေသည်။

တကယ်တော့ ကျင်းစီလူပြောသည့် စကားများမှာ အမှန်တ
များသာ ဖြစ်သည်။

သူမသည် မချင့်မရဲဖြင့် ...

"အင် ... လွန်ခဲ့တဲ့ ဆယ့်ရှစ်နှစ်လောက်တုန်းက တန်ချူ
မှာရော ငါ့မှာပါ ဒီလိုအတွေးမျိုး ဒီလိုသတ္တိမျိုး မရှိခဲ့ကြပါလား"

ဟု စိတ်ထဲမှကျိတ်ပြီး တွေးမိလိုက်သည်။

တွေးရင်း တွေးရင်းမှလည်း အတိတ်ကာလတုန်းက ဖြစ်ပျ
သမျှတို့မှာ ပြန်လည်ပေါ်လာတော့သည်။

သူမအနေဖြင့် မမေ့နိုင်ဆုံးဖြစ်ရပ်မှာ လမ်းခွဲကြစဉ်က အဖြ
အပျက်ပင် ဖြစ်သည်။

သုံးလေးနှစ်ပါး ကြာမြင့်သောအချိန်တွင် သူတို့၏ ဒဏ်ရာများ
ကင်းကင်းရှင်းရှင်း ပျောက်သွားချေပြီ။

ရွှေငွေရတနာ ပစ္စည်းများကိုလည်း အိုးချစ်သိုင်းသမားများ
အပ်နှံပြီးဖြစ်ရာ သူတို့မှာ နှုတ်ဆက်လမ်းခွဲ ထွက်ခွာသွားရန်သာ
တော့သည်။

တကယ်ဆိုလျှင် ထိုသို့သာ ခွဲခွာခြင်းမျိုးကို နှစ်ယောက်စလုံး
မပြုလုပ်လိုကြပါချေ။

ဖွင့်မပြောသော်လည်း ထက်သန်သော အပြန်အလှန် ကျ
များဖြင့် တစ်ဦးကိုတစ်ဦး ရင်ထဲမှ ကျိတ်ကာ မြတ်နိုးနေမိကြ
ဖြစ် သည်။

သူတို့သည် ဒဏ်ရာရနေစဉ်ကာလက တစ်ဦးကိုတစ်ဦး ကြ
စွာ ပြုစုကုသပေးခဲ့ကြသည်။

မိမိ ချစ်မြတ်နိုးသော သူနှင့် မည်သူ ကွေကွင်းချင်ပါမည်နည်



တန်ချူစိန်းနှင့် မော်လီဟန်တို့မှာလည်း အများနည်းတူပင် မခွဲခွာ
နိုင်ကြချေ။

သို့ရာတွင် ...

တာဝန်ဝတ္တရား၊ အခြေအနေနှင့် ရှုပ်ထွေးနေသော ပြဿနာများ
က သူတို့အား တစ်ဦးနှင့်တစ်ဦး ဝေးကွာသွားစေရန် ဖန်တီးနေလေ
သည် တကား။

◆ ◆ ◆

## အခန်း (၃)

# ဓားစာခံ ဂိုဏ်းချုပ်ကြီး

ခွဲခွာရသောနေ့ ...

ထိုနေ့ကဆိုလျှင် သူတို့နှစ်ယောက်သည် စကားပင် မပြော
ကြတော့ပါ။

တိတ်ဆိတ်စွာသာ တောင်အောက်သို့ ဆင်းလာခဲ့ကြသည်

တန်ချူစိန်းမှာ အံကို တင်းနေအောင် ကြိတ်ထားသည်။

မေးကြောကြီးများပင် ထောင်နေအောင် အံကြိတ်ထားသည်
တန်ချူစိန်း၏ မျက်လုံးများမှာ ရီဝေနေသည်။

စိတ်မချမ်းသာဖြစ်ရမှုက မျက်နှာပေါ်တွင် အထင်းသား
လွင်နေသည်။

တန်ချူစိန်းက ယောကျ်ားဖြစ်နေသောကြောင့် စိတ်ကို တ
ထားနိုင်သည်။

စိတ်မတင်းထားနိုင်သူ မော်လီဟာန်မှာမူ စီးဆင်းကျနေသေ
မျက်ရည်များ ပြည့်နှက်နေ၏။

နှစ်ယောက်စလုံး စိတ်မကောင်းခြင်း ကြီးစွာဖြင့် လျှောက်လ
မိကြရာ တောင်ခြေသို့ ရောက်မှန်းမသိ ရောက်လာကြ၏။



ခွဲခွာရမည့် နေရာတွင် နှစ်ဦးသား တိတ်ဆိတ်စွာ ရပ်တန့်လိုက်
ကြသည်။

ဝန်းကျင်တစ်ခုလုံးမှာ ကြေကွဲမှုဖြင့် ငြိမ်သက်နေ၏။

တန်ချူစိန်းက မော်လီဟာန်ကို ရီဝေဝေသွေးမြေ့စွာ စိုက်ကြည့်လိုက်
သည်။

မော်လီဟာန်ကလည်း တန်ချူစိန်းအား မျက်ရည်ဖုံးလွှမ်းသော
မျက်လုံးများဖြင့် ပြန်ကြည့်နေသည်။

တန်ချူစိန်းက တုန်ယင်လှိုက်လှဲသော အသံဖြင့် ...

"တို့တစ်တွေ နောက်မှပြန်တွေ့ကြတာပေါ့"

ခြောက်ကပ်ကပ် ပြောလိုက်သည်။

တန်ချူစိန်း၏ စကားအဆုံးတွင် မော်လီဟာန်ထံမှ အင့်ခနဲ
ရှိုက်သံ တစ်ချက် ထွက်ပေါ်လာသည်။

နှစ်ယောက်စလုံး အမှတ်မထင် တစ်ဦး၏ လက်ကို တစ်ဦး
ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိကြသည်။

မော်လီဟာန်၏ မျက်ဝန်းမှ မျက်ရည်များပါးပြင်သို့ စီးကျလာ
သည်။

"ကျွန် ... ကျွန်မတို့ ပြန်တွေ့ကြဖို့ နောက်တစ်ခါဆိုတာ တကယ်
ပဲ ရှိသေးလို့လားဟင်"

မော်လီဟာန်က ရှိုက်သံဖြင့် မေးလိုက်သည်။

တန်ချူစိန်းက ကွဲအက်သော အသံဖြင့် ...

"နောက်တစ်ခါဆိုတာ တကယ်ရှိသေးလား၊ မရှိတော့ဘူးလားဆိုတာ
အစ်ကိုလည်း မသိဘူး မော်လီဟာန်"

မော်လီဟာန်က သက်ပြင်းရှိုက်ရင်း ...

"ကျွန်မတို့ အတူတူနေလာကြတဲ့ အ[illegible]တွေဟာ ဒုက္ခအရောက်

ဆုံးနဲ့ အသာအယာဆုံး အချိန်တွေလို့ ကျွန်မ ထင်မိပါတယ်၊ အင်း ... ရှင့်ရဲ့ ယုယကြင်နာမှုကိုတော့ ကျွန်မ ဘယ်တော့မှ မေ့ပျောက်ပစ်ရမှာ မဟုတ်တော့ပါဘူး"

"ကျုပ်လည်း မေ့နိုင်မှာ မဟုတ်ပါဘူး၊ အင်း ... ဒါပေမယ့် တို့အတွက် ဒီအခွင့်အရေးဟာ ကုန်ဆုံးပြီး ဘယ်တော့မှ ပြန်ရလာနိုင်မှာ မဟုတ်ဘူးဆိုတာတော့ ကျုပ် သိနေသလိုပဲ"

တန်ချူစိန်းက ဆို့နစ်စွာ ပြောလိုက်သည်။

ဝမ်းနည်းကြေကွဲစွာ ငိုရှိုက်ရင်းမှ မော်လီဟာန်သည် တန်ချူစိန်း၏ ရင်ခွင်ထဲသို့ ထိုးကျသွားတော့၏။

တန်ချူစိန်းက သူမ၏ မျက်နှာပေါ်မှ မျက်ရည်များကို တယုတယ သုတ်ပေးသည်။

သူသည် ကြေကွဲဟန်ဖြင့်ပင် မော်လီဟာန်အား နှစ်သိမ့်နေမိပေသည်။

"ညီ ... ညီမလေး မော်လီဟာန်၊ ညီမရဲ့ စိတ်ထဲမှာ ဘာတွေဖြစ်နေမလဲဆိုတာ အစ်ကို သိပါတယ်ကွာ၊ မှန်တာပြောရရင် အစ်ကိုအနေနဲ့လည်း ညီမနဲ့ မခွဲချင်ပါဘူး၊ ဒါပေမယ့် ဒီလိုမှ မခွဲကြရင်"

တန်ချူစိန်းက စကားဖြတ်ကာ ခေါင်းခါယမ်းလိုက်၏။

မော်လီဟာန်သည် တန်ချူစိန်းအား အားမလိုအားမရဖြင့် ကြည့်ကာ ...

"ဒီလိုမှ မခွဲရင် ဘာဖြစ်မလဲ အစ်ကိုပြောလေ"

တန်ချူစိန်းက သူ၏ဦးခေါင်းကို ယမ်းခါလိုက်ရင်းမှပင် ...

"လူတွေရဲ့ ပါးစပ်တွေက အတော့်ကို ကြောက်စရာကောင်းတယ်၊ ဒီတော့ မဟုတ်တန်းတရားပြောတာ မခံချင်ရင် မခွဲခွာလို့ မဖြစ်ဘူး၊ ဒါကိုမှ မစဉ်းစားရင် မိုက်မဲရာကျတတ်တယ်"



တန်ချူစိန်းက ပြောရင်း သက်ပြင်းတစ်ချက်ကို မသိမသာချလိုက်မိသည်။

တန်ချူစိန်း ပြောပြသော ပြဿနာကို နားထောင်မိသည်နှင့် မော်လီဟာန်မှာ တန်ချူစိန်း ဆိုလိုသည့် အဓိပ္ပာယ်ကို သဘောပေါက်လာမိလေသည်။

အမှန်ပင် ...

ယခုပင် သိုင်းလောကတစ်ခုလုံး အုံးအုံးကြွက်ကြွက် ဖြစ်ကာ သူတို့ကိစ္စကို ဝေဖန်ပြောဆိုနေကြပြီ မဟုတ်ပါလား။

အားလုံးက သူတို့အား သံသယမျက်လုံးများဖြင့် အကဲခတ်ကြပေတော့မည်မှာ သေချာလှ၏။

ထိုအခြေအနေမျိုးအောက်တွင် သူမနှင့် တန်ချူစိန်းတို့ မည်သည့်နည်းဖြင့် ပေါင်းစပ်ရန် ဖြစ်ပါတော့မည်နည်း။

"ကျွန်မ စောင့်ပါ့မယ် အစ်ကို၊ ပြဿနာရှင်းတဲ့အထိ စောင့်မယ်"

"ကြားရတာတော့ ဝမ်းသာပါတယ်၊ ဒါပေမယ့် ပြဿနာ ရှင်းတဲ့နေ့အထိ ရောက်လာလိမ့်မယ်လို့ အစ်ကိုတော့ မထင်မိဘူး"

အားလျော့စွာ ပြောလိုက်မိလေ၏။

◆ ◆ ◆

ရှုပ်ထွေးနေသော ဤအမှုမှာ ရှင်းလင်းသွားပြီ ဖြစ်သည်။

အဖွဲ့သားများနှင့် သိုင်းလောကသားများသည် တန်ချူစိန်း၏ စေတနာကို သိသွားကြလေပြီ။

မော်လီဟာန်သည် ရွှန်းလဲ့သော မျက်လုံးများဖြင့် တန်ချူစိန်းအား လှမ်းကြည့်လိုက်မိ၏။

တန်ချူစိန်းမှာ ခေါင်းငုံ့လျက်သား ငြိမ်သက်စွာဖြင့် တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားနေဟန် တူလေသည်။

ထိုစဉ် ...

"တန်ချူစိန်း ... ခင်ဗျား ခုံတုန်ဂိုဏ်းကို ရောက်တဲ့အခါမှာ ခင်ဗျားဆရာက ခင်ဗျားကို ဘာကြောင့် အဖွဲ့ထဲကထုတ်ပယ်တဲ့အပြစ်ဒဏ် ပေးခဲ့တယ်ဆိုတာ ပြောပြပါဦး"

ကျင်းစိလူက အထက်ပါအတိုင်း တောင်းဆိုလိုက်သည်။

ကျင်းစိလူ၏ တောင်းဆိုချက်ကား သဘာဝကျလှသည်။

အမှုအကြောင်းကို စုံစုံလင်လင် သိရတော့မှသာ ဆုံးဖြတ်ရာတွင် တိကျမှန်ကန်နိုင်မည် မဟုတ်ပါလား။

တန်ချူစိန်းက အတိတ်ဖြစ်ရပ်များကိုဆက်ပြောပြန်လေ၏။

◆ ◆ ◆

ဟိုလိုတို့နှင့် တိုက်ခိုက်ခဲ့ရပြီး သုံးလကြာသော အခါတွင် ခုံတုန်ဂိုဏ်းအတွင်းမှ ပျောက်ကွယ်နေသော တန်ချူစိန်းသည် ခုံတုန်ဂိုဏ်းအတွင်းသို့ ပြန်လည်ရောက်ရှိလာခဲ့တော့၏။

အဖွဲ့သားများသည် သူ့ကို သံသယမျက်လုံးများဖြင့် ကြည့်ကာ ရန်လိုစွာ မေးမြန်းစုံစမ်းခဲ့ကြ၏။

တန်ချူစိန်းသည် အဖွဲ့သားတို့၏ ရန်လိုသောအကြည့်၊ သံသယမေးခွန်း၊ ပြစ်တင်စွပ်စွဲချက်များ အားလုံးကို ဥပေက္ခာပြုခဲ့သည်။ ဆရာဖြစ်သူ ထုန်မြောက်ကျင်တင်နှင့်သာ တစ်ယောက်ချင်း တွေ့ဆုံ ပြောပြလိုက်သည်။

ထုန်မြောက်ကျင်တင်သည် တပည့်ဖြစ်သူ၏ ပြောဆိုချက်ကို



ကြားရပြီးနောက် အတန်ကြာသည့် တိုင်အောင်ပင် စကား မပြောနိုင်ဘဲ ဖြစ်သွားရ၏။

နောက်ဆုံးတွင် ထုန်မြောက်ကျင်တင်သည် သက်ပြင်းတစ်ချက် ချကာ ...

"အင်း ... တပည့်ရေ၊ မင်းတော့သိပ်ကို အနစ်နာခံရမှာပဲ၊ ငါ စိတ်မကောင်း ဖြစ်နေတာ အဲ့ဒီအချက်ပဲ"

ထုန်မြောက်ကျင်တင်သည် တွေးတွေးဆဆနှင့် စိတ်မကောင်းစွာ ပြောလိုက်လေသည်။

အမှန်စင်စစ် သူသည် အချက်နှစ်ချက်ကို ထည့်သွင်းစဉ်းစားမိသောကြောင့်သာ ထိုသို့ ပြောဆိုရခြင်းဖြစ်၏။

တစ်ချက်အနေဖြင့် ဤပြဿနာ၏ အဖြစ်မှန်ကို လူသိ ထင်ရှားဖော်ထုတ်ခြင်းဖြင့် ခုံတုန်ဂိုဏ်း ဂုဏ်သိက္ခာကို အကြီးအကျယ် ထိခိုက်သွားမှာကိုလည်း စိုးရိမ်မိသည်။

နှစ်အချက်အနေဖြင့် သူသည် မသင့်မြတ်သော ဆုံးဖြတ်ချက်ကို ချမိခဲ့လျှင်လည်း မန်ချူးနယ်ချဲ့တို့အား တော်လှန်နေကြသော မျိုးချစ်သိုင်းသမားများ စိတ်ဓာတ်ကျမှာ အပြစ်တင်မှာကိုလည်း စိုးရိမ်မိသည်။

ထိုစိုးရိမ်ခြင်း နှစ်မျိုးကြောင့် အရှည်ကို မျှော်မြင်တွေးဆကာ ပြောဆိုလိုက်ခြင်း ဖြစ်၏။

တကယ်တော့ လူသိရှင်ကြား မန်ချူးနယ်ချဲ့များကို တော်လှန်နေသည့် အဖွဲ့အနေဖြင့် ဆုံးဖြတ်ရမည်ဆိုလျှင် လွယ်သည်။

ခုံတုန်ဂိုဏ်းအဖွဲ့ အနေဖြင့်မှု ဆုံးဖြတ်ပေးရန် ခဲယဉ်းလှ၏။

တန်ချူစိန်းနှင့် ထုန်ရှန်ဆု၊ ထိုနှစ်ဦးသည် ဆန့်ကျင်ဘက်အဖွဲ့အသီးသီးတွင် ပါဝင်နေကြသည်။

ထုန်ရှန်ဆုက နယ်ချဲ့သမားဘက်က နယ်ချဲ့အလိုတော်ရိ။

တန်ချူစိန်းကမူ နယ်ချဲ့အား တွန်းလှန်နေသော မျိုးချစ်သိုင်းသမား။

ယခု ထိုနှစ်ဦး ထိပ်တိုက် ရင်ဆိုင်နေရသော ပြဿနာတွင် ခံတုန်ဂိုဏ်းချုပ်အနေနှင့် မည်သည့်ဘက်မှ ရပ်တန့်သင့်ပါလေသနည်း။

ထိုမေးခွန်းအတွက် ထုန်မြောက်ကျင်တင်တွင် ပြတ်သားသော အဖြေမရှိပါချေ။

အထူးသဖြင့် တပည့်ရင်း တန်ချူစိန်းကို ယုံကြည်စိတ်ချရုံမျှမက သူ့လုပ်ရပ်က မှန်ကန်နေသော်လည်း ယခုကိစ္စတွင် သူ့ဘက်မှ ရပ်တည်ရန်မှာ ထုန်မြောက်ကျင်တင်အတွက် မဟာအခက်အခဲပင် ဖြစ်နေ၏။

အထူးသဖြင့် ညီတော် ထုန်ရှန်ဆု။

ညီတော် ထုန်ရှန်ဆုသည် ထုန်မြောက်ကျင်တင်၏ ဆရာယူတင်ကျင်တင်၏ သားတော်ဖြစ်သည်။

ဆရာယူတင်ကျင်တင်သည် သူ၏ အမိမဲ့သားလေးအပေါ်တွင် လွန်စွာ ချစ်ခင်လှ၏။

ထုန်မြောက်ကျင်တင်သည် ထုန်ရှန်ဆုထက် ခြောက်နှစ်မျှကြီးသည်။

သူ ဂိုဏ်းချုပ်ရာထူးကို လက်ခံစဉ်က ထုန်ရှန်ဆုမှာ လူလားမမြောက်သေးသော လူရွယ်တစ်ယောက်သာ ရှိသေးသည်။

ထို့ကြောင့်ပင် ဆရာယူတင်ကျင်တင်သည် ကွယ်လွန်ခါနီးတွင် သူ့သားငယ်ကို စောင့်ရှောက်ပါရန် မိမိအား အပ်နှံထားခဲ့သည် မဟုတ်ပါလော။

ထိုအချက်ကို စဉ်းစားမိတိုင်း ကွယ်လွန်သူ ဆရာသမားကို



ရှိသေသော ထုန်မြောက်ကျင်တင်သည် ဆရာ၏ သားဖြစ်သူ ထုန်ရှန်ဆုကို ပြစ်တင်ခြင်းပင် မပြုလောက်အောင် ဖြစ်နေမိသည်။

ထို့အပြင် ထုန်ရှန်ဆုက သတင်းလွှင့်ထားသဖြင့် ဂိုဏ်းသားအများစုသည် တန်ချူစိန်းအား အထင်လွဲ မုန်းတီးနေကြသည်။

ယခုလို အချိန်မျိုးတွင် ဂိုဏ်းသားများ အထင်လွဲ မုန်းတီးနေသော တပည့်ဖြစ်သူဘက်မှ ပြတ်သားစွာ ရပ်တည်၍မဖြစ်ပါ။

ထိုသို့ ရပ်တည်မိလျှင် မိမိတို့ အမြတ်တနိုးတည်ထောင်ထားခဲ့သော ခံတုန်ဂိုဏ်းအား မိမိကိုယ်တိုင်က ပြိုလဲအောင် ဖြိုခွဲလိုက်ခြင်းနှင့် မခြား ဖြစ်သွားပေမည်။

ထုန်မြောက်ကျင်တင်အနေဖြင့် တစ်ဂိုဏ်းလုံးနှင့် တပည့်တစ်ဦးတို့ လွန်ဆွဲပွဲတွင် တပည့်ဘက်က မှန်နေသော်လည်း ဂိုဏ်း၏ အရှည်တည်မြဲရေးအတွက် ဂိုဏ်းသားများဘက်ကသာ ရပ်တည်ရတော့မည် ဖြစ်သည်။

ထို့ကြောင့် ...

တပည့်ဖြစ်သူအား ကြေကွဲဆို့နစ်စွာ ပြောဆိုလိုက်၏။

"တန်ချူစိန်း ... မင်းဟာ ငါ့ရဲ့အချစ်ဆုံး တပည့်ဖြစ်တယ်၊ မင်း နစ်နာမယ့် ကိစ္စကို ငါ မလုပ်ရက်ပေမယ့် အခုတော့ လုပ်ရတော့မယ်၊ မင်းရဲ့ လုပ်ရပ်အားလုံး မှန်ကန်ပေမယ့် အခြေအနေအရပ်ရပ်ကြောင့် မင်းဘက်က ငါ ရပ်မတည်နိုင်တော့ဘူး၊ မင်း ... မင်း ... ငါ့ကို သာ နားလည်ပါတော့ကွာ"

ထုန်မြောက်ကျင်တင်က အလွန်တရာ စိတ်မချမ်းမြေ့စွာ ပြောဆိုရင်း တပည့်ဖြစ်သူအား ဝမ်းနည်းစွာ ကြည့်ကာ ...

"မင်းအနေနဲ့ ငါ့ကို ဘာပြောချင်သေးသလဲ"

တန်ချူစိန်းက ခေါင်းကိုသာ ဖြည်းညင်းစွာ ယမ်းခါပြလိုက်သည်။

သူသည် ဆရာဖြစ်သူအား ဒူးထောက်ကန်တော့လိုက်ပြီး ...

"ဆရာရဲ့ စကားဟာ အားလုံးအတွက် လေးနက်မှန်ကန်တဲ့ စကားဆိုတာ ကျွန်တော် နားလည်ပါတယ် ဆရာ၊ ကျွန်တော်နဲ့ စာရင် အဖွဲ့ရဲ့ ဂိုဏ်းသိက္ခာပိုင်းက ပိုပြီးတော့ အရေးကြီးပါတယ်၊ အမှန်တော့ သိုင်းလောကမှာ တစ်ဦးတစ်ယောက်တည်းရဲ့ ကျဆုံးခြင်း၊ အောင်မြင်ခြင်းဆိုတဲ့ကိစ္စဟာ ဘာမှအရေးမကြီးပါဘူး ဆရာ၊ ဆရာ့ စကားကို ကျွန်တော် လိုက်နာပါ့မယ်"

စိတ်ကို မည်မျှပင် ထိန်းသိမ်းပြောဆိုနေသော်လည်း တန်ချူစိန်း၏ စကားသံမှာ လှိုက်လှဲတုန်ခါနေလေသည်။ မျက်ရည်များ ရစ်ဝိုင်းနေသည်။

ထုန်မြောက်ကျင်တင်မှု အတန်ကြာ ငြိမ်သက်စွာ စဉ်းစားနေမိသည်။

အတန်ကြာမှ သက်ပြင်းတစ်ချက်ချကာ ပြောသည်။

"အင်း ... ထုန်ရှန်ဆုနဲ့ ထုန်မင်ဆုတို့ကတော့ မင်းကို အဖွဲ့သားချင်း လုပ်ကြံမှုနဲ့ ကြီးလေးတဲ့ အပြစ်ဒဏ် ပေးစေချင်ကြတယ်၊ သူတို့ရဲ့ ဆန္ဒကို ငါ လိုက်မလျော့နိုင်ဘူး။ အေး ... ဒါပေမယ့် အားလုံး မျက်နှာမပျက်ဘဲ ကျေနပ်သွားအောင်တော့ မင်းကို အပြစ်ဒဏ် တစ်ခု ပေးရမယ်၊ အဖွဲ့သားချင်း စောင့်ရှောက်ဖို့ တာဝန်ပေါ့ဆမှု ဆိုတဲ့ အပြစ်ကို မပေးရမှာပဲ၊ ဒီအပြစ်ဒဏ် ချမှတ်ချက်အနေနဲ့ မင်းကို အဖွဲ့က ထုတ်ပယ်ကြောင်း ကြေညာရမှာပဲ၊ မလွှဲမရှောင်သာ လုပ် ဆောင်ရပေမယ့် ငါ့စိတ်ထဲမှာ မင်းဟာ ငါ့အချစ်ဆုံး တပည့်ပါကွာ"

ထုန်မြောက်ကျင်တင်က ဖြည်းညင်းစွာ ပြောဆိုရှင်းပြနေ၏။



အမှန်တော့ ထိုအပြစ်ဒဏ်ကို တန်ချူစိန်း မခံယူချင်ပါ။ သူ့အား အဖွဲ့မှ ထုတ်ပယ်ခြင်းသည် သူ့စိတ်ကို အလွန်ထိခိုက်စေ၏။

သို့ရာတွင် စိတ်ထဲတွင် လွန်စွာ ထိခိုက်ကြေကွဲသွားသော်လည်း သူသည် မျက်နှာကို အတတ်နိုင်ဆုံး ပြုံးကာ ...

"ဆရာ့အနေနဲ့ ဒါ့ထက်ကြီးလေးတဲ့ အပြစ်ဒဏ်ကို ပေးလည်း ကျွန်တော် ကျေကျေနပ်နပ် ခံယူမှာ ဖြစ်ပါတယ်၊ ဒါပေမယ့် တခြား အဖွဲ့သားတွေက ဆရာပေးတဲ့ အပြစ်ဒဏ်က ကျွန်တော့်ကို အကာအကွယ် ပေးလွန်းတယ်လို့ ဝေဖန်မှာကိုပဲ ကျွန်တော် စိုးရိမ်မိပါတယ်"

တန်ချူစိန်း၏ စကားအဆုံးတွင် ထုန်မြောက်ကျင်တင်က ခပ်မဲ့မဲ့ပြုံး၍ ...

"ငါ့အနေနဲ့ အဖြစ်မှန်ကို ထုတ်ဖော်ပြောပြလို့မှမဖြစ်နိုင်တဲ့ အတူတူ ခုလိုလုပ်ရတော့မှာပဲ၊ အေး ... ငါ့ဆုံးဖြတ်ချက်ကို အဖွဲ့သားထဲက တချို့က တီးတိုးဝေဖန်ချင်လည်း ဝေဖန်ကြမှာပေါ့၊ ကိစ္စမရှိဘူး၊ မကြာခင် ငါ ဂိုဏ်းထဲက တခြားလူတစ်ယောက်ကို ဂိုဏ်းချုပ် ရာထူး လွှဲပေးလိုက်မယ်၊ ဒါဆို သူတို့ ဝေဖန်သံ တိတ်သွားမှာပါ"

◆ ◆ ◆

ခံ့တုန်ဂိုဏ်း အစည်းအဝေးသို့ တက်ရောက်လာကြသော ပရိသတ်မှာ တန်ချူစိန်း ပြောပြသမျှကို တိတ်ဆိတ်စွာ နားထောင်နေကြသည်။

တိတ်ဆိတ်မှုကို လီကျင်ဆုက ဖြိုခွင်းလိုက်သည်။

"ဒါဆို ... အဖွဲ့ ပြိုကွဲပျက်စီးရမယ်ဆိုရင် မင်း အမှန်တရားကို ထုတ်ဖော်ပြောဆိုနိုင်တယ်လို့ ခွင့်ပြုထားခဲ့တယ်ပေါ့ ဟုတ်လား"

တန်ချူစိန်းက ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ကဲ့ … ဆရာက ကျွန်တော့်ကို အဲဒီလို ခွင့်ပြုခဲ့ပါတယ်"

တန်ချူစိန်းသည် အဝေးသို့ ငေးကြည့်နေရင်းမှ ဆက်၍ …

"ကျွန်တော်က ဆရာ့စကားကို မြေဝယ်မကျ နားထောင်ခဲ့ပါတယ်၊ ဆယ့်ရှစ်နှစ်လုံးလုံး ကျွန်တော့်ဘဝကို ခုံတုန်အဖွဲ့နဲ့ ဘယ်လိုမှ မပတ်သက်အောင် နေထိုင်ခဲ့ပါတယ်"

"ဒါပေမယ့် ကျွန်တော်က အဲဒီလို နေထိုင်ခဲ့ပေမယ့် ကျွန်တော်တို့ရဲ့ ခုံတုန်ဂိုဏ်းမှာရှိနေတဲ့ ထုန်ရှင်ဆု၊ ထုန်မင်ဆုတို့လို မသမာသူတွေဟာ ကျွန်တော့်ကို တစ်ဖက်ကလည်း အမျိုးမျိုး အပုတ်ချရင်း တစ်ဖက်ကလည်း ကျွန်တော့်ကို ရှင်းပစ်ဖို့ အမျိုးမျိုး ကြံစားခဲ့ကြပါတယ်"

ဤတွင် နားထောင်နေကြသူများထဲမှ တစ်ယောက်က မေးလိုက်၏။

"ဘယ်လိုကြံစားခဲ့သလဲဆိုတာ ပြောမပြနိုင်ဘူးလား"

တန်ချူစိန်းက ခေါင်းတစ်ချက် ညိတ်ပြလိုက်၏။

"ဟုတ်ကဲ့ … ကျွန်တော်ဟာ ဆရာပေးတဲ့ အပြစ်ဒဏ်ကို ခံရင်း အဖွဲ့နဲ့ဝေးရာ ကျောက်တောင်ဒေသမှာ ပထမဆုံး ဇာတ်မြှုပ်ခဲ့ပါတယ်၊ ကျောက်တောင်ဒေသမှာ ကျွန်တော် ဇာတ်မြှုပ်နေတုန်းက ကျွန်တော်နဲ့အတူ ကျွန်တော့်ရဲ့ တပည့် မင်ဝါလေးတစ်ယောက်ပဲရှိပါတယ်၊ ဒီတုန်းကဆိုရင် သူ့အသက်ဟာ ဆယ့်တစ်နှစ် ဆယ့်နှစ်နှစ်သာအရွယ်ပဲ ရှိပါသေးတယ် အဲဒီအချိန်မှာ ထုန်ရှန်ဆုဟာ အောင်ရန်ရွှေနှင့် ဟိုက်လန်တင်တို့နဲ့အတူ ကျွန်တော့်ကိုလာပြီး လုပ်ကြံခဲ့ကြပါတယ်၊ ကျွန်တော်တို့ဟာ သူတို့ကို ပြန်ပြီး တွန်းလှန်တိုက်ခဲ့ကြရတယ်၊ အဲဒီ အချိန်တုန်းက ကျွန်တော်ရဲ့ မိတ်ဆွေတစ်ယောက်ဖြစ်တဲ့ တန်ချူးခေ့လည်း ကျောက်တောင်ဒေသကို သူ့တပည့် ရန်ဝါလေးနဲ့တွေ့ဖို့ ရောက်နေတဲ့ အချိန်



ဖြစ်ပါတယ်၊ ဒီတိုက်ပွဲမှာ ကျွန်တော်နဲ့အတူ တန်ချူးခေ့တို့ ဒဏ်ရာအပြင်းအထန် ရခဲ့ကြပါတယ်"

"ရန်သူတွေဘက်ကတော့ ခေါင်းဆောင် ထုန်ရှန်ဆု သေဆုံးသွားတယ်၊ အောင်ရန်ရွှေနဲ့ ဟိုက်လန်တင်တို့ ဒဏ်ရာအပြင်းအထန် ရသွားခဲ့တယ်"

"ဒဏ်ရာမပြင်းထန်တဲ့ ရန်ကေမင်ဟာ သူ့လူတွေကို ထမ်းပိုးပြီး ကျောက်တောင်ဒေသထဲက ထွက်ပြေးသွားခဲ့တယ်"

"ကျွန်တော်နဲ့ တန်ချူခေ့ကိုတော့ သူဒိုး ဘုရင် လောလုံက ကယ်တင်သွားပြီး အိုခေချောင်မင် ဒေသမှာ ကုသပေးခဲ့ပါတယ်"

တန်ချူစိန်းသည် အထက်ပါအတိုင်း ရှည်လျားစွာ ရှင်းပြပြီး ခေတ္တနားလိုက်သည်။

ကျင်းစိလူက …

"လမ်းမှားမျိုးဖျက် လူဆိုးတွေနဲ့ ပေါင်းသင်းလာတာကိုက ထုန်ရှန်ဆု၊ ထုန်မင်ဆုတို့ရဲ့ အမှားဖြစ်တယ်"

လီကျင်ဆုနှင့် ကျင်းစိလူတို့က ထိုသို့ မှတ်ချက်ချလိုက်ပြီးသည်နှင့် ကျန်သော လူများကလည်း …

"ဒီကိစ္စက ရှင်းပါတယ်၊ ဒါ သက်သက် ရန်စတာပဲ"

"ခုံတုန်အဖွဲ့ နာမည်ကို ဖျက်နေတာ သူတို့ပဲ"

"အဖွဲ့ချုပ်ခေါင်းဆောင်ကြီး ခင်ဗျားတို့ ထုန်မင်ဆုတို့အဖွဲ့ကို သစ္စာဖောက်မှုနဲ့ အပြစ်ပေးပါ"

ခုံတုန်ဂိုဏ်းအဖွဲ့သားများကပါ အထက်ပါအတိုင်း တစ်ယောက်တစ်ပေါက်ဖြင့် ဝင်ရောက်တောင်းဆိုလာကြလေတော့သည်။

ထုန်မင်ဆု၏ မျက်နှာကြီးမှာ နီရဲခက်ထန်နေလေသည်။

သူသည် တစ်ယောက်တစ်ပေါက်ဖြင့် ဆူညံစွာ ပြော-ဆိုကာ

သူ့အား ပြစ်တင်ရှုချနေသူများကို မျက်တောင့်နီကြီးဖြင့် လှမ်းကြည့်လိုက်၏။

ထိုနောက် ...

တန်ချူစိန်းအား စားမတတ် ဝါးမတတ် မျက်လုံးပြူးကြီးဖြင့် စိုက်ကြည့်ပြီး မေးလိုက်လေ၏။

"ဟေ့ကောင် မင်းမှာ ဘာအထောက်အထား ရှိနေလို့လဲ ကဲ ... ပြောစမ်းပါဦး"

ထုန်မင်ဆုက အပိုင်တွက်ဆကာ အထောက်အထား သက်သေပြစရာ အဖြစ် မည်သူ့ကို တင်ပြလေမည်နည်း။

ပရိသတ်ကလည်း သိချင်နေသည်။

ထိုစဉ် တန်ချူစိန်းက ထုန်ကျင်ဆုအား လက်ညှိုး တည့်တည့်ထိုးကာ ...

"သက်သေအနေနဲ့ ဂိုဏ်းချုပ်ကြီးကိုပဲ ပြရမှာပဲ"

တန်ချူစိန်း၏ စကားကြောင့် ထုန်မင်ဆု အကြီးအကျယ် ထိတ် လန့်သွားသည်။

ပရိသတ်များလည်း လွန်စွာ အံ့ဩသွားကြ၏။

သို့ရာတွင် ပို၍ အံ့ဩစရာ ကောင်းသည်မှာ တန်ချူစိန်း၏ ပြောဆိုချက်အား ထုန်ကျင်ဆုသည် မျက်နှာတစ်ချက် ကွက်ခနဲ ပျက်သွားရုံမှလွဲ၍ ငြင်းဆိုခြင်း မပြုပါချေ။

ဆိတ်ဆိတ်နေခြင်းဖြင့် ထုန်ကျင်ဆု ဝန်ခံနေလေပြီလား။

ပရိသတ်အားလုံး သို့လောသို့လော တွေးတောနေမိကြလေသည်။

ထိုစဉ် ...

လီကျင်ဆုက ထုန်မင်ဆုအား လှမ်းမေးလိုက်၏။



"ဂိုဏ်းချုပ်ကြီး ထုန်ကျင်ဆု၊ ထုန်မင်ဆုတို့ရဲ့ ကြံစည်မှုကို ခင်ဗျား သိနေတယ်ဆိုတာ တကယ်ပဲလား"

အမှန်တော့ ပရိသတ်အားလုံး၏ ရင်ထဲတွင် ထိုမေးခွန်း တည်ရှိနေပါသည်၊

ထိုမေးခွန်း၏ အဖြေကိုလည်း အားလုံးက သိချင်နေကြသည်။

ဒါးသည်းစွာ ငြင်းဆန်လေမည်လား။

ဟုတ်တိုင်းမှန်ရာကိုပဲ မည်သူ့မျက်နှာမှ မထောက်စွာ ဝန်ခံလေမည်လား။

အားလုံးက သိချင်စိတ် ပြင်းစွာဖြင့် စောင့်ကြည့်နေမိကြ၏။

ထိုသို့ တိတ်ဆိတ်စွာဖြင့် အခြေအနေကို အကဲခတ် စောင့်ကြည့်နေကြစဉ် ထုန်မင်ဆုက ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား ... ဟေ့ ... တန်ချူစိန်းမင်းရဲ့ ကောက်ကျစ်တဲ့ စွပ်စွဲချက်ကို ဂိုဏ်းချုပ်ကြီးက မဖြေချင်ဘူးကွ၊ ဒါကြောင့် ငြိမ်နေတာ မင်းသိလား"

အမှန်တော့ တန်ချူစိန်းကို လှောင်ပြောင်သလိုလိုဖြင့် ထုန်ကျင်ဆုအား ဖိအားပေးကာ သူ့ဘက်မှ လိုက်ပြောရန် စကားကြောင်းပေးလိုက်ခြင်းသာ ဖြစ်၏။

ထုန်ကျင်ဆုသည် မလှုပ်မယှက် ခေါင်းကြီးငုံ့၍ ရပ်တန့်နေသည်၊

ယခုအချိန်တွင် အဖြစ်မှန်ကို ဖော်ပြလိုက်ရလျှင် ကောင်းလေမည်လား။ အဖြစ်မှန်ကို ပြောပြမည်ဆိုလျှင်တော့ ယခုအချိန်သည် ထုတ်ဖော်ပြောပြရန် အသင့်လျော်ဆုံး ဖြစ်သည်။

မိမိအား တစ်ဆယ့်ရှစ်နှစ်လုံးလုံး ထုန်မင်ဆုတို့ လူစု ကြီးကိုင်ချယ်လှယ်ခဲ့ကြသည် မဟုတ်ပါလား။

ယခု လမ်းမှန် သိုင်းသမားများရှေ့တွင် ထုန်မင်ဆု၏ ယုတ်မ…သော လုပ်ရပ်ကို ဖော်ထုတ်ခြင်းဖြင့် မိမိမှာ ထုန်မင်ဆုတို့ လူစုကဲ့သို့ ယုတ်မာသူ မဟုတ်ဘဲ မလွဲသာ မရှောင်သာ သူတို့နိုင်းရာလုပ်နေရ…သူမျှသာ ဖြစ်ကြောင်း ပေါ်လွင်လာစေနိုင်သည်။

ထုန်ကျင်ဆုသည် ခေါင်းကိုငုံ့လျက် ငြိမ်သက်စွာ ရပ်တန့်နေ…ရင်းမှ အထက်ပါအတိုင်း တသီတတန်းကြီး လျှောက်ပြီး တွေးတော…နေမိလေသည်။

နောက်ဆုံးတွင် ပြတ်သားသော ဆုံးဖြတ်ချက်နှင့်အတူ ထုန်…ကျင်ဆုက ဦးခေါင်းကို ဆတ်ခနဲ မော့လိုက်၏။

"မှန်ပါတယ် … တကယ်တော့ ဒီအမှုကို ဒီလောက် ရှုပ်ထွေး…ကောက်ကွေ့သွားအောင် လုပ်နေတဲ့သူဟာ ထုန်မင်ဆုပဲ ဖြစ်ပါတယ်"

"ဟာ … "

ထုန်ကျင်ဆု၏ စကားကြောင့် ပရိသတ်များ ဟာခနဲ ဖြစ်သွား…ကြသည်။

ထုန်မင်ဆု မျက်နှာကြီးမှာမူ မည်းသည်း ခက်ထန်သွားလေ…သည်။

လူအားလုံးမှာ အမှန်တရားကို ရဲတင်းစွာ ထုတ်ဖော်ပြောဆို…နေသော ထုန်ကျင်ဆုအား လေးစားအထင်ကြီးမိသည်နှင့်အမျှ အံ့ဩ…လွန်းမက အံ့ဩသော မျက်လုံးများဖြင့် ဝိုင်းဝန်း ကြည့်ရှုမိကြလေတော့…သည်။

ထုန်ကျင်ဆုမှာမူ ခေါင်းကို အေးဆေးတည်ငြိမ်စွာ ညိတ်ကာ …

"ဟုတ်ပါတယ်၊ ဂိုဏ်းချုပ် ထုန်မြောက်ကျင်တင်ဟာ တန်ချူ…စိန်းကို တစ်ဖက် မလွဲမရှောင်သာ အပြစ်ဒဏ်ပေးလိုက်ရသလို တစ်ဖက်…ကလည်း ထုန်မင်ဆု၊ ထုန်ရှင်ဆုနဲ့ ကျုပ်တို့ဆီမှာ တန်ချူစိန်းက…



ပမ်းဆီးဖို့ အပုပ်ချခြင်း၊ မပြုဖို့ ကတိတောင်းဆိုခဲ့ပါတယ်၊ ဒီကတိ…ပျိုး ဖောက်ခဲ့တာကတော့ ထုန်ရှင်ဆုနဲ့ ထုန်မင်ဆုတို့သာ ဖြစ်ပါတယ်"

လူအားလုံး ထုန်ကျင်ဆု၏ စကားကြောင့် အံ့ဩတကြီး ဖြစ်…ကုန်ကြတော့၏။

ထိုစဉ် ထုန်မင်ဆုက မျက်နှာကို မာန်ပါပါ မော့ထားရင်းမှ …

"ဟား … ဟား … ဒါဟာ ဂိုဏ်းတူညီအစ်ကိုချင်း ဖေးမကူညီပြီး…ပြောဆိုတဲ့ စကားလား"

ထုန်မင်ဆုက ထုန်ကျင်ဆုအား လှောင်ပြောင်ရယ်မောရင်း…ပြောဆိုလိုက်၏။

ထုန်ကျင်ဆုကမူ ခေါင်းကို လေးတွဲ့စွာ ခါယမ်းနေလေ၏။

"မင်းမှားနေပြီ ထုန်မင်ဆု၊ ဂိုဏ်းတူညီအစ်ကို ဖြစ်ပေမယ့်…မင်း မဟုတ်တာလုပ်တာကို ငါ ဖုံးကွယ်မနေနိုင်တော့ဘူး"

ထုန်ကျင်ဆုက ယတိပြတ် ပြောချလိုက်၏။

ထုန်မင်ဆု၏ မျက်နှာမှာ ညိုမည်းခက်ထန်သွားလေတော့၏။

ခုံတုန်သိုင်းအဖွဲ့သားတို့မှာ ဆိတ်ငြိမ်လွန်းစွာဖြင့် စိုးရိမ်တကြီး…ဖြစ်နေမိကြ၏။

ထိုစဉ် ထုန်မင်ဆု၏ လက်ရုံးတပည့်ဖြစ်၍ အားအကိုးရဆုံး…တပည့်တစ်ဦးလည်းဖြစ်သူ တာရိုက တစ်စခန်း ထလေတော့၏။

"ဟေ့ … အဖွဲ့သားတွေ မင်းတို့ ဘာမှတွေဝေမနေကြနဲ့၊ ဒါဟာ…ထုန်ကျင်ဆုရဲ့ ညစ်ပတ်မှုသာ ဖြစ်တယ်၊ မင်းတို့ ငုံခံမနေကြနဲ့"

တာရိုက ကျယ်လောင်စွာ အော်ဟစ်လိုက်၏။

သို့သော် ထုန်မင်ဆု၏ တပည့်အချို့မှအပ ကျန်အများစုကမူ…သူ၏စကားကို လက်မခံပါချေ။

"တာရှိ မင်းဆရာဘက်ကလိုက်ပြီး အမှန်တရားကို ဖုံးကွယ်ဖို့ မင်း မကြိုးစားပါနဲ့ အမှန်တရားကို ထာဝရ ဖုံးကွယ်ထားလို့ မရဘူးကွ"

အဖွဲ့သားများ၏ တစ်ယောက်တစ်ပေါက်ဖြင့် ဆူညံစွာ အော်ဟစ်ပြောဆိုသံများမှာ ထိုနေရာတစ်ဝိုက်တွင် ပွက်ပွက်ညံနေလေတော့၏။

အခြေအနေမှာ ရှုပ်ထွေးနေသည်။

ထိုရှုပ်ထွေးနေသော အခြေအနေကို အခွင့်ကောင်းယူ အသုံးချကာ မသမာသူများ ခြေရှုပ်လာမှာစိုးရိမ်သူကား လီကျင်ဆုဖြစ်သည်။

ထို့ကြောင့် ...

သူသည် လက်နှစ်ဖက်ကို ဝှေ့ယမ်းရင်းမှ အားလုံးကြားအောင် အသံမြှင့်၍ ...

"ကဲ ... ကဲ ... ဒီလို ဒေါသတကြီး ငြင်းခုံနေကြလို့တော့ ပြဿနာ ပြေလည်ပြီးပြတ်သွားမှာ မဟုတ်ဘူး။ ကဲ ... ဒီတော့ အားလုံး ငြိမ်နေကြပါ"

ဆူညံနေသော အသံများအားလုံး မီးကိုရေနှင့် ငြိမ်းသတ်လိုက်သလို တိတ်ဆိတ်သွားတော့၏။

လူအားလုံး၏ မျက်လုံးအကြည့်များသည် လီကျင်ဆုဆီသို့သာ စုပြုံကျရောက်သွားကြလေတော့သည်။

လီကျင်ဆုက တည်ကြည်သော မျက်နှာပေးဖြင့် ...

"ကျုပ်ရဲ့ ထင်မြင်ချက်ကို ပြောရမယ်ဆိုရင် ဒီပြဿနာကို ဆုံးဖြတ်ချက်ချဖို့ဆိုတာ စောနေသေးတယ်လို့ ကျုပ်ထင်တယ်"

ထုန်မင်ဆုမှာ အမှုဆက်လက်စစ်ဆေးမည်ဟု သိရသောအခါ စိတ်ထဲမှကျိတ်၍ ဝမ်းသာရ၏။



အမှန်စင်စစ် သူတို့က အချိန်ကို ဆွဲနိုင်သမျှ ဆွဲနေကြခြင်းမျှသာ ဖြစ်ပါသည်။

အချိန်ဆွဲခြင်းဖြင့် သူတို့၏ ချိန်းဆက်စီစဉ်ထားသော အကြံအစည်ကို အကောင်အထည်ဖော်နိုင်ရန် အချိန်လုံလောက်လာမည် မဟုတ်ပါလား။

ဤတွင် ကျင်းစီလူက ...

"ကဲ ... ဒါဆို အမှုကို ဆက်လက်စစ်ဆေးဖို့ ဂိုဏ်းချုပ်ကြီး ထုန်ကျင်ဆု တာဝန်ယူပါ"

ထုန်ကျင်ဆုသည် တန်ချူစိန်းအား ကြည့်ကာ ...

"တန်ချူစိန်းအနေနဲ့ ပြောစရာရှိတာ ဆက်ပြီးပြောပါ"

တန်ချူစိန်းက နေရာမှထရပ်ကာ ...

"ထုန်မင်ဆုတို့အဖွဲ့ဟာ ကျွန်တော်တစ်ယောက်တည်းအပေါ်မှာ ယုတ်မာတာ မဟုတ်ပါဘူး၊ ခုံတုန်ဂိုဏ်း တစ်ခုလုံးကို နယ်ချဲ့ လက်ပါးစေဘဝ့ရဲ့ လက်ထဲ ထိုးထည့်ပေးဖို့လည်း ယုတ်မာစွာ ကြံစည် လုပ်ကိုင်နေတာ ဖြစ်ပါတယ်"

"ဘာ ..."

ထုန်မင်ဆုမှာ အနာပေါ် တုတ်ကျသကဲ့သို့ ဆတ်ဆတ်ခါနာသွားပြီး ဓားကို ဆွဲထုတ်လိုက်လေတော့၏။

"သူမဟုတ်တာပြောတယ်ဆိုရင် သက်သေသက္ခာယ နိုင်နိုင်လုံလုံနဲ့သာ ငြင်းဆိုသင့်ပါတယ် ထန်မင်ဆု"

ကျင်းစီလူက တည်ငြိမ်စွာ ဝင်ရောက် ဟန့်တားလိုက်၏။

ထုန်မင်ဆုတစ်ယောက် ကိုယ်ရှိန်သတ်သွားခြင်းဖြစ်သည်။

တန်ချူစိန်းကတော့ ခပ်ပြုံးပြုံးပင် သူ့အား လက်ပြတားဆီးလိုက်၏။

"ဒီကလူတွေ အားလုံးဟာ ခင်ဗျား ဘာတွေလုပ်တယ်၊ ဘယ်သူတွေနဲ့ ပူးပေါင်းတယ်ဆိုတာ ရိပ်မိနေတာ ကြာပါပြီဗျာ"

ထန်မင်ဆုက သူ့နှုတ်ခမ်းကို တွန့်လိမ်ရှုံ့မဲ့ပစ်လိုက်၏။

"ဟင်း ... ဒီလိုပြောလို့ ရမလားကွ၊ ငါ ဘယ်သူတွေနဲ့ ပေါင်းတယ်၊ ဘာတွေ လုပ်တယ်ဆိုတာ အတိအကျ ပြောရမှာပေါ့"

တန်ချူစိန်းက ခေါင်းတစ်ချက် ညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ပြောမှာပါပဲ"

တန်ချူစိန်းသည် သူ၏စကားကို ဖြတ်ကာ ထုန်မင်ဆု၏ မျက်နှာကို စူးစိုက်၍ ကြည့်လိုက်ပြီး ...

"ခင်ဗျား ဟိုက်လန်တင်တို့ကို မျိုးဖျက်သစ္စာဖောက်တွေနဲ့ ပူးပေါင်းနေတယ် မဟုတ်လား"

"ဟား ... ဟား ... ဟိုက်လန်တင်နဲ့ ဆက်သွယ်တာ ဘာဖြစ်လဲကွ၊ ဂိုဏ်းရဲ့ ချမှတ်ထားတဲ့ စည်းမျဉ်းထဲမှာ ဘယ်သူ့ကိုဖြင့် ဆက်သွယ်ရမယ်၊ ဘယ်သူနဲ့တော့ မဆက်သွယ်ရဘူးလို့ ပါနေလို့လား"

ထုန်မင်ဆုက တန်ချူစိန်းအား ခပ်လှောင်လှောင် ရယ်မောပြောဆိုလိုက်၏။

ထုန်မင်ဆု အနေဖြင့် ခုံတုန်ဂိုဏ်း၏ စည်းမျဉ်းကို ကိုင်တွယ်ပြောဆိုခြင်းမှာ အကြောင်းရှိသည်။

ခုံတုန်ဂိုဏ်း၏ စည်းမျဉ်းအရ အဖွဲ့သားတို့သည် ပြင်ပ သိုင်းလောကသား မည်သူနှင့်မဆို မိတ်ဆွေဖွဲ့ခွင့် ပြုထားသည်။

ဟိုက်လန်တင်နှင့် အဆက်အသွယ်ရှိခြင်းကို အပြစ်ဟု သတ်မှတ်၍ မရပါ။ အပြစ်ဟု သတ်မှတ်ယူ၍ မရသောကြောင့် အရေးယူ၍လည်း မဖြစ်ပါ။



ထို့ကြောင့်သာ ထုန်မင်ဆုက ဂိုဏ်းစည်းမျဉ်းနှင့် ကိုင်တွယ်ပြောဆိုလိုက်ခြင်း ဖြစ်သည်။

သို့ရာတွင် ...

တန်ချူစိန်းကမူ ဒေါသတကြီးနှင့် ...

"ဟင်း ... ဟိုက်လန်တင်က ကျုပ်တို့အဖွဲ့ရဲ့ အကြီးအကဲ ယူရှိဆုကို လုပ်ကြံသတ်ဖြတ်လိုက်တဲ့ တရားခံဗျ၊ ဒီလို ဂိုဏ်းရဲ့ အကြီးအကဲကို သတ်တဲ့ လူသတ်သမားနဲ့ ခင်ဗျား ပေါင်းနေတာကြောင့် ကျုပ်တို့က အရေးမယူရတော့ဘူးလား"

တန်ချူစိန်းက ထိုသို့ပြောလိုက်သော်လည်း ထုန်မင်ဆုကမူ ခပ်မဲ့မဲ့ပြုံး၍သာ ...

"ဟေ့ ... ဟိုက်လန်တင် ယူရှိဆုကို သတ်တယ်လို့ ဘယ်သူပြောနိုင်မလဲ၊ မင်းပြောနိုင်သလား၊ သူသတ်တာ ဖြစ်နိုင်တယ်လို့သာ ယူဆနိုင်ရုံပဲ မဟုတ်လား၊ ဟား ... ဟား ... ဟား ... မင်းတကယ် မသိရင် မပြောနဲ့ ..."

ထုန်ကျင်ဆုက လက်ကာပြလိုက်ရင်း ...

"ဒီလိုနေလို့ ပြဿနာပြီးမှာ မဟုတ်ဘူး၊ ကျုပ်ပြောတာကို အရင်ဆုံး နားထောင်ကြ"

တန်ချူစိန်းက ခေါင်းတစ်ချက်ညိတ်ကာ ...

"ဂိုဏ်းချုပ်ကြီး ပြောစရာရှိတာ ပြောပါ"

ထုန်မင်ဆုကမူ မျက်နှာကို ခပ်တည်တည်မော့လျက်သာ ငြိမ်သက်စွာ ရပ်နေ၏။

သူ မည်သည့်စကားမျှ ဝင်မပြောပါ။

သူ ဘာတွေ စဉ်းစားနေသလဲဆိုသည်ကိုလည်း မည်သူမျှ သိနိုင်မည် မထင်ပါ။

ထိုစဉ် ...

ထုန်ကျင်ဆုက ချောင်းတစ်ချက်ဟန့်၍ ...

"ခုဆိုရင် တန်ချူစိန်းဟာ အပြစ်မရှိဘူးဆိုတာလည်း ထင်ရှားသွားပါပြီ၊ အပြစ်မရှိတဲ့အတွက် သူဟာ ကျုပ်တို့ ဂိုဏ်းသားအဖြစ် ပြန်လည်ရပ်တည်နိုင်ပါပြီ၊ ဂိုဏ်းချုပ်တစ်ယောက်အနေနဲ့ ကျုပ် ဒီလို ဆုံးဖြတ်ပါတယ်၊ ပရိသတ်ကြီး ခင်ဗျား ကျုပ်တို့ရဲ့ ဆုံးဖြတ်ချက်ကို သဘောတူပါသလား"

ထုန်ကျင်ဆုက အောင်မြင်ခဲ့ညားသော အသံဖြင့် ပရိသတ်ကို လှည့်ပတ်ကြည့်ရင်း မေးမြန်းလိုက်၏။

"တူတယ် ... တူတယ်"

ပရိသတ်နှင့်တကွ ခုံတန်းဂိုဏ်းသားများက သဘောတူကြောင်း အော်ဟစ်ပြောဆိုနေ၏။

ကန့်ကွက်သူတစ်ယောက်မျှမရှိဘဲ ဝိုင်းဝန်း ထောက်ခံနေကြသဖြင့် တန်ချူစိန်းကို လွန်စွာ မုန်းတီးနေသော ထုန်မင်ဆုသည် စကားမပြောပုံဘဲ ငြိမ်သက်နေရလေသည်။

ထုန်ကျင်ဆုက ရှည်လျားစွာ လက်ခုပ်တီးနေသော ပရိသတ်ကို ငြိမ်ငြိမ်သက်သက် နေကြပါရန် လက်ကာပြလိုက်၏။

"ဒီတော့ တန်ချူစိန်းဟာ ဂိုဏ်းချုပ်ရာထူးကို ဆက်ခံနိုင်ခွင့်ရှိတယ်၊ ဒီတော့ ဒီညီလာခံကို စတင်ကျင်းပခဲ့တုန်းက ထုန်မင်ဆုကို ဂိုဏ်းချုပ်ရာထူးတင်ဖို့ ကျုပ်က အဆိုသွင်းခဲ့တယ်၊ နောက်ပိုင်းမှာ နာယကကြီး ယူရှိဆုက တန်ချူစိန်းကို အဆိုတင်တယ်၊ ဒီတော့ ဂိုဏ်းချုပ်ရာထူး ရွေးချယ်ခွင့်ရှိတာ နှစ်ယောက်ဖြစ်နေပြီ"

ထုန်ကျင်ဆုက စကားကိုဖြတ်ကာ ပရိသတ်ကို ကြည့်လိုက်ပြန်သည်။



ယခုတိုင်အောင်ပင် စကားပြောမည့်သူ တစ်ယောက်မှ ထွက်ပေါ်မလာပါချေ။

ထို့ကြောင့် ...

ထုန်ကျင်ဆုက ခေါင်းတစ်ချက်ညိတ်၍ ...

"ကောင်းပြီ ... ဒီလိုဆို ကျုပ်ရဲ့ ရာထူး ဆက်ခံဖို့အတွက် ဒီနှစ်ယောက်အနက်က တစ်ယောက်ကို အများသဘောတူ ဆုံးဖြတ်ကြဖို့ တောင်းပန်ပါတယ်၊ ကျုပ်အနေနဲ့ အရွယ်က အကျိုင်းဖြစ်နေတော့ သူတို့နှစ်ယောက်ထဲက ဖွမ်းရည်နဲ့ ပြည့်စုံပြီး ဂိုဏ်းချုပ်ရာထူးနဲ့ ထိုက်တန်တဲ့သူဟာ ဘယ်သူဖြစ်နိုင်မလဲ၊ ဒါကိုတော့ အများကပဲ အဆုံးအဖြတ် ပေးကြပါ"

ထုန်မင်ဆု ဖြစ်နေပုံမှာ ရယ်စရာကောင်းလှသည်။

သူသည် ဂိုဏ်းချုပ်လုပ်ချင်လှသော်လည်း မျက်နှာခိုပ် မျက်နှာကပင် မပြဘဲ လွန်စွာ တည်ကြည်ဟန် ဆောင်နေ၏။

သူ၏ မျက်လုံးများမှာမူ ဂနာမငြိမ်လှပါချေ။

တန်ချူစိန်းအပေါ် မနာလိုကာ မငြိမ်သက် ဖြစ်နေသော မျက်လုံးများ ...။

ယင်းအချက်ကို သတိထားကြည့်နေမိကြသော သူများမှာ တည်တည်ကြီး လုပ်နေသော မျက်နှာပေါ်မှ လှုပ်ရှားနေသော မျက်လုံးကြီးများကို ကြည့်ကာ ရယ်ချင်စိတ်ကို ထိန်းချုပ်နေရသည်။

ထုန်မင်ဆု၏ စိတ်ထဲတွင် ထုန်ကျင်ဆုကို မကျေမနပ်ဖြစ်နေသည်။

ထိုစဉ် ဂိုဏ်းချုပ်သစ် ရွေးချယ်ရန် ထုန်ကျင်ဆုက စတင်ဆော်ဩမိလိုက်၏။

"ကဲ ... ကဲ ... ဂိုဏ်းချုပ်သစ် ရွေးချယ်ပွဲ စတင်ပါတော့မယ်၊

ကဲ ... ထုန်မင်ဆု ဂိုဏ်းချုပ်အသစ်အဖြစ် လက်ခံမှာကို လိုလား အဖွဲ့သားတွေက ကွက်လပ်ရဲ့ ဒီဘက်ခြမ်းကို လာရပ်ကြပါ"

ထုန်ကျင်ဆု၏ အသံက ကျယ်လောင်စွာ ထွက်ပေါ်နေ၏။

သို့သော် ခုံတန်ဂိုဏ်းသားများမှာမူ ထုန်ကျင်ဆု ညွှန်ပြသော ဘက်သို့ မသွားကြပါ။ တုပ်တုပ်မျှပင် မလှုပ်။ နေရာမှာပင် မရွေ့ ထိုင်နေကြ၏။

ထုန်မင်ဆု မျက်နှာကြီး နီရဲနေချေပြီ၊ အံကိုတင်းတင်းကြိတ် ကာ ဂိုဏ်းသားများကို မကျေမနပ် ကြည့်နေ၏။

ထိုစဉ် ထုန်ကျင်ဆု၏ အသံက ထွက်ပေါ်လာပြန်၏။

"တန်ချူစိန်း ဂိုဏ်းချုပ်အဖြစ် ဆက်ခံတာကို ထောက်ခံသူများ မတ်တတ်ရပ်ပြကြပါ"

ထုန်ကျင်ဆု၏ စကားအဆုံးတွင် ဂိုဏ်းသားများအားလုံးက မတ်တတ်ရပ်ပြလိုက်ကြ၏။

ထုန်မင်ဆု၏ စကားအဆုံးတွင် ဂိုဏ်းသားအားလုံးက မတ်တတ် ရပ်ပြလိုက်ကြ၏။

ထုန်မင်ဆု၏ တပည့် လေးငါးယောက်မှအပ ကျန်လူအားလုံး သည် တန်ချူစိန်းအား လိုလားမှုအပြည့်အဝ ပြလိုက်ကြ၏။

ထုန်မင်ဆုက သက်ပြင်းတစ်ချက် မသိမသာ ချလိုက်သည်။ ထို့နောက် တန်ချူစိန်းဘက်လှည့်ကာ ...

"ကဲ ... တန်ချူစိန်း မင်းကို ဂိုဏ်းချုပ်တစ်ယောက်အနေနဲ့ အဖွဲ့သားအားလုံးက တညီတညွတ် ထောက်ခံနေကြပြီ၊ ဒီတော့ မင်းဟာ အခုအချိန်ကစပြီး ငါတို့ ခုံတုန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဖြစ်သွား ပြီဆိုတာ ကြေညာပါတယ်"



ထုန်ကျင်ဆု ကြေညာသံအဆုံးတွင် အဖွဲ့သားများ၏ ဝမ်းသာ အားရစွာ အော်ဟစ်အားပေးလိုက်သံများ မြေကွက်လပ်ထဲ၌ လွှံ့ထွက် သွားတော့၏။

တန်ချူစိန်းက မနေတတ် မထိုင်တတ် ဖြစ်သွားသည်။

သူသည် ထုန်ကျင်ဆုအား ကြည့်ကာ ...

"ကျွန်တော့်ကို အဖွဲ့သားအဖြစ် ပြန်လည်လက်ခံတာကိုပဲ ဝမ်းသာကျေးဇူးတင်လှပါပြီ၊ ဦးရီးတော်ပဲ ဂိုဏ်းချုပ်တာဝန်ကို ဆက် လက် ထမ်းဆောင်ပါ"

တန်ချူစိန်းက သူ့အား လွှဲအပ်သော ရာထူးကို ငြင်းဆိုလိုက်၏။

သို့သော် ထုန်ကျင်ဆုက ပြုံးပြုံးသာသာ လက်ကာပြရင်း ...

"အခုကိစ္စက အဖွဲ့သားအားလုံးရဲ့ တရားမျှတတဲ့ ဆုံးဖြတ်ချက် ဖြစ်တယ်၊ ဒီဆုံးဖြတ်ချက်ကို ငြင်းဆိုဖို့ မင်း စိတ်မကူးပါနဲ့"

ထုန်ကျင်ဆုနည်းတူပင် လီကျင်ဆုကလည်း ဝင်ရောက်ပြော ဆိုလိုက်၏။

"ဟုတ်တယ် တန်ချူစိန်း ... မင်းကို အများက လိုလားနေတာပဲ ငြင်းမနေပါနဲ့တော့"

လီကျင်ဆု၏ စကားကြောင့် တန်ချူစိန်း ငြိမ်သက်တွေဝေသွား ၏။

ထိုစဉ် မော်လီဟန်က အရေးကြီးသော စကားတစ်ခွန်းကို ပြောလိုက်သည်။

"တန်ချူစိန်း ရှင့်ဆရာအတွက် ရှင် ကလဲ့စားမချေတော့ဘူး လား"

ကလဲ့စားမချေတော့ဘူးလားဟူသော မော်လီဟန်၏ စကား ကြောင့် တန်ချူစိန်း အသိတ်တလန့်ဖြင့် ...

"ကလဲ့စား ချေရမယ် ဟုတ်လား။ ဘယ်သူ့အတွက် ကလဲ့စား ချေရမှာလဲ၊ ဦးနိုးတော် ယူရှီဆုအတွက်လား"

ဟု ပြန်မေးလိုက်၏။

မော်လီဟန်က ခေါင်းတစ်ချက် ခါယမ်းပြလိုက်ပြီး ...

"မဟုတ်ပါဘူး ... ရှင့်ရဲ့ဆရာ ထုန်မြောက်ကျင်တင်အတွက် ပြောနေတာပါ၊ ရှင့်ဆရာ ဘယ်လိုသေသွားရလဲဆိုတာ ရှင်သိရဲ့လား"

မော်လီဟန်၏ အမေးကြောင့် တန်ချူစိန်း ပို၍ အထိတ်တလန့် ဖြစ်သွားသည်။

တန်ချူစိန်း မကပါ။ စင်မြင့်ပေါ်ရှိ လူများရော စင်မြင့်အောက်ခြေရှိ လူများပါ အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

တန်ချူစိန်း မော်လီဟန်အား ထိတ်လန့် အံ့သြစွာကြည့်ကာ ...

"ကျွန်တော့် ဆရာ ဘယ်လိုသေသွားရတာလဲဆိုတာ ညီမ သိသလား"

ဟု မေးလိုက်မိ၏။

ထိုမေးခွန်း၏ အဖြေကို တန်ချူစိန်းတစ်ယောက်တည်းတင်မကဘဲ ညီလာခံသို့ ရောက်ရှိနေကြသော လူအားလုံးက စိတ်ဝင်စားစွာ နားစွင့်နေမိကြ၏။

မော်လီဟန်က တည်ငြိမ်စွာ ပြန်ဖြေလိုက်၏။

"ရှင့်ဆရာ သေရတာ လူတစ်ယောက်က အဆိပ်ခတ်လိုက်လို့ပဲ"

မော်လီဟန်၏ စကားကြောင့် တန်ချူစိန်းသာမက ကြားရသူများမှာ ကြက်သေ သေကာ ငိုင်တွေသွားကြရတော့၏။

အမှန်တော့ ထုန်မြောက်ကျင်တင်သည် သူ၏ အဖွဲ့ချုပ်ခေါင်းဆောင်ရာထူးကို ဂိုဏ်းတူညီဖြစ်သူအား လွှဲအပ်ပြီးနောက် နှစ်နှစ်



မျှပင် မကြာမြင့်သော အချိန်တွင် ကွယ်လွန်ခဲ့ရသည်။

ကွယ်လွန်ချိန်ကဆိုလျှင် သူ၏အသက်မှာ ခြောက်ဆယ်ပင် မပြည့်တတ်သေးပါချေ။

အဆင့်မြင့် သိုင်းပညာရှင်တစ်ဦးအဖို့ မည်သည့်ရောဂါမျှမရှိဘဲ ခြောက်ဆယ်မျှ မပြည့်တတ်သေးမီ ရုတ်တရက် ကွယ်လွန်ခဲ့ခြင်းသည် စဉ်းစားစရာ ပြဿနာတစ်ရပ်ပင် ဖြစ်၏။

ထို့ကြောင့်လည်း သူကွယ်လွန်ခဲ့စဉ်က သိုင်းလောကသားများ ဝမ်းနည်းခဲ့ရသည် မဟုတ်ပါလား။

ယခုတော့ မော်လီဟန်က ထုန်မြောက်ကျင်တင်မှာ သွေးရိုးသားရိုး ကွယ်လွန်ခဲ့ခြင်းမဟုတ်ဘဲ လုပ်ကြံသတ်ဖြတ်ခံခဲ့ရခြင်းသာ ဖြစ်ကြောင်း အတိအလင်း ထုတ်ဖော်ပြောဆိုနေချေပြီ။

ကြားရသူများမှာ ကိုယ့်နားကိုယ်ပင် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားကြရတော့၏။

လီကျင်ဆုက မျက်လုံးပြူး မျက်ဆံပြူးဖြင့် ...

"ဘာ ... မင်း ဘာပြောလိုက်တာလဲ"

အထိတ်တလန့် မေးလိုက်၏။

မော်လီဟန်ကတော့ တည်ကြည်စွာပင် ...

"ဟုတ်ပါတယ်၊ သူဟာ အဆိပ်ခတ်တာ ခံခဲ့ရတာပါ"

"ဒါ ... ဒါဆို မင်း ဘယ်လိုလုပ်ပြီး သိလဲဟင်"

မော်လီဟန်က ခေါင်းတစ်ချက်ညိတ်လျက် ...

"လွန်ခဲ့တဲ့ တစ်ဆယ့်ရှစ်နှစ်တုန်းက ကျွန်မဟာ ခုံတုန်သိုင်းအဖွဲ့ကို တစ်ခေါက်ရောက်ခဲ့ပါတယ်၊ ကျွန်မ ခုံတုန်သိုင်းအဖွဲ့ကို ရောက်ခဲ့တဲ့ အချိန်ကတော့ ထုန်မြောက်ကျင်တင် လုပ်ကြံခံရတဲ့ ညဝိုင်းမှာ ဖြစ်ပါတယ်"

မော်လီဟန်၏ စကားဆုံးသည်နှင့် လှောင်ပြောင် ရယ်မော
တစ်ချက် ထွက်ပေါ်လာသည်။

လှောင်ရှပြောင့်ရယ်မောလိုက်သူမှာ တခြားသူမဟုတ်ပါ။ ထုန်မ
ဆု ပင် ဖြစ်၏။

ထုန်မင်ဆုက သရော်လိုဟန် မျက်နှာထားဖြင့် မော်လီဟန်ကို
တစ်ချက်ကြည့်ကာ ...

"ဒီမှာ မိန်းကလေး ... ကျုပ်တို့ အဖွဲ့သားတွေဟာ ချင်ရှီကွ
ကျောင်းတိုက်ထဲကို မိန်းကလေးတစ်ယောက် နိုးဝင်လာတာ မသိ
ဆိုတာကတော့ ယုံတမ်းစကားလို ဖြစ်နေပါတယ်"

ထုန်မင်ဆုက ပိုင်နိုင်စွာ ပြောဆိုလိုက်၏။

မော်လီဟန်က အေးဆေးစွာပင် ...

"ကျွန်မဟာ တန်ချူစိန်းနဲ့ ခွဲခွာခဲ့တဲ့ နောက်ပိုင်းမှာ သူ့ဦးဘ
လောလုံနဲ့ ဆုံခဲ့ပါတယ်၊ လောလုံက ကျွန်မကို ရုပ်ပြောင်းရုပ်
ပညာနဲ့ အသံပြောင်းပြောတဲ့ အတတ်ပညာတွေ သင်ပေးခဲ့ပါတယ်
ဒါကြောင့် ကျောင်းစောင့် တစ်ယောက် ဟန်ဆောင်ပြီး ကျောင်းဆေ
ထဲကို ဝင်ခဲ့တာပါပဲ"

မော်လီဟန်က အေးဆေးစွာ ရှင်းပြလိုက်သည်။

နားထောင်နေကြသူများအနေဖြင့် စောစောကပင် မော်လီဟန်
စွမ်းရည်ကို တွေ့မြင်ခဲ့ကြပြီး ဖြစ်သည်။

သူမသည် ခုံတုန်ဂိုဏ်းသားများ အတွင်းမှနေပြီး အသံဖျ
ပြောခဲ့သည်ကို မည်သူမျှ သူမမှန်းမသိဘဲ ဖြစ်ခဲ့ရသည်။

မျက်နှာပေါ်ရှိ ရုပ်ဖျက်ထားသော ဆေးများကို မဖယ်ရှ
မချင်း မည်သူမျှ မမှတ်မိနိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်။



သို့ဖြင့် သူမ ချင်ရှီကွမ် ကျောင်းတိုက်ထဲသို့ ဝင်ရောက်လာနိုင်
ခဲ့ခြင်းကို မည်သူမျှ သံသယမဖြစ်ဝံ့ကြတော့ပါ။ ထုန်မင်ဆုကိုယ်တိုင်
ပင် အသံတိတ်သွားတော့သည်။

ထုန်မင်ဆုကိုယ်တိုင် အသံတိတ်သွားသောအခါ မော်လီဟန်က
စကားဆက်လိုက်ပြန်၏။

"ဒါပေမယ့် ကျွန်မ ဝင်ရောက်လာခဲ့ခြင်းကို တွေ့တဲ့ လူနှစ်
ယောက်တော့ ရှိပါတယ်၊ တစ်ယောက်ကတော့ အဆိပ်ခတ်တဲ့ လူပါ၊
ကျန်တစ်ယောက်ကတော့ အဆိပ်ခတ်တာကို တားမြစ်ဖို့ ကြံစည်တာ
မအောင်မြင်တဲ့လူပါ"

မော်လီဟန် ခေတ္တစကားဖြတ်လိုက်စဉ် လီကျင်ဆုက ဝင်မေး
လိုက်ပြန်၏။

"အဆိပ်တားမြစ်ဖို့ ကြိုးစားတဲ့လူဟာ ခုံတုန်အဖွဲ့သားထဲက
လူပဲ ဖြစ်ရမယ် ဟုတ်သလား"

လီကျင်ဆု၏ အမေးကို ချက်ချင်းအဖြေမပေးဘဲ မော်လီဟန်
က ခေါင်းကိုမော့၍ ခေတ္တမျှ စဉ်းစားလိုက်သည်။

သူမ၏ ပုံသဏ္ဌာန်ကို ကြည့်ရသည်မှာ ပြောသင့် မပြောသင့်
ချိန်ဆနေဟန် လက္ခဏာရှိနေလေသည်။

အတန်ကြာမှ သက်ပြင်းတစ်ချက် အသာချကာ ...

"အင်း ... အဆိပ်ခတ်တာကို တားမြစ်ဖို့ ကြိုးစားတဲ့လူဟာ
ခုံတုန်အဖွဲ့သားထဲက လူပါပဲ၊ ဒါပေမယ့် ဘယ်သူဆိုတာတော့ လော
လောဆယ် ကျွန်မ ထုတ်မပြောပါရစေနဲ့၊ သူ့အသိစိတ်ဓာတ်နဲ့သူ
ထုတ်ပြောလာပါစေလို့သာ ကျွန်မ မျှော်လင့်ပါတယ်"

မော်လီဟန်က သူ့စကားကို ဖြည်းညင်းစွာ ချိန်ဆပြောဆိုလိုက်
၏။

ပရိသတ်မှာ ထွက်ပေါ်လာမည့်သူကို မျှော်လင့်ခြင်း ကြီးစွာ စောင့်ကြည့် အကဲခတ်နေကြ၏။

သို့သော် ...

အတန်ကြာသည့်တိုင်အောင်ပင် မည်သူမျှ ထွက်ပြောခြင်း မရှိ။

တန်ချစ်နိက သူ့ဆရာ အသတ်ခံရသည့်အတွက် အံ့သြထိတ် လန့်ခြင်းနှင့် နာကြည်းကြေကွဲခြင်းများ ရောပြွမ်းဖြစ်ပေါ်နေသဖြင့် ...

"ဒီမှာ မော်လီဟာန်၊ ဆရာ့ကို အဆိပ်ခတ်သတ်တာ ဘယ်သူလဲ"

တန်ချူစိန်းက သိချစ်စိတ် ပြင်းပြလှစွာဖြင့် အမောတကော မေးလိုက်၏။

မော်လီဟာန်က အဝေးတစ်နေရာသို့ ညွှန်ပြရင်း ...

သူမနှုတ်မှလည်း ...

"ရှင့်ဆရာကို အဆိပ်ခတ်တဲ့ သူဟာ ခုဆိုရင် ဟောဒီ ညီလာခံထဲကို လာနေပါပြီရှင်"

မော်လီဟာန်၏ အပြောကြောင့် လူအပေါင်းတို့၏ မျက်လုံး အကြည့်များတို့သည် သူမညွှန်ပြရာသို့ စုပြုံကျရောက်သွားကြတော့၏။

ထိုအခါ လူအများမြင်ကွင်းထဲသို့ သိုင်းသမားတစ်စု ဝင်ရောက်လာတော့၏။

ထိုလူတစ်စုအနက် နှစ်ယောက်မှာ တင်ကျောင်မင်နှင့် ချောင်အီဝူတို့ ဖြစ်သည်။

ကျန်တစ်ယောက်မှာ အဝတ်အစားများ စုတ်ပြဲညစ်ပတ်နေသော အမျိုးသမီးတစ်ယောက် ဖြစ်သည်။ ကျန်လူများမှာ အဖော်လိုက်ပါ သွားသော သိုင်းသမား ငါးယောက် ဖြစ်ကြသည်။



ထိုအမျိုးသမီးမှာ အသက် (၅၀) ခန့်ရှိပြီး ဆံပင်များ ဖြူဖွေး ... ရှုပ်ပွနေသည်။

တင်ကျောင်မင်နှင့် ချောင်အီဝူတို့နှစ်ယောက်သည် ထိုအမျိုးသမီး ... အား တစ်ဖက်စီညှပ်ကာ ညီလာခံသို့ ဖမ်းဆီးခေါ်ဆောင်လာကြခြင်း ဖြစ်သည်။

ထိုအမျိုးသမီးကို မြင်သည်နှင့် ကျင်းဖဲကြည်သည် သူမ၏ ... ခင် ကျင်းစိလူအား ...

"သမီးကို အဆိပ်ခတ်ဖမ်းပြီး နှိပ်စက်တာ အဲဒီ မိန်းမကြီးပဲ ဖေဖေ"

ထိုမိန်းမကြီးမှာ အဆိပ်ဒေဝီရှင်ချစ်ပင် ဖြစ်လေသည်။

အမှန်တော့လည်း တင်ကျောင်မင်နှင့် ချောင်အီဝူတို့သည် မော်လီဟာန်၏ ပြောပြချက်အရ ချောက်ကမ်းပါး အောက်သို့ သွားရောက် ရှာဖွေကြရင်းမှ ဒဏ်ရာနှင့် လဲနေသည်ကို တွေ့ပြီး ခေါ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

မော်လီဟာန်သည် အဆိပ်ဒေဝီအား စက်ဆုပ်စွာ ကြည့်လိုက်သည်။

ထို့နောက် ညီလာခံရှိ လူအားလုံး ကြားနိုင်လောက်အောင် အော်ပြောလိုက်သည်၊

" ပရိသတ်များရှင့် ... ထုန်မြောက်ကျင်တင်ကို အဆိပ်ခတ်သတ်လိုက်တဲ့ သူကတော့ အဲဒီ မိန်းမယုတ်ကြီးပဲ ဖြစ်ပါတယ်၊ ထုန်မြောက်ကျင်တင်ကို သုတ်သင်ဖို့ သူ့ကို ခေါ်ဆောင်ခဲ့သူဟာ အခုလည်း ခုံတုန်ဂိုဏ်းကို ဖြိုခွဲဖို့ အကြံအစည်နဲ့ သူမကို ထပ်မံခေါ်ဆောင်ထားတာ ဖြစ်ပါတယ်"

"ဒါဆို ဒီမိန်းမယုတ်ကြီးကို ခေါ်ထားတဲ့သူဟာ ဘယ်သူလဲလို့"

တန်ချူစိန်းက မေးလိုက်သည်။

"အဲဒီလူဟာ ရှင်တို့ ကျွန်မတို့ရဲ့ မျက်စိအောက်မှာ ရှိပါတယ်"

မော်လီဟန်က တစ်လုံးချင်း ပြောဆိုလိုက်သည်။

သူမ၏ စကားအဆုံးတွင် ထုန်မင်ဆု၏ ချောက်ချားဖွယ်ရာ ရယ်မောသံကြီး ထွက်ပေါ်လာသည်။

"ဟား ... ဟား ... ဟား ... ဟား"

ကြောက်စရာကောင်းအောင် ရယ်မောရင်းမှ သူသည်ယုတ်မာသော အပြုအမူတစ်ခုကို ရုတ်တရက် ပြုမူလိုက်ချေပြီ။

ထုန်ကျင်ဆုတစ်ယောက်မှာမူ သူ၏နောက်ကျောမှ ဖမ်းချုပ်ထားကြောင့် ကြက်သေသေကာ မလှုပ်မယှက် ဖြစ်သွားလေတော့သည်။

ဂိုဏ်းချုပ်ကြီး ထုန်ကျင်ဆု တစ်ယောက် အဖမ်းခံ ဓားစာ ဖြစ်နေရလေပြီတည်း။

◆ ◆ ◆

အခန်း(၆)

# အမှန်တရား၏အောင်ပွဲ

တန်ချူစိန်းသည် ဓားကို ရှမ်းခနဲ ဆွဲထုတ်လိုက်သည်။

"ဟေ့ ... ထုန်မင်ဆု ... ဂိုဏ်းချုပ်ကြီးကို အခုလွှတ်လိုက်စမ်း"

တန်ချူစိန်းက ထုန်မင်ဆုအား ဟစ်အော်ပြောလိုက်၏။

ထုန်မင်ဆုက ခပ်မဲ့မဲ့ပြုံးလိုက်ရင်း ...

"ဟား ... ဟား ... ဟေ့ ... တန်ချူစိန်း။ မင်း ရှေ့တိုးမလာနဲ့နော်၊ တိုးလာတာနဲ့ ထုန်ကျင်ဆုကို ငါ သတ်ပစ်လိုက်မှာ သိလား"

တန်ချူစိန်းမှာ ထုန်ကျင်ဆု အသက်အန္တရာယ်ကို စိုးရိမ်ကာ ရှေ့သို့ တစ်လှမ်းမှ မတိုးဝံ့ပါ။ သူတိုးလိုက်သည်နှင့် ထုန်မင်ဆုသည် ထုန်ကျင်ဆုအား သတ်ပစ်တော့မည်မှာ သေချာလှသည်။

ထုန်မင်ဆုကလည်း ပိုင်လွန်းသည်။ သူသည် ထုန်ကျင်ဆု နောက်ကျောရှိ သွေးကြောကို ပိတ်ထားရင်း သူ့နောက်ကျောကိုမူ တိုင်တစ်လုံးဖြင့် ကွယ်ထား၏။

သူ့ကိုယ်သူ အပိုင်ကာကွယ်ထားရင်းမှ ကျင်းစိလူတို့ဘက်သို့ လှည့်အော်လိုက်ပြန်သည်၊

"လီကျင်ဆုနဲ့ ကျင်းစိလူတို့လည်း လုံးဝမလှုပ်ပါနဲ့၊ ခြေတစ်လှမ်း လက်တစ်ချက်လှုပ်တာနဲ့ ထုန်ကျင်ဆု သေပြီးသားပဲ"

ထုန်မင်ဆုသည် ထုန်းကျင်ဆု၏ နောက်ကျောရှိ သွေးကြော
ကို ထောက်ထားသည်။ အတွင်းအားသွင်းကာ အားစိုက်ဖိချလိုက်
ဖြင့် ထုန်ကျင်ဆုမှာ အသက်ပျောက်သွားနိုင်သည်။

လီကျင်ဆုမှာ ဒေါသဖြင့် မျက်လုံးများ နီရဲလာကာ မျက်ခုံး
များပင် ထောင်ထလာတော့၏။

"ဟင် ... မင်းလိုယုတ်မာတဲ့ လူမျိုး ငါ့တစ်သက်နဲ့တစ်ကိုယ်
မမြင်ဖူးသေးဘူး။ မင်းလိုကောင်မျိုးရှိတာ သိုင်းလောကအတွက် ရှ
စရာပဲ"

လီကျင်ဆုက ဒေါသတကြီးဖြင့် ပြောလိုက်၏။

လီကျင်ဆုတွင်မကပါ ထုန်ကျင်ဆုမှာလည်း ခံပြင်းမှု၊ နာကြည်း
မှု၊ ဒေါသဖြစ်မှုတို့ ရောထွေးကာ တစ်ကိုယ်လုံးပင် တုန်တုန်ယင်ယင်
ဖြစ်နေသည်။

"ကျုပ်အသက်ကို ငဲ့မနေကြပါနဲ့၊ လူယုတ်မာကိုသာ သတ်ကြ
ပါ၊ ကျုပ် သေချင် သေပါစေ"

ထုန်ကျင်ဆုက အော်ပြောလိုက်သည်။

သို့သော် ကျင်းစီလူ၊ လီကျင်ဆု၊ တန်ချူစိန်း၊ တန်ချူ
မင်ဝါလေး၊ လောလုံ စသော အထက်လမ်းသိုင်းသမားများမှာ ထုန်ကျင်
ဆုအား ထုန်မင်ဆုလို လူမျိုးနှင့် အတူတွဲသေရမည်ကို မလိုလားပါ

ထုန်ကျင်ဆုက စိတ်ပျက်လက်ပျက် သက်ပြင်းတစ်ချက်ချလိုက်
မိသည်။

"အင်း ... ထုန်မင်ဆု ဘယ်လိုယုတ်မာခဲ့သလဲဆိုတာ ကျ
စောစောက မပြောမိဘူး"

ထုန်ကျင်ဆု၏ စကားကြောင့် ထုန်မင်ဆုက မဲ့ပြုံးပြုံးဖြင့် ...



"ခင်ဗျား အခုပြောပြလိုက်ပေါ့။ ဟား ... ဟား"

ထုန်မင်ဆုက လှောင်ပြောင်ရယ်မောပြောဆိုလိုက်၏။

ထုန်ကျင်ဆုသည် ဒီဝေသော မျက်လုံးများဖြင့် အဝေးသို့ ငေး
ကြည့်လိုက်ရင်း ...

"မှန်တာပြောရရင် တန်ချူစိန်း မတရားစွပ်စွဲခံနေရတာကို ကျုပ်
အစောကြီးကတည်းက သိပါတယ်ဗျာ၊ ထုန်ရှန်ဆုက သူ့သားရဲ့
အလောင်းကို ပြန်ယူခဲ့စဉ်က ထုန်မင်ဆုနဲ့ ကျုပ်ဟာ အလောင်းကို
ဦးဆုံး စစ်ဆေးခဲ့ရတဲ့ သူတွေဖြစ်ပါတယ်၊ ဟိုလို သေဆုံးခဲ့ရတာ
ကျောကဒဏ်ရာကြောင့်ပါ၊ ဒါဟာ မော်လီဟန် ပြောတာနဲ့ ကိုက်ညီ
နေပါတယ်၊ ဒါပေမယ့် ဒုတိယနေ့မှာ လူသိရှင်ကြား တရားဝင် စစ်
ဆေးတဲ့အခါကျတော့ ဟိုလိုရဲ့ကိုယ်ပေါ်မှာ ဓားဒဏ်ရာ ခုနစ်ချက်
ဖြစ်နေတယ်၊ တခြားလူအနေနဲ့ မြင်လိုက်တာနဲ့ ဒီဓားဟာ ခုံတုန်
သိုင်းအဖွဲ့က ဓားချက်ဖြစ်ကြောင်း သိသာနိုင်ပါတယ်"

ဤသို့ဖြစ်အောင် ဘာကြောင့် ဖန်တီးခဲ့သလဲ ဆိုတာကိုပင်
ထုန်ကျင်ဆုက ထည့်မပြောတော့ပါ။

အမှန်တော့ ထည့်ပြောစရာပင် မလိုတော့အောင် အဖြေမှာ
ရှင်းလင်းနေသည် မဟုတ်ပါလား။

ထိုစဉ် ထုန်မင်ဆုက လှောင်ပြောင် ရယ်မောလိုက်သည်။

"ဟား ... ဟား ... မှန်တယ်၊ ဒီလိုဖြစ်အောင် ဖန်တီးတာလည်း
ကျုပ်ပဲ၊ ခုံတုန်အဖွဲ့မှာ ခုနစ်စင်ကြယ်ဓားလွတ် ကျွမ်းကျင်တာ ကျုပ်နဲ့
တန်ချူစိန်း နှစ်ယောက်ပဲ ရှိတယ်၊ ကျုပ်လက်ချက်လို့ ဘယ်သူမှ
သံသယမဖြစ်အောင် အခြေအနေကို အခွင့်ကောင်းယူခဲ့တာပဲ၊ ဒီမှာ
ထုန်ကျန်ဆု ကျုပ်လုပ်ခဲ့တာကို ခင်ဗျားသိတယ်ဆိုတာ ကျုပ်လည်း

အကဲခတ်မိပါတယ်ဗျ။ နှစ်ပေါင်း ဒီလောက်ကြာကြာ ဒီကိစ္စကို ဖုံးအုပ်ပေးထားတဲ့အတွက် ခင်ဗျားကို ကျုပ် အများကြီး ကျေးဇူးတင်ပါတယ်"

ထုန်မင်ဆုက ထုန်ကျင်ဆုအား လှောင်ပြောင်၍ ပြောဆိုလိုက်သည်။

ထုန်ကျင်ဆုက ဒေါသတကြီးဖြင့် ...

"အေး ... မင်း ယုတ်မာတာ ဖွင့်မပြောခဲ့မိတာ ငါ့အမှားပဲပေါ့၊ ဒီအမှားကို ငါသိတော့ နောက်ကျနေပြီ၊ ငါ ဒီလို မှားယွင်းခဲ့ရတာလည်း မင်းတို့ မတရား ငြိမ်းခြောက်မြူဆွယ်လို့ပဲကွ ... သိလား"

ထုန်မင်ဆုက ငြိမ်းခြောက်ခဲ့သည်ဆိုသော စကားကို ပရိသတ်ကလည်း နားလည်ပါသည်။

အမှန်စင်စစ် ထုန်ရှန်ဆုနှင့် ထုန်မင်ဆုတို့လူစုသည် ခုံတုန်ဂိုဏ်းထဲတွင် ထုန်ကျင်ဆုထက် ပို၍ အင်အားကောင်းကြသည် မဟုတ်ပါလား၊

မြူဆွယ်သည်ဟု ပြောခြင်းမှာ အဖွဲ့ချုပ် ခေါင်းဆောင်တင်ထားခြင်းကို ဆိုလိုသည်။

ထုန်ကျင်ဆုသည် သူ့အား ထုန်မင်ဆုတို့ လူစုက လုပ်ကြံမှုကိုလည်း ကြောက်သည်ကတစ်ကြောင်း၊ ဂိုဏ်းချုပ်ရာထူး ပေးအပ်သည်က တစ်ကြောင်း၊ သူတို့နှင့် အတူ မသက်မသာ လက်တွဲခဲ့ရခြင်းဖြစ်သည်။

ယခုအချိန်တွင်မူ သူသည် အမှန်တရားအတွက် အရာရာကို ရင်ဆိုင်ဝံ့သူ ဖြစ်လာချေပြီ။

သူသည် သူ၏ အသက်ကိုပင် ပဓာနမထားတော့ဘဲ ...

"ကျုပ်ဟာ ဂိုဏ်းချုပ်ဆိုပေမယ့် တကယ်တန်းကျတော့ သူတို့ရဲ့



ရုပ်သေးရုပ်ပါပဲဗျာ၊ ဒါပေမယ့် ထုန်မင်ဆုတို့လူစု ထုန်မြောက်ကျင်တင်ကို လုပ်ကြံခဲ့ကြတာကိုတော့ ကျုပ် တကယ်မသိပါဘူး"

ထုန်ကျင်ဆု၏ စကားကို ပရိသတ်က စိတ်ဝင်စားစွာ နားထောင်နေကြသည်။

ထုန်ကျင်ဆုက စကားဆက်လိုက်ပြန်သည်။

"ကျုပ် ... ကျုပ်ဟာ တစ်ဆယ့်ရှစ်နှစ်လုံးလုံး ဒီလူယုတ်မာတွေရဲ့ လက်အောက်မှာ သူတို့ကြိုးဆွဲရာကို လုပ်ဆောင်ခဲ့ရပါတယ်၊ အမှန်တော့ ကျုပ် သေသင့်တာ ကြာပါပြီ၊ ဒါပေမယ့် လူယုတ်မာ သစ္စာဖောက်ရဲ့ လက်ချက်နဲ့တော့ ကျုပ် မသေချင်ဘူး"

ထုန်ကျင်ဆုက ထုန်မင်ဆုအား မျက်စောင်းတစ်ချက် ထိုးရင်း ပြောလိုက်သည်။

ထုန်မင်ဆုက မထီတရီ ရယ်မောလိုက်သည်။

"အဟင်း ... ဟင်း ... ဂိုဏ်းချုပ်ကြီးက သေချင်နေပြီပေါ့ ... ဟုတ်လား၊ ဟား ... ဟား ... နောက်ကျမနေဘူးလားဗျ၊ ဒါပေမယ့် ဗျာ ကျုပ်ဆန္ဒကိုပြောရရင်တော့ ခင်ဗျားကို မသေစေချင်သေးပါဘူး"

ထုန်မင်ဆုက ပြောပြောဆိုဆိုဖြင့် ထုန်ကျင်ဆု သူ့ကိုယ်သူ သတ် မသေနိုင်စေရန် သွေးကြောပိတ်ထားလိုက်လေသည်။

ထိုစဉ် ... ...

တန်ချူစိန်းက ထုန်ကျင်ဆုအား လှမ်း၍ ပြောလိုက်သည်။

"ဦးရီးတော် ထုန်ကျင်ဆု၊ ဦးရီးတော်ရဲ့ လုပ်ဆောင်ချက်တွေဟာ အတော်များများ မှားခဲ့ပေမယ့် တစ်ဆယ့်ရှစ်နှစ်လုံး ကျွန်တော်တို့ အဖွဲ့ကြီးကို နယ်ချဲ့လက်အောက် မရောက်အောင် ဦးရီးတော် အတတ်နိုင်ဆုံး ထိန်းသိမ်းနိုင်ခဲ့ပါတယ်၊ ဒီတစ်ချက်တည်းနဲ့ပဲ ဦးရီးတော်

ရဲ့ အပြစ်တွေ ကျေပျက်နိုင်ပါတယ်၊ ကျွန်တော့်အနေနဲ့ ဦးဒီးတော်ကို အကြီးအကဲတစ်ယောက်အနေနဲ့ အခုချိန်ထိ ရိုသေလေးစားလျက်ပါပဲ"

ထို့နောက် ...

တန်ချူစိန်းသည် ထန်မင်ဆုအား စူးစိုက်စွာကြည့်ကာ ...

"ဒီမှာ ထုန်မင်ဆု ... ခင်ဗျား ကျူးလွန်ခဲ့တဲ့ အပြစ်တွေ မနည်းတော့ဘူး။ ဒါပေမယ့် ခင်ဗျားကို နောက်ဆုံးအနေနဲ့ အခွင့်အရေးပေးလိုက်မယ်၊ ဦးဒီးတော် ထုန်ကျင်ဆုကို ခင်ဗျား ခုချက်ချင်း လွှတ်လိုက်ပါ၊ ဒါဆို ကျုပ် ခင်ဗျားရဲ့ အသက်ကို ချမ်းသာပေးမယ်၊ ဒါပေမယ့် ခင်ဗျားကို အဖွဲ့က ထုတ်ပယ်လိုက်တယ်"

ကျင်းစီလူကလည်း ခေါင်းတစ်ချက်ညိတ်ကာ ...

"အမှန်တော့ ဒီအပြစ်ဒဏ်ဟာ ပြောပလောက်တဲ့ အပြစ်ဒဏ်မဟုတ်ပါဘူး။ တန်ချူစိန်းက အများကြီး သက်ညှာလိုက်တာပဲ ကဲ ... ထုန်မင်ဆု ထုန်ကျင်ဆုကို လွှတ်လိုက်ပါ"

သို့သော် ...

ထုန်မင်ဆုကမူ ခပ်လျောင်လျောင် ရယ်မောလိုက်သည်။

"ဟား ... ဟား ... ထုန်ကျင်ဆုကို လွှတ်ရမယ်၊ ကျုပ်ကိုယ်တိုင်လည်း အဖွဲ့က ထုတ်ပစ်တဲ့ဒဏ်ကို ခံယူရမယ် ... ဟုတ်လား။ ဟား ... ဟား"

ထုန်မင်ဆု၏ ရယ်မောသံသည် အော့နှလုံးနာစရာ ကောင်းလောက်အောင် ညီလာခံဝန်းကျင်တစ်ဝိုက်ကို ဖုံးလွှမ်းသွားသည်။

လီကျင်ဆုက ခေါင်းယမ်းလိုက်သည်။

သူ့မျက်နှာမှာလည်း ဒေါသဖြင့် နီရဲခက်ထန်နေသည်။



"ကဲ ... ဒါဆို မင်းက ဘယ်လိုလုပ်ချင်လဲ"

လီကျင်ဆုက ဒေါသသံဖြင့် ခပ်ပြတ်ပြတ် မေးလိုက်သည်။

"ထုန်မင်ဆု ဘယ်လိုလုပ်ချင်သလဲဆိုတာ ကျုပ် သူ့ကိုယ်စား ဖြေပေးပါ့မယ်"

ပြတ်သားမာကျောသော အသံ။

ထိုအသံလာရာသို့ လူအားလုံးက လှည့်ကြည့်မိလိုက်ကြ၏။

ခပ်လှမ်းလှမ်းရှိ တောင်ကုန်းပေါ်တွင် ရပ်နေသူတစ်ဦး။

ထိုသူ၏ မျက်နှာမှာ မာကျောကျောနှင့် ရုပ်ဆိုးလှသည်။

ထိုလူ၏ ပုံသဏ္ဌာန်ကလည်း သူ၏ ကောက်ကျစ်စဉ်းလဲမှုကို အပြည့်အဝ ထုတ်ဖော်ပြောပြနေသယောင်ပင်။

အရောင်ရင့်ရင့် အဝတ်အစားများ၊ မာကျောသော မျက်နှာထား၊ ခက်ထန်သော စကားသံနှင့် တောင်ကုန်းထက်မှာ ရပ်တန့်နေသူက မည်သူဖြစ်လေသနည်း။

တောင်ကုန်းထက်မှာ ရပ်တန့်နေသူက တခြားလူမဟုတ်ပါ။

ထုန်မင်ဆုအား ကြိုးကိုင်ချယ်လှယ်နေသူ ဟိုက်လန်တင်ပင် ဖြစ်ပါသည်။

လူဆိုး လူယုတ်မာပေါင်း မြောက်မြားစွာကို မွေးထုတ်ပေးခဲ့ပြီး ခုံတုန်အဖွဲ့နှင့်အတူ သိုင်းလောကသားများကို အမျိုးမျိုး နှောင့်ယှက်ဖျက်ဆီးနေသော လူဆိုးအဖွဲ့ခေါင်းဆောင်ကြီး ဟိုက်လန်တင်။

သူကိုယ်တိုင်ပင် ပရိသတ်လူပုံအလယ်သို့ ပေါ်ပေါ်ထင်ထင် ထွက်လာလိမ့်မည်ဟု မည်သူမျှ မျှော်လင့်ခဲ့ကြလိမ့်မည် မဟုတ်ကြချေ။

ယခုတော့ ...

လူအများ မမျှော်လင့် မထင်မှတ်သော အဖြစ်အပျက်သည် ဖြစ်ပေါ်လာသဖြင့် ညီလာခံတစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။

"ဟေ့ … လူယုတ်မာကို ဖမ်းကြ"

"ယူရှိဆုကို သတ်သွားတာ ဒီကောင်ပဲ၊ ဒီကောင့်ကို သုတ်သင်ကြ"

ခံတုန်ဂိုဏ်းသားများနှင့် အခြားသိုင်းသမားများသည် ဟိုက်လန်တင်အား ဖမ်းဆီးရန် ပြေးလွှားသွားကြသည်။

သူ့အား ဖမ်းဆီးရန် ပြေးထွက်လာကြသူများကို ကြည့်ကာ ဟိုက်လန်တင် တဟားဟား ရယ်မောလိုက်သည်။

"ဟား … ဟား … ကျုပ်ကိုတိုက်ခိုက်ကြမလို့ပေါ့ ဟုတ်လား။ ဟား … ဟား … ခင်များတို့ နည်းနည်းပါးပါး စဉ်းစားကြဦးမှပေါ့ဗျာ၊ ခင်များတို့အပေါ် နိုင်ကွက်မရှိဘဲ ကျုပ် တောင်ကုန်းပေါ်မှာ ခုလို တစ်ယောက်တည်း လာရပ်နေပါ့မလားဗျာ၊ ဟား … ဟား"

ဟိုက်လန်တင်က တောင်ကုန်းထက်၌ ဟန်မပျက်ရပ်ကာ ရယ်မောပြောဆိုလိုက်သည်။

သူ့စကားဆုံးသည်နှင့် သူ့ဘက်တော်သားများသည် ညီလာခံအတွင်း ခံတုန်ဂိုဏ်းသားများနှင့် ရောထွေးနေရာမှ သူ့အား အကာအကွယ်ပေးကြရန် တုတ်၊ ဓား၊ လက်နက်များဖြင့် ပြေးထွက်လာကြတော့သည်။

ယခုတော့ …

ခံတုန်ညီလာခံနှင့် ဟိုက်လန်တင်ရှိရာ တောင်ကုန်းအကြားတွင် တုတ်၊ ဓား လက်နက်ကိုယ်စီ ကိုင်ထားကြသော နှစ်စုသည် အသေအလဲ တိုက်ခိုက်ရန် တာရှူနေကြချေပြီ။



တစ်ဖက်နှင့်တစ်ဖက် တင်းမာကော်ထန်စွာ ရင်ဆိုင်နေကြသော ထိုအချိန်တွင် ဟိုက်လန်တင်က အောင်မြင်စွာ ရယ်မောလိုက်သည်။

"ဟား … ဟား … ဒီမှာ ဟေ့လူတွေ ကျုပ်စကားကို ဆုံးအောင် နားထောင်ပါဦး"

ဟိုက်လန်တင် မည်သည့်သဘောနှင့် ထိုသို့ တားဆီးလိုက်သလဲဆိုသည်ကိုတော့ လီကျင်ဆု မသိပါ။

သို့သော် …

လီကျင်ဆုသည် သွေးချောင်းစီးစေမည့် တိုက်ပွဲ မဖြစ်စေလိုသဖြင့် ဟိုက်လန်တင်၏ စကားကို နားထောင်လိုက်သည်။

"အားလုံး ခဏနေကြဦး၊ သူဘာပြောချင်သလဲဆိုတာကို အရင်ဆုံး နားထောင်ရအောင်၊ ကဲ … ဟိုက်လန်တင် ပြောစရာရှိတာ အမြန်ပြောပါ"

ဟိုက်လန်တင်က တောင်ကုန်းပေါ်မှာ မာန်ပါပါ ခါးထောက်ကာ …

"မှန်တာပြောရရင် ခင်များတို့အားလုံး တစ်ချက်တည်းနဲ့ သေအောင် ကျုပ်လုပ်လို့ရတယ်၊ ဒါ ခြိမ်းခြောက်နေတာ မဟုတ်ဘူး။ မြေကွက်လပ်အောက်မှာ ယမ်းဘီးလူးတွေ မြှုပ်ထားတယ်၊ ဒီကနေ ကျုပ်က စံနက်တံ မီးရှို့လိုက်တာနဲ့ အကုန်လုံး သေကုန်မယ်"

ဟိုက်လန်တင်က တမင်သက်သက် ခြိမ်းခြောက်၍ ပြောဆိုလိုက်ခြင်း မဟုတ်ပါချေ။

လူအားလုံးမှာ သူ့စကားကြောင့် ငိုင်တွေသွားလေတော့သည်။

ထုန်ကျင်ဆုသည် ထုန်မင်ဆုအား မကျေမနပ်ဖြင့် ဆဲရေးပြောဆိုလိုက်တော့၏။

"ဟင် ... ထုန်မင်ဆု၊ ဒါ မင်းနဲ့ ဟိုက်လန်တင် ပူးပေါင်းပြီး ကြံစည်တာဟုတ်လားကွဟင် ..."

ထုန်ကျင်ဆုသည် မကျေမနပ်ဖြင့် ဆဲရေးတိုင်းထွာပြီး ပြောဆိုလိုက်သည်။

အမုန်စင်စစ် ...

ထုန်မင်ဆုနှင့် သူ၏လူများသည် လွန်ခဲ့သော ရက်သတ္တပတ် ခန့်ကပင် ချင်ရှိကွမ်ကျောင်းတိုက်အတွင်း၌ ပေါက်တူး ဂေါ်ပြားများဖြင့် မြေကြီးများကို တူးဆွခြင်း၊ အထုပ်ကြီး အထုပ်ငယ်များကို မြေ၌ မြှုပ်နှံခြင်းများ ပြုလုပ်ခဲ့ကြသည်။

ထိုအချက်ကို ထုန်ကျင်ဆုက သိရှိခဲ့သော်လည်း ယခုလို ယမ်းဘီလူးများ မြှုပ်နှံမည်ဟု မထင်မှတ်ခဲ့ချေ။

ယခုမှပင် ထုန်ကျင်ဆုသည် သဘောပေါက်ကာ ထုန်မင်ဆုအား မကျေမနပ် ပြောဆိုလိုက်ခြင်း ဖြစ်သည်။

ထုန်ကျင်ဆု ပြောဆိုလိုက်သည့် စကားမှာ ဟိုက်လန်တင်က တမင်ခြိမ်းခြောက် ပြောဆိုနေခြင်းမဟုတ်ကြောင်း သက်သေထူပေးလိုက်သလို ဖြစ်သွားသည်။

လူအပေါင်းတို့မှာ ထိတ်လန့်ဒေါသများလည်း ထွက်နေမိကြသည်။

တစ်ချိန်တည်းမှာလည်း မည်သို့ဆက်၍ လုပ်ရကောင်းမှန်းမသိပဲ ဖြစ်ကုန်ကြတော့သည်။

ထိုစဉ် ...

ထုန်မင်ဆုက သဘောကျစွာ ဟားတိုက်ရယ်မောလိုက်ပြန်သည်။

"ဟား ... ဟား ... ဒါဟာ ကျုပ်နဲ့ ဟိုက်လန်တင်ရဲ့ အစီအစဉ်ပဲ



အင်း ... နောက်ဆုံး မတတ်သာတဲ့အခါမှာ ဒါတွေကို အသုံးချဖို့ ကျုပ်တို့စီစဉ်ခဲ့တာပဲ"

"အင်း ... ယမ်းဘီလူးပေါက်ကွဲသွားရင် မင်းလည်းသေမှာပဲ၊ ဒါကိုရော မင်း စဉ်းစားမိသလား"

လီကျင်ဆုက ဝင်ရောက်ပြောဆိုလိုက်သည်။

ထုန်မင်ဆုက ခေါင်းတစ်ချက်ညိတ်ကာ ...

"စဉ်းစားမိပါတယ်၊ ဒါပေမယ့် သေမယ့်သေသေ ခင်ဗျားတို့လို လူစားမျိုးတွေနဲ့ အတူတူလိုက်သေရတာဟာ ကျုပ်အတွက် ပိုပြီး ဂုဏ်ယူစရာ ကောင်းတာပေါ့ဗျာ၊ မဟုတ်ဘူးလား"

ပြောသာပြောရသည်။

ထုန်မင်ဆုကိုယ်တိုင်မှာလည်း ရင်ထဲမှာ ကျိတ်ပြီး ထိတ်လန့်နေမိသည်။

ဟိုက်လန်တင်သည် သူ့ထက်ရက်စက်မိုက်ကန်းသူ ဖြစ်ပါသည်။

တစ်ချက်တည်းနှင့် မိမိအပါအဝင် အားလုံးကို သုတ်သင်လိုက်လျှင် မခက်ပါလား။

ထိုစဉ် ...

ဟိုက်လန်တင်က အားရပါးရ ရယ်မောကာ ...

"ဟား ... ဟား ... ဘာလဲ၊ အားလုံး သေကြရမယ်ဆိုတော့ ကြောက်ကုန်ကြပြီပေါ့ ဟုတ်လား။ ဒီမှာ ကျုပ်ရဲ့ တောင်းဆိုချက်ကို လိုက်လျောရင် စနက်တံကို ကျုပ် မီးမရှို့ဘူး။ မလိုက်လျောဘူးဆိုရင်တော့ ကျုပ်က စနက်တံကို မီးရှို့ပြီး ပစ်လိုက်မယ်"

ဟိုက်လန်တင်က နိုင်ချက်ကိုကိုင်ကာ တောင်းဆိုလိုက်လေသည်။

ဒေါသကြီးသော လီကျင်ဆုသည် မကျေမနပ်ဖြင့် တောက်တစ်ချက် ခေါက်လိုက်မိသည်။

ပြဿနာ တစ်ခုကို ခေါင်းအေးအေးနှင့် ဖြေရှင်းတတ်သော ကျင်းစီလူကမူ ဟိုက်လန်တင်၏ တောင်းဆိုချက် ဆိုသည်ကို မေးလိုက်သည်။

"ကဲ ... ဒါဖြင့် ပြောစမ်းပါဦး၊ မင်းက ဘယ်လိုတောင်းဆိုချက်တွေ တောင်းဆိုမှာလဲ"

ဟိုလ်လန်တင်က ခပ်မဲ့မဲ့ပြုံး၍ ...

"ကျုပ်တို့ အလိုရှိတဲ့ တန်ချူစိန်း၊ မော်လီဟန်နဲ့ မင်ဝါလေးတို့ကို ကျုပ်တို့ ခေါ်သွားမယ်၊ ခင်များတို့က အသာတကြည် ထည့်လိုက်ရမယ်"

"ထို ... "

လီကျင်ဆုက မကျေမနပ်ဖြင့် တံတွေးတစ်ချက် တွေးပစ်လိုက်သည်။

"ကဲ ... ခင်များတို့ ညှိနှိုင်းဖို့ အချိန်ပေးမယ်၊ ကျုပ်တောင်းဆိုချက် မလိုက်လျောရင်တော့ စနက်တံကို မီးရှို့ပြီး ယမ်းဘီလူးတွေ ဖောက်ခွဲလိုက်ရမှာပဲ"

မြေကွက်လပ် အောက်ခြေတစ်ဝိုက်တွင် ယမ်းဘီလူးများ မြှုပ်ထားသော မြေကွက်လပ်ပေါ်တွင် လူအများရှိနေသည်။

စနက်တံကို မီးရှို့လိုက်ရုံဖြင့် ယမ်းဘီလူးများ ပေါက်ကွဲကာ အားလုံး သေဆုံးကုန်ကြပေတော့မည်။

ဟိုက်လန်တင်၏ ယုတ်မာမှုများ ကမ်းကုန်သော ယုတ်မာမှုပင် ဖြစ်ချေတော့သည်။



သိုင်းသမား အားလုံးတို့မှာ ဟိုက်လန်တင်၏ ညစ်ပတ်ယုတ်မာမှု စက်ကွင်းမှ လွတ်မြောက်စေရန် မည်သို့ လုပ်ဆောင်ရမည်ကို မသိဘဲ ဖြစ်ကုန်ကြတော့သည်။

လီကျင်ဆုမှာမူ ဟိုက်လန်တင်အား ဒေါပွပွဖြင့် ဆဲရေးရင်း စိန်ခေါ်လိုက်သည်။

"ဟေ့ ... ဟိုက်လန်တင် မင်း ဒီလိုမယုတ်မာနဲ့၊ သတ္တိရှိရင် မင်းနဲ့ငါ တစ်ယောက်ချင်း ယှဉ်ပြိုင်တိုက်ခိုက်မယ်"

လီကျင်ဆုက ဟိုက်လန်တင်အား စိန်ခေါ်လိုက်သည်။

ဟိုက်လန်တင်က မခန့်လေးစား ရယ်မောလိုက်၏။

"ဟား ... ဟား ... အားလုံးသေရမှာပဲ၊ တစ်ယောက်ချင်း စိန်ခေါ်နေရသေးလားဗျာ"

"လီကျင်ဆု ဒီကောင်ကို ဘာမှ သွားမပြောနဲ့တော့၊ ကျုပ်တို့ အခုချိန်မှာ ဘာလုပ်သင့်လဲဆိုတာကိုသာ အရင်ဆုံး ဆွေးနွေးကြရအောင်"

ကျင်းစီလူက ပြောဆိုလိုက်သည်။

တန်ချူစိန်းက ခေါင်းတစ်ချက် ညိတ်လိုက်၍

"ကျွန်တော့်အနေနဲ့ ပြောရမယ်ဆိုရင် ကျွန်တော်နဲ့ မင်ဝါလေးတို့ နှစ်ယောက် သူတို့နောက်ကို အသာတကြည် လိုက်သွားသင့်တယ်လို့ ထင်တယ်၊ ဒါမှလည်း ကျန်တဲ့လူတွေ လွတ်မြောက်လိမ့်မယ်"

တန်ချူစိန်း၏ ဆွေးနွေးချက်အား မော်လီဟန်က ခေါင်းယမ်းငြင်းဆိုလိုက်သည်။

"ဟင့်အင်း ... ကျွန်မ ဒီအစီအစဉ်ကို ကန့်ကွက်တယ်၊ ဒါဟာ ကျွန်မကို ငဲ့ညှာပြီး ပြောတာဖြစ်တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ... "

မော်လီဟာန်က စကားကို ခေတ္တဖြတ်ကာ အရပ်လေးမျက်နှာ ကို ဟိုသည်လှည့်ပတ် ကြည့်ရှုနေပြန်သည်။

ချောင်အီဝူက အားမလိုအားမရဖြင့် မေးလိုက်သည်။

"ဒါပေမယ့် ဘာဖြစ်လဲ ဆက်ပြောလေ"

ထိုစဉ် ... "

မျက်နှာချင်းဆိုင် တောင်ကုန်းထက်ရှိ ဟိုက်လန်တင်ထံမှ အသံ ထွက်ပေါ်လာပြန်သည်။

"ဟေ့ ... အချိန်စေ့ကာနီးပြီနော်၊ မလိုက်လျှောချင် ဟောဒီမှာ တွေ့ကြလား"

ပြောပြောဆိုဆိုဖြင့် သူသည် ခြေထောက်အောက်တွင်ရှိနေသော စနက်တံကိုယူကာ အမျှားမြင်သာအောင် မြှောက်ပြလိုက်၏။

"တောက် ... ဒီကောင် သိပ်လူပါးဝနေပါလား"

လီကျင်ဆု မကျေမနပ်ဖြင့် ရေရွတ်ကြိမ်းဝါးလိုက်သည်။

မော်လီဟာန်က မသိမသာ ခေါင်းခါယမ်းပြလိုက်သည်။

"ဘဘလီ ... အရင်မလိုပါနဲ့၊ ကျွန်မ စောင့်နေတဲ့သူ လာတဲ့ အခါကျရင် အဖြေပေါ်သွားမှာပါ"

မော်လီဟာန်၏ စကားကြောင့် အနားရှိ သိုင်းသမားများ မျက်ခုံး မြင့်တက်သွားကြသည်။

မော်လီဟာန် စောင့်မျှော်နေသည်ဆိုသော သူမှာ မည်သူ ဖြစ် နိုင်ပါသနည်း။

◆ ◆ ◆

မြေကွက်လပ်ထဲ၌ သိုင်းသမားများက မော်လီဟာန်အား နား



...ည့်နိုင်စွာ ဝိုင်းဝန်းကြည့်ရှုနေမိကြသော အချိန်မှာပင် မျက်နှာချင်း ...ိုင် တောင်ကုန်းပေါ်တွင်ရှိသည့် ဟိုက်လန်တင်ထံမှ ရာဇသံ ထွက် ...လာသည်။

"ကဲ ... အချိန်စေ့ပြီ၊ ခင်ဗျားတို့ ဘယ်လိုဆုံးဖြတ်ကြလဲဆိုတာ ...ပြပါ"

ပြောပြောဆိုဆိုဖြင့် ဟိုက်လန်တင်က လက်တစ်ဖက်ဖြင့် စနက် ...ကို ယူငင်လိုက်သည်။

ကျန်လက်ဖက်တကလည်း မီးခတ်ကျောက်နှစ်လုံးကို ထုတ်ယူ ...ိုက်၏။

ထိုစဉ်မှာပင် ...

လျှင်မြန်စွာ ပြေးလွှားလာသော ထိုလူနှစ်ယောက်သည် ညီလာခံရှိရာ မြေကွက်လပ်ထဲသို့ ဝင်ရောက်လာကြပြန်သည်။

အမှန်စင်စစ် ထိုလူနှစ်ယောက်မှာ အတူတကွ ပြေးလွှားဝင် ...ရောက်လာကြခြင်း မဟုတ်ပါချေ။

ရှေ့မှ တစ်ယောက်သည် နောက်မှတစ်ယောက်ကို ဆွဲခေါ် ...မ်းဆီးရင်း ပြေးဝင်လာခြင်းသာ ဖြစ်လေသည်။

သိုင်းသမားအားလုံးသည် မိမိတို့ရှိရာသို့ ပြေးလာသူနှစ်ဦးကို ...ဝိုင်းကြည့်လိုက်မိကြ၏။

ရှေ့မှပြေးလာသူကိုကြည့်ကာ လီကျင်ဆု၏ နှုတ်မှ ရုတ်တရက်

"ဟင် ... သူခိုးဘုရင် လောလုံပါလားဟေ့"

ဟု ဝမ်းသာအားရ အော်ဟစ်လိုက်မိလေတော့သည်။

အမှန်ပင် ရှေ့မှ ပြေးလာသူမှာ သူခိုးဘုရင် လောလုံ ဖြစ်သည်။

လောလုံ ဖမ်းဆီးလာသူမှာ အောင်ရန်ရွှေပင် ဖြစ်သည်။

လောလုံက အောင်ရန်ရွှေကို ကွက်လပ်ထဲသို့ ဆွဲခေါ်လာသည်။

ဟိုက်လန်တင်က ဒေါသကြီးစွာဖြင့် လှမ်း၍ အော်ဟစ်လိုက်သည်။

"ဟေ့ … သူခိုးစုတ်၊ အောင်ရန်ရွှေကို လွှတ်လိုက်စမ်း"

လောလုံက မခိုးမခန့် ရယ်မောလိုက်သည်။

"ဟား … ဟား … လွှတ်ဖို့ခေါ်လာတာ မဟုတ်ဘူးကွ။ မင်းတို့ရဲ့ ယုတ်မာမှုကို ဖော်ထုတ်ဖို့ ဖမ်း လာတာကွ"

ဟိုက်လန်တင်အား ထိုသို့ပြောဆိုလိုက်ပြီးနောက် သူသည် ပရိသတ်ဘက်သို့ လှည့်ပတ်ကြည့်ရှုလိုက်သည်။

ထို့နောက် …

လောလုံသည် အောင်ရန်ရွှေကို တစ်ချက် တွန်းထုတ်လိုက်ကာ …

"ကဲ … အောင်ရန်ရွှေ မင်းအပြစ် ဝန်ခံလိုက်ပါ"

အောင်ရန်ရွှေက ခေါင်းညိတ်လိုက်ကာ …

"ကျွန်တော် ဟိုက်လန်တင်ရဲ့ အမိန့်အရ အဆိပ်ဒေဝီရှင်ချ်ကို ခုံတုန်တောင်ပေါ် ခေါ်ဆောင်လာပြီး ထုန်မင်ဆုကို အကူအညီပေးခဲ့ပါတယ်၊ ထုန်မြောက်ကျင်တင် သေဆုံးခဲ့ရခြင်း ကိစ္စများမှာ ကျွန်တော်တို့အားလုံးရဲ့ ပယောဂမကင်းပါဘူး"

အောင်ရန်ရွှေက ဝန်ခံပြောဆိုလိုက်သည်။

ဟိုက်လန်တင်မှာ အောင်ရန်ရွှေ၏ သစ္စာဖောက်မှုကို ကျိတ်၍ ဒေါသထွက်နေမိသည်။ သစ္စာရှိသူ ဖြစ်လျှင်လည်း သူ အလိုမကျလျှင် သေရမည်သာ ဖြစ်ပါသည်။

သို့ရာတွင် …



သူသည် အောင်ရန်ရွှေကို ရန်သူ့လက်ထဲတွင် အသေမခံနိုင်ပါ။

ထို့ကြောင့် …

"ဟေ့ … သူခိုးစုတ်၊ ကျုပ်ရဲ့ တပည့် အောင်ရန်ရွှေကို လွှတ်လိုက်စမ်း၊ မလွှတ်ရင် မင်းတို့အကုန်လုံး သေကုန်အောင် ငါ လုပ်လိုက်မယ်"

ဟိုက်လန်တင်က ကြိမ်းမောင်းပြောဆိုလိုက်သည်။

လောလုံသည် မည်သို့မျှ နားမလည်နိုင်ဟန်ဖြင့် မျက်ခုံးကို ပင့်လိုက်၍ …

"ကျုပ်တို့အားလုံး သေအောင်လုပ်မယ် ဟုတ်လား"

ဤတွင် ဟိုက်လန်တင်သည် လောလုံနှင့်အတူ အခြားသူများ ရပ်နေကြသော မြေကြီးအောက်သို့ လက်ညှိုးညွှန်ကာ …

"မင်းတို့ ခြေထောက်အောက်က မြေကွက်လပ်မှာ ငါ ယမ်းဘီလူးတွေ မြှုပ်ထားတယ်၊ ဟောဒီတောင်ကုန်းပေါ်ကနေ ငါက ခလုတ်ကို မီးရှို့လိုက်တာနဲ့ ပေါက်ကွဲသွားလိမ့်မယ်"

ဟိုက်လန်တင်က အေးစက်စွာ ပြောဆိုလိုက်သည်။

မည်သို့ဆိုစေ …

လောလုံတစ်ယောက်ကမူ ဟိုက်လန်တင်၏ စကားအား ပြက်လုံးတစ်ခုသဖွယ် လှောင်ပြောင်ရယ်မောနေသည်။

"ဟား … ဟား … ဘာရယ် ပေါက်ကွဲမယ် ဟုတ်လား၊ ဟား ဟား …"

"ဟေ့ကောင် … မင်း ဘာရယ်နေတာလဲ"

ဟိုက်လန်တင်က မကျေမနပ်ဖြင့် လှမ်းမေးလိုက်သည်။

လောလုံသည် ဟိုက်လန်တင်အား လှမ်းကြည့်ကာ ခေါင်း ခါယမ်းရင်း ...

"ဟင်း ... မင်းက သိပ်စိတ်ကူးယဉ်နေပါလား၊ မင်းမြှုပ်ထား ယမ်းတွေက ပေါက်ကွဲမယ်လို့ မင်းက ထင်နေလို့လား"

လောလုံက အေးဆေးစွာ မေးလိုက်သည်။

ယခုတစ်ကြိမ်၌ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားရသူမှာ ဟို လန်တင်ပင် ဖြစ်သည်။

"ယမ်းတွေ ပေါက်ကွဲမှာပေါ့ကွ၊ ဘာဖြစ်လို့ မပေါက်ကွဲရမှာ

ဟိုက်လန်တင်သည် ဖျ[illegible]ခနဲ လှမ်းမေးမိလိုက်သည်။

လောလုံက မထီတရီပြုံးကာ ...

"ကျုပ်တို့မှာလည်း မပေါက်ကွဲစေနိုင်တဲ့ နည်းလမ်းတွေ ရှိတ ဒီလျှို့ဝှက်ချက်ကိုတော့ လွယ်လွယ်နဲ့ ထုတ်ပြောလိမ့်မယ် မထင်ပါ

ဟိုက်လန်တင် တွေခနဲ ဖြစ်သွားပြန်သည်။

နောက်ဆုံးတွင် သူသည် မျက်နှာနီရဲစွာဖြင့် ...

"တော်ပြီ ... ကျုပ် မင်းနဲ့ စကားမပြောတော့ဘူး၊ ကျင်းစီလူ လီကျင်ဆုတို့ကို မေးမယ်၊ ကဲ ... ခင်ဗျားတို့ ကျုပ်တောင်းဆိုချက် လိုက်လျောမှာလား မလိုက်လျောဘူးလား ပြောပါ"

ကျင်းစီလူနှင့် လီကျင်ဆုသာမက ကျန်လူများမှာ တစ်ယော မျက်နှာ တစ်ယောက်ကြည့်ကာ မည်သို့ပြန်ဖြေရမှန်းမသိ ဖြစ်နေ သည်။

သူတို့အနေဖြင့် ဟိုက်လန်တင် စနက်တံကို မီးရှို့လိုက်မှာလည် ကြောက်နေသည်။

လောလုံက ဘာမှမဖြစ်သလို ပြောနေသည့်ကိုလည်း မယုံ ဖြစ်နေသည်။



သိုင်းသမားအားလုံး ကြောင်အမ်းအမ်းဖြစ်နေကြစဉ် လောလုံက ခပ်လှောင်လှောင် ရယ်မောလိုက်သည်။

"ဟား ... ဟား ... သူတို့ကိုယ်စား ကျုပ်ဖြေမယ်၊ ခင်ဗျားရဲ့ တောင်းဆိုချက်ကို မလိုက်လျောနိုင်ဘူးဗျာ ... ဒါပဲ"

လောလုံ၏ ပြတ်သားသောအဖြေကြောင့် ဟိုက်လန်တင်မှာ အကြီးအကျယ် ဒေါသထွက်သွားလေတော့သည်။

"ကောင်းပြီ ... မင်းတို့ ငါ့အကြောင်း အခုသိရမယ်"

ပြောပြောဆိုဆိုဖြင့် သူသည် စနက်တံကို မီးတင်ရှို့လိုက်လေတော့သည်။

လူအားလုံးမှာ အရှိန်ပြင်းစွာ ပြေးလွှားလာသော တောင်ကုန်းပေါ်မှ မီးလောင် ကြိုးစကိုသာ ရင်တထိတ်ထိတ်ဖြင့် ငေးကြည့်နေမိကြသည်။

အားလုံး၏ မျက်နှာမှာ မပြုံးနိုင်ကြပါ။

လောလုံကတော့ ပြုံးရုံတင်မက သဘောကျစွာပင် ဟားတိုက်ရယ်မောလိုက်ပြန်သည်။

"ဟား ... ဟား ... ခင်ဗျား ယမ်းဘီလူးတွေ ပေါက်ကွဲမှာ မဟုတ်ဘူး"

လောလုံ ပြောလည်း ပြောစရာပင်ဖြစ်၏။

ပေါက်ကွဲရန် အရှိန်ပြင်းစွာ ပြေးလွှားလာသော စနက်တံ မီးကြိုးစသည် မြေကွက်လပ်သို့ မရောက်ခင် ခေါင်းခနဲ ငြိမ်းပြီး မီးပန်းအဖြစ် ကောင်းကင်ပေါ်သို့ ထိုးတက်၍ သွားလေတော့သည်။

ယခုအခါ အံ့ဩထိတ်လန့်သွားရသူမှာ ဟိုက်လန်တင် ဖြစ်သည်။

မိမိတို့ မြေမြှုပ်ထားခဲ့သော ပေါက်ကွဲစေသည့် ယမ်းများ မျိ
သို့ ဖြစ်ကုန်သနည်း။

မည်သည့်အတွက်ကြောင့် မပေါက်ကွဲဘဲ မီးရှူးမီးပန်း ဖြစ်သွာ
ရပါသနည်း။

ဟိုက်လန်တင်က မတွေးတတ်နိုင်အောင်ပင် ဖြစ်သွားသည်

ထိုစဉ် ...

လောလုံက ခပ်လှောင်လှောင်ရယ်ကာ လှမ်းပြောလိုက်သည်

"ဟား ... ဟား ... သိပ်အံ့သြနေသလား။ ချင်ရှိကွမ်ကျောင်း
မှာ ခင်များတို့ မတရားမှုတွေ လုပ်တော့မယ်ဆိုတာ ကျုပ် သိထာ
တယ်လေ၊ ဒါကြောင့်လည်း ယမ်းဘီလူးတွေ နေရာမှာ မီးရှူးမီးပန်း
တွေ အစားထိုးထည့်ခဲ့တာပဲ"

"ဩ ... မင်းလက်ချက်ကိုး၊ ကောင်းပြီ ဒါဆို ငါ့ဆီမှာ နောက်
ဆုံး ကျန်နေသေးတဲ့ ယမ်းထုတ်နှစ်ထုပ်ကို မင်းကို လက်ဆောင်ပေး
လိုက်မယ်၊ ကဲ ... ရော့"

ပြောပြောဆိုဆိုဖြင့် လောလုံရှိရာသို့ ယမ်းဘီလူးနှစ်လုံး လွှတ်ပစ်
လိုက်၏။

အရှိန်ပြင်းစွာ ပျံလွင့်လာသော ယမ်းဘီလူးများကို လောလုံက
လျင်မြန်စွာ ငုံ့ရှောင်ပေးလိုက်သည်။

ဝီးခနဲမြည်ကာ ပြေးလွှားလာသော ယမ်းဘီလူး နှစ်လုံးသည်
လောလုံ၏ ခေါင်းထက်မှ ကပ်ပြီး ကျော်ထွက်သွားသည်၊

ထို့နောက် ...

"ဝုန်း ..."

"ဝုန်း ..."



ဟူသော ပေါက်ကွဲသံနှင့်အတူ ...

"အား ..."

"အား ..."

နာကျင်ကျယ်လောင်စွာ ဟစ်အော်လိုက်သော အသံများနှင့်
အတူ မီးခိုးငွေ့များအကြားတွင် လူနှစ်ယောက် မြောက်တက်သွား
သည်ကို တွေ့လိုက်ရလေသည်။

လူအားလုံး အထိတ်တလန့်ဖြင့် ယမ်းထိမှန်သွားသူများရှိရာ
ပြေးလွှားသွားကြသည်။

ခပ်လှမ်းလှမ်းတစ်နေရာတွင် ယမ်းပေါက်ကွဲမှုကြောင့် ဒဏ်ရာ
အပြင်းအထန်ရကာ လူးလိမ့်နေသူ နှစ်ဦးမှာ တစ်ချက်နှစ်ချက်ခန့်
အကြောဆွဲသလို တွန့်ပြီး အသက်ထွက်သွားသည်။

ထိုသူမှာ ထုန်မင်ဆုပင် ဖြစ်သည်။

ထုန်မင်ဆု နံဘေးတွင် သွေးအလိမ်းလိမ်းဖြင့် လူးလိမ့်နေသူ
မှာ ထုန်ကျင်ဆုဖြစ်၏။

စင်စစ် ထုန်ကျင်ဆုနှင့် ထုန်မင်ဆုတို့မှာ လောလုံ၏ နောက်
ဘက် နှစ်လံအကွာတွင် ရှိနေကြသည်။

ဟိုက်လန်တင် ပစ်လိုက်သော ယမ်းဘီလူးများအား လောလုံက
ရှောင်တိမ်းလိုက်သောအခါ ယင်းတို့သည် နောက်တန်းတည့်တည့်မှာ
ရှိနေသော ထုန်ကျင်ဆုအား တိုက်ရိုက်ထိမှန်သွားခြင်း ဖြစ်သည်။

တန်ချူစိန်းသည် ထုန်ကျင်ဆုအား ရှေးဦးစွာ ပြေးပွေ့လိုက်
သည်။

ထုန်ကျင်ဆုမှာ အသက်မြော့မြော့ပင် ကျန်တော့၏။

"တန် ... တန်ချူစိန်း၊ ငါ ... ငါ့ကို ခွင့်လွှတ်ပါကွာ"

"ဒါတွေ ပြောမနေပါနဲ့ ဦးရှီးတော်၊ အတွင်းအားရှုပြီး ထေ...
သက်သာအောင်သာ ကြိုးစားပါ"

"မရတော့ဘူး။ ငါ ... ငါ့ကိုသာ ခွင့်လွှတ်ပါကွာ"

လေသံပျော့ပျောင်း တိုးညင်းစွာ ပြောဆိုလိုက်ရင်းမှ ထုန်ကျင်း...
မှာ ဇက်ကျိုးကျသွားတော့သည်။

"ဦးရှီးတော် ... ဦးရှီးတော် ထုန်ကျင်ဆု"

တန်ချူစိန်းက အလန့်တကြား လှုပ်ခေါ်လိုက်၏။

သို့သော် ...

ထုန်ကျင်ဆု သေဆုံးသွားချေပြီ။

ထို့နောက် ...

ထုန်ကျင်ဆုအား နောက်ဆုံးဂါရဝပြုပြီး ဟိုက်လန်တင်နှင့် အဖွဲ့
အား တိုက်ခိုက်ရန် တောင်ကုန်းထက်သို့ ထွက်လာခဲ့သည်။

သူမရောက်ခင်ကပင် တိုက်ပွဲမှာ စတင်နေပြီဖြစ်သည်။

တောင်ကုန်းတစ်ဝိုက်နှင့် တောင်ကုန်းအောက်ခြေရှိ မြေကွက်
လပ်တွင် ဓားစားချင်း ထိသံ၊ ညာသံပေးပြီး အော်ဟစ်သံ၊ မချိမဆံ့
ညည်းညူသံ စသည့် ရှုပ်ထွေးဆူညံသံများ ...။

တန်ချူစိန်းသည် ဟိုက်လန်တင်အား တိုက်ပွဲကြားတွင် ရှာဖွေ
နေပေ၏။

ထိုစဉ် ...

"ဟေ့ ... ဟိုက်လန်တင်၊ မင်း ငါ့ရဲ့ ပေဟဒီ လက်ဝါးကို
ခံကြည့်ဦး"

ပြောဆိုလိုက်သံကို ကြားရသည်။

ထိုအသံလာရာသို့ တန်ချူစိန်း လှမ်းကြည့်လိုက်သည်။



တောင်ကုန်းထိပ်တွင် သဲသဲမဲမဲ ယှဉ်ပြိုင်တိုက်ခိုက်နေကြသူ
နှစ်ဦး။ တစ်ဦးမှာ လီကျင်ဆုဖြစ်သည်။

လီကျင်ဆုအား ခုခံတိုက်ခိုက်နေသူမှာ တန်ချူစိန်း ရှာဖွေနေ
သော နယ်ချဲ့လက်ပါးစေ ဟိုက်လန်တင် ဖြစ်သည်။

"ဆရာကြီး လီကျင်ဆု ... ဟိုက်လန်တင် ထွက်မပြေးစေနဲ့"

တန်ချူစိန်းမှာ အသံလာရာ တောင်ကုန်းထိပ်သို့ တရှိန်ထိုး
ပြေးလွှားသွားသည်။

အနီးသို့ ရောက်သည်နှင့် တန်ချူစိန်းက ...

"ဆရာကြီး ... ဖယ်ပါ၊ ဒီလူယုတ်မာကို ကျွန်တော် ဆုံးမပါ
ရစေ"

လီကျင်ဆု တိုက်ကွက်အား ခုခံနေရင်းမှ ဟိုက်လန်တင်သည်
တန်ချူစိန်းအား လှောင်ပြောင် ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဘာရယ် ဆုံးမမယ် ဟုတ်လား။ ဟား ...
ဟား ... ရယ်ရတယ်ကွ"

အမှန်စင်စစ် ဟိုက်လန်တင်သည် လီကျင်ဆုအား ရေရှည်တွင်
မယှဉ်နိုင်ပါ။

တန်ချူစိန်းကိုမူ အနိုင်ရမည်ဟု ယုံကြည်နေသည်။

ထို့ကြောင့်လည်း တန်ချူစိန်းကို လှမ်းပြီး စိန်ခေါ်လိုက်ခြင်း
ဖြစ်၏။

တန်ချူစိန်းက ခေါင်းတစ်ချက်ညိတ်ကာ လီကျင်ဆုအား လှမ်း
ခေါ်လိုက်ခြင်း ဖြစ်၏။

"ဟုတ်ပါတယ် ဆရာကြီး။ သူဟာ ကျွန်တော်တို့ နံ့တုန်ဂိုဏ်း
ရဲ့ အဓိကရန်သူ ဖြစ်ပါတယ် ကျွန်တော်တို့ဂိုဏ်းရဲ့ ရန်သူကို ကျွန်တော်
ကိုယ်တိုင် ယှဉ်ပြိုင်ပါရစေ ဆရာကြီး"

တန်ချူစိန်းက လီကျင်ဆုအား လှမ်း၍ ခွင့်တောင်းလိုက်ပြန်သည်။

“ကောင်းပြီလေ … ဒီလူယုတ်မာကို မင်းကိုယ်တိုင် တိုက်ခိုက်ပေတော့”

ဟု ပြောပြီး ဟိုက်လန်တင်နှင့် တိုက်ခိုက်နေရာမှ နောက်သို့ ခုန်ဆုတ်လိုက်သည်။

ထိုအချိန်မှာပင် ဟိုက်လန်တင်၏ တပည့်များသည် သိုင်းသမားများအား ကြာရှည် ရင်မဆိုင်ရဲတော့ဘဲ တိုက်ပွဲအတွင်းမှ ထွက်ပြေးသွားကြ၏။

လောလုံက သွေးကြောအပိတ် ခံနေရ၍ မလှုပ်မရှားဖြစ်နေသော အောင်ရန်ရွှေအား အတွင်းအားဖြင့် သွေးကြောများ ဖွင့်ပေးလိုက်လေသည်။

“ကဲ … အောင်ရန်ရွှေ၊ မင်းကြိုက်တဲ့လမ်းကို ရွေးနိုင်တယ်”

လောလုံက ရွေးချယ်ခွင့် ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ဆရာဖြစ်သူ ဟိုက်လန်တင်ရှိရာသို့သာ ပြေးသွားတော့သည်။

သို့ရာတွင် တပည့်လက်သားတစ်ဦးအပေါ် ဟိုက်လန်တင်၏ ဆီးကြိုမှုမှာ ပြောင်မြောက်လှသည်။ ချီးကျူးလောက်သည်။

“မင်းဟာ သေမှာကြောက်ပြီး အားလုံး ထုတ်ဖော်ပြောခဲ့တယ်၊ သေမှာကြောက်တဲ့ကောင်ဟာ လူ့လောကကြီးထဲက ထွက်သွားတာ အကောင်းဆုံးပဲ”

ပါးစပ်မှလည်း ပြောရင်း လက်ကလည်း ရေခဲငွေ့ အတွင်းအားသိုင်းကွက်ဖြင့် အောင်ရန်ရွှေဘက်ကို ဆီးကြိုရိုက်ချက်လိုက်လေတော့သည်။



“ဖျန်း …”

ပြည်သံနှင့်အတူ အောင်ရန်ရွှေ၏ ခန္ဓာကိုယ်မှာ အဝေးသို့ လွင့်ထွက်သွားသည်။

ထို့နောက် …

“ဝုန်း …”

“အား …”

ဆယ်ပေအကွာတွင်ရှိသော ကျောက်တုံးကြီးနှင့် ဆောင့်မိသွားသဖြင့် တစ်ချက်မျှ နာကျင်စွာ အော်ဟစ်ပြီးနောက် သေဆုံးသွားတော့သည်။ အောင်ရန်ရွှေမှာ လူမိုက်လမ်းဆုံး ဘဝတုံးသွားခဲ့ချေပြီတကား။ ဟိုက်လန်တင်ကား တကယ် ရက်စက်သူတည်း။

အောင်ရန်ရွှေအား သုတ်သင်ပစ်လိုက်ပြီးနောက် ဟိုက်လန်တင်သည် တင်ချူစိန်းဘက်သို့ လှည့်လိုက်သည်၊

“ကဲ … မင်းနဲ့ငါ ယှဉ်ပြိုင်ကြစို့”

ပါးစပ်မှလည်း ပြောရင်း လက်ကလည်း သူ့ကျွမ်းကျင်တတ်မြောက်ထားသော စွန်ကုတ်သိုင်းကွက်ကို ထုတ်သုံးကာ တန်ချူစိန်းအား စတင်တိုက်ခိုက်လိုက်သည်။

ဟိုက်လန်တင်၏ လက်များမှာ ယပ်တောင်လို ပြန့်ကားနေသည်။

လက်ချောင်းထိပ်များလေးများမှာ ပြောင်းလဲမှု ခုနစ်မျိုး ပြောင်းလဲကာ စွန်ကုပ်လက်သည်းဖြင့် တန်ချူစိန်း၏ ယပ်ထိပ်ကို ချိန်ရွယ်တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်၊

ဗိုးခနဲအသံမြည်ကာကျဆင်းလာသော ဟိုက်လန်တင်၏ စွန်ကုတ်လက်သည်း သိုင်းချက်ကို တန်ချူစိန်းက ‘ငှက်တော်သဲယက်’ သိုင်းကွက်ဖြင့် ပြန်လည်ခုခံလိုက်သည်။

ကုတ်ချလာသော ဟိုက်လန်တင်၏ လက်ကို လက်ကောက်ဝတ်မှ ပင့်တင်ကာ ထုတ်ပစ်လိုက်ရင်း ကျန်လက်တစ်ဖက်ကို ငှက်များသဲမှာယက်သလို ဘယ် ညာ လျှင်မြန်စွာ ဝှေ့ယမ်းလိုက်၏။

ဝှေ့ယမ်းရင်းမှပင် ...

ဟိုက်လန်တင်၏ မျက်နှာကို ဖြတ်ရိုက်လိုက်သည်။

"ဖြန်း ... "

ကျယ်လောင်သော မြည်ဟည်းသံ ...။

"အား ... "

အမှတ်မထင် ခံလိုက်ရ၍ နာကျင်စွာ အော်ဟစ်လိုက်သံနှင့်အတူ ဟိုက်လန်တင်မှာ တစ်ဖက်သို့ လည်ထွက်သွားတော့သည်။

ဟိုက်လန်တင်၏ သိုင်းကွက်လည်း ဟာထွက်သွားသည်။

တန်ချူစိန်းသည် ဟိုက်လန်တင်၏ ဟာကွက်ကို လက်ဝါးစောင်းတစ်ချက် ထိုးသွင်းရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် ...

"ရှိ ... "

စူးရှကြည်လင်သော လေချွန်သံတစ်ချက် ထွက်ပေါ်လာသည်။

လေချွန်သံမှာ မော်လီဟန်ထံမှ ပေါ်လာသော လေချွန်သံဖြစ်သည်။

အန္တရာယ်နှင့် ကြုံနေရပြီဖြစ်ကြောင်း အချက်ပေးသံဖြစ်သည်။

ထိုလေချွန်သံကြောင့် တန်ချူစိန်း တွေခနဲ ဖြစ်သွားသည်။

တဒင်္ဂအချိန်ကိုပင် ဟိုက်လန်တင်က အပြည့်အဝ အသုံးချလိုက်၏။

သူသည် လက်နှစ်ဖက်တွင် အတွင်းအားသွင်းကာ တန်ချူစိန်း၏ ညာဘက်နှင့် ဝဲဘက်ရင်အုံများသို့ လျှပ်တစ်ပြက် တိုက်ခိုက်လိုက်ရာ



တန်ချူစိန်းမှာ နောက်သို့သာ ဖွေ့ခနဲ ခုန်ရှောင်ပေးလိုက်ရလေတော့သည်။

တန်ချူစိန်းကိုကြည့်ပြီး မင်ဝါလေး၏ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားမိသည်။

"ဆရာ ... ဟိုက်လန်တင်ကို ယှဉ်ပြိုင်နိုင်ပါ့မလား"

မင်ဝါလေးက စိတ်ထဲ၌ ကျိတ်၍ပူပန်စွာ တွေးလိုက်မိ၏။

တန်ချူစိန်း၏ ရင်ထဲတွင်မူ အန္တရာယ်နှင့် ရင်ဆိုင်နေရသော မော်လီဟန်အတွက် စိုးရိမ်ပူပန်နေသည်။

သူကိုယ်တိုင်မှာလည်း ဟိုက်လန်တင်နှင့် ပြင်းထန်စွာ တိုက်ခိုက်နေရသဖြင့် သွားရောက်ကယ်တင်ရန် မလွယ်ကူပါချေ။

"ဟား ... ဟား ... ဘယ်လိုလဲကွ တန်ချူစိန်း၊ ငါ့တိုက်ကွက်ကို မင်းမယှဉ်ရဲဘူး မဟုတ်လား"

တန်ချူစိန်း မျက်နှာမှာ ထိုစကားကြောင့် ရဲခနဲဖြစ်သွား၏။

"မင်းလိုလူစားမျိုးကို မယှဉ်ရဲစရာ မရှိဘူး"

"ဟုတ်တယ် ဆရာ ... လူဆိုးနဲ့ လူကောင်း ယှဉ်ပြိုင်ရင် တရားတဲ့ဘက်က အမြဲအနိုင်ရမှာပဲ ဆရာ မပြောနဲ့ ကျွန်တော်တောင် ဒီပွဲမှာ ကောင်လောက်တော့ အသာလေးပဲ"

ထိုစကားကို ပြောလိုက်သူမှာ မင်ဝါလေး ဖြစ်၏။ သူသည် ဟိုက်လန်တင်အား ဆူးနှင့် ထိုးလိုက်ခြင်းဖြစ်သည်။ တကယ် ဆူးမဟုတ်ပါ။ သွေးကြွလွယ်၊ သွေးဆူလွယ်၊ ဒေါသကြီးသူများအား ထိုးဆွရာတွင် တကယ် အရာရောက်သည့် စကားလုံး ဆူးပင် ဖြစ်ပါသည်။

ကြည်လင်ပြတ်သားစွာ ပြောဆိုလိုက်သော မင်ဝါလေးအား ဟိုက်လန်တင်က မျက်တောင့်နီကြီးဖြင့် လှမ်းကြည့်လိုက်သည်။

"အောင်မယ် ... မလောက်လေး မလောက်စား ကောင်လေး က ကြီးကျယ်လို့ ကောင်းပြီ ... တစ်ပွဲတစ်လမ်း အကဲစမ်းကြရအောင်"

ဟိုက်လန်တင်က မင်ဝါလေးအား စိန်ခေါ်လိုက်သည်။

မင်ဝါလေး၏ ရင်ထဲမှကျိတ်ပြီး သဘောကျသွားမိသည်။

အမှန်စင်စစ် သူသည် ဆရာ့ကိုယ်စား သူ့ကို ရင်ဆိုင်လိုသူ လည်း ဖြစ်သည်။

မင်ဝါလေးကို ရန်သူနှင့် ရင်ဆိုင်ခွင့်ပေးလိုက်ရင်တော့ ၎င်း အနေဖြင့် မော်လီဟန်ကို သွားရောက်ကယ်တင်နိုင်လျှင် ဖြစ်သည်။

သို့သော် မိမိကိုယ်တိုင် ခက်ခက်ခဲခဲ ယှဉ်ပြိုင်တိုက်ခိုက်နေရ သော ဟိုက်လန်အား တပည့်ဖြစ်သူ မင်ဝါလေးအနေဖြင့် အလွယ် တကူ အနိုင်ယူနိုင်ပါ့မည်လား။

ထိုအချက်ကို တွေးရင်း တန်ချူစိန်းစိတ်ထဲ ချီတုံချတုံ ဖြစ်နေမိ သည်။

ထိုစဉ် ဟိုက်လန်တင်က ဟားတိုက်ရယ်မောလိုက်ပြန်၏။

"ဟား ... ဟား ... ဘယ်လိုလဲကွ၊ တကယ်တမ်းကျတော့ ဘယ်သူမှလည်း ငါ့ကို မယှဉ်ရဲကြဘူး မဟုတ်လား"

မင်ဝါလေးက ဒေါသထွက်လာပြီး ဓားကို ရွှမ်းခနဲဆွဲထုတ် လိုက်သည်။

တန်ချူစိန်းသည် တပည့်အတွက် အားတက်သွားမိသည်။

"ငါနဲ့ ကင်းကွာနေတဲ့ နှစ်တွေမှာ ဝါလေးရဲ့ ပညာဟာ ထိပ် တန်းအဆင့် ရောက်နေပြီ၊ ဟိုက်လန်တင်ကို ယှဉ်နိုင်လို့သာ သူ စိန်ခေါ်တာဖြစ်မယ်"

တန်ချူစိန်းက ထိုသို့တွေးမိသည်နှင့် ...



"ကဲ ... ဝါလေး ... ဒီလူယုတ်မာကို မင်းပဲကြည့်ဆုံးမပေတော့၊ ဆရာ ပြန်ရောက်လာတဲ့အခါ မင်း သူ့ကို အနိုင်ယူထားတာ မြင်ချင် တယ်"

ပြောပြောဆိုဆိုဖြင့် တန်ချူစိန်းသည် မော်လီဟန်ကို ရှာဖွေရန် အတွက် ထိုနေရာမှ ပြေးထွက်သွားတော့၏။

ကျင်းစိလူ၊ လီကျင်ဆုနှင့် အခြားသောသူများမှာ တန်ချူစိန်း၏ အပြုအမူကို မည်သို့မျှ နားမလည်နိုင်ဘဲငေး၍သာ ကျန်ရစ်ခဲ့တော့၏။

ဟိုက်လန်တင်သည် သူနှင့် မျက်နှာချင်းဆိုင်တွင် သူ့အား ရင်ဆိုင်ရန် ဓားထုတ်လျက် ရပ်နေသော မင်ဝါလေးအား လှောင် ပြောင်ရယ်မောလိုက်လေ၏။

"မင်း ငါ့ကို အရင်ဝင်တိုက်စမ်း"

"ကဲ ... ဒါဆို ကျုပ်ရဲ့ ပေါက်ဒီဓားကွက်ကလေးကို ခံပေတော့"

ပြောပြီးသည်နှင့် ဓားကွက်တစ်ကွက် လျှပ်တစ်ပြက် ထုတ်သုံး လိုက်သည်။

ဓားရိပ်က လက်ခနဲ ယှက်ဖြာသွားပြီး ဓားဦးသည် ဟိုက်လန် တင်၏ ရင်ဝသို့ တိုးဝင်သွားလေသည်။

ဟိုက်လန်တင်က မဲ့ပြုံးပြုံးလိုက်၍ ...

"ဒီပညာလောက်နဲ့ ကျုပ်ကိုစမ်းလို့ ရမလားကွ"

သူသည် ပါးစပ်မှလည်း ပြောရင်း လက်ကလည်း မင်ဝါလေး၏ ဓားကို လုရန် ကြိုးစားလိုက်သည်။

သို့သော် ...

"ဗြိ ... "

ဟူသော မြည်သံနှင့်အတူ စုတ်ပြဲသွားသော အဝတ်စများမှာ လေထဲတွင် လိပ်ပြာလေးများ ဝဲပျံသလို လွင့်ပျံသွားကော့၏။

"ဟား ... ဟား ... အကျိုလက်ပြ တစ်ဆယ့်ရှစ်ကွက် သိုင်းပညာဆိုတာ ဒါပဲလားကွ"

လီကျင်ဆုက တဟားဟား အော်ဟစ်ရယ်မောရင်း လှောင်ပြောင်လိုက်သည်။

ဟိုက်လန်တင် မျက်နှာကြီး ရဲသွား၏။

မင်ဝါလေးမှာ တစ်ကွက်အသာရသော်လည်း ရန်သူ၏ တိုက်ကွက်ကို ပေါ့ဆစွာ လျော့မတွက်ရဲပါချေ။

သူသည် ကျွန်ရှန်ပင်မသိုင်းအဖွဲ့မှ သင်ယူလာခဲ့သော 'သစ်ရွက်ခြွေ ဓားသိုင်းကွက်' ကို ထုတ်သုံးရတော့သည်။

တရိပ်ရိပ် ဝင်းလက်နေသော ဓားသိုင်းကွက်ထဲသို့ ဟိုက်လန်တင်၏ စွန်ကုတ်လက်သိုင်းမှာ လုံးဝမတိုးနိုင်တော့ချေ။

အကယ်၍ အတင်းဝင်ရောက်ပြီး တိုက်ခိုက်လာမည်ဆိုပါလျှင်လည်း မင်ဝါလေး၏ ဓားချက်အောက်တွင် သူ့ လက်နှစ်ဖက်မှာ ပြတ်သတ်ထွက်သွားရမည်သာ ဖြစ်ပေသည်။

ထို့ကြောင့် ...

သူသည် တိုက်ကွက်ဆင်လာသော သူ၏ လက်နှစ်ဖက်ကို ကမန်းကတန်း ရုပ်သိမ်းပေးလိုက်ရတော့သည်။

သို့သော် ဟိုက်လန်တင်သည် သာမန်သိုင်းပညာရှင်တစ်ဦး မဟုတ်ပါချေ။

သူသည် အဆင့်မြင့် သိုင်းပညာရှင်တစ်ဦးဖြစ်ရာ အတင်းအဓမ္မ ဝင်ရောက်တုက်၍ မရမှန်းသိသည်နှင့် သိုင်းကွက် ချက်ချင်းပြောင်းကာ တိုက်ခိုက်လာလေတော့၏။

ဟိုက်လန်တင်သည် ပြိုင်ဘက်ကို အားအင်ကုန်ခမ်းအောင် အချိန်ဆွဲပြီး တိုက်ခိုက်သည့်နည်းကို ကျင့်သုံးလာသည်။



တိုက်ပွဲကို ဘေးမှရပ်ကြည့်နေရင်းမှ လီကျင်ဆု၏ စိတ်ထဲတွင်

"အင်း ... မင်ဝါလေးဟာ ဓားပညာထက်မြက်ပေမယ့် သူဟာ အသက်နှစ်ဆယ်တောင် မပြည့်သေးတဲ့ ကလေးတစ်ယောက်သာ ဖြစ် တယ်၊ နှစ်ပေါင်းလေးငါးဆယ် လေ့ကျင့်ထားတဲ့ ဟိုက်လန်တင်နဲ့ ကြာရှည် ယှဉ်ပြိုင်လို့ ဖြစ်ပါ့မလား"

သူသည် စိုးရိမ်ပူပန်စွာတွေးနေမိလေသည်။

လီကျင်ဆု ထိုသို့ ပူပန်စိုးရိမ်နေမိစဉ်မှာပင် မင်ဝါလေးသည် ကိုယ်ကို ချာခနဲလှည့်လိုက်ကာ ဓားကွက်များကို ဆက်တိုက်ထုတ်သုံး တိုက်ခိုက်လိုက်လေတော့၏။

တရိပ်ရိပ် လှုပ်ရှားနေသော ခန္ဓာကိုယ်မှာ များစွာသောလူနှင့် ဓားများသည် အရပ်ရှစ်မျက်နှာမှ ရန်သူကို တစ်ချိန်တည်း တစ်ပြိုင်တည်းမှာ တိုက်ခိုက်နေသည့်နှယ် ထင်မှတ်မှားလောက်လေသည်။

လီကျင်ဆုမှာ တအံ့တဩဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားတော့သည်။

သူအံ့ဩနေမိသည်က မင်ဝါလေးမှာ သူထင်မှတ်ထားသည်ထက်ပင် ဓားရေး ကောင်းမွန်နေခြင်းကြောင့် ဖြစ်၏။

မင်ဝါလေးသာ ဒီအတိုင်း ဆက်ပြီး တိုက်ခိုက်သွားလျှင် မကြာမီ အောင်ပွဲခံနိုင်တော့မည်ဟု တွေးနေမိ၏။

ဟိုက်လန်တင်သည် အတွေ့အကြုံ ကြွယ်ဝများပြားသူ ဖြစ်လင့်ကစား မင်ဝါလေး တိုက်ခိုက်နေသည့် ဓားချက်တို့ကို မည်သည့်အဖွဲ့မှ ဓားသိုင်းကွက်ဖြစ်ကြောင်း မခန့်မှန်းတတ်အောင် ဖြစ်နေ၏။

မင်ဝါလေး ဓားကွက်တို့သည် ရှောင်လင်ဓားကွက်လိုလို၊ မှတန်ဓားကွက်လိုလို၊ အိုဝေဓားကွက်လိုလို စသည်ဖြင့် သိုင်းအဖွဲ့ကြီး

လေးငါးခြောက်ဖွဲ့မှ ထင်ရှားသော ဓားသိုင်းကွက် လေးငါးခြောက်ဖွဲ့ ဖြစ်နေ၏။

ဟိုက်လန်တင်မှာ ချွေးပြန်နေချေပြီ။

အမှန်စင်စစ် ...

မင်ဝါလေးသည် ချန်တန်ဖုန် ထားရစ်ခဲ့သည့် အမည်မဲ့ ဓား သိုင်းကွက်ဖြင့် ဟိုက်လန်တင်ကို ယှဉ်ပြိုင်နေခြင်း ဖြစ်သည်။

တစ်ခဏအတွင်းမှာပင် ဓားသိုင်းကွက်ပေါင်း ခြောက်ဆယ် ကျော်မျှ လျှင်မြန်စွာ ပြောင်းလဲနိုင်သော မင်ဝါလေး၏ တိုက်ကွက် များအတွင်းသို့ ဟိုက်လန်တင်မှာ သူ့ကို ဒဏ်ရာမရအောင် အသေ အလဲ ခုခံကာကွယ်နေရလေတော့သည်။

ဟိုက်လန်တင် အဖွဲ့သားများမှာ သေသူသေ ဒဏ်ရာရသူရှိ လူအနည်းငယ်သာ ကျန်တော့သည်။

ထို့ကြောင့်လည်း ကျင်းစီလူ၊ ကျင်းဖဲကြည်၊ ချောင်အီဝူတို့ သူတို့နှစ်ဦး၏ တိုက်ပွဲကို ဘေးမှ အကဲမခတ်နေကြလေသည်။

ယှဉ်ပြိုင်နေသူ နှစ်ဦးစလုံးမှာ တိုက်ပွဲထဲတွင် အာရုံစူးစိုက်နေ ကြ၏။

ဘေးပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသမျှကိုပင် မမြင်မကြားနိုင် အောင် တိုက်ပွဲကို အာရုံစူးစိုက်နေမိကြသည်။

မင်ဝါလေး၏ ဓားသိုင်းကွက်တို့မှာလည်း တဖြည်းဖြည်း နေ သည်ထက် နေးလာနေသည်။

အခြေအနေ ကြည့်ရသည်မှာ မင်ဝါလေး အားအင် ကုန်ခမ်း ကာ သိုင်းကွက်များပင် နှေးလာသလိုထင်ရ၏။

ကြည့်နေရင်းမှ ကျင်းဖဲကြည်မှာ မင်ဝါလေးအတွက် စိုးရိမ် ပူပန်လာသည်။



သူမသည် ပူပန်စိုးရိမ်သော မျက်ဝန်းများဖြင့် ဖခင်ဖြစ်သူ ကျင်းစီလူကို ကြည့်လိုက်သည်။

"လောလောဆယ် အချိန်မှာတော့ ဘယ်သူနိုင်မလဲဆိုတာ ပြောရမှာ ခက်သွားပြီ"

ကျင်းဖဲကြည်မှာ ဖခင်ဖြစ်သူ ကျင်းစီလူ၏ စကားကို ကြားရ သောအခါ ရင်ထဲတွင် ခဲလုံးကြီး ဆွဲထားသလို လေးလံသွားတော့၏။

အမှန်စင်စစ် ...

ကျင်းဖဲကြည် တစ်ယောက်သာလျှင် မင်ဝါလေးအတွက် ပူပန် နေခြင်း မဟုတ်ပါချေ။

တိုက်ပွဲကို ကြည့်ရှုနေကြသော အထက်လမ်း သိုင်းသမား အားလုံးကလည်း ရင်တထိတ်ထိတ် ဖြစ်နေကြသည်။

သို့သော် ...

ထိုမျှ နေးကွေးသော ဓားကွက်ထဲသို့ ပြင်းပြင်းထန်ထန် တိုက် ခိုက်နေသော ဟိုက်လန်တင်၏ ဓားကွက်များမှာ ထိုးဖောက်ဝင်ရောက် ခြင်း မပြုနိုင် ဖြစ်နေသည်။

လီကျင်ဆုက သူ့အနားသို့ တိုးကပ်လာသည်။

ပြီးတော့ လေသံတိုးတိုးဖြင့် ...

"မင်ဝါလေး တိုက်နေတဲ့ ဓားကွက်ဟာ ကျန်ရှုန်အဖွဲ့ရဲ့ 'တာရှုမီ' ဓားကွက်မဟုတ်လား"

ကျင်းစီလူက လီကျင်ဆု၏ အမေးကို မဖြေပါ။

သူသည် အဖြေမပေးမီလေးတွင် သက်ပြင်းတစ်ချက် ချလိုက် သည်။

အနားမှာရှိသော ကျင်းဖဲကြည်မှာ အသံတထိတ်ထိတ် ရင်တမိုမို ကြည့်နေ၏။

သူသည် ဖခင်အား မေးလိုက်မိသည်။

"ဖေဖေ ဘာလို့ သက်ပြင်းချရတာလဲဟင်"

ထိုသို့ မေးရင်းမှလည်း သူမ၏စိတ်ထဲတွင် ...

"အင်း ... အစ်ကိုမင်ဝါဟာ 'တာရူမိ' ဓားသိုင်းကို မကျွမ်းကျ သေးလို့ သူ့အတွက် ဖေဖေ စိတ်ပူနေတာ ဖြစ်လိမ့်မယ်"

သို့သော် ...

ကျင်းစိလူက သက်ပြင်းချပြီးနောက် ကြည်လင်သော အ ဖြင့် ...

"ဖေဖေ သက်ပြင်းချတာက တစ်မျိုးပါကွယ်၊ တို့ရဲ့ လောက မှာ လူသစ်ဟာ လူဟောင်းထက် အမြဲသာလွန်တတ်တာပါပဲ၊ အ မင်ဝါလေးဟာ ငါတို့ထက် အများကြီး သာလွန်းတဲ့ ဓားပညာ ဖြစ်လာမှာ အမှန်ပဲ"

ကျင်းစိလူက ခေါင်းတညိတ်ညိတ်ဖြင့် မှတ်ချက်ချနေ၏။

ကျင်းစိလူ၏ မှတ်ချက်ချသံကြောင့် ကျင်းဖဲကြည်မှာ ယ ပင် ဖြိုးရိပ်သန်းလာနိုင်တော့၏။

"ဒါဆို သူ့ရဲ့ တာရူမိဓားသိုင်းကလို ဖေဖေ ဘယ်လိုမြင်သ ဟင်"

ကျင်းဖဲကြည်က မေးလိုက်သည်။

ကျင်းစိလူက မျက်မှောင်ကြုတ်၍ ...

"စကားမများနဲ့ သမီး၊ တိုက်ပွဲကို သေသေချာချာကြည့်"

ကျင်းစိလူ၏ စကားကြောင့် ကျင်းဖဲကြည်သည် ထပ်မမေး တော့ဘဲ တိုက်ပွဲကိုသာ လှမ်းကြည့်လိုက်၏။

ကျင်းဖဲကြည်ခမျာ ကြည့်နေရင်းမှ ဇောချွေးများ ပြန်လာမိပြ



လာသည်။ သူသည် ဇောချွေးထွက်နေသည်ကို မသိပေ။ မင်ဝါလေး အတွက်သာ စိုးရိမ်နေသည်။

အမှန်တော့ ...

သူမသည် ယှဉ်ပြိုင်နေသူ နှစ်ဦးစလုံး၏ နက်ရှိုင်းသော သိုင်း ကွက်များကို မသိပါချေ။

သူမအနေဖြင့် ဖခင်ဖြစ်သူကို မေးကြည့်ချင်သည်။

သို့သော် သူ၏ဖခင်ဖြစ်သူသည် လီကျင်ဆုနှင့် တိုက်ပွဲကိုသာ အာရုံစူးစိုက်စွာ ကြည့်ရှုနေမိသည်။

ကျင်းဖဲကြည်သာမက ကျင်းစိလူ ကိုယ်တိုင်မှာလည်း လုံးဝ စိတ်မအေးနိုင်ဘဲ ဖြစ်နေသည်။

ဟိုက်လန်တင်သည် သူ့တွင်ရှိသမျှ အတွင်းအားကို သုံး၍ တိုက်ခိုက်နေ၏။

မင်ဝါလေးက လိုဒဏ်ကို ခံနိုင်သည်ထားဦး၊ နှစ်ဦးစလုံး ဒဏ်ရာ ရမည့်အချက်ကိုမူ သူ ရှောင်ရှားနိုင်မည်လား။

အကယ်၍ ဟိုက်လန်တင်ကို မင်ဝါလေးက အပြတ်အသတ် အနိုင်ယူ မနိုင်ခဲ့လျှင် ...

ကျင်းစိလူ ဆက်၍မတွေးဝံ့ပါ။

ခုံတုန်အဖွဲ့သားများအနေဖြင့် သူတို့၏ ခေါင်းဆောင် တန်ချူစိန်း အမြန်ဆုံး ပြန်လာပါစေဟုသာ ဆုတောင်းနေမိကြသည်။

သို့ရာတွင် တန်ချူစိန်းကို လည်းကောင်း၊ မော်လီဟန်ကို လည်းကောင်း ယခုအချိန်အထိ အရိပ်အရောင်ပင် မမြင်ကြရသေး ချေ။

တန်ချူစိန်းနှင့် မော်လီဟန်တို့မှာ မည်သည့်နေရာသို့ ရောက် နေကြပါသနည်း။

တန်ချူစိန်းသည် လေချွန်သံ ကြားရာဆီသို့ သူလိုက်သွားသည်

သို့ဖြင့် အလွန်အန္တရာယ်များလှသည့် ချောက်ကမ်းပါးတစ်ခု ဆီသို့ ရောက်သွားသည်။

ချောက်ကမ်းပါးမှ အောက်သို့ ငုံ့ကြည့်လိုက်ရာ လူရိုပ်နှစ်ခု မထင်မရှား တွေ့လိုက်ရ၏။

တန်ချူစိန်းမှာ တွေခနဲ တစ်ချက်ဖြစ်သွား၏။

သေသေချာချာ စိုက်ကြည့်လိုက်သောအခါ လူနှစ်ယောက်က ထိုအဆိပ်ဒေဝီကို ထမ်းပြီး ပြေးနေခြင်းသာ ဖြစ်ကြောင်း တွေ့လိုက်ရ၏။

အမှန်စင်စစ် ရှင်ချစ်မှာ မိုက်ဇာတ်ဆုံးသွားချေပြီ။ ရှင်ချစ်၏ အလောင်းကို သူ့တပည့်နှစ်ယောက်က ထမ်းပြီး သွေးရူးသွေးတန်းဖြင့် ပြေးနေကြသည်။

တန်ချူစိန်းသည် အဆိပ်ဒေဝီရှင်ချစ် သေဆုံးသွားပြီကို မသိသေးသဖြင့် သူမကို ဖမ်းဆီးရန်အတွက် ပြေးလိုက်သွားရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ...

"ချွင်း ..."

"ချွင်း ..."

ဓားချင်းထိခတ်သံများ သူနှင့်မနီးမဝေးရှိ တောင်ကမ်းပါးယံ တစ်ဖိုက်မှ ထွက်ပေါ်လာသည်။

တန်ချူစိန်း မျက်မှောင်ကြုတ်သွားသည်။

အမှန်စင်စစ် ယှဉ်ပြိုင်တိုက်ခိုက်နေကြသူများကို သူ မမြင်ရသေးပါ။



သို့ဖြင့် ...

"ရှီး ..."

တန်ချူစိန်းနှုတ်မှ ရှည်လျားသော လေချွန်သံတစ်ချက် ထွက်ပေါ်လာသည်။

အမှန်တော့ မော်လီဟာန် ကြားအောင် အချက်ပေးလိုက်ခြင်းဖြစ်သည်။

လေချွန်သံ ပေးရင်းမှလည်း သူသည် အသံကြားရာသို့ ပြေးဝင်သွားသည်။

မော်လီဟာန်သည် ရန်ကေမင်နှင့် တိုက်ခိုက်နေရာမှ တန်ချူစိန်း အချက်ပေးသံကို ကြားရသောအခါ အံ့ဩဝမ်းသာသွားသဖြင့် တဒင်္ဂမျှ သတိလစ်သွား၏။

အဆင့်မြင့် သိုင်းပညာရှင်များအတွက် ယှဉ်ပြိုင်နေစဉ် တဒင်္ဂမျှ သတိလက်လွတ်ဖြစ်သွားမိခြင်းသည် မဟာအမှားကို ကျူးလွန်မိခြင်းသာ ဖြစ်၏။

မော်လီဟာန်သည် သူမ၏ရင်ဝနားသို့ ရောက်လာပြီဖြစ်သော ရန်ကေမင်၏ ဓားကို နောက်သို့ဆုတ်၍ ရှောင်လိုက်ရာ ကျောက်တုံးကြီးတစ်ခု ခံနေသဖြင့် ယိုင်သွားလေသည်။

ရန်ကေမင်မှည် မော်လီဟာန် ယိုင်သွားသည်ကို အခွင့်အကောင်းယူကာ ဘယ်လက်ဖြင့် ပခုံးအား ဖမ်းဆုပ်လိုက်၏။

ရန်ကေမင်၏ လက်က ပခုံးဆီသို့ ဦးတည်လာသည်နှင့် မော်လီဟာန်သည် မစဉ်းစားတော့ဘဲ နောက်ကျွမ်းပစ်ကာ ရှောင်တိမ်းလိုက်၏။

သို့သော် သူမ၏ နောက်ကျောတွင် အလွန်မတ်စောက်သော ချောက်ကမ်းပါးကြီးမှလွဲ၍ မြေပြင်မရှိပါ။

ရင်ထဲမှ သိမ့်ခနဲ တစ်ချက်ဖြစ်သွားပြီး ချောက်ထဲသို့ ကျသွားတော့၏။

ထိုအချိန်မှာ ကိုးရိုးကားယား ကျသွားသော မော်လီဟန်၏ လက်တစ်ဖက်ကို အခြားလက်တစ်ဖက်က အချိန်မီ ဖမ်းဆွဲလိုက်၏။

ဖမ်းဆွဲလိုက်သူမှာ တန်ချူစိန်း ဖြစ်သည်။ သူသည် ညာလက်ဖြင့် မော်လီဟန်ကို ဖမ်းဆွဲထားလိုက်ရင်းမှပင် ဘယ်လက်မှ ဓားဖြင့် ရန်ကေမင်အား လှမ်းထိုးလိုက်သည်။

တရကြမ်း ဝင်လာသော ရန်ကေမင်မှာ ကမန်းကတန်း နောက်သို့ ခုန်ဆုတ်၏။ သို့သော် ...

"ဗြိ ..."

အသံနှင့်အတူ သူ၏အင်္ကျီမှာ ပြဲထွက်သွားတော့၏။

ထိုသို့ ရန်ကေမင် ခုန်ဆုတ်သွားသော အချိန်မှာပင် တန်ချူစိန်းသည် မော်လီဟန်ကို ဆွဲခနဲမတင်ကာ ဘေးသို့ အသာတွန်းထုတ်လိုက်သည်။

ထို့နောက် ရန်ကေမင်အား လှမ်း၍

"ကဲ ... ရန်ကေမင် မင်းရဲ့ အကောင်းဆုံးကွက်တွေ ထုတ်သုံးနိုင်ပါတယ်"

ရန်ကေမင်က အေးစက်စွာ ရယ်မောလိုက်သည်။

"အေး ... သတိသာထားပေတော့"

ပြောရင်းမှ သူကစတင်တိုက်ခိုက်လိုက်လေတော့၏။

တန်ချူစိန်းက ...

"ဟာ ... သိပ်ကောင်းတဲ့ ဓားကွက်ပါလား"

ပါးစပ်မှ လှောင်သလို ပြောရင်း လက်ကလည်း တိုက်ခိုက်လိုက်တော့၏။



"ရွှမ်း ... "

"အား ... "

ဆက်တိုက်မြည်သံနှင့်အတူ ရန်ကေမင်၏ ပခုံးသို့ တန်ချူစိန်း၏ ဓားက အရှိန်ပြင်းစွာ တိုးဝင်သွားတော့၏။

ရန်ကေမင်မှာ ယိုင်တိယိုင်တိုင်ဖြင့် နောက်သို့ ဆုတ်သွားခဲ့ရသည်။

သူ့မျက်နှာ ရှုံ့မဲ့နေ၏။

တန်ချူစိန်းက ရန်ကေမင်းအား ပြုံး၍စိုက်ကြည့်လိုက်သည်။

"ကဲ ... မင်းရှုံးပြီ၊ ဒါပေမယ့် မင်းကို ငါမသတ်ပါဘူး"

ရန်ကေမင်က ရှုံ့မဲ့ရင်းမှ ခေါင်းကို ယမ်းခါလိုက်၏။

"ငါ ဘယ်တော့မှာ အရှုံးမပေးဘူးကွ"

ပါးစပ်မှလည်း ပြောရင်း ရုတ်တရက် နက်ရှိုင်း မတ်စောက်လှသော ချောက်ကမ်းပါးထဲသို့ ခုန်ချလိုက်လေသည်။

"အား ... "

ရန်ကေမင်၏ အထိတ်တလန့် အော်ဟစ်သံမှာ နက်ရှိုင်းလှသော ချောက်ကမ်းပါးအတွင်း လှိုင်း ရိုက်ခတ်သွားတော့သည်။

ဆုံးမမရှိသော ချောက်ကမ်းပါးထဲ ခုန်ချကာ ရန်ကေမင်သည် သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့ချေပြီ တကား။

မော်လီဟန်နှင့် တန်ချူစိန်းတို့သည် တစ်ယောက်မျက်နှာကို တစ်ယောက်က ကြည့်လိုက်မိသည်။ မော်လီဟန်က ဆွေးမြေ့စွာ ပြောသည်။

"ကျွန်မတို့ ကွဲကွာနေတာ ဆယ့်ရှစ်နှစ် ရှိပြီနော်၊ ခုလို ပြန်တွေ့လိမ့်မယ်လို့ မျှော်လင့်ခဲ့မိဘူး။ တွေ့တော့လည်း အစ်ကိုနဲ့ ညီမရဲ့ အသက်သခင် ဖြစ်နေတယ်၊ ကျေးဇူးတင်ပါတယ်ရှင်"

မော်လီဟာန်က နွမ်းလျသော်လည်း ကျေနပ်စွာ ပြောလိုက်လေ၏။

"ညီမက အခုလို ရှုပ်ထွေးနေတဲ့ အစ်ကိုရဲ့အမှုကို ရှင်းပြပေးတဲ့အတွက်လည်း အစ်ကိုက ညီမကို ကျေးဇူးတင်ပါတယ်၊ ပြီးတော့ ..."

သူ မျက်နှာ နီရဲနေပြန်၏။

သူသည် ခေါင်းကို အောက်သို့စုက်ချကာ မြေကြီးကိုသာ အဓိပ္ပာယ်မဲ့စွာ စိုက်ကြည့်နေ၏။

"ပြီးတော့ ဘာဖြစ်လဲ ... ဆက်ပြောလေ အစ်ကို"

တန်ချူစိန်းက ခေါင်းကို အောက်သို့ငုံ့ထားရင်းမှ ...

"ပြီးတော့ ညီမကို အစ်ကို လက်ထပ်ပါရစေ ..."

မော်လီဟာန်၏ မျက်နှာမှာ ရှက်စိတ်ကြောင့် နီရဲသွားသည်။

တစ်ခဏကြာမှ ...

"အို ... အစ်ကိုရယ်"

"လူ့လောက်က ကောင်းကျိုးကို အစ်ကိုနဲ့အတူ လက်တွဲပြီး ဆောင်ရွက်ပါမယ်လို့ ညီမ ကတိပေးပါတယ်၊ လောလောဆယ်တော့ တိုက်ပွဲဖြစ်နေတဲ့ နေရာကို ကြည့်ကြရအောင်"

တန်ချူစိန်းသည် လက်မတင် အချိန်မီကလေး ရောက်လာခြင်း ဖြစ်ပါသည်။ သူသည် အချိန်အနည်းငယ် နောက်ကျသွားလျှင် သူချစ်သော မော်လီဟာန်ကို ဆုံးရှုံးသွားရတော့မည် ဖြစ်ပါသည်။ မော်လီဟာန်မှာ သိုင်းပညာ တော်သော်လည်း ရန်ကေမင်၏ ပြိုင်ဘက် မဟုတ်ပါ။ အချိန်ကြာကြာတော့ ယှဉ်ပြိုင်နိုင်မည်။ နောက်ဆုံးတော့ သူမ ရှုံးရမည်သာ ဖြစ်ပါသည်။ ယခုတော့ တန်ချူစိန်းသည် သူ့ချစ်သူကို ကယ်တင်နိုင်လိုက်ပါပြီ။



ထိုနောက် ...

သူတို့သည် မင်ဝါလေးနှင့် ဟိုက်လန်တင်တို့ ရင်ဆိုင်တိုက်ခိုက်နေရာသို့ ပြေးလွှားထွက်ခွာသွားကြတော့၏။

◆ ◆ ◆

တန်ချူစိန်းနှင့် မော်လီဟာန်တို့ ရောက်ရှိလာကြသောအခါ မင်ဝါလေးနှင့် ဟိုက်လန်တင်တို့မှာ အနိုင်အရှုံး အဆုံးအဖြတ်ပေးမည့် နောက်ဆုံးတိုက်ပွဲကို ယှဉ်ပြိုင်တိုက်ခိုက်နေကြချေပြီ။

မင်ဝါလေးသည် ရန်သူကို စူးစိုက်စွာ ကြည့်ရင်းမှ ဓားကို ဝှေ့လိုက်၏။

သို့သော် ...

မင်ဝါလေး၏ ဓားကွက်များမှာ ဖြည်းနေးစွာ ရွေ့လျားနေ၏။

ဟိုက်လန်တင်မှာလည်း ဦးခေါင်းပေါ်မှ ချွေးသီးချွေးပေါက်များ စီးဆင်းရင်းမှ မင်ဝါလေးကို ပြင်းထန်စွာ တိုက်ခိုက်နေသည်။

သို့သော် ...

မျက်နှာ၊ လည်ပင်း၊ ရင်အုပ်၊ **ဝမ်းဗိုက် စသည့်** ခန္ဓာကိုယ်အစိတ်အပိုင်းများစွာကို ချိန်ရွယ်**တိုက်ခိုက်လာ**သော ဟိုက်လန်တင်၏ လက်ကွက်များမှာ မင်ဝါလေး၏ **ပြည့်နှေး**လေးလံသော ဓားစက်ဝန်းကို ထိုးဖောက်ဝင်ရောက်မရနိုင်ဘဲ **ဖြစ်နေ၏။**

ထိုစဉ် ...

စူးရှသော လေချွန်သံနှင့်အတူ လူချန်ဖုန် ရောက်ရှိလာ၏။

လူချန်ဖုန် ရောက်ရှိလာသည့်အတွက် သိုင်းသမားများ အားတက်သွားသည်၊

လူချွန်ဖုန်သည် တိုက်ပွဲကို အကဲခတ်ကြည့်ရှုပြန်သည်။

တိုက်ပွဲကား ပြင်းထန်သည်ထက် ပြင်းထန်နေ၏။

ကြည့်နေကြရင်းမှပင် ဟိုက်လန်တင်သည် အသံနက်ကြီးဖြင့် အော်ဟစ်ရင်း လေထုထဲသို့ ခုန်တက်ကာ မင်ဝါလေးအား အုပ်မိုး တိုက်ခိုက်လိုက်ပြန်၏။

မင်ဝါလေး၏ ဓားကလည်း နေ့ရာမှ လျှပ်လက်သလို မြန်လာ ကာ အဝိုင်းသဏ္ဌာန်မှ မြားတန်းသဖွယ် အလင်းတန်းတစ်ချက် လေထု ထဲသို့ ထိုးတက်သွား၏။

ထို့နောက် ...

"အား ... "

မင်ဝါလေးမှာ ဒယီးဒယိုင်ဖြင့် နောက်သို့ ခြေသုံးလှမ်းခန့် ဆုတ်သွားသည်။

ဟိုက်လန်တင်မှာမူသူ၏ ရင်ဝတွင် မင်ဝါလေး၏ ဓားက စိုက် ဝင်နေသည်။

သူ၏ ပါးစပ်မှ သွေးတွေ ယိုစီးလျက်ကြည့်နေရင်းမှပင် ...

"ဝုန်း ... "

မြည်သံတစ်ချက် ကြားရပြီးနောက် ဟိုကလန်တင်သည် မြေပေါ် သို့ အရုပ်ကြိုးပြတ် ကျလာကာ ချက်ချင်းပင် ငြိမ်သက်သွားသည်။

ယခုမှပင် ...

"ဟေး ... ဝါလေးကွ"

လူအပေါင်းတို့၏ အော်ဟစ်အားပေးသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေတော့သည်။

အားကုန် တိုက်ခိုက်ရသော မင်ပန်းမှုဒဏ်ဖြင့် မင်ဝါလေး ယိမ်းယိုင်နေသည်။



သို့သော် ...

သူ့တွင် မည်သည့်ဒဏ်ရာမျှ မရပါ။ ကျင်းဖဲကြည် အလွန် ...းရှိမ်နေသည်။ ကျင်းဖဲကြည်သည် မင်ဝါလေးဆီသို့ ပြေးသွားနေကြ ...သည့် ကျင်းစီလူ၊ လူချွန်ဖုန်း၊ တန်ချူစိန်း၊ မော်လီဟန်နှင့် တန်ချူးစေ့ ...တို့ အားလုံးထက် အလျင်ဦးစွာ ပြေးနေသည်။

"အစ်ကို ... အစ်ကို"

မင်ဝါလေးသည် လှမ်းဖက်၍ ရှယ်လိုက်သော်လည်း နောက်မှ ...သိုင်းသမားကြီးများ ပြေးလာသည်ကို တွေ့လိုက်ရသဖြင့် ကိုယ်ရှိန် ...သတ်လိုက်ရ၏။

"ကျင်းဖဲကြည် ... အစ်ကို ဘာဒဏ်ရာမှ မရပါဘူး"

ကျင်းဖဲကြည် ဝမ်းသာသွားသည်။ နောက်မှ ပြေးလာသည့် ...သိုင်းသမားကြီးများက မင်ဝါလေးအား ဝိုင်းဝန်းချီးကျူးကြလေ၏။

◆ ◆ ◆

နောက်တစ်နေ့တွင် သိုင်းသမား ခေါင်းဆောင်အားလုံး တော် ...လှန်ရေး သမားများ၏ ဌာနချုပ် အသီးသီးတို့ ထွက်ခွာကြလေတော့ ...သည်။ မင်ဝါလေးနှင့် ကျင်းဖဲကြည်တို့ အပါအဝင် ဖြစ်သည်။

ခုံတန်းဂိုဏ်းခေါင်းဆောင်သစ် တန်ချူစိန်းနှင့် မော်လီဟန်တို့ ...မှာ တစ်ယောက်လက်ကို တစ်ယောက်က နိုင်မြဲစွာ ဆုပ်ကိုင်ရင်း ...ကျန်သော လက်များကို မြှောက်ပြနှုတ်ဆက်နေကြသည်။ သူတို့ ...နှစ်ယောက်သည်လည်း ထွက်ခွာသူများကဲ့သို့ပင် နယ်ချဲ့နှင့် နယ်ချဲ့ ...လက်ပါးစေများကို တိုက်ထုတ်ပစ်မည်ဟု သန္နိဋ္ဌာန် ချထားသည်။

သူတို့၏ ဓားတစ်ချက်သည် မန်ချူးနယ်ချဲ့အား ထိုးနှက်ရန် ...ဖြစ်သည်။

သူတို့၏ သွေးတစ်စက်သည် မန်ချူးနယ်ချဲ့အား တွန်းလှန်မည့် အားမာန်ဖြစ်သည်။

သူတို့၏ အသက်တစ်သက်သည် မန်ချူးနယ်ချဲ့အား ဟန်တရုတ်ပြည်တွင်းမှ မောင်းထုတ်မည့် အရင်းအနှီးပင် ဖြစ်လေသည် တကား ...။

ပြီး ပါ ပြီ

တက္ကသိုလ်နေလင်းအောင်